# ရာဟုလမာတာ

ဦးမြတ်ကျော်

<မြန်မာစာ ကော်မီရှင်>



ပထမအကြိမ်
၁၉၇၇၊ အောက်တိုဘာလ
အုပ်ရေ-၂၀၀၀

[redacted]

မျက်နှာဖုံးကို
ပန်းချီစံတိုးက ရေးဆွဲ၍
ချင်းတွင်းတိုက်တွင် ပုံနှိပ်သည်

ဘလောက်၊ လွင်

စာအုပ်ချုပ် မောင်မြင့် (၃၄)လမ်း

တန်ဖိုး ၇ ကျပ်

ရန်ကုန်မြို့ ၁၄၄၊ အနော်ရထာလမ်း၊ သီဟရတနာပုံနှိပ်တိုက်တွင် ဦးသိန်း (၀၀၁၉) က ပုံနှိပ်၍ ရန်ကုန်မြို့ ၁၈၀- ၄၇-လမ်း၊ ချင်းတွင်းစာပေ ဦးခအောင်မြင့် (၀၁[illegible]) က ထုတ်ဝေသည်။]

# နိဒါန်း

ဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ် ၆၈-ခု ကဆုန်လပြည့်နေ့တွင် ကပိလဝတ်ပြည်အနီး၊ လုမ္ဗိနီဥယျာဉ်တွင် ဖွားမြင်ခဲ့သည်၊ မိဘနှစ်ပါးမှာ ခမည်းတော်သုဒ္ဓေါဒနနှင့် မယ်တော်မာယာဒေဝီ တို့ဖြစ်ကြသည်။

ဗုဒ္ဓမြတ်စွာဘွားမြင်ပြီး၍ရက်များမကြာခင် မယ်တော်မာယာ နတ်ရွာစံခဲ့သည်၊ ဗုဒ္ဓမြတ်စွာကို မိထွေးတော်ဂေါတမီက သားရင်းတမျှ ပြုစုမွေးမြူပေးခဲ့ရသည်။

ဗုဒ္ဓမြတ်စွာသည် အသက် (၁၆)နှစ်အရွယ်အထိ လူပျိုဘဝဖြင့် နေထိုင်ခဲ့ပြီး၊ (၁၆)နှစ်အရွယ်တွင် ဘဒ္ဒကစ္စာနာ၊ဗိမ္ဗာဒေဝီ၊ ယသောဓရာ၊ နောင်တွင် ရာဟုလမာတာဟုတွင်လာသော နှမတော်နှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။ ရမ္မ၊ သုဘ၊ သုရမ္မ ဟူသော ရွှေနန်းမ,သုံးဆောင်တွင် လူ့လောကစည်းစိမ်ကို အပြည့်အစုံခံစား၍ နေထိုင်ခဲ့သည်။

ဗုဒ္ဓမြတ်စွာ အသက် (၂၉) နှစ်သို့ ရောက်သော် သားငယ်တယောက်ရလာသည်။ ထိုသားငယ်ကို 'ရာဟုလာ' ဟုအမည်ပေးလိုက်သည်။ ဗုဒ္ဓမြတ်စွာသည် အသက် (၂၉)နှစ်အရွယ်တွင် လူ့လောကဇာတ်ခုံတွင် မတည်မမြဲ၊ ပြောင်းလဲဖောက်ပြန်တတ်သော သင်္ခါရသဘောများကို စက်ဆုပ်ရွံရှာသဖြင့် ရှိသမျှသောလောကစည်းစိမ်အားလုံးကို စွန့်ပယ်ကာ တောထွက်ခဲ့သည်။ (၆)နှစ်တာမျှ အပင်ပန်းအဆင်းရဲခံ၍ငြိမ်းအေးသောလမ်းစဉ်ကို သိမြင်နိုင်ရန် ကျင့်ဆောင်ခဲ့သည်။ (၆) နှစ်တာကျင့်ဆောင်ခဲ့သော ဗုဒ္ဓမြတ်

# နိဒါန်း

စွာ၏လမ်းစဉ်တွင် အမှန်ငြိမ်းအေးသော ချမ်းသာမှုကို မမြင်ခဲ့၊ မတွေ့ခဲ့၊ လောကဓံသဘောကို ခံနိုင်သော အစွမ်းသတ္တိကိုမရခဲ့။

ဗုဒ္ဓမြတ်စွာအသက် (၃၅) နှစ်အရွယ်၊ ၁၀၃-ခု ကဆုန်လပြည့်နေ့တွင် 'ဗုဒ္ဓ' ဟူသော ဘွဲ့တံဆိပ်ကို တပ်ဆင်နိုင်ခဲ့သည်၊ ဘဝပေါင်းများစွာက အမှန်ကို ပိတ်ဖုံးထားသော အဝိဇ္ဇာ၊ မကောင်းမှုကို တပ်နှစ်သက်တတ်သော တဏှာ၊ လက်သည်နှစ်ယောက်ကို အပြီးတိုင်ချေမှုန်းသတ်ဖြတ်လျက် အလင်းဉာဏ်ကြီးပွင့်ထွက်ခဲ့လေသည်။

ဗုဒ္ဓမြတ်စွာသည် မိမိ၏ဗုဒ္ဓလမ်းစဉ်ကို လိုက်နိုင်သူ၊ ယုံကြည်နိုင်သူများဖြစ်အောင် အပင်အပန်းကြီးစွာခံလျက် ဟောပြဖော်ထုတ်ခဲ့သည်။

၁၀၃-ခု၊ ဝါဆိုလပြည့်နေ့၊ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောတွင် ကောဏ္ဍည-စသော ပဉ္စဝဂ္ဂီ ၅-ဦးတို့အား ဗုဒ္ဓလမ်းစဉ်ကို စတင်ဟောပြလိုက်သည်။ ကောဏ္ဍညစသော ပဉ္စဝဂ္ဂီ-၅ဦးတို့မှာ ဗုဒ္ဓမြတ်စွာ၏လမ်းစဉ်အောက်သို့ ရောက်ရှိလာသော ဘိက္ခုသမဏဖြစ်လာကြသည်။

ဗုဒ္ဓမြတ်စွာသည် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောတွင် ၁၀၃ ခု၊ ဝါဆိုလပြည့်နေ့၊ နေဝင်လအထွက်တွင် ဟောကြားဖော်ထုတ်ခဲ့သော ဓမ္မစကြာဒေသနာမှာ ဗုဒ္ဓမြတ်စွာ၏ဘဝကို လက်တွေ့ဖော်ညွှန်းပြသော သဘောအဓိပ္ပါယ်ကို ဆောင်နေလေသည်။

ဓမ္မစကြာဒေသနာတွင် လမ်းစဉ်သုံးမျိုးပါဝင်ပေသည်။

၁။ ကာမေသု ကာမသုခလ္လိကာ နုယောဂလမ်းစဉ်၊

၂။ အတ္တကိလမထာနုယောဂလမ်းစဉ်၊

# နိဒါန်း

၃။ မဇ္ဈိမပဋိပဒါ လမ်းစဉ်ဟူ၍ ဓမ္မစကြာဒေသနာတွင် လမ်းစဉ်သုံးမျိုးပါဝင်နေသည်။

ယင်းလမ်းစဉ်သုံးမျိုးကို ဗုဒ္ဓမြတ်စွာ၏ (၃၅)နှစ်တာဘဝနှင့် စပ်ဟပ်၍ကြည့်ရှုနိုင်သည်။

ဗုဒ္ဓမြတ်စွာသည် (၂၉)နှစ်အရွယ်ထိ လူ့လောကမှာ လူ့စည်းစိမ်ကို အငြိမ်အဆိမ်လူ့သဘာဝအရ ခံစားနေထိုင်ခဲ့သည်။ လူ့သဘာဝ၊ လူ့အသိဖြင့် 'ချမ်းသာ' ခေါ်သော သဘောကို ရွေးထုတ်ရွေးထုတ်လျက် ပျော်မွေ့ခဲ့သည်၊ ချမ်းသာစစ်သည်၊ မစစ်သည်အကြောင်းကို ပြန်မကြည့်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့တွင် ထိခိုက်တိုက်ဆိုင်လာသော အပြင်ရုပ်အပေါ်၌ သာယာမှုကို ရွေးထုတ်ရွေးထုတ်လျက် ခံစားနေထိုင်ခဲ့သည်၊ စိတ်ကိုမချုပ်တည်း၊ စိတ်ကိုမထိန်းသိမ်း၊ စိတ်ကိုတည်ငြိမ်စေ၍ သဘာဝအမှန်ကို သိအောင်မကြိုးမစား၊ လူ့သဘာဝ၊ လူ့အသိ၊ လူ့အမြင်၊ လူ့ဆန္ဒနှင့်အညီ လိုက်လျောနေထိုင်ခဲ့သည်။ 'ချမ်းသာ' တရားကို ရလာသောအခါ ဝမ်းသာလိုက်သည်၊ ပျောက်ကွယ်သွားသောအခါ ဝမ်းသာမှုပြောင်းလဲသွားသည်၊ မည်သည့်အာရုံမှာမျှ အမှန်အတိုင်းလက္ခဏာသဘောကို မစူးမစိုက်ဘဲနေခဲ့သည်၊ ချမ်းသာသည်ဟု ထင်မှတ်သော သဘောသည်လည်း ပြောင်းလဲဖောက်ပြန်နေသည်၊ ဆင်းရဲသည်ဟု ထင်မှတ်သော သဘောသည်လည်း ပြောင်းလဲဖောက်ပြန်နေသည်၊ ယင်းချမ်းသာမှု၊ ဆင်းရဲမှုတို့ မတည်မမြဲပြောင်းလဲဖောက်ပြန်မှုအရ ဝမ်းသာရသည်၊ ဝမ်းနည်းရသည်၊ ငိုရသည်၊ ရယ်ရသည်။ 'ချမ်းသာစစ်' မဟုတ်သေးသမျှ ဤသို့ပင်ပြောင်းလဲနေခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် မိမိဘဝကို ရှုမှန်းလာသည်၊

# နိဒါန်း

မိမိထင်မှတ်ထားမှုများကို သံသယရှိလာသည်။ လောကကြီးကို သံဝေဂရလာသည်။ ကာမေသုကာမသုခလ္လိကာနုယောဂ-စိတ်ကို ချုပ်တည်း ထိန်းသိမ်းစောင့်စည်းမှုမရှိဘဲ အဆင်း၊ အသံစသော ကာမတရားတို့၌ လူ့သဘာဝဖြင့် ပျော်မွေ့စွာ နေထိုင်သည့် အလေ့ကို ရှုံ့မုန်း၍ ယင်းသဘောနှင့် ဆန့်ကျင်ဘက် နေထိုင်ရန် တောထွက်ခဲ့သည်။

ဗုဒ္ဓမြတ်စွာသည် (၂၉) နှစ်တာအရွယ်တွင် တောထွက်လာခဲ့ရာ (၆)နှစ်တာလုံးလုံး (၂၉) နှစ်တာ အခြေအနေကို လုံးဝဆန့်ကျင်၍ နေထိုင်လိုက်သည်၊ အစာမစား၊ ရေမသောက်၊ စိတ်က တောင်းဆိုမှုမှန်သမျှကို အတတ်နိုင်ဆုံးချုပ်တည်း ထားခဲ့လေသည်။ စိတ်ကိုချုပ်တည်းထိန်းသိမ်းရာတွင် အမှားအမှန်ထိုးထွင်းသိစွမ်းနိုင်သော 'ပညာ' သဘောကိုမူ ဗုဒ္ဓမြတ်စွာ ရှေ့တန်းမတင်ဘဲ အပင်ပန်းဆင်းရဲခံမှုတခုဖြင့် ချမ်းသာစစ် ချမ်းသာမှန်ကို လိုက်ရှာနေခဲ့သည်။

(၆)နှစ်တာအချိန်သို့ ရောက်ခဲ့ရပြီ။ ဗုဒ္ဓမြတ်စွာ မိမိဘဝကို ပြန်လည်သုံးသပ်မိသည်၊ မိမိရုပ်ခန္ဓာကို ပြန်လည်ကြည့်ရှုမိသည်၊ မိမိစိတ်အစဉ်ကို ပြန်လည်တွက်ဆမိသည်၊ (၆) နှစ်တာ ကျင့်ဆောင်မှုတွင် အပင်ပန်းခံမှုထူးခြားသည်၊ အပင်ပန်းခံ၍ ကျင့်ဆောင်နေမှုအရ ရုပ်ခန္ဓာညှိုးနွမ်းခြောက်သွေ့လာသော သဘောထူးခြားသည်၊ စိတ်အလိုကိုလိုက်၍ စိတ်အကြိုက်နေခဲ့စဉ်ကစိတ်အစဉ်နှင့် ပညာဉာဏ်မယှဉ်၊ အမှန်သဘောကို လက်မတွေ့ရသေးသည့် ဤအချိန်၏စိတ်အစဉ်မှာ လုံးဝထူးခြားခြင်း မရှိသည်ကို ဗုဒ္ဓမြတ်စွာမြင်လာရသည်၊ ရုပ်ခန္ဓာညှိုးနွမ်းခြောက်သွေ့နေသော ဗုဒ္ဓမြတ်စွာသည် ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ ငိုမှု၊ ရယ်မှု စသော

# နိဒါန်း

လောကသမ္ဘာဝ အနေအထားတွင် လုံးဝမပြောင်းလဲသေးသည်ကို တွေ့မြင်ရသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် 'အတ္တကိလမထာနုယောဂ' ခေါ်သော လွန်စွာအပင်ပန်းခံလျက် ပညာဉာဏ်မယှဉ်သော ကျင့်ဆောင်မှုသည် ချမ်းသာစစ် ချမ်းသာမှန်ရရေး လမ်းစဉ်မဟုတ်ကြောင်းမြင်လေသည်။ အမှားကိုအမှားအတိုင်း သိသော ဗုဒ္ဓမြတ်စွာသည် အသက် (၃၅)နှစ်သို့အရောက်တွင် အတ္တကိလမထာနုယောဂလမ်းစဉ်ကိုစွန့်၍ လမ်းစဉ်အသစ်ကို ရှာကြံခဲ့သည်။

နောက်ဆုံးဗုဒ္ဓမြတ်စွာသည် မတုန်မလှုပ် လုံးဝကြံ့ခိုင်စွာ လောကဓံသဘာဝကို ခံနိုင်စွမ်းသော သတ္တိကို ရလာနိုင်သည့် လမ်းစဉ်မှာ မဇ္ဈိမပဋိပဒါလမ်းစဉ်ပင်ဖြစ်သည်၊ ဗုဒ္ဓမြတ်စွာသည် ယင်းလမ်းစဉ်ဖြင့် ဗုဒ္ဓဘွဲ့ထူးကို ခံယူလာခဲ့သည်၊ လောကအကျိုးကို သယ်ပိုးရန် ဗောဓိပင်ရင်းမှ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွလာခဲ့သည်၊ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ရောက်သော် ကောဏ္ဍညစသော ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားကို ဟောကြားလေသည်။

ဗုဒ္ဓမြတ်စွာ၏ ဓမ္မစကြာတရားတော်သည် ဗုဒ္ဓမြတ်စွာ ၂၉ နှစ်တာ အခြေအနေ၊ (၆) နှစ်တာ ကျင့်ဆောင်ခဲ့ရသော အခြေအနေ၊ နောက်ဆုံးဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့ရသော အခြေအနေတို့ကို တထပ်တည်း ဖော်ပြနေလေသည်။

ဗုဒ္ဓမြတ်စွာသည် ဗာရာဏသီပြည် မိဂဒါဝုန်တောတွင် ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်ဟူသော ဗုဒ္ဓ၏ အခြေခံဝါဒတရားတော်များကို အခြေကျကျသွန်သင်ဆုံးမလျက် ၁၀၃ ခု ဝ ကို ခြင်းကို ယင်းတောမှာပင် ဝါဆိုလိုက်လေသည်။

# နိဒါန်း

ဗုဒ္ဓမြတ်စွာသည် တဝါအတွင်းမှာ နောက်ပါရဟန်းသမဏ တပည့် ငါးဦးရှိသည်။ ထိုနောက်တွင် ဗုဒ္ဓမြတ်စွာ၏နောက်တွင် ဗုဒ္ဓဝါဒကိုလက်ခံသူပေါင်း မြောက်မြားစွာ ပေါ်ထွန်းလာခဲ့သည်။ ဗုဒ္ဓမြတ်စွာတောထွက်ခဲ့သည်မှာ (၇) နှစ်ရှိသောအခါ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေထိုင်ရာအရပ်မှာ ရာဇဂြိုဟ် ပြည်၊ ဝေဠုဝန်ကျောင်းတော်ကြီးဖြစ်သည်။ ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည်တွင် မိမိ၏ဗုဒ္ဓဝါဒကို ညွှန်ပြရင်း သီတင်းသုံးနေချိန်တွင် မိဘတိုင်းပြည်မှ အပင့်အခေါ်လာရောက်သောကြောင့် မွေးရပ်မြေ ကပိလဝတ်ပြည်သို့ ကြွရောက်ခဲ့ရသည်။

ဗုဒ္ဓမြတ်စွာသည် (၇)နှစ်တာ ကင်းကွာနေရသော မိဘဆွေမျိုး၊ သား၊ သမီး၊ ဇနီးစသည်တို့အပြင် ကပိလဝတ် ပြည်သူပြည်သားတို့၏အကျိုးကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဆောက်လုပ်လှူဒါန်းသော နိဂြောဓာရုံကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူလျက် ဆောင်ရွက်တော်မူခဲ့သည်။

ဤစာအုပ်သည် ဗုဒ္ဓမြတ်စွာ ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူ၍ မိဘဆွေမျိုး၊ သား၊ သမီး၊ ဇနီးစသည်တို့၏ အကျိုးကို ဆောင်ရွက်ခဲ့ပုံသဘောကို ဖော်ပြထားသော ဗုဒ္ဓဝင်တစိတ်တဒေသဖြစ်သည်။

ဗုဒ္ဓမြတ်စွာအကြောင်းကို လေ့လာသူတိုင်း ဤတစိတ်တဒေသသည်လည်း အထူးသဖြင့် သိသင့်သိထိုက်သောအရာဖြစ်၍ ဤစာအုပ်သည် ဗုဒ္ဓဝင်စာဖတ်ပရိသတ်တို့အား ထိုက်တန်သောအကျိုးကို ပေးစွမ်းနိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

ဦးမြတ်ကျော်
(မြန်မာစာကော်မီရှင်)

# ၁

ဗုဒ္ဓမြတ်စွာသည် မွေးရပ်မြေကပိလမှ ထွက်ခွါလာခဲ့သည်မှာ ခုနစ်နှစ်တာရှိခဲ့ပြီ။ အချိန်မှာ ၁၀၃-ခု၊ ဝါဆိုလပြည့်၊ စနေနေ့ ဖြစ်သည်။ ယင်းနေ့တွင် ဗုဒ္ဓမြတ်စွာသည် သားသမင်များကိုဘေးမဲ့ပေးရာ မိဂဒါဝုန်တောတွင် ဓမ္မစကြာတရားဦးကို ဟောကြားသည်။ ယင်းနှစ်ဝါကိုလည်း ပဉ္စဝဂ္ဂီငါးဦးတို့နှင့်အတူ မိဂဒါဝုန်တောတွင်ပင် ဝါဆိုတော်မူလေသည်။

ဝါလ ကျွတ်သောအခါ ဂယာမြစ်ကို အမှီပြုနေထိုင်ကြသူ ဥရုဝေဠကဿပစသော ရှင်တထောင်ကို ချေချွတ်လေသည်။ ဗုဒ္ဓမြတ်စွာသည် ယင်းရှင်တထောင်ကို နောက်တော်ကမခေါ်ဆောင်လျက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူကာ ဗိမ္ဗိသာရမင်းနှင့်တကွ တသိန်းနှစ်သောင်းသော လူပရိသတ်တို့အား အကျွတ်တရားကိုရစေပြန်သည်။

ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးဆောက်လုပ်လှူဒါန်းသော ဝေဠုဝန်ကျောင်းတော်ကြီးကို အလှူခံတော်မူကာ ယင်းကျောင်း၌ပင် ဆက်လက်သီတင်းသုံးနေတော်မူလေသည်။

ထိုအခါက ရာဇဂြိုဟ်ပြည်သည် အလွန်စည်ကားလှသည်။ ဗိုလ်ပါဆင်မြင်း လူရှင်တွက်ရေ မြို့တွင်းကိုးကုဋေ၊ မြို့ပြင်ကိုးကုဋေ များရှိသည်။ သာသနာရေးဘက်တွင်လည်း အလွန်တိုးတက်နေသည်။ မင်းမိဖုရားနှင့်တကွ တိုင်းသူပြည်သားတို့ ကျောင်းကန်ဘုရားသွားလာမပြတ်ကြ၊ အလှူဒါနလက်နှင့်မကွာကြ၊ အလှူအတန်းများတွင် တီးခတ်လိုက်သော ဗျောသံ၊ စည်သံတို့မှာလည်း တရံတဆစ်မျှတိတ်သည် မရှိသည်ဟူ၍မရှိပေ။

ရောင်းဝယ်ဖေါက်ကားရန် အတိုင်းတိုင်းအပြည်ပြည်က လာရောက်ကြသော ကုန်သည်ခရီးသွားတို့မှာလည်း ရာဇဂြိုဟ်ပြည်တွင် အဝင်အထွက် အသွားအလာပြတ်သည်ဟူ၍မရှိ။ ယင်းကုန်သည်ခရီးသွားများအထဲတွင် ကပိလဝတ်ပြည်မှ ကုန်သည်ခရီးသွားများလည်း ပါဝင်လေသည်။

ကပိလဝတ်ပြည်နှင့် ရာဇဂြိုဟ်ပြည် ခရီးတာအကွာအဝေးမှာ နှစ်ဆယ်ယူဇနာ ခရီးဖြစ်သည်။

ကုန်သည် ခရီးသွားတို့သည် ရာဇဂြိုလ်ပြည်သို့ရောက်သောအခါ 'ဗုဒ္ဓ၊ ဓမ္မ၊ သံဃ' ဟူသော ရတနာသုံးပါးအကြောင်းကို သိကြရသည်။ "ဗုဒ္ဓံ၊ သရဏံ၊ ဂစ္ဆာမိ၊ ဓမ္မံ၊ သရဏံ၊ ဂစ္ဆာမိ၊ သံဃံ၊ သရဏံ၊ ဂစ္ဆာမိ" ဟူသော သရဏဂုံ ပါဠိတော်ကို နှုတ်တက်ရွရွ ဆောင်ထားကြသည်။ ထို့ကြောင့် ခရီးသွားရာတွင် အန္တရာယ်ကင်း၍ ချမ်းသာကြလေသည်။

ကုန်သည်ခရီးသွားတို့သည် ရာဇဂြိုဟ်ပြည်မှ မိမိဒေသသို့ ပြန်လည်ရောက်ကြသောအခါ ရတနာသုံးပါးအကြောင်းကို ပြန်ပြောပြကြသည်။ ကပိလဝတ် ပြည်သူပြည်သားတို့မှာလည်း ကုန်သည်ခရီးသွားတို့မှတဆင့် ရတနာသုံးပါးအကြောင်းကို သိကြရသည်။

ကပိလဝတ်ပြည်မှ မင်းအဖြစ်ကိုစွန့်ပယ်၍ တောထွက်ခဲ့သော သိဒ္ဓတ္ထမင်းသားသည် ဗုဒ္ဓစင်စစ် ဘုရားဖြစ်၍ ယခုအခါ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးနေသည်ဟူသော သတင်းသည်လည်း ကပိလဝတ်ပြည်တွင် ပြန့်နှံ့နေလေသည်။

## ၂

ယသော်ရောဓခေါ် ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာ၏ ငယ်ကြင်ငယ်ချစ်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသတင်းကို ရာဟုလမာတာသည်လည်း ကြားသိရလေသည်။

ငယ်ကြင်ငယ်ချစ်နှင့် ခွဲခွါနေရ၍ နေထိသောကြာပန်းကဲ့သို့ ညှိုးနွမ်းနေသော ရာဟုလမာတာမှာ ဗုဒ္ဓမြတ်စွာသတင်းကိုကြားသိရသောအခါ နောက်ကြောင်းပြန်၍ လွမ်းဆွတ်ရသည်။ သောကပို၍ ငိုရသည်။သခင့်မျက်နှာတော် မြင်ရရန်အရေး တွေးမိဆွေးမိသည်။ သခင့်မျက်နှာတော်ကို စိတ်ကူးနှင့်မှန်းမျှော်ကြည့်မိသည်။

မိုးကောင်းကင်ကို လှမ်းမျှော်၍လည်း အလွမ်းဖြေမိသည်။သို့သော်မိုးကောင်းကင်မှာ မှုန်မှိုင်း‌ဆင်၍ မင်းလွင်ကနီ တိမ်ပန်းချီနှင့် တိမ်နီတိမ်တောင် ဇော်ရောင်စုံကာ ပန်းမိလ္လာတို့မှာ ယှက်ကာ အုံ့မှိုင်း ပတ်လည်ဝိုင်းကာသာ မြင်ရတွေ့ရသောကြောင့် ရာဟုလမာတာမှာ အလွမ်းမပြေသည့်အပြင် မျက်ရည်များပင် မဆည်နိုင်ရှာခဲ့။

တသက်လုံး မခွဲစတမ်း၊ မခွာစတမ်းပေါင်းသင်းရန်ရည်မှန်းထားခဲ့သည့် ငယ်ကြင်ငယ်ချစ်နှင့် ဝေးကွာနေရသည့်အပူမီးကို ဖြေဖျောက်သက်သာစေရန် ရာဟုလမာတာသည် ငိုကြီးချက်မနှင့်

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးထံသို့ အဖေါ်မပါ တကိုယ်တည်း ဝင်ရောက်ခစားလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် အဖေါ်မပါ တကိုယ်တည်းရေးကြီး သုတ်ပြာဝင်ရောက်ခစားလာသော ချွေးမတော်ရာဟုလမာတာကို

"အခင်းဘယ်ငှာ၊ ဘယ်ကြောင်းလျှာဖြင့်၊ ခရာမချော်၊ စည်တော်မရွှမ်း၊ ရံဝန်းမပါ၊ ငိုကြွေးကာနှင့်၊ ပူဆာလောင်ပြင်း၊ တကိုယ်ချင်းလျှင်၊ ဘမင်းရှိရာ၊ ခိုကိုးလာသည်၊ ကြီးစွာမှုများ ရှိသလားချွေးမတော်...."ဟု မေးတော်မူလေသည်။

ထိုအခါ ရာဟုလမာတာက-

"လျှောက်တင်ဝံ့ပါသည်သခင်ဘုရား.... ရွှေနားကြည်ဖြူ၊ နာတော်မူပါ၊ ဇမ္ဗူဘောင်တွင်း၊ ထီးဆောင်းမင်းလက်၊ ထွန်းလင်း ကျက်သရေ၊ ဂုဏ်မြုတေနှင့်၊ နေသို့ထင်ရှား၊ ကိုယ်တော်သား သည်၊ ဘိုးဘွားဆွေပေါင်း၊ ထီးဆောင်းနန်းနေ၊ သရေကိုသော်၊ မမြော်မထောက်၊ သားတယောက်လျှင်၊ ဘွားမြူမြင်က၊ ဆွေနှမ ကို၊ သိဂ်ကြင့်နှး၊ ကျောက်နီလျှမ်းသည်၊ ရွှေနန်းဘုံမှာ၊ ထားခဲ့ပါ ၍၊ ဗိုလ်ပါဆင်မြင်း၊ ရံဝင်းတပ်တော်၊ များမခေါ်ပဲ၊ ယာဉ် ကျော်အာသ၊ ကဏ္ဍကနှင့်၊ မတ်လှမောင်ဆန်၊ သန်းကောင်ယံကို၊ အကြံယွင်းဖောက်၊ ကျွန်နှစ်ယောက်နှင့်၊ ကြွမြောက်တုံလေ၊ ရာ ဟုဘေသည်၊ သေရှင်မသိ၊ ပျောက်လေဘိ၍၊ နန်းကြီးဆိတ်ညံ့ညီ လာခံလည်း ဗိုလ်ရံသဘင်၊ ရွှေဖြစ်အင်နှင့်၊ အသွင်ကွဲလှ၊ မုဆိုး မဟု၊ ညှိုးလျှန္မမ်းညစ်၊ ခုနစ်နှစ်သည်၊ ထွက်စစ်ကြာမှ၊ သေချာ သတင်း၊ ကြားသိလျှင်းသည်၊ ပြည်မင်းနဂိုရ်၊ ရာဇဂြိုဟ်ဝယ်၊ ကိုယ် တော်သားချစ်၊ ဘုရားဖြစ်ပြီး၊ ရွှေကျောင်းကြီးနှင့်၊ ဘုန်းမီးရောင် တင်၊ သူ့တိုင်းခွင်ဝယ်၊ ကြာတင်ရှည်လျား၊ သံဃာများနှင့်၊ စံ

စားနေ့ရေ၊ မလာနေသည်၊ မွေးဘေမင်းကျော်၊ ဥာဏ်ဖြင့်မြော်၍၊ ပင့်ခေါ်ပါမှ၊ ဖူးရပါအံ့၊ ရာဟုဘိုးတော်၊ သင့်လျော်သံချို၊ ရွှေခွန်းဆို၍၊ သားကိုသခင်၊ ရင်ရင်ပင့်ပါ၊ တောင်းပန်ထွာပါသည်ဘုရား....” ဟု လျှောက်ထားလေသည်။

ဤသို့ရာဟုလမာတာက မောင်တော်ယယ်ကြင်၊ ယယ်ကျွမ်းဝင်ကို ရာဇဂြိုဟ်ပြည်မှ နေပြည်တော်ကပိလဝတ်သို့ ဘခင်ဖြစ်သူက ပင့်ပေးတော်မူပါရန် ရှိုက်ကြီးတငင် ပူဆာညွှတ်တွား တောင်းပန်လေသောအခါ ဘခင်သုဒ္ဓေါဒနမင်းကြီးက–

“အော်.... ဟုတ်ကဲ့လား၊ ချိန်တူသွားသည်၊ ငါ့သားကြင်ဘော်၊ ချွေးမတော်။ ။ ညှိုးလျော်ယူတ၊ ငါ့ချွေးမမှာ၊ လွမ်းသည်တမူ၊ ယယ်ခါငယ်ချစ်၊ ယယ်ပေါင်းစစ်သည်၊ သားချစ်မွေးဘော၊ ဖြစ်ပလေ၍၊ ဆွတ်ကြွေညှိုးငယ်၊ ဘုံနန်းလယ်က၊ ယယ်ကြင်တန်ဆောင်၊ သိဒ္ဓတ်မောင်ကို၊ ထင်ယောင်ကသိုဏ်း၊ မျက်ရည်လှိုင်းသည်၊ နေ့တိုင်းဆွတ်ကြွေ၊ လွမ်းပါပေခဲ့-

မွေးဘေဥ္ဇဝယ်၊ အဘယ်ဆိုရာ၊ မရှိပါဘူး၊ သည်းချာရင်ငွေ့သားဘုန်းဟော့ကို၊ မိုးမြေလှိုက်တုန်၊ နိမိတ်စုံနှင့်၊ သွားတုံပြီးသော် မယ်တော်နတ်ထံ၊ ပြောင်းကြွစံ၍၊ ကျန်ရစ်ခဲ့ငြား၊ မြတ်သည့်သားကို၊ အားပြု၍လျှင်၊ ဘခင်သက်စုံ၊ ချစ်မူပိုက်ထွေး၊ လွတ်မြတ်လေးသည်၊ ချွေးမနှင့်သာ၊ လက်ထပ်ကာဖြင့်၊ ရာဇာမွေးဘာ၊ စိတ်ချဝမ်းသာ၊ နေသည့်တာက–

ပန်ထွာမကြွား၊ ဘခင်အားကို၊ ပစ်သွားထွက်ခွာ၊ ကြာကြီးကြာ၍၊ လွမ်းဗျာဆွတ်ကြွေ၊ သားသက်ခဝကို၊ ဘနောင်မြောက်တမိုးသောက်လည်း၊ ရောက်လာလိမ့်နော်၊ ခမည်းတော်မှာ၊ မြော်ကာယူတ၊ မျက်ရည်ကျသည်၊ ချွေးမထက်ကို၊ ကဲဆပို၍၊

ပုဂ္ဂိုလ်သနင်း၊ ရှင်ရင်းပရမေ၊သားသက်ဝေကို၊ မွေးဘမြော်တမ်း၊ မျက်ရည်လျှမ်းသည်၊ စမ်းသို့ထွေထွေ၊ လွမ်းလှလေခဲ့-

ဆွေတော်မျိုးတော်၊ စပ်တော်နီးကြ၊ ထိုသမျှနှင့်၊ ချွေးမပစ်ကွေ့၊ ရာဟုမေတ္တို၊ ဆွတ်ကြွေညှိုးလျ၊ လွမ်းဒုက္ခကြောင့်၊ စိတ္တဇရောဂါ၊ ကပ်ရောက်ခါလျှင်၊ ချမ်းသာမည်ဆေး၊ ကုရေးမမြင်၊ သို့ဖြစ်အင်ကြောင့်၊ ဆင်ခြင်ထောက်ထား၊ ငါ၏သားကို၊ တရားယူဖြေ၊ လွမ်းကြလေလော-

မွေးဘော်ဗွာ၊ ဇရာနှိပ်နင်း၊ အိုခြင်းတဝ၊ သားဗုဒ္ဓကို၊မျှော်တဗျာပါ၊ လွမ်းရောဂါကြောင့်၊ ရေဲစာမဝင်၊ ရှိကြောင်းအင်ကို၊ စုံလင်ခြင်းရာ၊ ရွှေပေလွှာနှင့်၊ သေချာမှာထား၊ သားဘုရားကို၊ သွားရှုပင့်ချေ၊စေလွှတ်မည်ပ၊ မကြောင့်ကြပါနှင့်ချွေးမတော်....”

ဟု မိန့်ကြားတော်မူလေသည်။

ယင်းသို့ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်ဗုဒ္ဓကို ပင့်ခေါ်ပေးရန် အမိန့်တော်ရှိလိုက်သောအခါမှ နှမ်းလျလှသော ရာဟုလမာတာမှာ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား ရှိသေညွတ်ခ ဦးနှိမ်ချပြီး နန်းမဆောင်သို့ပြန်လာကာ သားငယ်ရာဟုလာကို ဘယ်တခါညာတလှည့် အလွမ်းပြေနမ်း၍ နှစ်သိမ့်နေလေသည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ချွေးမတော်ရာဟုလမာတာ ထွက်ခွာသွားသောအခါ ညီတော်များဖြစ်ကြသောသုဒ္ဓေါဒန၊ အမိတ္တောဒန၊ ဒေါဒေါဒနတို့ကို ခေါ်တော်မူကာ-

“ဆွေတော်မျိုးမျှ၊ တော်စပ်ကြသည်၊ တဘရင်သွေး၊ မိခင်မွေး၍၊ ညီထွေးသုတ္တော၊ အမိတ္တောနှင့်၊ ဒေါဒေါဒန၊ ပုဏ္ဏောဒသည်၊ မြို့ပြခရိုင်၊ အပိုင်မြတ်လေး၊ ခန့်အပ်ပေး၍၊ လေးယောက်

မတ်မွန်၊ ရွှေဘွဲ့ချွန်တို့....။သားမွန်ဘုရား၊ ထွက်သွားရှည်ကြာ၊ ယခုမှာလျှင်၊ သာယာနုပျို၊ ရာဇဂြိုဟ်ဟု၊ ထိုပြည်တိုင်းမှာ၊နှိုင်းတုမရ၊ ဗုဒ္ဓစင်စစ်၊ ဘုရားဖြစ်၍၊ သားချစ်ကယ်မလာ၊ နေသည်တာကြောင့်၊ ငါ၏ချွေးမ၊ မွေးဘရှိရာ၊ ပြေးဝင်လာ၍၊ ရာဟုသခင်၊ ငယ်ကကြင်ကို၊ သခင်မင်းကျော်၊ ပင့်တော်မူပါ၊ ငိုကြွေးခါနှင့်၊ ပန်ထွာညွတ်ပျောင်း၊ တင့်လာရှောင်းသည်၊ အကြောင်းဘယ်သို့ကြံကြအံ့....ညီတော်တို့” ဟု သုဒ္ဓေါဒနမင်းကြီးသည် ညီတော်များ၊ အမတ်များနှင့် သားဗုဒ္ဓအကြောင်းကို တိုင်ပင်ဆွေးနွေးနေကြလေသည်။

ဤသို့သုဒ္ဓေါဒနမင်းကြီးနှင့် ညီတော်များဆွေးနွေးတိုင်ပင်သံကို မိထွေးတော်ဂေါတမီကြားသိရသောအခါ မိထွေးတော်ဂေါတမီမှာ အမကြီးဖြစ်သော ဗုဒ္ဓ၏မယ်တော်ကိုပါ တမ်းတအောက်မေ့ကာဆွတ်ကြွေရှိုက်ကြီး၊ ရင်ပတ်တီးလျက် သုဒ္ဓေါဒနမင်းကြီး၏ရှေ့မှောက်တွင် ငိုယိုလာပြန်သည်။

“အမကြီးငယ်လေ၊ ဗုဒ္ဓမေ....။ဝေဝေငယ်ပန်းစုံ၊ သင်းပြန့်တုံနှင့်၊ လုမ္ဗိနီခေါ်၊ ဥယျာဉ်တော်တွင်၊ သားတော်မိခင်၊ ရပ်လျက်ပင်လျှင်၊ သွားချင်အခါ၊ ချိန်ရောက်လာသော်၊ များစွာပန်းစုံဦးညွတ်တုံလျက်၊ အင်ကြင်းခက်ကို၊ တဘက်နှဲ့သော်၊ အမတော်ကို၊ သွေးတော်ပိုက်ဖက်၊ တွဲမလျက်နှင့်၊ ဆန်းတက်ကဆုန်၊ရက်ပုဏ္ဏမာ၊နေ့သောကြာတွင်၊ဝိသာခါနက္ခတ်၊မွန်းမတ်သည်မှာ၊ မှတ်လော့အံ့ချီး၊ နိမိတ်ကြီးလည်း၊ သီးသီးများစွာ၊ ထင်ပြလာလျက်ရတနာပလ္လင်၊ ရွှေအင်းပျဉ်ကာ၊ ချစ်ရှင်ဘုရား၊ ဆင်းခြားကြွလာ၏ပမာသို့၊ မြတ်စွာသားကို၊ ဘွားမြင်တုံပြီး–

အမကြီးလည်း၊ တသီးဘုံပျံ၊ နတ်ရွာစံ၍၊ ပူရန်တခြား၊ ထွေးတော်အားမူ၊ သားရင်းမင်းနံ၊ သူများထံတွင်၊ အပ်နှံမွေးစေ၊ သားစိန္တေကို၊ မွေးမေအတူ၊ ထွေးယူပိုက်ထွေး၊ ရင်နို့ကျွေး၍၊ ယောဉ်ကျူးကျောင်၊ထွေးတော်မွေးပြား၊ သားဘုရားသည်၊ ထွက်သွားကြာတင်၊ သူ့တိုင်းခွင်က၊ လျင်လျင်မြန်မြန်ထွေးတော်ထံသို့ မပြန်ခဲ့ပြား၊ သားဘုရားသည်၊ နေအားလေခဲ့-

မှိုင်းဝေဝေယ်ညိုမြ၊ ကပိလဟု၊ အမကြီးတည်နေ၊ တိုင်းချက်ကြေသို့၊ တိမ်ခြေယယ်မိုရံ၊ နတ်တို့ထံက၊ မြန်မြန်ငယ်ကြွဆင်း၊ သားတော်ရင်းကို၊ မိမင်းမာယာ၊ တုတိသာက၊ မြင်ပါလျှံ့လား၊ ဘုံသုံးပါးမှာ၊ ဘုရားမေ....။

ရွှေရင်တော်နှစ်၊ ဘုရားဖြစ်၍၊ စင်စစ်ခုသော်၊ ဘသုဒ္ဓေါနှင့်၊ မယ်တော်တိုင်းခြေ၊ စံနန်းရမြေသို့၊ မြန်းပေတော့မည်၊ ဖြစ်လေသည်ကြောင့်၊ ရောင်ခြည်ထွန်းညီး၊ သားဘုန်းကြီးကို၊ ဆည်းခါဖူးရ၊ ညီအမတို့၊ ကြိုကြစို့လေ၊ နတ်ရွာသွားငယ် သားကောင်းမေ့....။

နတ်မြေငယ်ဘုံသာ၊ တုသိတာက၊ မာယာငယ်မယ်ဘွား၊ဆင်းလှာပြား၍၊ သားတော်ရင်နှစ်၊ ဘုရားဖြစ်ကို၊ သနစ်ကယ်ကြောင်းစ၊ မြင်ပါရလျှင်၊ ချုံးချကြွေးကြော်၊ ငိုတော်မူပြီး၊ သပ်ရင်တီးနှင့်၊ အမကြီးမြန်စွာ၊ သားရတနာကို၊ ပြေးကာဖက်ယမ်း၊ နမ်းတော်မူပြီး၊ မှိုင်တောကြီးဝယ်၊ ဆည်းယူကြိုရင်း၊ သားခြေရင်းတွင်၊ ချက်ခြင်းဘဝင်၊ ကွဲလိမ့်လျှင်တည်း....။

ပုပင်ကြီးမား၊ ထွေးတော်အားသည်း၊ သားကိုကြင်သည်၊ မိခင်တပဲလလ၊ ဆိုကြပုံလား၊ သားကြောင့်တသီး၊ အမကြီးနတ်သံ၊ နတ်ပြည်စံကို၊ ပြန်၍လွမ်းတ၊ နှစ်ဌာနကို၊ မိုးဝေယ်တိမ်ထပ်

ဘုံပြာသာဒ်က၊ နတ်မင်းငယ်ညာနေ၊ ပူမျိုးတွေကို၊ သိလေဘူး နော်၊ လွမ်းတိုင်းမြေ်သည်၊ ထွေးတော်သာတိ၊ ပန်းလှပြီ....”

ဤသို့ မိထွေးတော်ဂေါတမီသည် ချုံးချုံးချငိုကြွေးလျက် အမကြီးမယ်တော်မာယာကို တမ်းတလေသောအခါ ပြည့်မသေဍ္ဍိ နင်း သုဒ္ဓေါဒနမင်းကြီးမှာလည်း ငယ်ပေါင်းငယ်ချစ် သား ကောင်းမယ်တော် နတ်ရွာပျော်ကို တဖန်ပြန်၍လွမ်းရပြန်သည်။

သားဗုဒ္ဓကြောင့် သောကမြိုက်မြိုက် ဘဝင်ဆိုက်၍ ရှိုက်ကာ ဆွတ်ကြွေနေရာမှ၊ လွမ်းသစ်တခါထခဲ့ရပြန်သည်။

ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးသည် မိထွေးတော်ဂေါတမီကို

“ဒေဝီညာပျော်၊ မိထွေးတော်ဂေါတမီငယ်....။ အဘနှင့်သား ခြင်းရာများကို၊ စီကာစဉ်ကာ ပြော၍ငိုမနေပါနှင့်တော့၊ ငါ၏ နှလုံးသားများနွမ်းလျလှသည်၊ သားဦးရတနာ၊ ဗုဒ္ဓမြတ်စွာကြွ လာအောင်သာ ငါအပင့်ခိုင်းပါမည်၊ ငိုယိုနေသဖြင့် ဆင်းရဲများ လှသည်၊ တရားနှင့်ဖြေ၍သာ သားဗုဒ္ဓကိုလွမ်းပါတော့....” ဟု နှစ်သိမ့်တော်မူလေသည်။ ထိုအခါမှ မိထွေးတော်ဂေါတမီလည်း အငိုတိတ်၍၊ ဆိတ်ဆိတ်နေလေသည်။

၃

ညီလာခံသဘင် ကျင်းပသောအခါ ဘုရင်သုဒ္ဓေါဒနမင်းကြီး က မှူးတော်မတ်တော်များကို ဤသို့ မိန့်ဟတော်မူသည်။

“ဆွေတော်မျိုးတော်၊ မှူးတော်မတ်ကြီး၊ ထီးစလွယ်ပေး၊ ကျေးရွာမြို့စား၊ ငါးသွယ်နေရာ၊ ရွှေဘုံခံတို့....။

တမန်တန်မြောက်၊ မတ်ကိုးယောက်ကို၊ တယောက်တထောင်၊ ထပ်ပေါင်းဆောင်၍၊ ဘုန်းခေါင်ပရမေ၊ သားစိန္တေကို၊ ပင့်စေလွှတ်ငြား၊ အမတ်များသည်၊ အားလုံးမပြန်၊ ဆန်လွန်အာဏာ၊ နေသည်တာမှာ၊ ပြန်လာရောက်လျှင်၊ နောင်ကြောက်စေရန်၊ ရာဇဒဏ်ကို၊ အမှန်မုချ၊ စီရင်ကြ....

ခုမှထပ်ကာ၊ သားမြတ်စွာနှင့်၊ သွားကာကူဘက်၊ ကစားဘက်ဟု၊ နှစ်သက်ကြင်နာ၊ ကာဠုဒါယီကို၊ ပင့်ပါစေမှ၊ သားဗုဒ္ဓသည်၊ မွေးဘတိုင်းပြည်၊ ကြွရောက်ပေလိမ့် အမတ်တို့...."

ဤသို့ သုဒ္ဓေါဒနမင်းကြီးက ဆယ်ကြိမ်မြောက် သားဘုရားကို အပင့်လွှတ်ရန် ကာဠုဒါယီကို ညွှန်ကြားလေသောအခါ ဘွားဘက်တော် ကာဠုဒါယီသည် လက်အုပ်ချီကာ အားတက်သရော ဤသို့လျှောက်ထား သံတော်ဦး တင်လေသည်။

"လျှောက်တင်ဝံ့ပါသည် သခင်ဘုရား။ ။ကိုယ်တော်မြတ်သား၊ ဘွားလည်းဘွားတော်၊ စိန္တေကျော်ကို၊ လိုတော်စိတ်ကြိုက်၊ ပင့်လျှောက်ပါစေ၊ မလိုက်နေမူ၊ ရွေပဒုံဘွား၊ ခြေစုံကြွားကို၊ ပွေ့ကာဖက်ရမ်း၊ အတင်းထမ်း၍၊ ရွှေနန်းအောင်ချာ၊ ဆောင်ခဲ့ပါမည်....

ရာဇဂြိုဟ်က၊ ဗိုလ်ခြေခန့်ထား၊ တို့ဘုရားဟု၊ တိုက်ငြားလူလည်း၊ မှူးနှုဖြုတ်ခြင်၊ မှတ်မထင်ဘူး၊ သခင်ဇီနော်၊ ကျွန့်ဘွားဘော်ကို၊ ခုသော်လျင်မြန်၊ သခင့်ထံသို့၊ ပြန်လွယ်ရောက်အောင်၊ ပို့ဆောင်ပါမည် အရှင်မင်းမြတ်...."

ဤသို့ ဘွားဘက်တော် ကာဠုဒါယီက ဗုဒ္ဓမြတ်စွာကို မရအရပင့်ဆောင်ပေးရန် ဝန်ခံကတိပြုသောအခါ သုဒ္ဓေါဒနမင်းကြီးသည် မျက်နှာရွှင်လန်း လသစ်ဆန်းကဲ့သို့ ဖြစ်နေလေသည်။

ခုတခါမှာတော့ သားဗုဒ္ဓကို အသေအချာ ဖူးရမြင်ရတော့မည်ဟု ကြည့်ရှင်ဝမ်းမြောက်နေလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် အတွင်းဝန် အပြင်ဝန် စာချွန်တော် ပေး အမှာတော်ရေးများကို ခေါ်တော်မူ၍ သားဗုဒ္ဓကို အပင့် အခေါ်သွားမည့် ကာဠုဒါယီနှင့် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရ မင်းကြီးထံ စာချွန် တော်တစောင်၊ သားဗုဒ္ဓထံ စာချွန်တော် တစောင်၊ စာချွန်တော်နှစ်စောင် ပေးလိုက်နိုင်ရန်အတွက် အမြန် ဆုံးရေးသွင်းပေးကြရန် အမိန့်တော်မှတ်လေသည်။

မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီးဝန်ထောက်၊ ဒူးရောက်တော်မှန်၊ သံခံသံဆင့်၊ အမှာရေးနှင့် အဝေးတော်ရောက်တို့က ရာဇဂြိုဟ် ပြည့်ရှင် ဗိမ္ဗိသာရမင်းအတွက် စာချွန်တော်တစောင်၊ ဗုဒ္ဓမြတ်စွာ အတွက် စာချွန်တော်တစောင် စီမံရေးသားကြသည်။ စာချွန် တော်များကို ကျောက်ကလာပ်ပေါ်တွင်တင်ကာ သုဒ္ဓေါဒနမင်း ကြီးအားဆက်သလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းအတွက် စီမံထားသော စာချွန်တော်ကို ဦးစွာအဖတ်ခိုင်း သဖြင့် သံတော်ဆင့်က ဤသို့ ဖတ်ပြလေသည်။

## ရာဇဂြိုဟ်ပြည့်ရှင်၊ ဗိမ္ဗိသာရမင်းထံ ပို့ဆက်ရန် စာချွန်တော်

"တသောင်းယူဇနာ၊ တောင်ဒီပါတွင်၊ မဟာသမ္မတ၊ မင်းမှ စ၍၊ ဘလည်းနန်းရိုး၊ ဘိုးလည်းနန်းစံ၊ အသမ္ဘိန္န၊ ခတ္တိယရာဇာ၊ မဟာဓိပတိ၊ သုံးပြည်ချီသည်၊ မဟိဒ္ဓိခေါင်၊ ရှစ်သောင်းဆောင်

သည်၊ နှစ်ထောင်ဆက်စိုး၊ သာကီမျိုးဟု၊ တန်ခိုးနေလ၊ ထွန်းတောက်ပသည်၊ ကပိလမည်၊ ပြည်ကြီးသနင်း၊ သုဒ္ဓေါဒနမင်းက၊ ကြောင်းခြင်းသေချာ၊ ရွှေပေစာနှင့်၊ ကြားမှာလိုက်ပါသည်၊ ပြည်ရာဇဂြိုဟ်၊ အဟိုစဉ်လာ၊ ဆက်ကာစိုးခြင်း၊ ဗိမ္ဗာမင်း....

သားရင်းဘုရား၊ ဝေနေအားကို၊ သနားကရုဏာ၊ ကြီးမြတ်စွာ၍၊ ပြည်ရွာနန်းထီး၊ စွန့်သွားပြီးလျှင်၊ ကျင့်ကြီးဒုက္ခာ၊ စရိယာနှင့်၊ မြတ်စွာဘုရား၊ ဖြစ်ငြားတုံပြီး၊ ပြည်ကြီးရာဇဂြိုဟ်၊ မိုခိုက်နိုးအောင်း၊ ဝေဠုကျောင်းတွင်၊ ရှိကြောင်းသတင်း၊ ကြားသိလျှင်း၍၊ သားရင်းမြတ်စွာ၊ သုံးလူ့ချာကို၊ ရာဇာသခင်၊ ဖူးချင်တုံလှ၊ လွမ်းဒုက္ခနှင့်၊ စိတ္တဇရောဂါ၊ ရှိသည့်တာကြောင့်၊ လိမ္မာစေ့ငု၊ မတ်ကာဠုကို၊ ပင့်မှုလျှောက်လှာ၊ ရွှေပေစာနှင့်၊ ဝန္ဒာရိုသေ၊ ပင့်စေပါသည်....

အဆွေ့ကလျှာ၊ မဟာမိတ်ရင်း၊ ဗိမ္ဗာမင်းက၊ ကိုယ်ချင်းစာနာ၊ မိဘမှာလျှင်၊ တဏှာနိုင်ငံ၊ ဉပါဒန်ထီး၊ သားသမီးထက်၊ ကြီးသည့်ဗျာပါ၊ မရှိပါဘူး၊ ပင့်လာသူအား၊ တားသော ဆီးခသာ၊ သဘောမေတ္တာ၊ မကွက်ပါနှင့်....

တခါတလည်၊ မိဘပြည်သို့၊ ပြန်လည်ကြွပါ၊ ကူညီညာ၍၊ လျှောက်ပါရွှေနား၊ သားဘုရားကို၊ ကြွငြားစေပါ၊ ရွှေပေစာနှင့်၊ ကြားမှာလိုက်ပါသည်၊ နှစ်ခြိုက်မိတ်ဖော် အဆွေတော်...."

ဤသို့ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းထံ ဆက်သရန်ဖြစ်သော စာချွန်တော်ကို သံတော်ဆင့်က သေချာကျနစွာ ဖတ်ပြပြီးသော အခါ ဗုဒ္ဓမြတ်စွာထံ ဆက်ကပ်ရန် စာချွန်တော်ကိုလည်း သံတော်ဆင့်က ဖတ်ပြရပြန်သည်။

## ဗုဒ္ဓမြတ်စွာထံ ဆက်ကပ်ရန် စာချွန်တော်

"ဘဒ္ဒကမ္ဘာ၊ ပေါ်ဦးစွာက၊ မဟာသမ္မတ၊ မင်းမူစ၍၊ ဆက်သပိုင့်စိုး၊ ရိပ်ဖြူမိုးသည်၊ ဘိုးတော်ဘေးလောင်း၊ ထီးဆောင်းစွယ်ရိုး၊ သာကီမျိုးဟု၊ တန်ခိုးနေလ၊ ထွန်းတောက်ပသည်၊ သက္ကတိုင်းမည်၊ ကပိပြည်ကို၊ ဆက်ရှည်စိုးခြင်း၊ ဘမင်းသုဒ္ဓေါ်၊ ထုတ်ဖော်ခြင်းရာ၊ ရွှေပေစာနှင့်၊ ဘာဠူဒေါ်အား၊ ရွှေလွှာပေါ်း၍၊ လျှောက်ထားလိုက်ပါသည်၊ မကိုဋ္ဌမိန္ဓေ၊ သားဘုန်းဝေ....။

နန်းနေမယ်တော်၊ သားဇိနော်ကို၊ ဘွားတော်မူစ၊နှတ်ရှာကြွလည်း၊ မွေးဘဦကား၊ သားဘုရားကို၊ အားကိုး၍လျှင်၊ ချစ်ခင်မဝ၊ ထွေးတော်ကလည်း၊ ယုယပိုက်ထွေး၊ ရင်နို့ကျွေး၍၊ မွေးပေါ်လျက်ပင်၊ သို့ကိုစဉ်လည်း၊ ဘခင်၌အားမတိုင်ကြားဘဲ၊ထွက်သွားသည်သာ၊ ကြာလွန်းစွာမှ၊ ရာဟုမယ်တော်၊ လွမ်းတိုင်းမြော်၍၊ ညှိုးလျော်ဖူးမြင်း၊ မောင်တော်မင်းကို၊ သတင်းစကား၊ ကြားရတပ်တပ်၊ လျှောက်တင်လတ်သော်-

သားမြတ်ပျော်ခို၊ ရာဇဂြိုဟ်ကို၊ ဟိုဆီမှာပင်၊ ရေးရေးထင်၍၊ သေချင်မတပ်၊ ရွှေရင်သပ်လျက်၊ နန်းပြသာဒ်ဗွေ၊ ပူမီးငယ်ဝေ၍၊ မွေးဘေညှိုးလျော်၊ သားဘုန်းမော်ကို၊ မြော်လေမဲဆုံး၊ မြူခြည်ငယ်ဆုံး၍၊ တိမ်လုံးပြာပြာ၊ ထက်အာကာက၊ မိလ္လာဇော်ရောင်၊ ခိုပန်းဆောင်နှင့်၊ တိမ်တောင်မြသွေး၊ ပန်းချီရေးသို့၊ အတွေးရကပ်၊ တိမ်ပြသာဒ်ကို၊ မိုးနတ်မိတ်ဆွေ၊ ဆေးစုံခြေ၍၊ ရှုလေတိုင်းပင်၊ မွေးဘခင်မှာ၊ ဘဝင်ကြွေကျမ်း၊ မျက်ရည်ရွှန်းသည်၊ လွမ်း

ဖျားလှမ်းနာ၊ လှမ်းရောဂါကြောင့်၊ ရေစာမဝင်၊ ရှိသည်အင်နှင့် ရင်ခွင်ပိုက်ထွေး၊ နို့ရည်ကျွေးသည်၊ မိထွေးတော်ဂေါတမီ၊ ဒေဝီယသော်၊ သားတော်ငယ်သွေး၊ ရာဟုမြေးတို့၊ လှမ်းဆွေးလှမ်းနာ၊ ရေဝေးကြာသို့၊ မြှော်ကာတမ်းယောင်၊ ဝိဇ္ဇာမှောင်ကို၊ ငြိမ်းအောင်ထောက်ထား၊ ဘုရားမြတ်စွာ၊ ချွတ်လို့ပါဟု၊ မတ်ကာဠုဒါယ်၊ စေ့ငုလွှန်စွာ၊ ရွှေပေစာကို၊ သေချာပါ၍၊ လျှောက်ထားလိုက်ပါသည်၊ မကိုဋ္ဌကယ်ဘုန်းမော် သားဇိနော်...”

ဤသို့လျှင် ဗုဒ္ဓမြတ်စွာထံဆက်ကပ်ရန် စာချွန်တော်ကို သံတော်ဆင့်ကဖတ်ပြပြီးသောအခါ သုဒ္ဓေါဒနမင်းကြီးမှာ အလွန်ပင်အားရကျေနပ်တော်မူလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် စာချွန်တော်နှစ်စောင်စလုံး၏ စာအရေးအသား၊အကြောင်းအရာတို့ကို နှစ်ခြိုက်တော်မူသောကြောင့် ယင်းစာချွန်တော်နှစ်စောင်ကို သေချာအောင်တံဆိပ်ခတ်ပြီး အမတ်ကြီးကာဠုဒါယီထံ အပ်နှံစေသည်။

သုဒ္ဓေါဒနမင်းကြီးသည် အမတ်ကြီးကာဠုဒါယီဘက်ကိုမျက်နှာမူကာ-

“အမတ်ကြီးကာဠုဒါယီ....အမတ်ကြီးမှာ၊ သားဗုဒ္ဓမြတ်စွာနှင့်၊ အတူမွေးဘော်၊ ကစားဘော်ဖြစ်သည်။ ထို့ကြောင့်အထူးရွေးချယ်၍စေလွှတ်ရသည်၊ အရင့်အရင်က သားဗုဒ္ဓကို အပင့်အခေါ်သွားကြသည့် အမတ်များကဲ့သို့ သူများတိုင်းပြည်မှာ နေပြည်တော်ပြန်မလာဘဲမနေနေလေနှင့်၊ ဤစာချွန်တော်နှစ်စောင်ကို သေသေချာချာယူ၊ အခုပင် သားဗုဒ္ဓကို အပင့်အခေါ်သွားပေတော့....”ဟုမိန့်တော်မူလေသည်။

ယင်းသို့ဘုရင်သုဒ္ဓေါဒနမင်းကြီးက ဘုရားအပင့်အခေါ် စေလွှတ်သောကြောင့် ကာဠုဒါယီအမတ်ကြီးသည် ဗုဒ္ဓမြတ်စွာသိတင်းသုံးရာ၊ ရာဇဂြိုဟ်ပြည်သို့ ချီတက်ရန် ပြင်ဆင်ကြလေသည်။ ကာဠုဒါယီအမတ်ကြီးနှင့်အတူ လိုက်ပါကြမည့် စစ်သည်တော်အပေါင်းတို့မှာလည်း ပန်းထည်ခေါင်းပေါင်းကိုယ်စီ ပေါင်းထားကြသည်။ အောင်ကြောင်းကျက်သရေ ပန်းသပြေများကိုလည်း ဝေဝေဆာဆာ နားမှာပန်ထားကြသည်။ နေပြည်တော် ကပိလမှ ရာဇဂြိုဟ်ပြည်သို့ ချီတက်ရာအချိန်ကို စောင့်မျှော်ရင်း စစ်ရေးပြနေကြသည်။

အချိန်သည် တဖြေးဖြေးနီးကပ်လာသောအခါ ပြည်သူပြည်သားအားလုံးထွက်၍ တအုတ်အုတ်တကျက်ကျက် "ဗုဒ္ဓမြတ်စွာကြွရောက်လာပါစေ" ဟု ဆုမွန်ကောင်းတောင်းကြသည်။

အချိန်မှာ နေမောင်းနာရီ နှစ်ချက်ရှိပါပြီ။ တပ်မတော်ကရဲဘော်အမြောက်ကလည်း သုံးကြိမ်သုံးခါပင် ဖေါက်ပြီးလေပြီ၊ အောင်မောင်းအောင်စည်သံတို့မှာလည်း မိုးအာကာသို့တိုင် ဝေလျှံနေလေပြီ။

ထိုအချိန်တွင် အမတ်ကြီးကာဠုဒါယီ၏ မင်္ဂလာတပ်တော်ကြီးသည် နေပြည်တော်ကပိလမှ ရာဇဂြိုဟ်ပြည်သို့စတင်ချီတက်နေလေသည်။

အမတ်ကြီးကာဠုဒါယီ၏တပ်တော်ကြီးသည်စိမ့်စမ်းရှုမြောင်တောတန်းတောင်စဉ်များကိုပင် တဖြေးဖြေးဖြတ်ကျော်နေရလေပြီ။

ခရီးလမ်းတလျှောက်၊ စခန်းထောက်တို့တွင်၊ ဝေဆာဆိုင်းဆိုင်း၊ မြင်တိုင်းလွမ်းဘွယ်၊ သာယာဘွယ်နှင့်-

တောရဂုံမှာလည်း၊ မှုံမှုံငယ်မှိုင်းမှိုင်း၊ မြူခြည်ငယ်ဆိုင်းလျက်-

မိုးယံမှာလည်း၊ ရွာတော့မည့်အသွင်၊ ချိုးချိုးချိမ့်ချိမ့်၊ ညိုးညိုးငြိမ့်လျက်-

စိမ့်ရဂုံချောင်၊ တောနှင့်တောင်ဝယ်၊ ရွှေရောင်ပွင့်သောပိတောက်၊ ပေါက်ပင်၊လက်ပံပေါ်တို့မှ ကျေးငှက်သံသာတို့မှာလည်း လွမ်းစရာဆွေးစရာ-

ယင်းမာရွှေဖီ၊ ကက္ကရီအင်ကြင်း၊ ဂေါ်မင်း မိုးဆွေတို့မှာလည်း လေညှင်းခြွေ၍ တသင်းသင်း တပျံ့ပျံ့-

တောင်နှာမောင်းက "အိုးဝေ....အိုးဝေ"ဟုရွှေဥဒေါင်း၏တွန်သံသာများ-

တခြိမ်းခြိမ်းရိုက်ခါလျက် တောင်ပံတီးကာ အိပ်န်တနး တက်ကြသောတောကြက်မောင်နှံ၏ ကတောက်သံများ=

ရွှေကျေးသုဝ၏ မာဂဓသံသာယာဖြင့် ဖိုမလွမ်းကြင် သံသာယာများ-

တသွင်သွင်စီးဆင်းနေသော ရေတံခွန်သံသာများ၊

ယင်းသို့ယင်းသို့သော တောအဆိုင်ဆိုင် မြိုင်အဆင့်ဆင့်တို့ကို ဖြတ်ကျော်လျက် ချီတက်လာလေရာ အမတ်ကြီးကာဠုဒါယီ၏ မင်္ဂလာတပ်တော်ကြီးသည် ဘေးမသီ ရန်မခဘဲ ရာဇဂြိုဟ်ပြည်သို့ အေးချမ်းစွာရောက်ကြလေသည်။

# ၄

ကာဠုဒါယီအမတ်ကြီး၏ မင်္ဂလာတပ်တော်ကြီးသည် ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ စစ်သည်ဗိုလ်ခြေအများ အမောအပန်းဖြေကာ မြက်ရေတင်းတင်း မှီတင်းစရာပေါများလှသော နေရာကောင်းတခုတွင် တပ်စခန်းချလေသည်။

ရာဇဂြိုဟ်ပြည်သည်ကား ရွှေရောင်ငွေရောင် ကျောက်ရောင်တို့ဖြင့် တောက်လောင်ညီးလျက် ထွန်းတောက် တည်ရှိလေသည်။ အမတ်ကြီး ကာဠုဒါယီသည် ရာဇဂြိုဟ်ပြည်၏ အခြေအနေကို အဝေးမှ လှမ်းမျှော်ကြည့်ရှု နေလေသည်။ ဝေဠုဝန်ကျောင်းတော်ကြီးနှင့် တန်ဆောင်းကြီးများ၊ သာယာဘွယ်သော စည်းသံခေါင်းလောင်းသံများ၊ လျှောက်ပတ် တင့်တယ်လှသော ကျုံး၊ မြောင်း၊ ပြအိုး ခိုနန်း၊ မြို့ရိုး၊ ဗဟိုရ်စင်များ၊ တောင်ငါးလုံးပတ်ဝိုင်းထားပုံများ၊ သီဒါရေယဉ်က မြို့တော်ကို ဝန်းရံထားပုံများ၊ အများပြည်သူတို့၏ အလှူမင်္ဂလာပွဲတို့မှ ဗျောသံ၊ စည်သံသာများ။ ယင်းသို့ ယင်းသို့သျှင် စည်ပင်လှသည့် ရာဇဂြိုဟ်ပြည်၏ အခြေအနေကို ကာဠုဒါယီအမတ်ကြီးသည် အဝေးမှ လှမ်းမျှော်ကြည့်ရှုရင်း အံ့သြမဆုံး ဖြစ်နေလေသည်။

ကာဠုဒါယီအမတ်ကြီးသည် ရာဇဂြိုဟ်ပြည်၏ အခြေအနေကို လှမ်းမျှော်ကြည့်ရှုပြီးသောအခါ ဘုရင်သုဒ္ဓေါဒနမင်းကြီးက ၉-ကြိမ် ၉-ခါ ရွှေစာလွှာအပ်၍ ဗုဒ္ဓမြတ်စွာကို အပင့်လွှတ်ထားသောအမတ်များ အကြောင်းကို သိလိုသေး၍ ဗုဒ္ဓကျောင်းတော်မှ ပြန်လာကြသော ရာဇဂြိုဟ်ပြည်သူပြည်သားအချို့ထံ ချဉ်းကပ်ကာ သတင်းဆောက်လှမ်း မေးမြန်းနေပြန်သည်။

"အိုဘုရားဘကာ၊ ကျောင်းတကာတို့....။ ကပိလက ဘခင်ဖြစ်သူ ဘုရင်သုဒ္ဓေါဒနမင်းကြီးက သားဘုရားကို လွမ်းဆွတ်လှ၍ အမတ်ကြီးများကို အပင့်အခေါ် စေလွှတ်ခဲ့သည်မှာ ကိုးကြိမ်ကိုး ခါပင် ရှိခဲ့လေပြီ။ အမတ်တယောက်တလေမျှ ပြန်လာကြသည် မရှိ၊ ယင်းအမတ်များ သတင်းကို ဗုဒ္ဓအာထံတော်မှာ အဘယ်ကဲ့သို့များ ကြားခဲ့ကြ၊ သိခဲ့ကြပါသနည်း...." ဟု မေးမြန်းလေသည်။

ထိုအခါ ရာဇဂြိုဟ်ပြည်သားများက- "ကပိလက ဘုရားအပင့်အခေါ် ရောက်လာကြသော အမတ်အားလုံးကို ဦးခေါင်းမုတ်ဆိတ်ပြောင်ပြောင် ရိတ်၍ ရဟန်းပြုထားသည်၊ ခုတဖန်ကာဠုဒါယီမည်သော ဗုဒ္ဓမြတ်စွာ၏ ဘွားဖက်တော်အမတ်ကြီး တယောက် တပ်တောင်တာဗိုလ်ရာနှင့် ဗုဒ္ဓမြတ်စွာကို အပင့်အခေါ် ကပိလပြည်မှ ရာဇဂြိုဟ်ပြည်သို့ လာနေပြန်ပြီဟု ဗုဒ္ဓမြတ်စွာသိနှင့်နေသည်၊ ဗုဒ္ဓမြတ်စွာက ကာဠုဒါယီအမတ်ကြီး ရောက်လာသောအခါမှာလည်း အလျင်ရောက်သော အမတ်တို့ကဲ့သို့ပင် ဦးခေါင်းမုတ်ဆိတ်ပြောင်ပြောင် ရိတ်ကာ ရဟန်းပြုပေးကြလော့၍ တပည့်သံဃာတော်အပေါင်းကို မှာကြားသံကိုပါ ကြားခဲ့ရကြောင်း" ဖြေကြားကြလေသည်။

ရာဇဂြိုဟ်ပြည်သူပြည်သားတို့၏ ပြောစကားကိုကြားရသော အခါ ကာဠုဒါယီအမတ်ကြီးသည် မျက်နှာပျက်ပျက် အခက်ကြုံကြုံနှင့် တယောက်တည်းစဉ်းစားနေလေသည်။

"အို-ငါ့မှာဖြင့် 'အကျိုးလို၍ ညောင်ရေလောင်း ပတ်ထမ်းတွေ့' ဆိုတဲ့သကဲ့သို့များ ဖြစ်ရမှာလားမသိ၊ မည်သို့ပင်ဖြစ်ဖြစ် ငါ့မှာတော့နှစ်ရတော့မှာပဲ၊ လူ့လောကကြီးတာ ဖြစ်ခြင်း၊ ပျက်

ခြင်း၊ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း စသော လောကဓံသဘာဝကို တွေ့ရစမြဲ၊ ကြုံရစမြဲ။ သတ္တဝါဟူ သည်မှာ ကံသာမူလ၊ ကောင်းရာလုပ်ကကောင်းကျိုးရမည်၊ မကောင်းရာလုပ်က မကောင်းကျိုးရမည်မှာ သဘာဝတရား၊ဗုဒ္ဓ မြတ်စွာ ငါ့ပင့်၍မှ လိုက်မလာလျှင် အတင်းဝင်၍ဖက်ယမ်းကာ ပွေ့ပြီးထမ်းယူရမှာတဲ့”ဟု စဉ်းစားနေလေသည်။

ကာဠုဒါယီအမတ်ကြီးသည် ယင်းသို့တယောက်တည်း တွေ တွေရာရာ စဉ်းစားပြီးသောအခါ မိမိတပ်တော်သားများကို မှာ ကြားပြန်သည်။

“တပ်တော်သားတို့ ရာဇဂြိုလ် ပြည်သူပြည်သားများက ဗုဒ္ဓ မြတ်စွာကို ငါတို့ဘုရားပါဆိုပြီး အကယ်၍အတင်းလုယူလာ လျှင် တပ်တော်သားများကမကြောက်မရွံ့ ခုခံကာကွယ်ရမည်၊ စစ်မက်ပြုလာလျှင်လည်း ‘သစ္စာ၊ ဓမ္မ၊ ဝီရိယနှင့်၊ စာဂဟူသည် ရန်သူအောင်ရာ၊ ကျမ်း၌လာ၏’ဟူသောစကားအတိုင်း သတိ၊ ဝီရိယ၊ ပညာရှိရမည်၊ သတိမရှိ၊ ပညာမရှိ၊ ပေါ့လျော့နေပါက ငါတို့တပ်တော်သားများမှာ ရန်သူရောက်လာပါက ခေါင်းကိုမောင်း တင်၊ လှံကိုဆေးခတ်၊ သေနတ်ကိုသွေးပြီး မှောက်မှောက်မှား မှားဖြစ်တတ်ပေသည်။ ရန်သူကိုမကြောက်ရ၊ ရန်သူကိုကြောက် လျှင်၊ ရန်သူအနားမှာရှိသည်ဟူဘိသကဲ့သို့ ဖြစ်ရတတ်သည်။ ငါ တို့စစ်အင်အားဖြင့် ဆင်ကိုဆင်ချင်း၊ မြင်းကိုမြင်းချင်း တိုက်ခိုက် နိုင်အောင် ရုံးစုညီညွတ်စွာနေရစ်ကြ၊ ငါ့စကားမကြောက်သာ ဘူး၊ အခုပင်တယောက်တည်း ဗုဒ္ဓမြတ်စွာ စံပျော်ရာ ဝေဠုဝန် ကျောင်းတော်သို့သွားတော့မည်” ဟုမှာကြားပြောဆိုလေသည်။

ဤသို့လျှင် ကာဠုဒါယီအမတ်ကြီးက မိမိတပ်တော်သားများကို မှာကြားပြောဆိုသော စကားအားလုံးကို ဗုဒ္ဓမြတ်စွာသည် ဝေဠုဝန်ကျောင်းတော်မှ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် သိရှိတော်မူလေရာ မိမိထံပါးတွင်ခစားနေကြသော အရိယာသံဃာတော်များကို-

"ကိလေဝတ်မီး၊ ညီးညီးလောင်ထိန်၊ သုဘကိဏ်ထက်၊ ကဲတက်မြင့်တုံ၊ တဏှာဘုံမှ၊ ခြေစုံလည်းကန်၊ မဂ္ဂင်ဉာဏ်နှင့်၊ စန္ဒာလမင်းတိမ်မှောင်လင်းသို့၊ ပြည်မင်းသုခ၊ နိဗ္ဗာန်ရသည်၊မမှရိသေ၊ ဘိက္ခုဝေတို့....။

အစိန္တေယျာ၊ ငါမြတ်စွာနှင့်၊ သွားခါတူပြီ၊ မတ်ကြီးမဟာကာဠုဒါသည်၊ သချာတွက်ရေ၊ ပြည့်လေသမျှ၊ ဒါနသီလာ၊ ဘာဝနာနှင့်၊ ခုမှာဘဝ၊ အဆုံးကျ၍၊ သုခနိဗ္ဗာန်၊ ရချိန်တန်ပြီ၊ ငါ့ထံထုတ်ချောက်၊ ခုရောက်လိမ့်မည်၊ တာရှည်မထား၊ တံခါးကိုပိတ်၊ ခေါင်းရိတ်ချက်ခြင်း၊ သံဃာတွင်းသို့၊ သွင်းကြကုန်လေ၊ ဘိက္ခုဝေတို့" ဟူ၍ဗုဒ္ဓမြတ်စွာသည် မိန့်မှာတော်မူသဖြင့် သံဃာတော်များမှာ စုရုံးလျက် ကာဠုဒါယီအမတ်ကြီးအလာကို စောင့်မြှော်နေကြလေသည်။ မသိရှာသော ကာဠုဒါယီအမတ်ကြီးမှာကား ဗုဒ္ဓမြတ်စွာထံသို့ရောက်ရှိလာကာ ဗုဒ္ဓမြတ်စွာအား ဦးချ ညွတ်တွားလျက် ထိုင်နေလေသည်။

ဗုဒ္ဓမြတ်စွာကို ပွေ့ချီဖက်ယမ်း၊ အတင်းထမ်းယူမည်ဟုကြံစည်လာခဲ့သော ကာဠုဒါယီအမတ်ကြီးသည် ဗုဒ္ဓရှေ့မှောက်သို့ရောက်သောအခါ ယင်းသို့ပြုလုပ်ရန်မငံ့ရဲတော့သဖြင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ဆက်ကပ်လိုက်သော စာချွန်တော်ကိုသာဖတ်ကြားလျက် ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသည်။

"ဘဒ္ဒကမ္ဘာ၊ ပေါ်ဦးစွာက၊ မဟာသမ္မတ၊ မင်းမှစ၍၊ဆက်သပိုင်စိုး၊ ရိပ်ဖြူမိုးသည်၊ ဘိုးတော်ဘေးလောင်း၊ ထီးဆောင်းနွယ်ရိုး၊ သာကီမျိုးဟု၊ တန်ခိုးနေလ၊ ထွန်းတောက်ပသည်၊ သက္ကတိုင်းမည်၊ ကပိပြည်ကို၊ ဆက်ရှည်စိုးခြင်း၊ ဘမင်းသုဒ္ဓေါ်၊ ထုတ်ဖေါ်ခြင်းရာ၊ ရွှေပေစာနှင့်၊ ကာဠုဒါအား၊ ရွှေလွှာပါး၍၊ လျှောက်ထားလိုက်ပါသည်၊ မကိုဋ္ဌစိန္တ သားဘုန်းဝေ–

နန်းနေမယ်တော်၊ သားဇိနော်ကို၊ ဘွားတော်မူစ၊ နှစ်ရှာကြလည်း၊ မွေးဘဝ်ကား၊ သားဘုရားကို၊ အားကိုး၍လျှင်၊ ချစ်ခင်မဝ၊ ထွေးတော်ကလည်း၊ ဘခင်၌အား၊ မတိုင်ကြားဘဲ၊ ထွက်သွားသည်တာ၊ ကြာလွန်းစွာမှု၊ ရာဟုမယ်တော်၊ လွမ်းတိုင်းမြှော်၍၊ ညိုးလျော်ဖူးမြင်း၊ မောင်တော်မင်းကို၊ သတင်းစကား၊ ကြားရတပ်တပ်၊ လျှောက်တင်လတ်သော်-

သားမြတ်ပျော်ခို၊ ရာဇဂြိုလ်ကို၊ ဟိုဆီမှာပင်၊ ရေးရေးထင်၍၊ သေချင်မတပ်၊ ရွှေရင်သပ်လျက်၊ နန်းပြသာဒ်ဇွဲ၊ ပူမီးငယ်ဝေ၍၊ မွေးဘေညိုးလျော်၊သားဘုန်းမော်ကို၊မြှော်လေမဆုံး၊ မြူခြည်ငယ်ဖုံး၍၊ တိမ်လုံးပြာပြာ၊ ထက်အာကာက၊ မိလ္လာဇော်ရောင်၊ ခိုပန်းဆောင်နှင့်၊တိမ်တောင်မြသွေး၊ ပန်းချီရေးသို့၊ အတွေးရကပ်၊ တိမ်ပြသာဒ်ကို၊ မိုးနတ်မိတ်ဆွေ၊ ဆေးစုံခြေ၍၊ ရှုလေတိုင်းပင်၊ မွေးဘခင်မှာ၊ ဘဝင်ကြွေကျွမ်း၊ မျက်ရည်ရွှမ်းသည်၊ လွမ်းဖျားလွမ်းနာ၊ လွမ်းရောဂါကြောင့်၊ ရေစာမဝင်၊ ရှိသည်အင်နှင့်၊ရင်ခွင်ပိုက်ထွေး၊ နို့ရည်ကျွေးသည်၊ မိထွေးတော်ဂေါတမီ၊ ဒေဝီယသော်၊ သားတော်ငယ်သွေး၊ ရာဟုမြေးတို့၊ လွမ်းဆွေးလွမ်းနာ၊ ရေဝေးကြာသို့၊ မြော်ကာတမ်းယောင်၊ ဝိဇ္ဇာမှောင်ကို၊ ငြိမ်းအောင်ထောက်ထား၊ ဘုရားမြတ်စွာ၊ ချွတ်လှဲ့ပါဟု၊ မတ်ကာဠု

တွင်၊ စေ့ငုလွှန်စွာ၊ ရွှေပေစာကို၊ သေချာပါ၍၊ လျှောက်ထား လိုက်ပါသည်၊ မကိုင်ရှုကယ်ဘုန်းမော်၊ သားဇိနော်….။

ယင်းသို့ ကာဠုဒါယီအမတ်ကြီးက သုဒ္ဓေါဒနမင်းကြီးဆက် ကပ်လိုက်သော စာချွန်တော်ကိုဖတ်ကြား၍ ပြီးဆုံးသောအခါ ဗုဒ္ဓမြတ်စွာက အသင့်စုရုံးနေကြသော ရဟန်းတော်တို့ကို–

“ရဟန်းတို့….အဘယ်ကြောင့်ငါ့ဘွားဘက်တော် ကာဠုဒါ ယီအမတ်ကြီးကို အတင်းဖမ်း၍ရဟန်းပြုမပေးကြသနည်း၊ အခု ပင်ရဟန်းပြုပေးကြရဟန်းတို့….”ဟု မိန့်တော်မူလေသည်။

ထို့ကြောင့် ရဟန်းတော်များက ကာဠုဒါယီအမတ်ကြီးကို အတင်းဝိုင်းဝန်း ဖမ်းဆီးကြပြီးလျှင် ဝိနည်း ကျမ်းဂန်နှင့်အညီ ရဟန်းပြုပေးကြလေသည်။

ကာဠုဒါယီအမတ်ကြီးမှာကား ဘုရားအာဏာ၊ သံဃာတော် ကိုမလွန်ဆန်နိုင်သဖြင့် ဂလိုင်လိုက်ဖို၊ မျက်ရည်ယိုနှင့် မျောက်အို ကြီးပမာဖြစ်ကာ အိမ်မှာကျန်ရစ်ခဲ့သူ ငယ်ကြင်ငယ်ချစ်ကို မြှော် ခေါ်လွမ်းဆွတ်လျက် ရဟန်းပြုပေးသောရဟန်းများကို တတွတ် တွတ်ပြောဆိုနေလေသည်။

“သံဃာတော်တို့…. ဗုဒ္ဓမြတ်စွာမှာ တပည့်တော်၏သူငယ် ချင်းဖြစ်ပါသည်၊ ငယ်သူငယ်ချင်းဖြစ်၍ ကျီစယ်ကာ ရဟန်းပြု ပေးလိုက်ဟုပြောခြင်းပါ၊ ကိုယ်တော်တို့ကကျီစယ်သည်ကိုအဟုတ် ထင်ပြီး အဘယ့်ကြောင့်တပည့်တော်ကို အတင်းဖမ်းချုပ်ပြီး ရ ဟန်းပြုပေးကြပါသနည်း။

ဤရဟန်းဘဝကို တပည့်တော်က ခေါင်းကပြောင်လင်း၊ ထမင်းကငတ်၍ မြတ်သောဘဝဟူ၍မမြင်ပါ၊ ရဟန်းမပြုပါရ စေနှင့်၊ ဘုရင်မင်းမြတ်က တပည့်တော်ကို လူယုံအဖြစ်ချီးပင့်

မြှောက်စားထားသော အထွတ်စမွယ်၊ ထီးစလွယ်နှင့်၊ ချပ်ကာဝတ်လုံများကို ယူမထားကြပါနှင့်၊ တပည့်တော်ကိုအမြန်ပြန်ပေးကြပါ....''ဟူ၍ ဟစ်အော်ပြောဆိုနေလေသည်။

ကာဠုဒါယီကို ရဟန်းပြုပေးကြသော သံဃာတော်တို့ကမူ ကာဠုဒါယီအမတ်ကြီး၏ ပြောစကားကို မည်သို့မျှ ပြန်မပြောကြဘဲ ဆိတ်ဆိတ်နေကြလေသည်။

ကာဠုဒါယီအမတ်ကြီးမှာမိမိ၏အဝတ်အစား၊ အဆောင်အယောင်များကို အကြိမ်ကြိမ်တောင်းသော်လည်း ရဟန်းများက ပြန်မပေးကြသဖြင့် ဗုဒ္ဓမြတ်စွာထံသွားရောက်ကာ-

"အရှင်ဘုရား....အရှင်ဘုရား၏တပည့်သံဃာတော်များတပည့်တော်ကိုအတင်းဖမ်း၊ အတင်းချုပ်ထားပြီး တပည့်တော်ခေါင်းကိုပြောင်အောင်ရိတ်ပြီး ရဟန်းပြုပေးကြပါသည်၊ တပည့်တော်ဤရဟန်းဘဝကို မနှစ်မြို့နိုင်ပါ၊ ဤရဟန်းဘဝကိုတပည့်တော်မြတ်သည်ဟူ၍လည်း မမြင်ပါ၊ နေပြည်တော်ကပိလသို့သာ တပည့်တော်အမြန်ပြန်ချင်လှပါသည်၊ တပည့်တော်၏ အဝတ်အစားအဆောင်အယောင်ကို ပြန်ရအောင်သာ ဗုဒ္ဓမြတ်စွာစီမံပေးတော်မူပါ''ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ကာဠုဒါယီကမိမိစိတ်ထဲတွင်ရှိသမျှကိုလာရောက်လျှောက်ထားနေသော်လည်း မည်သို့မျှ စကားတုံ့မပြန်ဘဲ ဆိတ်ဆိတ်သာနေတော်မူသည်။

ဗုဒ္ဓမြတ်စွာသည် ကာဠုဒါယီ၏ဘဝကို ပုဗ္ဗေနိဝါသဉာဏ်တော်ကိုဖြန့်၍ ကြည့်တော်မူသောအခါ-

"ကိလေသာ၊တဏှာ၊ သံယောဇဉ်တို့ဖြတ်လွယ်လှကာ လူ့ရွာပျော်မှီး ဤကာဠုဒါယီရဟန်းကြီးသည် မြို့ထဲရွာထဲ၌နေ၍ ကိ

လေသာမကင်းနိုင်ရာ၊ တောခြေမြို့ရပ်တွင်သာ ကိလေသာစင်၍ နိဗ္ဗာန်မြင်နိုင်ရာသည်" ဟူ၍ မြင်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် သံဃာတော်များကို ရှေ့တော်သို့ခေါ်ဆောင်တော်မူပြီး-

"ရဟန်းတို့.... ဤအမတ်ကြီးကာဠုဒါယီကို တောထဲမြို့ထဲသို့ အမြန်ဆုံးခေါ်ဆောင်သွားကြ"ဟု မိန့်တော်မူလေသည်။

ရဟန်းတို့သည် ဗုဒ္ဓမြတ်စွာ၏စကားတော်ကြောင့် ကာဠုဒါယီရဟန်းကြီးကိုတန်ခိုးဣဒ္ဓိပါဒ်ဖြင့် မိုးပေါ်မှ ခေါ်ဆောင်သွားလေရာ မကြာခင်ပင် တောကြီးမြို့ကြီးထဲသို့ ရောက်သွားလေသည်။

တောကြီးမြို့ကြီးထဲသို့ ရောက်သောအခါ ဈာန်ရမြေလျှိုးတန်ခိုးကြီးစွာ ထေရ်သံဃာတို့က ကာဠုဒါယီရဟန်းကြီးကို-

"ငါ့ရှင်ကာဠုဒါယီ.... ယခုအခါသင်တို့ငါတို့မှာ လူသူမနီးသော တောကြီးမြို့ကြီးထဲရောက်ရှိနေကြပါပြီ။ ဤနေရာဤဒေသကား အစာရေစာရရန်အတွက် အလွန်ခက်ခဲသည်။ မိမိဘာသာ ရှာကြံစားသောက်ကြရလိမ့်မည်"ဟူ၍ စကားနိမိတ်အရိပ်ပြကာ ကာဠုဒါယီရဟန်းကြီး၏အနားမှ ပျောက်ကွယ်သွားကြလေသည်။

ရဟန်းကြီးကာဠုဒါယီမှာကား စုံတပိတ်ပိတ်၊ ကရဝိတ်ကျူးညံ၊ ချေတောက်သံနှင့်၊ တောင်ရိုးမြို့ကြီး၊ ဆီးခါမှိုင်းမှောင်၊ တောနက်ချောင်တွင်၊ တောင်လယ်မြောက်ပတ်၊ ရောက်တတ်ရာရာ၊ ဆွမ်းဆာ၍ငတ်၊ ချွေးဖတ်ဖတ်နှင့်၊ တဆွတ်ဆွတ်တလွမ်းလွမ်းဖြင့်၊ ဗုဒ္ဓမြတ်စွာ ကျောင်းတော်ရှိရာသို့ လမ်းမသိဘဲ စိတ်ရှိတိုင်းဟိုဝင်ဒီတိုး ကြိုးကြိုးစားစား လျှောက်လာခဲ့ရလေသည်။

ကျောင်းသို့ ရောက်သောအခါ ကာဠုဒါယီရဟန်းကြီးကို

တောထဲသို့ခေါ်ဆောင်သွားခဲ့သည့် ရဟန္တာများကို ကျောင်းအဝင်ဝတွင်ပင် ပက်ပင်းတွေ့ရလေသည်။

ကာဠုဒါယီရဟန်းကြီးသည် ရဟန္တာများကို တွေ့မြင်ရသောအခါ–

"ကိုယ်တော်တို့... ကိုယ်တော်တို့လုပ်တာ ကောင်းကြသေးရဲ့လား၊ လူသူမနီးတောနက်ကြီးထဲမှာ တပည့်တော်ကိုတယောက်တည်း ထားပစ်ခဲ့ကြသည်၊ ဘာအစားအစာမှမစားခဲ့ရ၊ ဆွမ်းတော်ဟင်းတော် အစာရေစာပြတ်ခဲ့ရသည်။

ကိုယ်တော်တို့....ကိုယ်တော်တို့က တပည့်တော်ကို သေအောင်လုပ်ကြတာလား၊ လုပ်ရက်ကြပါသည်၊ ကိုယ်တော်တို့မှာ တန်ခိုးရှိသည်၊ မိုးပေါ်တိမ်ကြားပျံသွားနိုင်သည်၊ တပည့်တော်မှာဤတန်ခိုးမျိုးမရှိ၊ ကိုယ်တော်တို့ကို ဤတန်ခိုးမျိုး ဘယ်သူကပေးသလဲ၊ ပြဒါးဝိဇ္ဇာများကပေးသလား၊ တပည့်တော်လည်း တတ်ချင် ရချင်ပါသည်၊ တပည့်တော်ကိုသင်ပေးကြစမ်းပါ ကိုယ်တော်တို့...."ဟု ရဟန္တာများကို အပြစ်လည်းတင်၊ ပညာလည်းတောင်းနေသည်။

"ရဟန်းကြီးကာဠုဒါယီ.... နားစိုက်ထောင်လော့။ ရတနာသုံးပါးသည် လောကသုံးပါးတွင် အမွန်ဆုံး အမြတ်ဆုံးဖြစ်သည် ငါတို့ကား ရဟန္တာများဖြစ်ကြသည်။ ငါတို့မှာကြီးစွာသော တန်ခိုးဣဒ္ဓိပါဒ်များရှိကြသည်၊ သတ္တဝါမှန်သမျှ ဝိဇ္ဇာဓိုရ်များပါမကျန် ငါတို့အားညွတ်တွားဦးခိုက်ကြရသည်၊ ငါတို့ကိုဘယ်ဝိဇ္ဇာဓိုရ်ကမျှ မိုးပေါ်တိမ်ကြား ပျံသွားနိုင်အောင် ပညာပေးနိုင်ရိုးထုံးစံမရှိ၊ ဗုဒ္ဓမြတ်စွာဟောကြားထားသော ဓမ္မ၊ ဝိနယနည်းလမ်းများရှိသည်။

ယင်းနည်းလမ်းများကိုလိုက်နာ၍ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းများကို စီးဖြန်းပါက မိုးပေါ်တိမ်ကြား ပျံသွားနိုင်သည့် အပြင် ငြိမ်းလှသော နိဗ္ဗာန်ခတ်သို့ပင် ဆိုက်ကပ်နိုင်ပေသည် ကာဠုဒါယီအမတ်ကြီး....”

ရဟန္တာများ၏စကားတော်သည် ကာဠုဒါယီရဟန်းကြီး၏ စိတ်အစဉ်ကို မိုးထိသောကြာပန်းကဲ့သို့ လန်းဆန်းစေသည်။ ထို့ ကြောင့် ကာဠုဒါယီရဟန်းကြီးသည် ဗုဒ္ဓမြတ်စွာထံသွားရောက် ကာ ရှိခိုးဦးချလျက်-

“အို အရှင်မြတ်ဘုရား....အရှင်မြတ်ကားတပည့်တော်နှင့် အ တူဘွားဘက်ဖြစ်ပါသည်၊ တပည့်တော်ကဲ့သို့ရင်းချာသူကို အရှင် ဘုရားမိုးပေါ်တိမ်ကြားပျံသွားနိုင်သည့်ပညာကို မပေးဘဲထားပါ သည်၊ နောက်မှသိရကျွမ်းရသော မောဂ္ဂလာန်ကဲ့သို့ပုဂ္ဂိုလ်မျိုးကို တော့ အရှင်ဘုရားစျာန်တန်ခိုးမျိုးစုံပေးထားပါသည်၊ တပည့် တော်အလွန်ဝမ်းနည်းအားငယ်လှပါသည် အရှင်မြတ်ဘုရား....” ဟု၍ လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ကာဠုဒါယီရဟန်းကြီးကို ဓမ္မအသိစေ့စုံ စွာဖြန့်ချီလို၍-

“အို- ဘွားဘက်တော် ရဟန်းကြီးကာဠုဒါယီ....သင်နား စိုက်ထောင်လော့၊ ငါကားယခုအခါ ဂုဏ်ဝါးပါးမှကင်းလွတ် ခဲ့ပြီ။ ပညာအလင်းကိုငါရခဲ့ပြီ။ သစ္စာအနက်တဆယ့်ခြောက်ချက် ကို ကွက်ကွက်ကွင်းကွင်းခွဲခြား၍ ငါသိခဲ့ပြီ။ တရားအကုန်အစင် ကို အကြွင်းမရှိရအောင် ငါသိခဲ့ပြီ၊ မာရ်ငါးအင်ကိုငါအောင် မြင်ခဲ့ပြီ။ ငါကား“ဗုဒ္ဓ”ငါကား“ဇိန”မှန်ခဲ့ပြီ၊ ငါကားဓမ္မသာမိ

လည်းဖြစ်ခဲ့ပေပြီး၊ ဝေနေယျသတ္တဝါအများကို တသားတည်း မေတ္တာထားနိုင်သူလည်း ငါဖြစ်ခဲ့ပြီ။

အို- ဘုရားဘက်တော် ရဟန်းကြီးကာဠုဒါယီ.... ငါ့စကား ကိုနှစ်ခြိုက်စွာသင်နားထောင်လော့။ နှလုံးပိုက်လော့၊ အဝိဇ္ဇာ တဏှာဟူသော အရင်းခံတရားနှစ်ပါးကြောင့် လူလာဖြစ်သူတိုင်း မဟာဝိပါက်စိတ်ရှစ်ပါးတွင် တပါးပါးဖြင့်"ဇာတိ"ဖြစ်ရသည်။

ဇာတိဖြစ်လျှင် 'မရဏ'သေခြင်းတရားလည်း အတူပါလာ သည်။

ဤခန္ဓာ ဤအာယတန စသောတရားများသည် 'နိစ္စ' မြဲ သောတရားမဟုတ်ကြ။ 'အနိစ္စ' မမြဲသောတရားများသာဖြစ်ကြ သည်။ 'အနိစ္စ' မမြဲသောတရားကို 'နိစ္စ' မြဲသောတရားဟုထင် မှတ်ကြသဖြင့် 'မရဏ' သေခြင်းတရားကိုမေ့နေကြသည်။ နင်နင် ငါငါ ဣဿာမစ္ဆရိယဒေါသဖိစ်၍ ဇာတိမာန် ပညာမာန် ဂုဏမာန်တို့ ဖြင့်- ကြုံးပထောင်လွှားနေကြသည်။ မှောက်မှားကျူးလွန်နေကြ သည်။ ဝန်တိုနေကြသည်။

အို ဘုရားဘက်တော် ရဟန်းကြီးကာဠုဒါယီ.... ဆင်ခြင် လော့၊ နှလုံးပိုက်လော့၊ ဤခန္ဓာငါပါး ရုပ်နာမ်တရားတို့သည် ယန္တရားစက်ကြီးနှင့်တူသည်။ အချိန်မကြာခင် မမြဲသောသင်္ခါရ ဘက်သို့ ရောက်လှာ လည်လှာပေဦးမည်။

အို ဘုရားဘက်တော် ရဟန်းကြီးကာဠုဒါယီ.... သမထကမ္မ ဋ္ဌာန်းကို စီးဖြန်းလော့၊ ဤခန္ဓာကိုယ်ကိုကမ္မဋ္ဌာန်းရှုလော့၊ ဤခန္ဓာ ကိုယ်သည် အရိုးစုဖြစ်ပုံကိုသိသော၊ ဖြစ်လှာသောဤခန္ဓာကိုယ် သည် ပျက်သောခန္ဓကိုယ်မလွဲဖြစ်ရမည်ဟု မြင်လော။ ဤခန္ဓာ

ကိုယ်သည် မြေဩဇာသာဖြစ်၍ အနတ္တတရားအဖြစ်ကို အမှန်အကန်သိပါလော။

အို- ဘွားဘက်တော် ရဟန်းကြီးကာဋ္ဌုဒါယီ.... ဤသင်္ခါရတရားတို့၏ သဘာဝအမှန်ကို သိအောင်မြင်အောင် ကြိုးစားလောယင်းသို့ကြိုးစားလျှင် သင်လိုချင်လှသော မိုးပေါ်တိမ်ကြားပျံသွားနိုင်သည့်ပညာကို ရနိုင်ရုံမျှမက မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ဘရားများကိုပင် သင်ကေန်ရနိုင်ပေလိမ့်မည် ဘွားဘက်တော် ကာဋ္ဌုဒါယီရဟန်းကြီး....”ဟု ဟောကြားတော်မူလေသည်။

ကာဋ္ဌုဒါယီရဟန်းကြီးမှာ ပါရမီပြည့်ပြီးသူ၊ ရင့်ပြီးသူ၊ ကျွတ်ချိန်လည်းကျရောက်နေပြီးသူဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာ၏တရားအဆုံးတွင် တိမ်တိုက်မှလွတ်ကင်းသော လမင်းကဲ့သို့ အလင်းတရားကိုရကာ စျာန်သမာပတ်နှင့် ပြည့်စုံသော ရဟန္တာဖြစ်လေတော့သည်။

ကာဋ္ဌုဒါယီအမတ်ကြီးသည် ဗုဒ္ဓမြတ်စွာကိုပင့်ခေါ်ရန် ဗုဒ္ဓထံမှောက်သို့လာရောက်ခဲ့သည်။ သို့သော်ယခုအခါ ကာဋ္ဌုဒါယီမှာ စျာန်အဘိညာဉ်နှင့်ပြည့်စုံသော ရဟန္တာကာဋ္ဌုဒါယီ ဖြစ်ခဲ့လေပြီ။

ကာဋ္ဌုဒါယီ အမတ်ကြီးသည် ရဟန္တာဖြစ်ပြီးသော်လည်း သုဒ္ဓေါဒနမင်းကြီးထံမှောက်တွင် ဗုဒ္ဓမြတ်စွာကိုပင့်ခေါ်၍ပြန်လာခဲ့ပါမည်ဟူသော ကတိစကားက ကျန်ရှိနေပြန်သောကြောင့် အချိန်ကာလကိုကြည့်မြော်၊ အခွင့်အခါကိုထောက်ချင့်၍ ဗုဒ္ဓမြတ်စွာထံဝင်ရောက်ကာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သား

တော်ဗုဒ္ဓမြတ်စွာကို မှန်းမြော်တမ်းတနေပုံကို လျှောက်ထားရလေသည်။

"ပုဂ္ဂိုလ်အများ၊ ဝါတရားဟု၊ များစွာတို့ထိပ်၊ စိုးနိုင်ပိုင်တုံ၊ အံ့မကုန်သည် ကိုးဂုဏ်ကျော်ချီး ပုဂ္ဂိုလ်ထီးဟု၊ ထေရ်ကြီးပရမေ မြတ်စိန္တေ-

တိမ်ခြည်သို့မှိုင်း မြူဆိုင်းဆိုင်းနှင့် ဘုံတိုင်းဌာန ကပိလက မွေးဘသုဒ္ဓေါ ထွေးတော်မဟာသီ ဂေါတမီနှင့် ဒေဝီယသော် သားရတနာ ရာဟုလာတို့ မြတ်စွာဇိနော် သုံးလုဘော်ကို မြော်ခေါ်ရှုတ လွမ်းဗျာယနှင့် စိတ္တဇရောဂါ တာရှည်လှသည် သို့ဖြစ်သည်ကြောင့် ရွှေပြည်နဂရ ကပိလသို့ ကြွပသခင် ရဏ်မင်ငင်နှင့် လူပင်ညှိုးလျော် ဘသုဒ္ဓေါလည်း ပွဲတော်မပြင် စားမဝင်နှင် စက်လျှင်မပျော် နန်းမြင့်ပေါ်က သားတော်ကိုလျှင် မြင်ချင်ရှု တမ်း မျက်ရည်လျှမ်းသည် စမ်းသို့ဖြာဖြာ လွမ်းရောဂါလည်း ထပ်ကာပွါးများ သားဘုရားကို သွားရှုပင့်သည် ရက်များရှည်ခဲ့ မတည်တတ်အား လွမ်းတာလျှား၍ သားတော်ဘုန်းမောက် တမိုးသောက်လည်း ရောက်တော့မည့်သွင် တနေဝင်လည်း မြှင်တော်မူနိုး မြော်ကိုးမလပ် ဘခင်မြတ်မှာ သပ်ခါရွှေရင်ကွဲလုပင်နှင့် ဘဝင်လောင်ကျွမ်း မျက်ရည်သွန်းသည် လွမ်းလှလေခဲ့ ပရမေဘုန်း တူ ကျွန်တော်မူပ ထွေးဖြူသာကီ ဂေါတမီနှင့် ဒေဝီယသော် ဘသုဒ္ဓေါတို့ သားတော်ကိုယ်စား ရည်မှတ်ငြား၍ ကိုယ်ပွါးရုပ်သွင် နတ်ဦးတင်ဝယ် ရွှေစင်ပုံပြု ဖူးမြော်ရှုလည်း လွမ်းမှုမလပ် ထပ်ခါဖြာဝေ လွမ်းဆွတ်ကြွေခဲ့ ပရမေမြတ်စွာ ရက်ကြာနေ့ရေ၊ မလာနေမူ မွေးဘေနတ်ရွာ ပြောင်းနှင့်ပါ၍ တွေ့ရပါဘူး ကျေးဇူးကြီးစွာ သားရတနာကို သွားကာချက်ချင်း မိမင်းမယ်တောင်း

နတ်ရွာပြောင်းသည့် ဦးခေါင်းချရာ အောင်ချာနန်းမြေ ချက်တော်ကြွေသည့် မင်းနေဌာန ကပိလသို့ နေ့လမကြာ ကြွပါကလေ သားစိန္တေ....”

ကာဠုဒါယိရဟန္တာသည် ဗုဒ္ဓမြတ်စွာ၏ မွေးဘတော် သုဒ္ဓေါဒနကနေပြည်တော်ကပိလဝတ်သို့ ကြွရောက်ရန်ဗုဒ္ဓမြတ်စွာအား လျှောက်ထားဟန် လျှောက်ထားပြီးသောအခါ ဗုဒ္ဓမြတ်စွာက ကာဠုဒါယိရဟန္တာအား ဤသို့မိန့်ကြားတော်မူလေသည်။

“ချစ်သားမဟာကာဠုဒါယိ.... ကျေးဇူးကြီးမားသောမိခင်ဘခင်များ သမီးသားအတွက်ကြောင့် သွိုငြေးမျက်ရည်မဆည်ညှိုးခွေမရှိကောင်းပေဘူး။ အစိန္တေယျာ ငါမြတ်စွာဗုဒ္ဓသည် ငါတယောက်တည်းချမ်းသာရေးအတွက် တောထွက်လာခဲ့ခြင်းမဟုတ်။ မာတာပိဘဥာတတ္တနှင့် သုံးဝစရိယာ ဝေနေယျာကို သံသာရမှ ကယ်တင်လိုသောကြောင့်သာ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းမှာ ဘုရားဆုကို ပန်ယူလာခဲ့ခြင်းဖြစ်သည်။ သမတိံသဒသပါရမီ ငါးလီပရိစ္စာဂတို့ကို စွန့်လာခဲ့ခြင်းဖြစ်သည်။ လောကုတ္တရာ ဖိုလ်ချမ်းသာနှင့် မဟာဗုဒ္ဓဟောပလ္လင်ဗွေထက်မှာ ဒေဝပုတ္တပဥ္စမာရ်ကို ငါအောင်တော်မူခဲ့သည်။သက္ကရာဇ် ၁၀၃ ခု သာပေါင်းစုသော ရတုမှိုင်းမှုန် ကဆုန်ပြည့်စက် လပ်ကားပြိုသလစန္ဒရာ ဝိသာခါနှင့် ယှဉ်ကာထွန်းပ နေ့ဗုဒ္ဓတွင် ဘုရားရွှေဉာဏ်တော်ကို ငါရခဲ့သည်။

ချစ်သားမဟာကာဠုဒါယိ.... နိုင်ငံတိုင်းကြီး ဘုန်းတီးပြည်တော် ခမည်းတော်နှင့် ယသော်ဆွေလျ သားလျရာဟု ဗိုလ်လူ

ရွှေငွေ ထွေထွေပြားပြောင် လောကီဘောင်ကို ငါရှောင်၍ထွက်
လာခဲ့သည်မှာ သင်္ချာတွက်စစ်လျှင် ခုနစ်နှစ်ပင်ကြာမြင့်ခဲ့ပေပြီ။

ချစ်သားမဟာကာဠုဒါယိ.... မာယာခယ်ဘွား နတ်ရွာ
လားသော် သားတော်တခု ငါဘုန်းလူ့ကို အချစ်ကြီးချစ်ကာ
ပြေရရှာသော ရာဇာဘခင် ရွှေနန်းရှင်မှာ လွမ်းပွဲဆင်နေရပေပြီ။

ချစ်သားမဟာကာဠုဒါယိ....မွေးမေအသွင် ငါ့ကိုခင်သော
ရင်ဝယ်ပိုက်ထွေး နို့ရည်ကျွေးသည့် ထွေးဖြူဂေါတမီ မဟေသီ
မှာလည်း စုံစီရှုတ ချုံးချုံးချ၍ နတ်ရွာစံအမကြီးကို လွမ်းရတာ
ကတခြား သားဘုရားငါ့ကိုလွမ်းရတာကတထွေ နန်းဘုံဗွေမှာသေ
ချင်လောက်မျှ အလွမ်းကြီးလွမ်းနေရလေပြီ။

ချစ်သားမဟာကာဠုဒါယိ.... ငါလူဘဝက ရွှေနန်းမမှာ အ
တူပျော်ခဲ့ရသည့် ယသော်မျိုးနွယ် ရာဟုမယ်မှာလည်း ငယ်ကြင်
ငယ်ချစ် ငယ်ပေါင်းစစ်၍ အချစ်မပြယ် ငါဘုန်းကြွယ်ကို သခင်
လိုတမျိုး ဆရာလိုတသွယ် စိတ်ထဲမှာစွဲမှတ်ကာ ဆွတ်ကြေလှိုက်လှဲ
နှလုံးကွဲမျှ လဲ၍သေချင်လောက်အောင် လွမ်းဗျာထုထင်ရလောက်
ပါရှဲ၊တဦးတည်းသောသားရာဟုမှာမူ ငယ်သူဖြစ်၍ မထောင်းတာ
လှပေ။

အို- ချစ်သားမဟာကာဠုဒါယိ.... ကျွဲရအောင်ချာနန်းမ
ကပိလမှာ မိဘနန်းမြေလည်းဖြစ် ငါ့ချက်ကြွေရာလည်းဖြစ်ပေရာ
မလွဲမသွေကြွသင့်သည်ကို ငါသိသည်။ ကျေးဇူးကြီးမားလှသော
ဘခင်ရှိရာ ကပိလသို့ မကြာခင်ဘဲ ငါလိုက်ကြွမည်။ ဝန်းရံများ
စွာ ထေရ်သံဃာနှင့် ကြွရမည့်လမ်းကြောင်း ကောင်းမကောင်း
ကိုသာ ငါ့ချစ်သားရုံးပေါင်းပြီး လျှောက်တင်လော”ဟူ၍ မိန့်
ကြားတော်မူလေသည်။

ထိုအခါ ကာဠုဒါယိထေရ်က ဗုဒ္ဓမြတ်စွာအား နေပြည်တော်ကပိလသို့ ကြွရောက်မည့်အချိန်အခါကို ဤသို့လျှောက်ထားလေသည်။

“အရှင်မြတ်ဘုရား.... ချက်တော်ကြွေသည့် နေပြည်တော်ပြန်အချိန်တန်ကား မိုးသံလေသံ တိမ်တိုက်သံနှင့် ခြိမ့်ညံ့ပဋ္ဌင်ဆော်ရွှမ်းဆင်၍ မင်းလွင်မမှောင် နေရောင်မဖြန်း တိမ်စုံဘန်းသည် တိမ်ပန်းတောက်ထိန် နေညိုရှိန်နှင့် ပူရှိန်မချမ်း တောင်စဉ်တန်း ဝယ် ပန်းနံ့စွင့်စွင့် ပင်လုံးပွင့်၍ မြိုင်မင့်သာယာ သည်အခါဝယ် လမ်းတာငြိမ့်ညောင်း ရာသီကောင်းသည် တပေါင်းလဖြစ်ပါသည်ဘုရား။

ဤတပေါင်းလတွင်ကား တောတောင်သာစွ နွေဦးလဟု ဝနပ္ပဋ္ဌမေ့ မြူခိုးခြွေ၍ တပေါင်းခါမှီ မိန်ရာသီကို ပန်းချီဆေးပုံ တိမ်ပန်းစုံတို့ ဝတ်ခြုံငယ်ဝန်းကျင် အာကာခွင်လည်း မင်းလွင်ငယ်ဆိုင်း၍-

တိမ်လှိုင်းကြွေသည် မြေကဝရံ တောင်စကြံ့နှင့် စုံကန်တခို စိမ်းလဲ့စို၍-

မွှေးချိုကန့်ကော် စွယ်တော်အင်ကြင်း မြိုင်လုံးလင်းသည် ဇီမင်းပုံးညက် နှင်းစက်စက်နှင့် ပွင့်ချပ်ဖားဖား ခက်မျှားမလွတ် ပင်လုံးကျွတ်လျှင် ဆွတ်ဆွတ်ပျံ့လှိုင် ထုံသင်းကြိုင်၍-

ဂနိုင်စုံတွင်း သာပုံခင်းသည် နတ်ညွင်းကျူငြာ တောအတာဝယ် တမာလည်းနု သိုက်ကျေးဥ၍-

တောင်သူပလောင် နောက်လွယ်ချောင်နှင့် ခေါင်ရေတလိုက် သူ့အကြိုက်ကို မျိုးစိုက်စူးနှံ့ ပဇာဝင်ဝယ် အလျှံ့ညီးညီး ရှိန့်တောမီးနှင့် တောင်ကြီးသုတ်သင် လုပ်ငန်းပြင်၍-

လွှမ်းကြင်ငယ်ပေါင်း ရွှေဥဒေါင်းတို့ ရင့်သြောင်းကျူးကြော် ခင်ရိုးပေါ်က ငှက်တော်ဖိုးခေါင် မဲ့မောင်ဥသြ သံပြိုင်နှောသည် တောတို့ကျက်သရေ ဝတ်မှုံခြွေ၍-

ရေဝယ်ရေဦး ဖက်ဆွတ်မြူးသည် လေဦးတောင်က ပွဲတော်စလည်း ကြက်မယမုန် မြလှိုင်းခုံသည် ဖော်စုံမောင်နှံ ရေရိုးဆန်၍-

ငါးတန်ငါးကြင်း ရွှေတသင်းတို့ မြစ်တွင်းမြူးပျော် ဇင်ယော်မြစ်ထွေး ချစ်သံလေးနှင့် ရေကျေးရေကြက် စည်ဝက်ဟသ်ာ ငှက်တကာလည်း ဘာသာကျူးကြော် မြူးပျော်ကြ၍-

ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီ၍-

ရာသီသာလွှင်၊ ခါကောင်းတွင်ဝယ်၊ မြို့ပြင်မြို့တွင်း၊ လူခပင်းလည်း၊ လုပ်ခင်းဆောင်တာ၊ လယ်ယာတလင်း၊ ကျီဝင်သွင်း၍၊ ပြီးလျှင်းသောခါ၊ ဝမ်းသာစိတ်ရွှင်၊ လှေယာဉ်လှည်းယာဉ် ဝတ်ကောင်းပြင်လျက်၊ သဘင်ဘုရား သွားကြဖူးမည် ကြံစည်နေ၍-

ကမ္ဘာဦးက သူတို့တသော် လလည်းတပေါင်း ရက်လည်းကောင်း၍ ထီးဆောင်းစည်တီး မင်းကြီးဖြစ်လတ် အခါမြတ်၌ နက္ခတ်နေလ ကြယ်ထိုမျှနှင့် တကွမြင့်မိုရ် ထိုထိုဒီပ ကမ္ဘာ့တန်ထွာ ပေါ်ထွန်းလာ၍-

စုကာဇော်ယမ်း တိမ်စုံဘန်း၍ မချမ်းမပူ ဥတုဂူလည်း မြူတိမ်မင်းလွှင် ခြယ်သန်းဆင်၍-

ပဥ္စငြိမ့်လေး မိုးသံကြွေးသည် လေးပါးခတ်စု တောတောင်နှ၍ ဥတုမျှစွာ ထိုအခါဝယ် သာယာညိုမြ ကပိလဟု ဘခမည်းတော် မြတ်မယ်တော်တို့ တည်ပျော်စံနေ ချက်တော်ကြွေသည် နန်းမြေတော်ပြန် သုံးလူမှန်သည် ကြွရန်အခန်း တောင်စဥ်တန်း

ဝယ် လမ်းသာလှသည် ကောင်းပါသည်တည်း ပြည်ကြီးမျက်ဖျော် ဘသုဒ္ဓေါနှင့် ထွေးတော်ဂေါတမီ ဒေဝီညာပျော် မိယသော်တို့ သွီးလျှော်ဆွတ်ကြည် လွမ်းမျက်ရည်နှင့် မဆည်နိုင်ငြား ဆွေတော်များကို တရားရေစင် ဘောင်မဂ္ဂင်နှင့် ဆောင်တင်ရအောင် ဘုန်းခေါင်သခင် ကြွစေချင်သည်။ ။လင်းယဉ်ဖွင့်တော်မူပါဘုရား။

ဤသို့ကာဠုဒါယိရဟန္တာက မိဘနေပြည်တော်သို့ ကြွရောက်တော်မူရန် အချိန်ရာသီကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသောအခါ ဗုဒ္ဓမြတ်စွာက ကာဠုဒါယိရဟန္တာအား ဤသို့မိန့်ကြားတော်မူလေသည်။

ဘုရားဘက်တော်ချစ်သားမဟာကာဠုဒါယိ....သင်ပြောသည့် အတိုင်းပင် ရာသီကောင်းသည့် တပေါင်းလမိန်ရာသီမှာ မိဘနေပြည်တော်သို့ ငါကြွတော်မူမည်။

ဘုရားဘက်တော်ချစ်သားမဟာကာဠုဒါ.... ပြည်တော်သားစု ကပိလက ငါဗုဒ္ဓထွက်ခွါလာခဲ့သည်မှာ ခုနစ်နှစ်တာပင်ကြာခဲ့လေပြီ။

ငါဗုဒ္ဓကို မွေးဘတော်သုဒ္ဓေါဒနမင်းကြီးနှင့် နို့ရည်ကျွေး၍ မွေးပေးပေသော မိထွေးတော်ဂေါတမီတို့မှာလဲ မျက်ရည်ကျ၍ လွမ်းလျှပူလှုကြရပြီ။

ရှေးသို့နန်းမ ဝိုးစံကြသည် တမေယသော် လေးဘော်မည်ရှိရာ ဟုမိမှာလည်း မချိလွမ်းကာ ဆွေးပဆာခဲ့ရပြီ၊ ဗိုလ်ပါဆွေပေါင်းတို့မှာလဲ သောင်းသောင်းမြှော်တမ်း စမ်းသို့ဖြာဖြာ မျက်ရည်လျှမ်းခဲ့ရပြီ။ ငါဗုဒ္ဓကို လွမ်းတာရှည်လျှား၍ ရေနည်းငါးသို့ဖြစ်ခဲ့ကြရပြီ။

ဘုရားဘက်တော်ချစ်သား မဟာကာဠုဒါယီ.... နေ့ရက်မကြာခင် ငါဗုဒ္ဓ မိဘနေပြည်တော်သို့ ပြန်ကြွရတော့မည်။ ငါမကြွမီအတွင်း ငါကြွလာမည့်အကြောင်း သိနှင့်ရသဖြင့် မိဘဆွေမျိုးအများ ဒုက္ခလွမ်းတာ ငြိမ်းစေခြင်းငှါ ငါမကြွခင် အလျင်အမြန်သင်ချစ်သား ကာဠုဒါယီက အောင်ချာနဂရ ကပိလသို့သွားရောက်ကာ မွေးဘတော်သုဒ္ဓေါဒနထံမှာ ဆွမ်းခံလေလော။ဆွမ်းခံပြီးသော်ဆွမ်းစားအမီ မိုးဆီတိမ်ရံ၊ ကသိုဏ်းစျာန်နှင့် မြန်စွာအရောက် ငါ့ထံမှောက်သို့ ပြန်ခဲ့ပေတော့ ချစ်သားမဟာကာဠုဒါယီ....” ဟူ၍ မိန့်ကြားတော်မူလေသည်။

ကာဠုဒါယီရဟန္တာသည် ဗုဒ္ဓမြတ်စွာ၏စကားတော် ဦးထိပ်ရွက်ပန်ဆင်ကာ ကောင်းကင်ခရီးဖြင့်ကြွသွားတော်မူလေရာ မကြာမီပင် ကပိလဝတ်ပြည်သို့ ဆိုက်ရောက်လေသည်။

ကာဠုဒါယီရဟန္တာ ကပိလဝတ်နေပြည်သို့ ရောက်သောအခါ လူ့ဘဝကမိတ်ဆွေအပေါင်းအဖော် မှူးတော်မတ်တော်တို့က ကာဠုဒါယီထံလာရောက်ပြီး အကျိုးအကြောင်း မေးကြမြန်းကြ ပြောဆိုကြသည်။

“အို အမတ်ကြီးကာဠုဒါယီ.... သင်ဝတ်စားဆင်ယင်ထားပုံများမှာ ရှေးကကဲ့သို့မဟုတ်၊ ခါးမှာတထည်၊ ခြုံတာကတထည်၊ အရောင်ကဖန်ရည်ဆိုး၊ ချုပ်ရိုးချုပ်စပ်များမှာလည်း ရှုတ်ရှုတ်ပွပွကြီး၊ သင့်ရုပ်သင့်ရည်ကိုကြည့်ပြန်တော့လည်း တစ္ဆေအယောင် ခေါင်းပြောင်ပြောင်နှင့်။

အို အမတ်ကြီးကာဠုဒါယီ.... ကိုယ့်တိုင်းပြည် ကိုယ့်ပြည်သို့ယခုသင်ပြန်လာသည်မှာ လာရိုးသာစဉ်မှ ဟုတ်ပါရဲ့လား၊ တခြားဘနိုင်ငံမှာ အပြစ်တစုံတရာကျူးလွန်မိသောကြောင့် မင်းပြစ်မင်း

ဒဏ်သင့်၍ ယခုကဲ့သို့အဝတ်အစားများဝတ်ဆင်၍ ပြန်လာရသလား- စသည်ဖြင့် ဘုရား၊ တရား သံဃာဟူသော ရတနာသုံးပါးကို မမြင်ဘူး မကြားဘူးသော မိတ်ဆွေအပေါင်းအဖော်များက အမျိုးမျိုးထင်မြင်ချက်ပေး၍ မေးမြန်းနေကြလေသည်။

ထိုအခါ ကာဠုဒါယီရဟန္တာက လူ့ဘဝက မိတ်ဆွေအပေါင်းအဖော် မှူးတော်မတ်တော်တို့ကို-

"အို အမတ်တကာတို့.... နားစိုက်နာလော့ ငါကားတချိန်က သင်တို့ကဲ့သို့ပင် မင်းခစားယောကျ်ား တရားမယုံပုထုဇဉ်ဖြစ်ခဲ့သည်။ ပုထုဇဉ်သဘာဝအရ မှားတလွဲမှန်တခါဖြစ်ခဲ့ရသည် ယခုမူကား ဗုဒ္ဓမြတ်စွာက ကမ္မဋ္ဌာန်းပေး၊ တရားရေအေးတိုက်ကျွေးပေသောကြောင့် ငါကား 'ရဟန္တာ' ဖြစ်လာခဲ့ပြီ။ အေးငြိမ်းသောနိဗ္ဗာန်ကို ငါမြင်နေရပေပြီ" ဟူ၍ ပြောပြတော်မူလေသည်။

ကာဠုဒါယီရဟန္တာသည် မိမိအပေါင်းအဖော် မှူးတော်မတ်တော်များနှင့် အကျိုးအကြောင်းအစုံအလင် ပြောဆိုပြီးသောအခါ ရတနာခြယ်သန်း ကျောက်စုံလျှမ်းသည့် သုဒ္ဓေါဒနဘုရင်၏ စံနန်းခွင်သို့ဝင်ရောက်ကာ လေးတောင်ခန့်မျှသာကြည့်လျက် ဆွမ်းရပ်နေလေသည်။

ဇရာယိုယွင်းနေသော သုဒ္ဓေါဒနမင်းကြီးသည် ဆွမ်းရပ်လာသော ကာဠုဒါယီရဟန္တာကို ကာဠုဒါယီဟူ၍ သေချာစွာမသိပေ။ သားရင်းဗုဒ္ဓကြွလာသလော၊ သို့တည်းမဟုတ် မိုးနတ်ကြားပင်ဖြစ်လေသလောဟူ၍ ဘုရင်သုဒ္ဓေါဒနမင်း၏စိတ်ထဲတွင် ဝေခွဲမရဖြစ်နေလေသဖြင့် ကာဠုဒါယီရဟန္တာကို "အလွန်ကြည်

ညိုဘွယ်ကောင်းသောပုဂ္ဂိုလ်ထူး၊ သင်ကား ဘယ်ရပ်ဘယ်ရွာက ဘယ်လူမျိုးပါနည်း”ဟု မေးမြန်းလေသည်။

ကာဠုဒါယီရဟန္တာက-

“တကာမင်းမြတ်....နားစိုက်ထောင်လော့၊ ဂုဏ်တော်ကိုးပါနှင့်ပြည့်စုံသောဗုဒ္ဓမြတ်စွာက မွေးဘတော်သုဒ္ဓေါဒနထံ ဆွမ်းရပ်ရန်စေလွှတ်သောကြောင့် သင်မင်းမြတ်စံရာ ရွှေနန်းတော်သို့ ငါ ဆွမ်းရပ်ရန် လာရပေသည် တကာတော်မင်းမြတ်” ဟုပြောပြလေ၏။

ကာဠုဒါယီ ရဟန္တာက ယင်းသို့ပြောဆိုလိုက်သောအခါမှ သုဒ္ဓေါဒနမင်းကြီးမှာ ရင်သပ်တီးကာ ဘုန်းကြီးပရမေ သားသက်ဝေကို မသေ၍သာတွေ့ရပါသည်ဟု ကာဠုဒါယီ ရဟန္တာကို သားရင်းဗုဒ္ဓထင်မှတ်ပြီး အတင်းမပြေးဝင်ပိုက်ဖက်လျက် ရှိုက်ကာရှိုက်ကာငိုကြွေးရင်း မေ့မျောသွားလေသည်။

သုဒ္ဓေါဒနမင်းကြီးသတိလစ်၍ မေ့မျောသွားသောအခါ နန်းတွင်းရှိလူအများစုရုံးလာကြလျက် သုဒ္ဓေါဒနမင်းကြီးသတိပြန်ရအောင် ပြုစုကြလေသည်။

ကာဠုဒါယီ ရဟန္တာမှုကား သုဒ္ဓေါဒနမင်းကြီး သတိတဖန်ပြန်ရစေရန် ဤသို့မိန့်ကြားတော်မူသည်။

“တကာတော်မင်းမြတ်.... နားစိုက်ထောင်လော့။ လောကအနန္တရှိ သတ္တဝါအနန္တတို့သည် ဖြစ်လျှင်ပျက်ကြရစမြဲ။ ချစ်မြတ်နိုးသောသူနှင့် သေကွဲ သို့မဟုတ် ရှင်ကွဲကွဲကြရစမြဲ။ အရာရာတိုင်းသည် ဖောက်လဲဖောက်ပြန်ဖြစ်ကြရစမြဲ။ လောကဓံတရားနှင့်ကြုံကြရစမြဲ။

တကာတော်မင်းမြတ်.... နားစိုက်ထောင်လော့။ ငါကားသင်၏သားတော် ဗုဒ္ဓမြတ်စွာမဟုတ်ပါဘူး။ တကာတော်မင်းမြတ်က ရှေးပေလွှာသ၍ မှိုင်းမြည်ညိုရာဇဂြိုဟ်မှာ ပုဂ္ဂိုလ်ဘုရားသားတော်အားကို အပင့်ခိုင်းပေသော ကာဠုဒါယီသာ ဖြစ်ပါကြောင်း” ပြောပြလေသည်။

ကာဠုဒါယီရဟန္တာက ယင်းသို့အဖြစ်စုံကိုပြောပြလိုက်သော အခါမှ သုဒ္ဓေါဒနမင်းကြီးမှာ သတိရ၍ နေရာမှထထိုင်လေသည်။ ကာဠုဒါယီရဟန္တာအားလည်း အရိုအသေပြုခြင်း သောက်ရေသုံးရေတည်ခြင်း နေရာခင်းပေးခြင်းဖြင့် ညှိ့ဝတ်ပြုတော်မူလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် သတိရသောအခါ ကာဠုဒါယီရဟန္တာအား သားဗုဒ္ဓအရေးကို ဤသို့မေးမြန်းတော်မူလေသည်။

“ကာဠုဒါယီ....မြတ်စွာငါ့သား ငါ့ခမည်းတော်အား ပစ်ခွာသွားခဲ့သည်မှာ ခုနှစ်နှစ်တာကြာခဲ့ပါပြီ၊ ငါ၏သားမှာ ယခုအခါကျန်းမာသုခရှိပါစ၊ စားရေးသောက်ရာပြည့်စုံပါစ၊ တရား့တစင်းမင်းတို့ဌာနေ၊ ကြွလေသောအခါ မွေးဘေပမာချစ်ခင်မည့်သူများ တွေ့ရပါလေစ၊ သားဘုရားမယ်မာယာ ခေါင်းတော်ချရာ မိရွာဘခြေသို့ ဘယ်လ ဘယ်ရာသီမှာကြွချီမည့်အကြောင်း သတင်းကောင်းများ ရခဲ့ပါစ” စသည်ဖြင့်မေးမြန်းတော်မူလေသည်။

ကာဠုဒါယီရဟန္တာက သုဒ္ဓေါဒနမင်းကြီးအား-

“တကာတော်မင်းမြတ်.... နားစိုက်ထောင်လော။ သားတော်မြတ်ခေါင် ငါးမာရ်အောင်သည် သုံးဆောင်ရှေနန်း ခမ်းခမ်းနားနား စည်းစိမ်များကို ရှုန်းသွားရက်ရက် တောထွက်သည်မှာ

ကိုယ်တယောက်တည်း ကောင်းစားရေးအတွက်မဟုတ်ပါ၊ မာတာ ပီတ ဆွေးမျိုးစသား များလှသတ္တဝါ ဝေနေယျာတို့၏ အကျိုးကိုမြော်ကိုး၍ တောထွက်ခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ ဗုဒ္ဓစင်စစ် ဘုရားဖြစ်၍ မွေးချစ်ဘခင် သင်းဝင် နှယ်လှာ ဆွေတကာကို ချမ်းသာအမြိုက် တိုက်ကျွေးရအောင် တောတောင်ဂနိုင် မြိုင်နှင့်စိမ့်စမ်း လမ်းလည်းသာယာ ပန်းတကာ နှင့် ယင်းမာအင်ကြင်း ဂေါ်ဖီမင်းတို့ ပင်ရင်းပင်ဖျား ဖားဖား ပွင့်ချိန် နေညိုမှိန်နှင့် မြူတိမ်မင်းလွင် နယ်တိုင်းဆင်၍ မိုင်ခွင် သာခေါင်း ပန်းနံ့လောင်းသည် တပေါင်းမိန်လ အေးမြသာယာ ထိုအခါတွင် မြတ်စွာဗုဒ္ဓ သုံးလူဘသည် ပြည်မ နန်းမြေ တိုင်းချက် ကြွေသို့ ရွှေပဒုမ္မာ ကြွလာလိမ့်မည်ဖြစ်ပါသည် တကာတော်မင်း မြတ်''- ဟူ၍ပြောကြားလေသည်။

သုဒ္ဓေါဒနမင်းကြီးမှာ သားတော်ဗုဒ္ဓကြွရောက်လာမည့်အ ကြောင်းကို သိရသောအခါမှ ဖြေဆည်ထောက်တွေး စိတ်တော် အေးကာ မြတ်စွာဗုဒ္ဓ စားသုံးရအောင် မြတ်လှသုဒ္ဓါ ဆွမ်းသြ ဇာကို ကာဠုဒါယီအား လှူဒါန်းလေသည်။

ကာဠုဒါယီရဟန္တာသည် ဗုဒ္ဓ၏မွေးဘတော် လှူဒါန်းလိုက် သော ဆွမ်းဘောဇဉ်ကို ဆောင်ယူလျက် ဗုဒ္ဓမြတ်စွာသီတင်းသုံး ရာ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းစားအမီ ကောင်းကင်ခရီးဖြင့် ပြန်လာ ခဲ့လေသည်။

သုဒ္ဓေါဒနမင်းကြီးသည် မွေးဘရပ်မြေသို့ သားတော်ဗုဒ္ဓကြွ လာတော့မည်ဟုသိရသောအခါ စိတ်ကြည်ချမ်းမြ ခမ်းသာလှ လျက် မှူးတော်မတ်တော်များကိုခေါ်ဘော်မှုကာ-

"မူးတော်မတ်တော်တို့....နိဂြောဓတွင် သားဉယျာဉ်ကို သုတ်သင်ပယ်တုံ ကျောင်းရွှေဘုံကို ဆောက်ကြရမည်။

မည်သည့်စိုးငမ်း မှုထမ်းမဆို လမ်းကိုခင်းကျင်း ဝင်းရာဇမှတ် လျှောက်ပတ်စွာ ပြုပြင်ကြရမည်။

ငါမင်းမြတ်မှုကား သားတော်ဗုဒ္ဓကို ခရီးဦးကြို ဆီး၍ကြိုမည် မူးတော်မတ်တော်တို့...." ဟူ၍ အမိန့်အာဏာရှိလေသည်။

ထို့ကြောင့်ကပိလဝတ်ပြည်သူပြည်သားများမှာ နိဂြောဓာရုံ ကျောင်းတော်ကြီးကို ဆောက်လုပ်ကြသည်။ မြို့တွင်းမြို့ပြင် တန်းဆာဆင်ကြသည်။ လမ်းအသီးသီးတို့တွင်လည်း သဘင်ပွဲကြီးရိုက်ချိုးသိမ့်သိမ့် ခြိမ့်ခြိမ့်ကြွေးကြော် စီစဉ်ကြသည်။

အားလုံးစီစဉ်၍ပြီးသောအခါ ကပိလဝတ် ပြည်သူပြည်သား အားလုံးတို့မှာ မြတ်စွာဗိန္ဒော် သုံးလူ့ဘော်၏ ကြွအလာကို စောင့်မျှော်နေကြလေသည်။

ဗုဒ္ဓမြတ်စွာသည် မယ်တော်မွေးဘ စိုးရစံဥပျော် နေပြည်တော်သို့ ကြွတော်မူရန် အချိန်တဖြေးဖြေး နီးကပ်လာသောအခါ ရာဇဂြိုဟ်ပြည်ရှင် တကာတော်ဗိမ္ဗိသာရမင်းကို ခေါ်တော်မူ၍-

"တကာတော်ဗိမ္ဗိသာရမင်းကြီး.... တကာတော်မင်းမြတ်လှူဒါန်းထားသော ဝေဠုဝန်ကျောင်းတော်တွင် ဟကာတော်၏ ပစ္စည်းလေးပါးကိုအမှီပြု၍ ငါဗုဒ္ဓသီတင်းသုံး နေထိုင်လာခဲ့သည်မှာ ရက်လနှစ်တာကြာခဲ့လေပြီ။

ငါဗုဒ္ဓသည် ဒေဝဒဟ ကောလိယနှင့် ကပိလမည် နန်းရိုးဘည်သည် သုံးပြည်ထောင်ဖော် သောင်းလုံးကျော်သည့် ဆွေတော်ပွဲက ခွဲ၍ထွက်ခွာလာခဲ့သည်မှာလည်း ရက်လနှစ်တာကြာခဲ့လေပြီ။

ရာဇာဘခင် ဘုရင်သုဒ္ဓေါဒနမင်းကြီးမှာလည်း သားဗုဒ္ဓငါ့ကို မြင်ချင်လှသောကြောင့် လွမ်းရောဂါဖြစ်ရသည်ကတဖြာ၊ အိုနာဆင့်လောင်းနှိပ်စက်ခြင်းကတကြောင်း၊ ရုံးပေါင်းလျှောက်လွှာ ရွှေပေစာနှင့် ငါဗုဒ္ဓထံ ကာဠုဒါယီ အပင့်အခေါ် ရောက်နေပေသည်။

ထို့ကြောင့် ငါဗုဒ္ဓသည် တခါတလည် မိဘပြည်သို့ပြန်လည် ကြွရောက်ရန် ရည်သန်ပါကြောင်း တကာတော်မင်းမြတ်" ဟူ၍ မိန့်ကြားတော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် မိဘနေပြည်တော်သို့ ကြွရောက်တော့ရန် မိန့်ကြားတော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးမှာ ဗုဒ္ဓမြတ်စွာကို ညီအကိုရင်းတမျှ ချစ်ခင်မြတ်နိုးနေသူဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာနှင့် ခွဲခွာရမည့်အတွက် ဝမ်းနည်းပူဆွေး ငိုကြွေးလေသည်။

သို့သော် ဗိမ္ဗိသာရမင်းကြီးမှာ သုဒ္ဓေါဒနမင်းကြီးအား မိဘချင်းစာနာသဖြင့် ဗုဒ္ဓမြတ်စွာအားတားမြစ်ရန် မသင့်မလျော်၍ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည်မှ မွေးရပ်နေပြည်တော်သို့ကြွရောက်တော်မူမည့်အကြောင်းကိုသာ ရာဇဂြိုဟ်ပြည်အတွင်းမှာ ရွှေမောင်းခတ်စေလေသည်။

ထိုအခါ၌ ရာဇဂြိုဟ်ပြည်တွင် ဗုဒ္ဓအထံတော်သို့လာရောက်၍ ငိုကြွေးကြသူ၊ အမြဲတမ်းပစ်ခွာမသွားဘဲ ရာဇဂြိုဟ်ပြည်သို့ပြန်လည်ကြွလာပါရန် မှာကြားလျှောက်ထားကြသူ၊ ဗုဒ္ဓမြတ်စွာကြွရောက်မည့်လမ်းတလျှောက်တွင်၊ ပန်းမာလ် ကုက္ကားမုလေးပွားတို့ဖြင့် တန်းဆာဆင်ကြသူတို့ဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ်နေလေသည်။

ထိုအချိန်တွင် ကာဠုဒါယီရဟန္တာသည်လည်း ကပိလဝတ်ပြည် ဘုရင်သုဒ္ဓေါဒနထံဆွမ်းခံ၍ ရာဇဂြိုဟ်ပြည်သို့ ကောင်းကင်ခရီးဖြင့် ရောက်ရှိလာသည်။ ကာဠုဒါယီရဟန္တာသည် ကပိလဝတ်ပြည်မှရောက်လျှင်ရောက်ချင်း ဗုဒ္ဓထံမှောက်သို့သွားရောက်ကာ-

"အို အရှင်မြတ်ဘုရား....အရှင်မြတ်၏မွေးဘတော် သုဒ္ဓေါဒနမင်းကြီးမှာ တပါးသောအနာရောဂါမရှိပါ၊ ကြင်နာပိုက်ဖျားသားဘုရားကို ဖူးချင်မြင်ချင်လှသော လွမ်းရောဂါနှင့် ဇရာဖိစီးသောရောဂါသာရှိပါသည်၊ အရှင်မြတ်၏မွေးဘတော် သုဒ္ဓေါဒနမင်းကြီးမှာ တပည့်တော်ကိုပင် သားဘုရားထင်မှတ်ကာ အတင်းပြေးဝင်ပွေ့ပိုက်သဖြင့် ကိုယ်ခန္ဓာကိုမနိုင်၍ ခွေခွေလဲကာ မေ့မျောခဲ့ရပါသည်"ဟု လျှောက်ထားပြီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလှူဒါန်းလိုက်သော ဆွမ်းဘောဇဉ်များကို ဗုဒ္ဓမြတ်စွာအား ဆက်ကပ်လေသည်။

ဗုဒ္ဓမြတ်စွာသည် မွေးဘတော်လှူဒါန်းလိုက်သော ဆွမ်းဘောဇဉ်များကို အလှူခံတော်မူပြီး-

"ချစ်သား မဟာကာဠုဒါယီ....ဤလောကရှိသတ္တဝါအများမှ ဘဏ္ဍာသံယောဇဉ်များ ပွားတိုးလျက် ငါ့သား ငါ့လင် ငါ့မယား ငါ့ဆွေမျိုးစသည်ဖြင့် တွယ်တာနေကြသည်၊ အမှန်မှာမည်သည့်အရာမျှ အစိုးမရကြ၊ ယာယီတွေ့ကြရ ကွဲကြရခြင်းသာဖြစ်သည်၊ တနေ့တွင် သေကွဲသော်၎င်း၊ ရှင်ကွဲသော်၎င်း ကွဲကြရပေမည်၊ ဘဏ္ဍာလောဘအခြေခံသည့် 'ငါ' အက္ခရာကို မပယ်သတ်နိုင်သမျှ ချမ်းသာစစ်ချမ်းသာမှန်ကို မတွေ့မြင်ရ မခံစားရ ချစ်သား မဟာကာဠုဒါယီ" ဟု၍ မိန့်ကြားတော်မူလေသည်၊

ဗုဒ္ဓမြတ်စွာသည် ကာဠုဒါယီရဟန္တာအား တရားစကားမိန့်ကြားတော်မူပြီးသောအခါ မိမိတပါးအတွက် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးလှူဒါန်းလိုက်သော ဆွမ်းဘောဇဉ်ကိုဘုဉ်းပေးတော်မူသည်။ မိမိဘုဉ်းပေးပြီးသောအခါ စွန့်ပေးတော်မူလေရာ သံဃာနှစ်သောင်းပင် လောက်လောက်ဝဝ စားသုံးနိုင်သေးသည်။

# ၅

ဗုဒ္ဓမြတ်စွာသည် မိဘနေပြည်တော်သို့ ကြွရောက်ရန်ခရီးကို ဆင်ခြင်တော်မူသည် ဈာန်အဘိညာဉ်တန်ခိုးဖြင့် ကြွရောက်ပါမူ အလွယ်တကူရောက်နိုင်ပေမည်။

သို့သော်ငါ၏တပည့်သံဃာအားလုံး ဈာန်အဘိညာဉ်ရကြသေးသည်မဟုတ်၊ တချို့သာဈာန်အဘိညာဉ်ရသေး၍ တချို့မရကြသေးပေ။

ထို့ကြောင့် အများအတွက် ငဲ့ကွက်လျက် ငါချက်ကြွရာနေပြည်တော်သို့ ခြေလျင်ခရီးဖြင့်သာကြွချီတော့အံ့ဟု ဆင်ခြင်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် မွေးရပ်မြေသို့ကြွရောက်ရန် အချိန်ကျသောအခါ အရှင်သာရိပုတ္တရာ၊အရှင်မောဂ္ဂလာန်စသော ရဟန္တာကြီးများကို မိမိနောက်တော်ပါးမှ စီကာစဉ်ကာလိုက်ပါစေလျက် နေပြည်တော်ကပိလသို့ ခြေလျင်ကြွချီတော်မူလေသည်။

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးသည်လည်း များစွာသော နောက်ပါဗိုလ်ပါအပေါင်းနှင့်အတူ ဗုဒ္ဓမြတ်စွာကိုလိုက်ပို့တော်

မူသည်။ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည်နှင့် ကပိလဝတ်ပြည်အကြား လမ်းခရီးတွင် အသင့်ဆောက်ထားသော တည်းခိုကျောင်းများတွင် တနေ့လျှင်တကျောင်းကျစီနားနေတော်မူလျက် ဝါနေ့လျှင် တယူဇနာကြွချီတော်မူလေသည်။

နောက်ဆုံးခရီးဖြစ်သော အနော်မာသောင်ကမ်းသို့ရောက်သောအခါ တည်းခိုကျောင်းတွင် ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူသည်။ ဗုဒ္ဓမြတ်စွာကိုလိုက်ပို့သော ဗိမ္ဗိသာရမင်းကြီးသည်ဗုဒ္ဓမြတ်စွာနှင့်ခွဲခွာရတော့မည်ဖြစ်၍ မျက်ရည်ဖြာဖြာယိုစီးလျက်ဗုဒ္ဓမြတ်စွာထံမှောက်တွင် သီဂါခံယူသည်။

ဗုဒ္ဓမြတ်စွာသည် သာဓုသုံးကြိမ်ခေါ်တော်မူကာ ဗိမ္ဗိသာရမင်းကြီးအား "ငါဗုဒ္ဓညွှန်ကြားသောတရားစကားများကို လိုက်နာကျင့်သုံးလျက် နေရစ်ပေတော့ကျောင်းတကာ" ဟုမှာကြားတော်မူလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် 'အာမဘန္တေ'ခံယူကာ ဗုဒ္ဓမြတ်စွာကိုဦးချလျက် ဝမ်းနည်းညှိုးငယ်စွာ ဗုဒ္ဓထံတော်မှောက်မှ ဗိုလ်ပါအပေါင်းနှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ပြန်လာခဲ့လေသည်။

ကာဠုဒါယီရဟန္တာသည် ဗုဒ္ဓမြတ်စွာ မွေးဘနိုင်ငံသို့ကြွချီနေသည့်ရက်အတွင်း သုဒ္ဓေါဒနမင်းကြီးထံနေ့တိုင်း ဈာန်အဘိညာဉ်ဘန်ခိုးဖြင့်ဆွမ်းခံကြွ၍ ဗုဒ္ဓတ်စွာခရီးစဉ်ကို သုဒ္ဓေါဒနမင်း ကြီးအား ပြောကြားရလေသည်။

ဗုဒ္ဓမြတ်စွာသည် နောက်ဆုံးခရီးဖြစ်သော အနော်မာသောင်ကမ်းသို့ဆိုက်ရောက်သော အခါတွင်လည်း ကာဠုဒါယီရဟန္တာသည် သုဒ္ဓေါဒနမင်းကြီးထံဆွမ်းခံကြွ၍ ဗုဒ္ဓမြတ်စွာအနော်မာ

သောင်ကမ်းသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်း သုဒ္ဓေါဒနမင်းကြီး အား ဗုဒ္ဓမြတ်စွာ၏ခရီးစဉ်ကိုပြောပြလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာအနော်မာသောင်ကမ်းသို့ ဆိုက်ရောက်လာပြီဟူသောသတင်းကို ကြားသိရသောအခါ သား ဗုဒ္ဓမြတ်စွာကို ဆီးကြိုတော်မူရန် ဗိုလ်ခြေဆင်မြင်းအလုံးအရင်း နှင့် တောတောင်များကိုဖြတ်သန်းကာ နိုင်ငံတော်မှထွက်ခွာလာ လေသည်။

အနော်မာသောင်ကမ်းသို့ရောက်၍ တည်းခိုကျောင်းတွင် ဗုဒ္ဓ မြတ်စွာကို ရှေးကနှင့်မတူဘဲ တမူထူးခြားစွာတွေ့မြင်ရသောအ ခါ သုဒ္ဓေါဒနမင်းကြီးသည် 'မသေ၍သာတွေ့ရပါသည် ငါ့သား ရယ်' ဟု နှုတ်မှာရေရွတ်လျက် ဗုဒ္ဓမြတ်စွာထံအတင်းပြေးဝင်ပွေ့ ပိုက်ရင်း မေ့မျောသွားလေသည်။

ဗုဒ္ဓမြတ်စွာသည် မိမိကိုခင်သော ဘခင်သုဒ္ဓေါဒနမင်းကြီး သတိမရမေ့မျောသွားလေသောအခါ နှုတ်တော်မှ "ငါ့ကိုချစ် သောငါ့မွေးဘမှာ ငါ့ကိုချစ်သောဒုက္ခကြောင့် ငါ့ကိုပွေ့ပိုက် ရင်းမေ့မျောသွားရှာပြီ၊ အကယ်၍ငါ့ကိုမွေးသော ငါ၏မွေးမေ သာ အသက်မသေဘဲထင်ရှားရှိနေပါမူ မွေးဘောက်သို့ပင် ငါဗုဒ္ဓ ကိုလာကြိုရှာပေမည်။ ငါဗုဒ္ဓကိုတွေ့ရသောအခါတွင်လည်း မွေး ဘထက်ပင် ငါ့မွေးမေမှာ သားကိုချစ်သောဒုက္ခကို ပိုမိုခံစား ရလေရှဲ"ဟူ၍ မိန့်ကြားတော်မူကာ မွေးဘတော် သုဒ္ဓေါဒနမင်း ကြီးအား-

"ခမည်းတော်မင်းမြတ်.... နားစိုက်ထောင်လော့။ တောဘုမ္မ ကသခ်ါရသည် ဒုက္ခစစ်၊ ဒုက္ခမှန်ဖြစ်သည်၊ ဥပါဒ်၊ ဌီ၊ အင် အားဖြင့်လည်းပတ်နေသည်၊ ဇာတိဖြစ်ပြီးက မရဏကိုကြုံရမြဲတွေ့

ရမြဲ၊ မရဏကိုတွေ့လာရကြုံလာရပြန်ကလည်း တစ်စုံတယောက်က မျှ ငါကယ်ပါမည်ဟူ၍ အာမခံနိုင်မည့်သူမရှိ၊ မိမိ၏ကောင်းကံ မကောင်းကံကသာ သတ္တဝါတိုင်း၏ ချမ်းသာဆင်းရဲအတွက် အဆုံးအဖြတ်ပေးနေသည်၊ သတ္တဝါမှန်သမျှ လောကဓံတရားရှစ်ပါးနှင့် ကြုံကြရစမြဲ၊ တွေ့ကြရစမြဲ တကာတော်မင်းမြတ်....''ဟူ၍ မိန့်ကြားတော်မူလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏တရားတော်ကိုကြားနာရသောအခါ မေ့လျော့နေရာမှ သတိရလာလေသည်။

ဗုဒ္ဓမြတ်စွာသည် အနော်မာသောင်ကမ်း တည်းခိုကျောင်းမှ ခမည်းတော်နှင့်အတူ ကြွချီတော်မူခဲ့ရာ ကဆုန်လပြည့်နေ့တွင် ခမ္မးရပ်မြေကပိလသို့ ရောက်ရှိတော်မူလေသည်။

## ၆

ဗုဒ္ဓမြတ်စွာ ကပိလပြည်သို့ရောက်ရှိတော်မူသောအခါ ကပိလဝတ်ပြည်သူပြည်သားများမှာ ဝမ်းမြောက် ကြည်နူးကြသော်လည်း မိထွေးတော်ဂေါတမီနှင့် ခမည်းတော်သုဒ္ဓေါဒနမှာမူကား နတ်ရွာစံသွားရှာသော ဗုဒ္ဓမြတ်စွာ၏မွေးမေတော်ကို နောက်ကြောင်းပြန်လွမ်းဆွတ်ရင်း ငိုပွဲဆင်ကြရလေသည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာကပိလဝတ်ပြည်သို့ ရောက်ရှိတော်မူသောအခါ အသင့်စီမံဆောက်လုပ်ထားသော နိဂြောဓာရုံကျောင်းတော်ကို သားဗုဒ္ဓအားလှူဒါန်းလေသည်။ ဗုဒ္ဓမြတ်စွာသည် ခမည်းတော်လှူဒါန်းသော နိဂြောဓာရုံကျောင်းတော်တွင် သီတင်းသုံးနေထိုင်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာနိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ သာကီဝင်မင်းသားမင်းသမီးတို့သည်လည်း ဗုဒ္ဓကျောင်းတော်သို့သွားရောက်လည်ပတ်ကြသည်။ သို့သော် ဗုဒ္ဓမြတ်စွာကို ငါတို့အောက်အသက်ငယ်သူ၊ ငါတို့၏တူ၊ ငါတို့၏ညီစသည်ဖြင့် သဘောထားလျက် မည်သူကမျှ ရှိခိုးဦးချခြင်းမပြုကြချေ။

ဗုဒ္ဓမြတ်စွာသည် မိမိ၏ဆွေတော်မျိုးတော် သာကီဝင်မင်းသားမင်းသမီးများ ယင်းသို့မာန်မာနတက်၍ အယူမှားခြင်းကိုသိတော်မူသောအခါ မာန်မာနကျစေရန်အတွက် စတုတ္ထစျာန်ကို ဝင်စားတော်မူလျက် ကောင်းကင်ပြင်သို့ ပျံတက်တော်မူလေသည်

ဗုဒ္ဓမြတ်စွာသည် ကောင်းကင်ပြင်တွင် ရတနာစင်္ကြံကိုဖန်ဆင်းတော်မူလျက် လူးလာတုံ့ခေါက်စင်္ကြံလျှောက်တော်မူကာ ကိုယ်တော်၏အထက်ပိုင်းမှမီးအလျှံ၊ ကိုယ်တော်၏အောက်ပိုင်းမှရေအယဉ်၊ လက်ဝဲဖဝါးတော်မှမီးအလျှံ၊ လက်ျာဖဝါးတော်မှရေအယဉ်၊ လက်ျာမျက်လုံးတော်မှမီးအလျှံ၊ လက်ဝဲမျက်လုံးတော်မှ ရေအယဉ်စသည်ဖြင့် ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူသည်။

ထိုမျှမက ရောင်ခြည်တော်ခြောက်သွယ်ကိုလည်း အလျဉ်မပြတ်ကောင်းကင်ပြင်တွင် ထပ်ကာထပ်ကာ ကွန့်မြူးစေတော်မူသည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ယင်းသို့ယင်းသို့သော အံ့ဘွယ်သရဲထူးကဲလှသော တန်ခိုးပြဋိဟာကို မြင်ရသောအခါ သားဗုဒ္ဓမြတ်စွာကိုလက်အုပ်ချီလျက်-

"အရှင်မြတ်ဘုရား....အရှင်မြတ်ကိုဖွါးမြင်ခါစ ဒေဝိလရသေ့ကိုရှိခိုးစေခဲ့ရာ အရှင်မြတ်ရှိမခိုးဘဲ ဒေဝိလရသေ့၏ဦးခေါင်း

ထက်တွင် ခြေစုံရပ်နေခဲ့ပါသည်၊ ယင်းအခါ၌တပည့်တော်သည် အရှင်မြတ်ကိုပထမအကြိမ် ရှိခိုးခဲ့ပါသည်။

လယ်ထွန်မင်္ဂလာပွဲသောအခါတွင်လည်း သပြေပင်ရိပ်သည် မပျောက်မကွယ်ဘဲ အရှင်မြတ်ကိုထီးကဲ့သို့ မိုးကာပေးခဲ့ပါသည်။ ယင်းအခါ၌လည်း တပည့်တော်သည်အရှင်မြတ်ကို ဒုတိယအကြိမ် ရှိခိုးခဲ့ပါသည်။

အရှင်မြတ်သည်ယခုအခါ ကောင်းကင်ပြင်တွင် ထူးမြတ်သော တန်ခိုးပြာဋိဟာများကို ပြတော်မူသောကြောင့် တပည့်တော်သည် အရှင်မြတ်ကို တတိယအကြိမ်ရှိခိုးခြင်းဖြစ်ပါသည်” ဟူ၍ ထုတ်ဖော်လျှောက်ထားလျက် ဗုဒ္ဓမြတ်စွာကို ရှိခိုးလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာကို ကြည်ညိုလေးမြတ်သောစိတ်ထားဖြင့် ဦးချ ညွှတ်တွားလိုက်သောအခါမှ ငါတို့အောက်အသက်ငယ်သူ၊ ငါတို့၏တူ၊ငါတို့၏ညီစသည်ဖြင့်သဘောထားလျက် ရှိမခိုးဦးမချဘဲနေကြသော သာကီဝင်မင်းသားမင်းသမီးတို့သည်လည်း ဗုဒ္ဓမြတ်စွာကိုရှိခိုးဦးချကြလေသည်။

ဗုဒ္ဓမြတ်စွာသည်ကောင်းကင်ပြင် ရတနာစင်္ကြံထက်တွင်ပင် လကျ်ာတော်ရံအရှင်သာရိပုတ္တရာ တောင်းပန်လျှောက်ထားသောကြောင့် ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူသည်။

ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူပြီးသောအခါ ကောင်းကင်မှဆင်းသက်တော်မူ၍ နိဂြောဓာရုံကျောင်း ရတနာပလ္လင်ထက်တွင် သီတင်းသုံးတော်မူလျက် အာပေါကသိုဏ်းကို စိတ်ဝင်စားတော်မူရာ အချိန်အခါမဟုတ်ဘဲ ပေါက္ခရဝဿမိုး သည်းထန်စွာရွာသွန်းလေသည်။

ပေါက္ခရဝဿမိုးရွာရာ၌ မိုးရေစွတ်လိုသောသူတို့သာစွတ်၍ မိုးရေမစွတ်လိုသောသူတို့မှာ လုံးဝမစွတ်မစိုကြပေ။ ထို့ကြောင့် များစွာသောပရိသတ်အပေါင်းတို့မှာ ပေါက္ခရဝဿမိုးကို အံ့ဩချီးမွမ်းနေကြလေသည်။ ဗုဒ္ဓမြတ်စွာက "ဤပေါက္ခရဝဿမိုးမျိုး ယခုအခါသာ ငါရွာစေသည်မဟုတ်၊ ဝေဿန္တရာမင်းဖြစ်စဉ်ကလည်း ဤမိုးမျိုးကို ငါရွာစေခဲ့ဘူးပြီ"ဟူ၍ မိန့်ကြားတော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် အများသောပရိသတ်တို့၏ လျှောက်ထားတောင်းပန်သောကြောင့် ဂါထာပေါင်းတထောင်ကျော်တို့ဖြင့် တန်းဆာဆင်သော ဝေဿန္တရာဇာတ်တော်ကို ဟောကြားတော်မူလေသည်။

## ဝေဿန္တရာဇာတ်

ရှေးအခါက စေတုတ္တရာတိုင်းပြည်မှာ သိဉ္စည်းမင်းကြီး မင်းပြုခဲ့သည်။ ငါကားသိဉ္စည်းမင်း၏ သားတော်ဖြစ်ခဲ့သည်၊ ငါ၏အမည်မှာဝေဿန္တရာဖြစ်သည်။ ငါသည်အလှူဒါနကို လက်နှင့်မကွာပြုခဲ့ပေရာ ငါ၏အလှူပေးသောသတင်းသည် နိုင်ငံအဝှမ်းကျော်ကြားနေခဲ့သည်။

ထိုအခါက ကလိင်္ဂတိုင်းမှ ပုဏ္ဏားရှစ်ယောက်တို့သည် ကလိင်္ဂတိုင်းတွင်မိုးခေါင်သဖြင့် ငါ့ထံလာပြီးအလှူခံကြသည်။ ကလိင်္ဂတိုင်းမှပုဏ္ဏားရှစ်ယောက်တို့ အလှူခံသောပစ္စည်းကား အဘိုးမဖြတ်နိုင်အောင် တန်ဘိုးရှိသော ပစ္စယဆင်ဖြူတော်ဖြစ်သည်။ ငါသည်မငဲ့မကွက်ဘဲ ပစ္စယဆင်ဖြူတော်ကို ဆင်၏တန်ဆာအား

လုံးနှင့်တကွ ကလိင်္ဂတိုင်းမှပုဏ္ဏားရှစ်ယောက်အား ရေစက်သွန်း ချ၍လှူဒါန်းခဲ့သည်။

တိုင်းပြည်၏ကျက်သရေဆောင် အဘိုးမဖြတ်နိုင်အောင်တန် ဘိုးရှိသော ပစ္စယဆင်ဖြူတော်ကို ကလိင်္ဂပုဏ္ဏားတို့အား ငါကလှူ ဒါန်းလိုက်သောအခါ စေတုတ္တရာတိုင်းသူပြည်သားတို့သည် ငါ့အ ပေါ်မှာမကျေမနပ်ဖြစ်ကြသည်။ ငါ့အပေါ်မှာအမျက်ဒေါသ ထွက်ကြသည်။

ထို့ကြောင့်စေတုတ္တရာတိုင်းသူပြည်သားတို့သည် ခမည်းတော် သိဥ္စည်းမင်းကြီး၏နန်းရင်ပြင်သို့ စုရုံးလာရောက်ကြကာ ခမည်း တော်သိဥ္စည်းမင်းကြီးအား တိုင်းပြည်၏ကျက်သရေဆောင် ပစ္စယ ဆင်ဖြူတော်ကို ကလိင်္ဂတိုင်းမှပုဏ္ဏားရှစ်ယောက်တို့အား လှူဒါန်း လိုက်သော အရှင်မင်းကြီး၏သား ဝေဿန္တရာကို စေတုတ္တရာ တိုင်းပြည်မှနှင်ထုတ်ပေးပါရန် အရေးဆိုကြသည်။

တိုင်းသူပြည်သားတို့က ငါ့အပေါ်မှာမကျေနပ်၍ အရေးဆို လာသောအခါ ခမည်းတော်သိဥ္စည်းမင်းကြီးသည် ငါ့အားချစ် မြတ်နိုးပါလျက် တိုင်းသူပြည်သားတို့၏ အလိုဆန္ဒအရ ငါ့ကို စေတုတ္တရာတိုင်းပြည်မှ နှင်ထုတ်ခဲ့လေသည်။ ခမည်းတော်သိဥ္စည်း မင်းကြီးသည် ငါ့ကိုတိုင်းပြည်မှနှင်ထုတ်ရသောအခါ အလွန်စိတ် မချမ်းမြေ့ခဲ့သော်လည်း ယောကျ်ားတယောက်ဖြစ်၍ စိတ်မချမ်း သာမှုကို ဖြေဖျောက်၍နေနိုင်ခဲ့သည်။ မယ်တော်ကြီးဖုဿတီမိဖု ရားကြီးမှာ ငါ့အတွက် အပူဆွေးကြီးပူဆွေးခဲ့ရသည်။

ခမည်းတော် သိဥ္စည်းမင်းကြီးသည် စေတုတ္တရာတိုင်းသူပြည် သားတို့၏အလိုဆန္ဒအရ ငါ့ကိုတိုင်းပြည်မှ နှင်ထုတ်ပြီးသောအခါ ငါ၏ကြင်ရာချွေးမတော် မဒ္ဒီမိဖုရားကို- "ငါသည် သားတော်

ဒဝေဿန္တရာကိုချစ်မြတ်နိုးပါလျက် စေတုတ္တရာတိုင်းသူပြည်သားတို့၏ အလိုဆန္ဒအရ ယခုတိုင်းပြည်မှနှင်ထုတ်ရပြီး ချွေးမတော်မဒ္ဒီမှာလည်း အပြစ်တစုံတရာမရှိသောကြောင့် သားငယ်ဇာလီ၊ သမီးငယ်ဂဏှာဇိန်တို့နှင့်အတူ နန်းတော်တွင်ပင် အေးချမ်းစွာနေရန်၊ သားတော်ဝေဿန္တရာနောက်သို့ လိုက်မသွားရန်" မိန့်ကြားတော်မူသည်။

ခမည်းတော်သိဉ္စည်းမင်းကြီး၏ ချွေးမတော်မဒ္ဒီအား ငါနှင့်အတူမလိုက်ဘဲ နန်းတော်တွင်ပင်နေခဲ့ရန် မိန့်ကြားတော်မူသောအခါ ငါ၏ကြင်ရာမဒ္ဒီက ခမည်းတော်သိဉ္စည်းမင်းကြီးအား လက်အုပ်ချီမိုးလျက်-

"ရာဇာဘခင်....နားတော်ဆင်လော၊ အကြင်မိန်းမ၊ လောက၌မှာ၊ ပညာလည်းရှိ၊ သမာဓိနှင့်၊ ရှေ့သိနောက်မြင်၊ သူတော်စင်သည်၊ လင်လည်းရှားပါး၊ ရခဲ့ငြား၏-

တရားဖြောင့်ယူ၊ သဘောဖြူသည်၊ လင်သူတော်ကောင်း၊ ပေါင်းရလိုပါ၊ ညောင်နတ်မှာလျှင်၊ ပန်ထွာညွတ်ပျောင်း၊လင်ဆုတောင်းသည်၊ ကျမ်းဟောင်းထင်စွာ၊ ရှိပါလေခဲ့-

မျှားစွာမိန်းမ၊ လှပအောင်လျှင်၊ ဖီးလိမ်းဆင်လည်း၊ လင်ရှိမှသာ၊ တင့်တယ်ပါ၏-

ဝေးကွာရှုပင်၊ လင်နှင့်တခြား၊ နေရငြားသော်၊ ရွှေသားငွေထည်၊ မွေးရည်နံ့သာ၊ လိမ်းဆင်ပါလည်း၊ ကျိုးသာမရှိ၊တစိတစောင်း၊ ကဲ့ရဲ့ရှောင်း၏-

မင်းမျှားဘခင် နားတော်ဆင်လော။ ဘခင်သားကောင်း၊ သူမြတ်လောင်းနှင့်၊ ပေါင်း၍တူစုံ၊ နန်းဘုံရိပ်ငြိမ်၊ စည်းစိမ်ခံစား

နေပြီးကြားမှ၊ လင်ကားဆင်းရဲ၊ တောမဲမြိုင်ချာ၊ သွားရပါသော် တူသာဆင်းရဲ၊ မခံဘဲနှင့်၊ နန်းထဲ၌မှာ၊ကောင်းစွာပြုပြင်၊ ဆင်ယင် လှပ၊ နေရစ်ရမည့် မွေးဘကြည်ညို တားမြစ်ဆိုလည်း အလို စိတ်မှာ မတူပါတည်း-

ကြင်နာနှစ်သက်၊ ဘောကြီးနက်တွင်၊ သစ်ရွက်ခင်းငြီး၊မြေ ကြီးအိပ်ရာ၊ ကိုယ်မှာလျှော်တေ၊ ဝတ်လေတုံပြီး၊ သစ်သီးစား ကာ၊ ဖျားနာအတူ၊ ရေပူရေအေး လုပ်ကြွေးကမ်းလျက် မြိုင်တော နက်တွင် လင်နှင့်မယား စိတ်ထားကြည်ဖြူ အတူသက်မျှ ပေါင်း ဖေါ်ရလျှင် ချမ်းသာပင်တည်း-

တောခွင်မြိုင်ဦး ဘီလူးသစ်ကျား စားမည်ဝိုင်းအုံ သေဘေး ကြုံလည်း သက်ပုံမင်းဝေး မသိစေအောင် အသေရှေ့တင် ကျွန်ုပ်ဝင်၍ အလျင်ခံကာ တောကန္တာသို့ လိုက်ပါတော့မည့် ရာဇာဘခင်....” ဟူ၍ မျက်ရည်သွယ်သွယ်စီးကျကာလျှောက်ထား လေသည်။

ငါ၏ကြင်ရာမဒ္ဒီသည် ခမည်းတော်သိဥ္စည်းမင်းကြီးအား ငါနှင့်အတူတောထဲသို့လိုက်သွားရန် လျှောက်ထားပြီးသောအခါ ခမည်းတော်သိဥ္စည်းမင်းကြီးကို ကန်တော့လျက် သားငယ်ဇာလီ သမီးငယ်ဂဏှာဇိန်တို့ကိုလက်တွဲကာ နန်းတော်မှဆင်း၍ ငါနှင့်အ တူလိုက်လာခဲ့သည်။

ငါတို့သားမိသားဖ(၄)ယောက် နန်းတော်မှဆင်း၍ တောထဲ တောင်ထဲသို့ ထွက်ခွာလာခဲ့စဉ်က စီးနင်းသော မြင်းလေးစီးကို လည်း ခရီးလမ်းတွင်ပင် ပုဏ္ဏား(၄)ဦးတို့က ငါ့အထံမှာလာ ရောက်အလှူခံပြန်သဖြင့် ပေးလှူခဲ့ရသည်။ မြင်းလေးစီးကိုလှူ ဒါန်းလိုက်သောအခါ ငါတို့မိသားစုမှာ ခြေလျင်ခရီးသက်သက်

ထွက်ခွာလာခဲ့ရာ ငါ၏ကြင်ရာမဒ္ဒီမိဖုရားတိုင်းပြည် ဇေတပြည်ကြီးသို့ရောက်ခဲ့သည်။

ဇေတတိုင်းပြည်တွင် ငါ၏ကြင်ရာမဒ္ဒီ၏မောင်တော်၊ ငါ၏ယောက်ဖနှင့် ဆွေမျိုးအပေါင်းတို့မှာ မဒ္ဒီနှင့်ကလေးငယ်နှစ်ယောက်တို့တွက် အပူကြီးပူခဲ့ရသည်၊ မဒ္ဒီ၏မောင်တော်ကငါ့အထံသို့နောက်ထပ် အလှူခံများမလာမရောက်နိုင်အောင် လမ်းခရီးကစောင့်ရှောက်ပေးရန်နှင့် ဝင်္ကဘာတောင်သို့သွားရာမှာလမ်းပြပေးရန် ဇေတမုဆိုးကိုငါတို့နှင့်အတူ ထည့်လွှတ်ပေးခဲ့သည်။ဇေတမုဆိုး၏လမ်းညွှန်ဖြင့်ငါတို့မိသားစု ဇေတတိုင်းပြည်မှထွက်ခွာလာခဲ့ရာ ဝင်္ကဘာတောင်သို့ရောက်ခဲ့ကြသည်။

ဝင်္ကဘာတောင်သို့ရောက်သောအခါ ငါတို့သည် လျှော်တေသင်္ကန်းကို ဝတ်ဆင်လိုက်ကြသည်၊ သင်္ကန်းကျောင်းမှာလည်း ငါကား သင်္ခန်းကျောင်းအဆောင်၊ မဒ္ဒီနှင့်သားငယ်သမီးငယ်တို့ကား သင်္ခန်းကျောင်းတဆောင်စီ ခွဲခြား၍နေခဲ့ကြသည်။

တနေ့၌ မဒ္ဒီမိဖုရားသည် "နားမှာခေါင်ရန်း ပန်းအဆင်းရှိသော ပန်းနီကိုပန်ဆင်ထားသော လူကြမ်းလူယုတ်မာကြီးတယောက် မဒ္ဒီထံသို့လာရောက်ပြီး မဒ္ဒီ၏လက်ကျာ၊ လက်ဝဲအသည်းအအူများကို ထုတ်ယူသွားခဲ့သည်" ဟု အိပ်မက်မြင်လေသည်။

မဒ္ဒီသည်အိပ်မက်အတွက် အလွန်စိတ်မကောင်းဖြစ်ခဲ့သည်၊ အိပ်မက်၏အကျိုးအပြစ်ကိုလည်းသိလိုခဲ့သည်၊ ထို့ကြောင့်မဒ္ဒီက အိပ်မက်၏သဘောပြောပြရန် ငါ့အားတောင်းပန်လျှောက်ထားခဲ့သည်၊ ငါကားမဒ္ဒီမြင်မက်သောအိပ်မက်၏ အကျိုးအပြစ်ကိုကောင်းကောင်းသိသည်၊ သို့သော်မဒ္ဒီမိဖုရား အိပ်မက်အတွက်စိတ်စက်မသက်မသာမဖြစ်နိုင်စေရန် "ညာနေနန်းမ မကြောင့်ကြ

နှင့် ဆောင်းလအိပ်မက် အတွက်မရှိ”ဟူ၍ လွဲကာရှောင်ကာ အဖြေပေးခဲ့သည်။

မဒ္ဒီမိဖုရားမှာကား ငါကလွဲရှောင်၍အဖြေပေးလိုက်သည့်အတွက် အနည်းငယ်သက်သာရာရသော်လည်း အိပ်မက်အတွက် သံသယစိတ်မကင်းခဲ့၊ ကြောင့်ကြမှုမပြေခဲ့၊ ထို့ကြောင့်မဒ္ဒီသည် ခါတိုင်းကဲ့သို့ သစ်သီးသစ်ဥလိုက်ရှာရန်သွားခါနီးတွင် ငါ့အား သားငယ်သမီးငယ်တို့ကို အထူးဂရုစိုက်စောင့်ရှောက်ပါရန်အကြိမ်ကြိမ်မှာပြီးမှ ထွက်သွားရှာခဲ့သည်။

မဒ္ဒီမိဖုရားတောသို့သွားနေခိုက်တွင် ဇူဇကာပုဏ္ဏားသည်ငါ့အထံသို့ရောက်လာသည်၊ ငါ၏သားငယ်ဇာလီနှင့် သမီးငယ်ဂဏှာဇိန်တို့ကို သူ့အားလှူပါရန် အလှူခံလာသည်။ ငါသည်ဘုရားဆုကို ပန်ထားသူဖြစ်သည်၊ ငါသည်သားငယ်သမီးငယ်များကို မြတ်နိုးချစ်ခင်သည်၊ သို့သော်ဘုရားဆုကိုပန်ထားသူဖြစ်၍ သားငယ်သမီးငယ်တို့ကို တန်ဘိုးဖြတ်ကာ ဘုရားဆုကိုရည်မှန်းလျက် ဇူဇကာပုဏ္ဏားအား ရေစက်သွန်းချလှူဒါန်းလိုက်သည်။

ငါကသားငယ်ဇာလီနှင့် သမီးငယ်ဂဏှာဇိန်တို့ကို ဇူဇကာပုဏ္ဏားအား ရေစက်သွန်းချလှူဒါန်းလိုက်သောအခါ နုနယ်လှသောသားငယ်သမီးငယ်တို့မှာ ငါ၏ခြေထောက်ကိုဖက်ပြီး-

“မြင့်မိုရ်မက အနန္တထူး ဂုဏ်ရောင်မြူးသည့် ကျေးဇူးကြီးအင်မေ့းဘခင်…မှိုင်းလွင့်မှုံပြာ တောနက်စွာက ပူဆာပန်းပင် နို့ရည်ရင်ရှင့် မိခင်မဒ္ဒီ ချွေးစီးဖြာဖြာ ပြန်ရောက်လာကာ မျက်နှာရှင်ပျ မောင်နှမတို့ ကကာခုန်ကာ ပါသည့်သစ်သီး လုံးကြီးလုံးငယ် အသွယ်သွယ်ကို မယ်လီတခု မောင်တခုနှင့် လုယူပြီးလျှင် မိခင်ရင်နို့ စို့၍တက်ခါ ကြိုလာကြမဲ့ မကြိုဘဲလျှင် သားနှစ်ပင်ကို

မမြင်ပါရ ချုံးချုံးချ၍ သောကလှိုက်လှဲ နှလုံးကွဲသည် လဲ၍မိခင် ဆုံးမည်အင်ကြောင့် မြိုင်ခွင်ကန္တာ သစ်သီးရှာက မာတာမဒ္ဒီ ပြန်မှီရောက်လျှင် သားနှစ်ပင်ကို မြင်ရရှိငြ ဆိုင်းရပါ ....” ဟု မိခင်မဒ္ဒီတောထဲမှရောက်သည်အထိ သားငယ်သမီးငယ်များကိုမလှူသေးဘဲစောင့်ဆိုင်းတော်မူပါရန် လျှောက်ထားကြသည်။

သားငယ်သမီးငယ်တို့က မိခင်ကြီးပြန်ရောက်အောင် စောင့်ဆိုင်းပါရန် လျှောက်ထားသော်လည်း ငါ့ကားမဒ္ဒီပြန်ရောက်လျှင် ငါ၏အလှူပျက်လေရဲ့ဟု ကြံစည်စဉ်းစားပြီး မဒ္ဒီရောက်အောင်ပင်မဆိုင်းငံ့တော့ဘဲ သားငယ်နှင့်သမီးကို ဇူစကာပုဏ္ဏားအားရက်ရောစွာ လှူဒါန်းခဲ့သည်။

ဇူစကာပုဏ္ဏားသည် နုနယ်လှသော သားငယ်သမီးငယ်တို့ကို မပြေးနိုင်အောင် ခါးတွင်တင်းကြပ်စွာ ကြိုးချီလျက်ခေါ်ဆောင်သွားခဲ့သည်၊ တောကြီးကန္တာသို့ရောက်သောအခါ ငါ၏သားငယ်သမီးငယ်တို့မှာ ဇူစကာပုဏ္ဏားထံမှထွက်ပြေးကာ ရေကန်တခုသို့ဆင်းလျက် ကြာဖက်အောက်တွင် ပုန်းအောင်းနေခဲ့ကြသည်။

ဇူစကာပုဏ္ဏားကြီးသည် သားငယ်သမီးငယ်တို့ကို လိုက်ရှာ၍ မတွေ့သောအခါ ငါ့အထံလာပြီး အလှူဒါနမပျက်ရအောင် သားငယ်သမီးငယ်တို့ကိုတောင်းပြန်သည်။

ငါသည်ရေစက်သွန်းချလှူဒါန်းထားသော သားငယ်နှင့်သမီးငယ်တို့ကို လိုက်ရှာခဲ့ရသည်။ ကန်အနီးသို့ရောက်သောအခါ ကလေးငယ်၏ခြေရာများကို တွေ့ရသဖြင့် သားငယ်နှင့်သမီးငယ်၏ခြေရာများဖြစ်ကြောင်းသိရ၍ ငါသည် ကန်ဘောင်ပေါ်တွင် ရပ်လျက် “သားငယ်သမီးငယ်.... ငါဘခင်၏အလှူဒါနမပျက်ရအောင် ကူညီကြပါ၊ ငါဘခင်ပါရမီကိုလည်း ဖြည့်ပေးကြပါ”-

ဟူ၍ တခွန်းမျှခေါ်လိုက်ရုံနှင့် သားငယ်ဇာလီနှင့်သမီးငယ် ဂဏှာဇိန်တို့မှာ ရေကန်မှတက်လာကာ ငါ၏ခြေထောက်များကိုဖက်လျက် သစ်သီးရှာထွက်ခွာနေသော မိခင်ကြီး မဒ္ဒီကိုတမ်းဘရင်း ငိုကြွေးရှာကြသည်။

သားငယ်ဇာလီနှင့်သမီးငယ်ဂဏှာဇိန်တို့ ငါ၏ခြေထောက်ကို ဖက်ပြီး မိခင်ကြီးကိုတမ်းတငိုကြွေးသောအခါ ငါက-

"သားငယ်သမီးငယ်....ဘခင်သည် အများအကျိုးသည်ပိုးနိုင်သောဘုရား ဖြစ်လိုသည်၊ သားငယ်သမီးငယ်တို့က ဘခင်၏ပါရမီကို ကူဖြည့်ပေးကြပါ၊ သားငယ်သမီးငယ်တို့မှာလည်း ဤဒါနကြောင့် ကြီးစွာသောအကျိုးကို ရရှိနိုင်သည်"ဟူ၍ ပြောကြားလိုက်သည်။

ငါကအကျိုးအကြောင်းပြ၍ပြောသောအခါ သားငယ်ဇာလီက-

"ကောင်းကင်မြေထု မနှိုင်းတုသည် ကြီးမူဂုဏ်အင် မွေးဘခင်-....မိခင်မဒ္ဒီ စုံစီသစ်သီး ရှာယူပြီးလျှင် ချွေးစီးဖြာဖြာ တောနက်စွာက ပြန်လာရောက်လျှင် ဂဏှာဇိန်ကို မိခင်နှစ်ခြိုက် ရင်ခွင်ပိုက်၍ နို့တိုက်ပြီးခါ နမ်းစရာသည် ကျန်ပါရစ်စေ အပန်းပြေ၏၊မွေးဘေဒါန မပျက်ရအောင် မွေးဘအမွေ ခံပေထိုက်ပြီး သားဇာလီကို စုံစီဆုယူ လှူတော်မူလော"ဟူ၍ မိခင်မဒ္ဒီပြန်ရောက်လာသောအခါ အမောပြေ၊ အလွမ်းပြေ နှမငယ်ဂဏှာဇိန်ကိုချန်ထားပြီး သားတော်ဇာလီအားသာ ဇူစကာပုဏ္ဏားအားလှူဒါန်းပါရန်လျှောက်ထားလေသည်။

ဇာလီက မိမိအားလှူ၍ နှမငယ်ဂဏှာဇိန်အားချန်ထားရန် လျှောက်ထားသောအခါ ဂဏှာဇိန်ကလည်း-

"မဟာမံသု နိုင်းတုမမှီ မွေးဂုဏသည် ကြီးလှဂုဏ်အင် မွေးဘခင်....မြိုင်ခွင်နက်ချောင် တောနှင့်တောင်က မောင့်နှင့်နှမ မွေးဘဘုရား စားကြစရာ သစ်သီးရှာ၍ မာတာမိခင် ပြန်ရောက်လျှင်လည်း ဝမ်းဝင်သက်စု သားနှစ်ခုကို ကြည့်ရှုမမြင် ဇောဘဝင်နှင့် သေချင်လုပါး မယ်တော်အားသည် ရှိဘြားလိမ့်မည် သို့ဖြစ်သည်ကြောင့် ပင်စည်ဝေဆာ တောနက်စွာက မာတာမဒ္ဒီ ချွေးစီးချောင်းသောက် ပြန်လာရောက်လျှင် ဝမ်းမြောက်နှစ်ခြိုက်ရင်ခွင်ပိုက်၍ နို့တိုက်စရာ သားမောင်ဇာကို ကျန်ပါရစေအလွမ်းပြေ၏ မွေးဘေကျေးဇူး အထူးမိုးမြေ ဆပ်မပြေဘူး မွေးဘေဒါန ငါးဝစွန့်ကြီး မပျက်စီးအောင် သမီးဂဏှာ နန်းလျာနန်းရိုး မိဘတိုးသည် ညှိုးလျခွေကာ ဆင်းကုမ္မာကို မိစ္ဆာပုဏ္ဏားမတရားသည် စိမ်းကာနှိပ်စက် ထိုသည်လက်သို့ လှူပါတော့လေ ဘဘုန်းဝေ...."ဟူ၍ မောင်တော်ဇာလီကိုမလှူဘဲ မိမိကိုသာလှူလျက် မိခင်မဒ္ဒီစိတ်ချမ်းသာအောင် ပြုတော်မူပါဟုလျှောက်ထားသည်။

ငါသည် သားငယ်ဇာလီနှင့် သမီးငယ်ဂဏှာဇိန်တို့၏ လိမ္မာမှုအတွက် စိတ်ဆင်းရဲခဲ့ရသည်။ ကလေးငယ်များကိုတစိမ့်စိမ့်ကြည့်ရှုပြီး မျက်ရည်ကျခဲ့ရသည်။

လိမ္မာယဉ်ကျေးစွာပြောတတ်ဆိုတတ်သော ကလေးငယ်များကို မကြည့်ရက်တော့သဖြင့် ငါကဇူဇကာပုဏ္ဏားအား- "ဤကလေးငယ်များကို ငါမမြင်ကွယ်ရာသို့ အမြန်ခေါ်ဆောင်သွားပေတော့ပုဏ္ဏားကြီး"- ဟု မချိတင်ကဲပြောခဲ့ရသည်။

ငါကသားငယ်သမီးငယ်တို့ကို မိခင်မဒ္ဒီပြန်မရောက်ခင်ခေါ်ဆောင်သွားရန် ဇူဇကာပုဏ္ဏားအားပြောလိုက်သောအခါ သား

ယ်နှင့်သမီးငယ်ကို အတင်းဆွဲငင်ပြီး ခေါ်ဆောင်သွားခဲ့သည်။ ငါ၏မျက်စေ့ရှေ့တွင် လူမမယ်ကလေးများကို ဇူစကာပုဏ္ဏားက ရက်ရက်စက်စက်ရိုက်ပုတ်သောအခါ ကလေးငယ်များက ငါ့ဘက်ကိုလှည့်ပြီး "ဘခင်ကြီး၊ ကြည့်နေတော့မှာလား၊ မကယ်တော့ဘူးလား" ဟူ၍ ပြောဆိုငိုကြွေးရှာကြသည်။

ကလေးငယ်များသည် တောထဲမှာ သစ်သီးသစ်ဥရှာဖွေရန် သွားနေသော မိခင်ကြီးမဒ္ဒီကိုတ၍လည်း "မိခင်....မိခင်မှာ သား ငယ် သမီးငယ်တို့၏ဒုက္ခကို လာမြင်လှဲ့စမ်းပါ...." ဟူ၍ ပြောဆိုငို ကြွေးရှာကြသည်။

ကလေးငယ်များသည် မိခင်ကြီးမဒ္ဒီကိုတ၍ ငိုပြီးသောအခါ ငါ့ဘက်ကိုလှည့်ပြီး- "မိခင်ဘခင်တို့... မိဘနှစ်ပါးမှာ မွေးသည်က စပြီး ယခုအထိသားနှင့်သမီးကို ဘယ်အခါမှလက်နဲ့တောင် မမိုး ဖူးဘူး၊ နှုတ်ကလည်း ကြမ်းကြမ်းကြုတ်ကြုတ် မဆဲမဆိုဖူးဘူး၊ ကြမ်းပိုး ဖြုတ် ခြင်ကိုက်သဖြင့် အနည်းငယ်မျှအနာရသည်ကိုပင် မိဘနှစ်ပါးမှာ ရင်ဘတ်စည်တီး၍ အမျိုးမျိုးစိတ်ဒုက္ခရောက်ခဲ့ရ သည်။ အမျိုးမျိုးကုသပေးခဲ့ကြသည်။

မိခင်ဘခင်တို့.... ဇူစကာပုဏ္ဏားကြီးဟာ သားနှင့်သမီးကိုရက် ရက်စက်စက် ရိုက်ပုတ်နေပါသည်၊ သွေးထွက်သံယိုဖြစ်အောင် ပုဏ္ဏားကြီးကရိုက်နှက်နေပါသည်၊ ဘခင်ကြီးမြင်ပါလျက် ကြည့် ရက်တော့မှာလား၊ မကယ်တော့ဘူးလား-" ဟူ၍ လှမ်းအော်ပြော ဆိုခဲ့သည်။

ငါသည်ထိုအခါက ဒေါသမကင်းသေးသော ပုထုဇဉ်ဖြစ် သည်၊ ထို့ကြောင့်ငါ့ရှေ့မှာရိုက်နှက်နေသော ဇူစကာပုဏ္ဏားကို ဒေါသဖြစ်မိခဲ့သည်၊ ဇူစကာပုဏ္ဏားကိုအသေသတ်ပစ်ရန်ပင် ဒေါ

သစိတ်ထွက်မိခဲ့သည်၊ သို့သော်မကောင်းသောဒေါသစိတ်ကိုတရားနှင့်ဖြေဖျောက်ကာ ငါသည် "ငါ၏သားနှင့်သမီးကိုပေးလှူခြင်းမှာ အများအကျိုးသည်ပိုးနိုင်သော ဘုရားဖြစ်လို၍ လှူခြင်းဖြစ်သည်၊ ငါ၏အလှူသည် မြေကြီးသက်သေတည်ပါစေ"ဟူ၍ မြေကြီးကိုသက်သေထူရင်း ငါ၏မျက်စေ့အစုံမှ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည်။

မဒ္ဒီသည်ညကအိပ်မက်ကြောင့် သားငယ်နှင့် သမီးငယ်အတွက် စိတ်စက်မကောင်းဖြစ်နေခဲ့သည်၊ တောထဲတွင်သစ်သီးသစ်ဥများကိုရှာဖွေနေရသော်လည်း ခါတိုင်းကဲ့သို့မဟုတ်ဘဲ အဆီးအတားအမျိုးမျိုးတွေ့နေခဲ့သည်။ မဒ္ဒီမှာသားငယ်နှင့်သမီးငယ်များကိုသာ စိတ်ထဲတွင်မှန်းဆ၍နေခဲ့သည်။ ပြန်လာချိန်ကျသောအခါ သားနှင့်သမီးငယ်ကို ကြိုနေကျနေရာမှာတွေ့ရလိမ့်မည်ဟု မျှော်လင့်ပြီးပြန်လာခဲ့သည်။ သို့သော်ကလေးငယ်များကို မတွေ့မမြင်ရဘဲ ကျေးသံငှက်သံများကိုသာ လွမ်းဆွတ်ဘွယ်ရာကြားခဲ့ရသည်။

မဒ္ဒီမိဖုရားသည် ကလေးငယ်များကို မတွေ့မမြင်ရသဖြင့် ကလေးငယ်များသွားနေကျနေရာများကို ဒေါင်းတောက်အောင်လိုက်ရှာခဲ့သည်။ တညလုံးကုန်အောင် မနားမနေလိုက်ရှာခဲ့သည်၊ သို့သော်မဒ္ဒီသည် သားငယ်နှင့်သမီးငယ်များကို မတွေ့မမြင်ရ။

ကလေးငယ်များကိုတညလုံးလိုက်ရှာသော်လည်း မတွေ့မမြင်ရသောကြောင့် ငါဝေဿန္တရာမင်းကြီးထံသို့ လာရောက်ပြီး ကလေးငယ်များအကြောင်းကို လာမေးခဲ့သည်၊ ငါကား ကလေးငယ်များအတွက် မဒ္ဒီစိတ်တွင် အပူမီးတောက်လောင်နေသည်ကို သိသည်၊ ကလေးငယ်များအတွက် အပူမီးသက်သာရာရစေရန် ငါကမဒ္ဒီအား "မဒ္ဒီ...နေချင်သလောက် တောကြီးမြိုင်ကြီးထဲ

မှာနေပြီး ပျော်ပါးချင်သလောက် ပျော်ပါးနေခဲ့ပြီး အခုမှက လေးငယ်များအကြောင်းငါ့ထံ လာမေးနေသလား” ဟု မဒ္ဒီ အားအပြစ်ဆိုလိုက်သည်။

မဒ္ဒီမှာသားနှင့်သမီးငယ်အတွက် အပူမီးတောက်လောင်နေ ရာမှ ငါကအပြစ်ဆိုသည်အတွက် အရှက်ကြီးရှက်ကာ နေရာတွင် ပင်သက်လစ်ပြီး မေ့မျောသွားခဲ့သည်။ မဒ္ဒီမေ့မျောသွားပုံမှာ အသက်ပင်ဆုံးပြီဟုငါကထင်မှတ်ခဲ့သည်၊ ငါကားမဒ္ဒီမေ့မျော သွားသည်ကို မည်သို့ပြုစုရန်ကြံရာမရသဖြင့် မဒ္ဒီကိုအသာပွေ့ချီ ကာ ငါ့ရင်ခွင်ပေါ်တွင်အသာတင်ထားခဲ့သည်၊ ငါ့ရင်ခွင်ပေါ် တွင်နေ၍ အတော်ကြာမှ မဒ္ဒီမှာသတိမေ့မျောရာမှ သတိတဖန် ပြန်ရလာသည်။ မဒ္ဒီသည်သတိရသောအခါ ငါ့ရင်ခွင်ပေါ်က ဆင်းကာ ငါ့ကိုဦးချလျက်‘သားနှင့်သမီးငယ်’ ကို ငါ့အားမေး လေသည်။

ငါက–“မဒ္ဒီ....သားနှင့်သမီးကိုငါဘုရားဖြစ်မှုအတွက် ငါ့ဒါ နပါရမီပြည့်အောင် ပုဏ္ဏားတယောက် အလှူခံလာသည့်အတွက် ကျွန်အဖြစ် လှူဒါန်းလိုက်ပြီ-”ဟု အမှန်အတိုင်း ဖွင့်ပြောလိုက် သည်။

မဒ္ဒီသည် ငါကအမှန်အတိုင်းပြောလိုက်သောအခါ “အရှင် မင်းကြီး.... ယင်းသို့လှူဒါန်းလိုက်ပါလျှင် အဘယ့်ကြောင့်အ ကျွန်ုပ်အားဖွင့်မပြောပါသနည်း၊ အကျွန်ုပ်မှာတညလုံးမနားမနေ လိုက်ရှာနေခဲ့ရသည်”ဟု ငါ့အားလျှောက်ထားသည်။

ငါက“မဒ္ဒီ.... အကယ်၍အမှန်အတိုင်း သင်တောထဲမှပြန် ရောက်စတွင်ပြောလိုက်လျှင် သင့်မှာ သားငယ်နှင့် သမီးငယ်အ တွက် အသဲနှလုံးကွဲ၍သေပွဲဝင်နိုင်သည်ဖြစ်၍ ငါကဤမျှကြာ

အောင် ကလေးငယ်များအကြောင်းကို မပြောဆိုမူဘဲ နေခဲ့ရသည်”ဟူ၍ ပြန်ပြောခဲ့သည်။

ငါကပင်ဆက်လက်၍ “မဒ္ဒီ....ငါပြုလိုက်သော ဒါနကုသိုလ် အဘို့ကို သင်မဒ္ဒီသာဓုခေါ်ပေတော့”ဟူ၍ သားငယ်နှင့်သမီးငယ်တို့ကိုလှူလိုက်သော ကုသိုလ်အဘို့ကို မဒ္ဒီအားသာဓုခေါ်ပါရန် ပြောကြားခဲ့သည်။

မဒ္ဒီသည်လည်း ငါပြောသောစကားကိုကျေနပ်သည်၊ သားနှင့်သမီးကို လှူခြင်းအတွက်ဝမ်းသာသည်၊ ထို့ကြောင့်မဒ္ဒီသည်“သာဓု၊ သာဓု၊ သာဓု”ဟု ကြည်ဖြူစွာခေါ်ဆိုလိုက်သည်။

မဒ္ဒီကပင်ဆက်လက်၍ ငါ့အား– “အရှင်မင်းကြီး.... အရှင်မင်းကြီးလိုလားတောင့်တစွာသော ဘုရားဖြစ်လိုမှုဆန္ဒပြည့်အောင် ဤကဲ့သို့သော ဒါနပါရမီကို ထပ်ကာထပ်ကာပြုလုပ်နိုင်ပါစေ” ဟူ၍ တောင့်တခဲ့သည်။

သားငယ်နှင့်သမီးငယ်တို့ကိုလှူဒါန်း၍ အချိန်မကြာခင်ပင် ငါ့အထံမှာ မဒ္ဒီကိုလာအလှူခံပြန်သည်၊ လာရောက်အလှူခံသူကား သိကြားမင်းဖြစ်သည်၊ ငါသည်မဒ္ဒီအားလည်း သိကြားမင်းအားလှူဒါန်းခဲ့သည်၊ သိကြားမင်းက တောထဲတွင်အဖော်မရှိဘဲ၊ အစစအရာရာအကူအညီပေးမည့်သူမရှိဘဲ မဖြစ်ရအောင် မဒ္ဒီကိုငါ့အားပြန်ပေးခဲ့သည်၊ မဒ္ဒီကိုအခြားမည်သည့်ပုဂ္ဂိုလ်ကိုမျှမလှူရဟူ၍လည်း သိကြားမင်းကဂတိတောင်းသဖြင့် ငါက ကတိပေးလိုက်ပါသည်။

ငါ့အထံမှ ကလေးငယ်များကိုအလှူခံသွားသော ဇူဇကာပုဏ္ဏားသည်လည်း နတ်တို့ကစေတုတ္တရာတိုင်းပြည်သို့ရောက်အောင်

လမ်းပြပို့ဆောင်ပေးခဲ့သဖြင့် ဘိုးတော်သိဥ္စည်းမင်းကြီးထံရောက်လေသည်။

သိဥ္စည်းမင်းကြီးသည် ဇူစကာပုဏ္ဏားအထံမှ မြေးငယ်နှစ်ယောက်ကို ကျွန်အဖြစ်မှရွေးယူခဲ့သည်။ မြေးငယ်'ဇာလီ'အတွက်ရွှေစင်ကျပ်တရာပေး၍ရွေးယူရသည်၊ မြေးငယ်ဂဏှာဇိန်အတွက်ကျွန်ယောကျ်ားတရာ၊ ကျွန်မိန်းမတရာ၊ ဆင်တရာ၊ မြင်းတရာ၊နွားလားဥသဘတရာ၊ရွှေစင်ကျပ်တရာတို့ကိုပေး၍ ရွေးယူရသည်။

သိဥ္စည်းမင်းကြီးသည် မြေးငယ်နှစ်ယောက်ကို ယူဆောင်လာခဲ့သောဇူစကာပုဏ္ဏားအားလည်း ဘုံနန်းခုနစ်ဆင့်ရှိသောပြာသာဒ်ကိုပေးသည်၊ ကောင်းလှစွာသော အစားအစာများကိုလည်းကျွေးမွေးလေသည်။

သိဥ္စည်းမင်းကြီးသည် မြေးငယ်နှစ်ယောက် ဦးခေါင်းကိုသန့်စင်အောင် ဆေးကြောပေးသည်၊ ကောင်းမွန်စွာရေချိုးပေးသည် ကောင်းမြတ်သော အဝတ်တန်းဆာများကို ဆင်ယင်ပေးသည်၊ ကောင်းမြတ်လှသော အစားအစာများကို ကျွေးမွေးလေသည်။ သိဥ္စည်းမင်းကြီးသည် မြေးငယ်ဇာလီကို ရင်ခွင်ပေါ်တွင်ပွေ့၍ တင်ထားလေသည်။

သိဥ္စည်းမင်းကြီးသည် မိမိရင်ခွင်ပေါ်တွင် ချစ်စဘွယ်ထိုင်နေသော ဇာလီမြေးငယ်ကို-

"မြေးချစ်ဇာလီ.... ငါ့မြေးရဲ့မိဘနှစ်ပါး နေထိုင်ကောင်းရဲ့လား၊ တောအရပ်တွင် စားဘွယ်သောက်ဘွယ် ရလွယ်ရဲ့လား၊ မှက်ခြင်ကင်းသန်းဘေး၊ ခြသေ့်၊ သစ်ကျားစသော အန္တရာယ်အယှက်ဘေးတို့မှလွတ်ကင်းရဲ့လား" စသည်ဖြင့်မေးလေသည်။

ဇာလီမင်းသားငယ်က“မိဘနှစ်ပါး နေထိုင်ကောင်းကြောင်း၊ စားဘွယ်သောက်ဘွယ်များရလွယ်ကြောင်း၊ မွှက်ခြင်ကင်းသန်းစ သောဘေး၊ ခြသေ့်၊ သစ်ကျားစသော အန္တရာယ်အယှက်ဘေး တို့မှ လွတ်ကင်းပါကြောင်း” လျှောက်ထားလေသည်။

ဇာလီမင်းသည် ဘိုးတော်သိဉ္စည်းမင်းကြီးအား “ကျွန်ုပ်၏ မိခင်ကြီးတောသို့သွားကာ နေ့စဉ်နေ့တိုင်းသစ်သီးသစ်ဥများလိုက် ရှာရပါသည်၊ ညအချိန်ကျမှ ကျောင်းသခ်န်းသို့ပြန်ရောက်လာပါ သည်၊ မိခင်ကြီးပြန်ရောက်လာခါမှ သားမိသားဖ(၄)ယောက်စု ဝေးပြီး စားသောက်ကြရပါသည်။ မိခင်ကြီးညအချိန်ကျပြန် ရောက်သဖြင့်ကျွန်ုပ်တို့မှာ နေ့အခါမစားမသောက်ကြရပါ၊ မိခင် မှာ လင်ယောကျ်ား၊ သားငယ်၊ သမီးငယ်တို့အတွက် အစားအ သောက်အမြဲတန်းလိုက်ရှာရသဖြင့် ပင်ပန်းလှပါသည်၊ ပိန်လှီနေ ပါသည်၊ အသားအရေမှာလည်းဖြူပတ်ဖြူလျော်ဖြစ်နေပါသည်” ဟု လျှောက်ထားဘည်။

ဇာလီသည် ဆက်လက်၍ ဘိုးတော် သိဉ္စည်းမင်းကြီးအား လျှောက်တင်ပြန်သည်။

“ဘိုးတော်ဘုရား.... လောကမှာမိဘတို့သည် သားသမီးကို အလွန် ချစ်ခင်တတ်ပါသည်၊ အလွန်မြတ်နိုးတတ်ပါသည်၊ ဘိုး တော်ဘုရားမှာကား အခြားပုဂ္ဂိုလ်များကဲ့သို့ မိမိ၏သားသမီးများ ကို မချစ်ခင် မမြတ်နိုးပါကလား”ဟူ၍ လျှောက်ထားသည်။

သိဉ္စည်းမင်းကြီးက-

“မြေးချစ်ဇာလီ... ငါသည်လည်း ငါ၏သားသမီးကိုချစ်သည် မြတ်နိုးသည်၊ သို့သော်တိုင်းသူပြည်သားတို့၏ အလိုဆန္ဒအရသာ

သင်ဖခင်ဝေဿန္တရာမင်းကို ငါကတိုင်းပြည်မှနှင်ထုတ်ခဲ့ခြင်းဖြစ်သည်၊ ငါကားအမှားကိုလုပ်မိခဲ့ပြီ–

မြေးချစ်ဇာလီ.... ဤနန်းတော်ရှိပစ္စည်းအားလုံးကို သင့်ဖခင်ဝေဿန္တရာအား ငါပေးပါသည်၊ သင့်ဖခင်ဝေဿန္တရာကိုနန်းတော်သို့ပြန်လာအောင်လုပ်ပြီး ထီးနန်းကိုမင်းလုပ်၍အုပ်ချုပ်စေ” ဟု မိန့်တော်မူသည်။

ထိုအခါဇာလီမင်းသားက-

“ဘိုးတော်ဘုရား.... ဖခင်ဝေဿန္တရာမင်းကြီးသည် ကျွန်ုပ်တို့ကခေါ်ဆောင်သဖြင့် မိမိတိုင်းပြည်သို့မြန်လာမည်မဟုတ်ပါ၊ဘိုးတော်ဘုရားကိုယ်တော်တိုင် ကျွန်ုပ်ဖခင် ဝေဿန္တရာမင်းထံသွားရောက်၍ ခေါ်ဆောင်တော်မူပါ”-ဟု လျှောက်ထားလေသည်။

ဇာလီမင်းသားက ဖခင်ဝေဿန္တရာမင်းကို ဘိုးတော်ဘုရားကိုယ်တော်တိုင် သွားရောက်၍ ခေါ်ဆောင်ပါရန်လျှောက်ထားသောအခါ သိဥ္စည်းမင်းကြီးသည် အမတ်တို့ကိုခေါ်ဆောင်တော်မူကာ ဤသို့မိန့်တော်မူသည်။

“အမတ်တို့....သင်းတော်ဝေဿန္တရာကို နေပြည်တော်သို့ခေါ်ဆောင်ရန် ငါဝင်္ကဘာတောင်သို့ထွက်ကြွတော်မူမည်၊ စစ်အင်္ဂါလေးပါးနှင့်တကွ ပုဏ္ဏားပုရောဟိတ်စသည် ဝင်္ကဘာတောင်သို့လိုက်ပါသင့်သူအားလုံးကိုဆင့်ဆို၍ စီမံထားကြစေ။ ငါ၏သားတော် ဝေဿန္တရာ၏ဘွားဘက်တော် အမတ်ခြောက်သောင်းတို့ကိုလည်း အထူးထူးသောစစ်ဝတ်တန်းဆာတို့ကို ဝတ်ဆင်စေလျက် ငါ၏ရှေ့တော်မှောက်တွင် စုရုံးကြစေ။စေတုတ္တရာပြည်မှဝင်္ကဘာတောင်အထိ ယူဇနာခြောက်ဆယ်ရှိသောခရီးကိုလည်း ညီညွတ်

စွာသုတ်သင်ရှင်းလင်းကြစေ၊ သားတော် ဝေဿန္တရာပြန်လာမည့် လမ်းတလျှောက်တွင် အစားအသောက်မျိုးစုံ၊ အကအခုန်ပွဲလမ်း သဘင်မျိုးစုံကိုပါ စီမံထားကြစေ”-ဟူ၍ မိန့်တော်မူသည်။

သိဥ္စည်းမင်းကြီးသည် သားတော်ဝေဿန္တရာကို ဝင်္ကဘာ တောင်မှနေပြည်တော်သို့ခေါ်ဆောင်ရန် စီမံပြင်ဆင်နေချိန်တွင် ဇူဇကာပုဏ္ဏားသည် မရရှိဘူးသော စည်းစိမ်ချမ်းသာကိုရသဖြင့် အတိုင်းအဆမရှိစားသောကြောင့်စားပိုးနှင့်ကာသေဆုံးလေသည်။ ဇူဇကာပုဏ္ဏားတွင် ကျန်ခဲ့သော ပစ္စည်းဥစ္စာများကို အမွေဆက်ခံမည့်သူ တစုံတယောက်မျှ မရှိသောကြောင့် ဇူဇကာပုဏ္ဏား၏ ပစ္စည်းဥစ္စာများကို မင်းဘဏ္ဍာအဖြစ်သိမ်းဆည်းလေသည်။

သိဥ္စည်းမင်းကြီးသည် သားတော်ဝေဿန္တရာကို ဝင်္ကဘာ တောင်မှနေပြည်တော်သို့ခေါ်ဆောင်ရန် အစစအရာရာအစီအစဉ် ပြုလုပ်ပြီးသောအခါ မြေးငယ်ဇာလီမင်းသားကို လမ်းညွှန်ပြု လျက် ဝင်္ကဘာတောင်သို့ ထွက်ကြွတော်မူသည်။ သိဥ္စည်းမင်းကြီး နှင့်အတူ စစ်ဘပ်ကြီး(၁၂)ခေါဘိဏီပါဝင်လေသည်။ ဝေဿ န္တရာမင်းကြီး ကလိင်္ဂတိုင်းမှ ပုဏ္ဏားရှစ်ယောက်တို့အားလှူဒါန်း လိုက်သော ပစ္စယဆင်ဖြူတော်သည်လည်း ကလိင်္ဂတိုင်းတွင်မိုး ကောင်းစွာရွာသွန်းပြီးဖြစ်၍ စေတုတ္တရာတိုင်းသို့ ပြန်လည်ပေးပို့ ထားသဖြင့် ဝေဿန္တရာမင်းကြီးကို ခေါ်ဆောင်သွားရာတွင် ပါဝင်လေသည်။

ဇာလီမင်းသားသည် ဝင်္ကဘာတောင်သို့သွားရာလမ်းဖြစ်သော မုစလိန္ဒအိုင်နားသို့ ရောက်သောအခါ တပ်စခန်းချ၍ ရပ်နားစေ သည်၊ တသောင်းလေးထောင်သောရထားတို့ကို လမ်းဘက်သို့ဦး လှည့်၍ ထားစေသည်။ ခြင်္သေ့၊ သစ်ကျားစသောမန္ဒောင့်မယှက်

နိုင်အောင် အစောင့်အကြပ်ချထားစေသည်။ လိုက်ပါလာသော စစ်တပ်ကြီးမှာ(၁၂)ခေါ်ဘိဏီမျှရှိသဖြင့် ဆင်သံ၊ မြင်းသံ၊ရထား သံတို့ဖြင့် တတောလုံးဆူညံနေလေသည်။

ငါဝေဿန္တရာမင်းကြီးသည် ကျောင်းသခ်န်းမှ ဆူညံလှသော ဆင်သံ၊ မြင်းသံ၊ ရထားသံတို့ကိုကြားရသောအခါ ရန်သူတို့သည် ငါ့ခမည်းတော်သိဥ္စည်းမင်းကြီးကိုသတ်ပြီး ငါဝေဿန္တရာမင်းကို ပါသတ်ရန် လိုက်လာကြသည်ဟု ထင်မှတ်ခဲ့သည်။ အသံကြားရာ ဘက်သို့လှမ်းမျှော်ကြည့်ခဲ့သည်။ ငါသည် (၁၂)ခေါ်ဘိဏီမျှရှိ သောစစ်တပ်ကြီးကိုမြင်ရသောအခါ မဒ္ဒီကို "ငါ့ကိုသတ်ရန်စစ် တပ်ကြီးလာနေပြီ"ဟုကြောက်လန့် တုန်လှုပ်လျက်ပြောမိခဲ့သည်။

မဒ္ဒီကမူ မြင်ရသောစစ်တပ်အခြေအနေကိုကြည့်၍ စေတုတ္တ ရာတိုင်းပြည်မှ မိမိတို့စစ်တပ်ဖြစ်ကြောင်းမှတ်မိ၍ ငါဝေဿန္တရာ အား-

"အရှင်မင်းကြီး....ယခုမြင်ရသောစစ်တပ်ကား အရှင်မင်းကြီး ကိုသတ်ရန်လာသော ရန်သူစစ်တပ်မဟုတ်နိုင်ပါ၊ မြက်မီးတုတ် ဖြင့် သမုဒ္ဒရာမီး မတိုက်နိုင်သကဲ့သို့ အရှင်မင်းကြီးကိုရန်သူများ မသတ်ဖြတ် မညှင်းဆဲနိုင်ပါ။

အရှင်မင်းကြီး....အရှင်မင်းကြီးထံမှ ကျွန်ုပ်အား သိကြားမင်း လာရောက်အလှူခံတုန်းက သိကြားမင်းပြောကြားခဲ့သော စကား ကို အရှင်မင်းကြီးအမှတ်မရပါကလား၊ သိကြားမင်းကအရှင်မင်း ကြီးကို နေပြည်တော်မှ မကြာမတင်လာရောက် ခေါ်ဆောင်ပါ လိမ့်မည်ဟု ပြောကြားခဲ့သည်ကို အရှင်မင်းကြီးပြန်လည်သတိရ တော်မူပါ"-ဟု လျှောက်ထားလေသည်။

ငါဝေဿန္တရာမင်းကြီးသည် မဒ္ဒီ၏စကားကိုကြားရသောအခါမှ အကြောက်အလန့်ပြေ၍ မဒ္ဒီနှင့်အတူ တောင်ပေါ်မှပြန်ဆင်းလာကာ မိမိ၏ကျောင်းသခ်န်းတွင် ခါတိုင်းကဲ့သို့နေထိုင်ခဲ့သည်။

ခမည်းတော်သိဥ္စည်းမင်းကြီးသည် "ငါတို့အားလုံး သားတော်ဝေဿန္တရာထံသို့ သွားရောက်လျှင် သားတော်မှာ ကြောက်ရွံ့ပေလိမ့်မည်၊ ထို့ကြောင့်ငါအလျင်သွားပြီး ငါ့နောက်မှ ဖုဿတီ၊ ဖုဿတီနောက်မှမြေးတော်ဇာလီနှင့် ဂဏှာဇိန်တို့ကို လိုက်လာခဲ့ကြ"-ဟုမိန့်တော်မူကာ ဆင်တော်ကိုစီးလျက် ငါဝေဿန္တရာထံသို့ ခမည်းတော်သိဥ္စည်းမင်းကြီး လာရောက်ခဲ့သည်။

သိဥ္စည်းမင်းကြီးသည် ငါဝေဿန္တရာနေသော ကျောင်းသခ်န်းအနီးသို့ရောက်သောအခါ ဆင်တော်မှဆင်းသက်လျက် မူးမတ်အပေါင်းခြံရံကာ ငါနေသောသခ်န်းကျောင်းသို့ ကြွလာခဲ့သည်။

ငါနှင့်မဒ္ဒီသည် ခမည်းတော်သိဥ္စည်းမင်းကြီး ကြွလာသည်ကိုမြင်သောအခါ ဝမ်းပန်းတသာခရီးဦး ကြိုဆိုခဲ့သည်။

မဒ္ဒီသည် သိဥ္စည်းမင်းကြီး၏ခြေကို ဦးခိုက်လျက်

"အရှင်မင်းကြီး.... အကျွန်ုပ်ကား အရှင်မင်းကြီး၏ ချွေးမတော် မဒ္ဒီဖြစ်ပါကြောင်း"လျှောက်ထားသည်။

သိဥ္စည်းမင်းကြီးသည် သားတော်ငါဝေဿန္တရာနှင့် ချွေးမတော်မဒ္ဒီကို မိမိရင်ခွင်ပေါ်တွင်ပွေ့ပိုက်တင်ထားလျက် နဖူးပြင်ကိုနမ်းလေသည်။ သားတော်ငါဝေဿန္တရာနှင့် ချွေးမတော်မဒ္ဒီတို့၏ကျောကိုလက်ဖြင့်ပွတ်သပ်နေလေသည်။ သားတော်ဝေဿန္တရာ၊ ချွေးမတော်မဒ္ဒီ၊ ခမည်းတော်သိဥ္စည်းမင်းကြီးတို့မှာ တ

ယောက်မျက်နှာတယောက်ကြည့်လျက် မျက်ရည်မဆည်နိုင်ကြ ဖြစ်ခဲ့ကြရသည်။

ခမည်းတော်သိဥ္စည်းမင်းကြီး၊ သားတော်ငါဝေဿန္တရာ၊ ချွေးမတော်ဖုဿတီတို့ တယောက်နှင့်တယောက် နှုတ်ခွန်းဆက်စကား ပြောကြားနေခိုက် ဖုဿတီမိဖုရားကြီးသည် အခြံအရံများခြံရံကာ ငါတို့နေရာကျောင်းသခ်န်းသို့ ရောက်ရှိလာပြန်သည်။ သားငယ်ဇာလီနှင့်သမီးငယ်ဂဏှာဇိန်တို့လည်း ဖုဿတီမိဖုရားကြီးနောက်တွင်ပင် ရောက်ရှိလာခဲ့သည်။

မဒ္ဒီသည် သားငယ်၊ သမီးငယ်တို့မှာ ဘိုးဘွားတို့နှင့်အတူ လိုက်ပါလိမ့်မည်ဟု မှတ်ထင်ထားခဲ့သည်ဖြစ်၍ သားငယ်သမီးငယ်တို့လာမည့်လမ်းကို မျှော်နေခိုက် သားငယ်သမီးငယ်တို့လာကြသည်ကို မြင်ရသောအခါ မဒ္ဒီသည် ကုန်လှုပ်ခြောက်ခြားစွာ သားငယ်သမီးငယ်တို့ထံသို့ အပြေးအလွှားသွား၍ကြိုလေသည်။ သားငယ်နှင့်သမီးငယ်တို့မှာလည်း မိခင်ကြီး မဒ္ဒီကိုမြင်ရသောအခါ မိခင်ယံအပြေးအလွှားလာ၍ မိခင်ကို ဖက်ထားလိုက်ကြသည်။မ ဒ္ဒီသည်ကဲ့ကွာနေရသော သားငယ်ဇာလီနှင့် သမီးငယ်ဂဏှာဇိန်တို့ကိုတွေ့ရသောအခါ ဝမ်းသာလွန်း၍ စိတ်နှလုံးထိခိုက်ကာ မေ့မျော၍လဲကျသွားလေသည်။ မိခင်ထံသို့ဝမ်းသာအားရ ပြေးလာကြလျက် မိခင်၏ရင်ခွင်ထက်တွင်ထိုင်လျက် မိခင်၏မျက်နှာကို စိုက်ကြည့်နေရှာသော သားငယ်ဇာလီနှင့် သမီးငယ်ဂဏှာဇိန်တို့မှာလည်း မိခင်ကြီး၏ရင်ခွင်ထက်တွင်ပင် သတိမေ့မျောသွားကြလေသည်၊ ငါဝေဿန္တရာမင်းကြီးသည်လည်း သားအမိသုံးယောက်၏ဖြစ်ပုံကို တွေ့ရမြင်ရပြီး အလွန်ပင်စိတ်စက်မချမ်း

သာနိုင်သဖြင့် မိမိစိတ်ကိုပင် မိမိမဆောက်မတည်နိုင်တော့ဘဲသတိ
မေ့မျောလျက်လဲကျသွားခဲ့သည်။

ခမည်းတော်သိဥ္စည်းမင်းကြီး၊ မွေးမယ်တော် ဖုဿတီမိဖုရား
ကြီးတို့မှာလည်း သားတော်ငါဝေဿန္တရာ၊ ချွေးမတော်မဒ္ဒီ၊
မြေးငယ်နှစ်ယောက်တို့၏ ဖြစ်ကြရသောအဖြစ်ကို မမြင်ရက်မရှု
ရက်ဖြစ်ကာ စိတ်ထိခိုက်လွန်းသဖြင့် သတိမေ့မျောလျက် လဲကျ
သွားခဲ့ပြန်သည်။

ဝင်္ကဘာတောင်၊ ငါဝေဿန္တရာ၏ကျောင်းသင်္ခန်းတွင် မင်း
နှင့်တကွ မင်း(၆)ပါးတို့၏ဖြစ်အင်ကို မြင်ကြရတွေ့ကြရသော
အမတ်(၆) သောင်းနှင့်တကွ မှူးမတ်အပေါင်းတို့မှာလည်း၊မျက်
ရည်မဆည်နိုင်ကြဘဲ ငိုကြွေးခဲ့ကြရသည်။ ငါဝေဿန္တရာကျောင်း
သင်္ခန်းပတ်ဝန်းကျင်တွင် ငိုကြွေးသံတို့ဖြင့် အုတ်အုတ်ကျက်ကျက်
ဖြစ်ကာ ဆူညံနေလေသည်။ တောသံ၊ တောင်သံတို့သည်လည်း
မြည်ဟီးခဲ့လေသည်။ ကြီးစွာသောငလျင်ကြီးလည်း လှုပ်ခဲ့လေ
သည်။

ဤသို့သောဝင်္ကဘာတောင်တွင် ငါဝေဿန္တရာမင်းနှင့်တကွ
မင်း(၆) ပါးတို့၏ ဖြစ်အင်ကို မြင်ရသော သိကြားမင်းသည်
ဝင်္ကဘာတောင်ပတ်ဝန်းကျင်တွင် စွတ်လိုသောသူတို့သာ စွတ်၍
မစွတ်လိုသူသို့မစွတ်သော ပေါက္ခရဝဿမည်သော မိုးကိုရွာသွန်း
စေခဲ့သည်။ ငါဝေဿန္တရာမင်းနှင့်တကွ မင်း(၆) ပါးတို့မှာ
ပေါက္ခရဝဿမည်သော မိုး၏စွတ်စိုမှုကြောင့် သတိမေ့မျောနေ
ရာမှ သတိရလာကြသည်။ များစွာသောစစ်သည်ဗိုလ်ပါ မှူးမတ်
အပေါင်းတို့မှာ ထူးဆန်းလှသော ဤပေါက္ခရဝဿမည်သောမိုး
ကို အံ့သြချီးကျူးကြလေသည်။

ဤသို့လျှင် ငါ ဝေဿန္တရာမင်းဖြစ်စဉ်ကလည်း စွတ်လိုသော သူတို့စွတ်၍ မစွတ်လိုသောသူတို့မစွတ်သော ပေါက္ခရဝဿမည်သော မိုး ရွာသွန်းခဲ့ဘူးပြီဟူ၍ သာကီဝင်ဆွေမျိုးအပေါင်းတို့အား ဗုဒ္ဓမြတ်စွာ ဝေဿန္တရာဇာတ်ကို ဟောကြားတော်မူသည်။

ဗုဒ္ဓမြတ်စွာသည်ဆက်လက်၍-

"ဆွေတော်များစွာ၊ ဘတကာတို့.... သဒ္ဓါစိတ်နေ၊ နှလုံး လေလော့၊ ဝေဿန္တရာ၊ ငါဖြစ်ခါ၌၊ ဂဏှာဇာလီ၊ တူညီနှစ်ပါး၊ ရင်သွေးများကို၊ တောင်းပြောယူလာ၊ ဇူဇကာကား၊ ရာဟု မယ်တော် မျိုးယသော်၏၊ မောင်တော်မှန်လှ၊ ငါ့ယောက်ဖလျှင် ဖြစ်တစင်သည်၊ ခေါ်တွင်မည်မှတ်၊ ဒေဝဒတ်တည်း-

ယုတ်မြတ်မသိ၊ စွဲငြိမိစ္ဆာ၊ ဇူဇကာနှင့်၊ ကြင်နာတူပုံ၊ မိတ္တာပုံ ကား၊ ဝန်းအုံရံပတ်၊ ပရိသတ်တွင်၊ ငါဗုဒ္ဓင်ကို၊ ငါ့လင်မှန်မြဲ၊ စွပ်လာစွဲသည်၊ မိုက်မဲလှစွာ၊ စိဉ္စမာပင်၊ ဖြစ်လာလျှင်၏-

တောကျွင်စောင့်နေ၊ စေတမည်ပြော၊ မုဆိုးအားမူ၊ ဘွားဘက် အကျော်၊ ခုနှစ်ဘော်တွင်၊ အပါဝင်သည်၊ ခေါ်တွင်မည်မှန်၊ မင်္ဂလာမောင်ဆန်ပင်၊ ဖြစ်လာလျှင်၏။

ကောင်းကင်ထက်ဖျား၊ မိုးသိကြားကား၊ ရမူစက္ခု၊ မြင်မှုကုန် စင်၊ ငါ့သံခွင်၌၊ ညီရှင်ယခု၊ အနုရုဒ္ဓါ၊ ဖြစ်ပေလာ၏-

ရာဇာသနင်း၊ သိဥ္စည်းမင်းကား၊ တွင်ပြောနာမ၊ သီဟတန်၊ သိမှုထင်ပေါ်၊ ငါ့ဘိုးတော်နှင့်၊ ကြင်နာမကွာ၊ ကစ္စနာဟု၊ထင် ကာမည်သီး၊ ငါ့ဘွားကြီး၍၊ သမီးနှစ်ဖော်၊ သားတော်ငါး ယောက်၊ ထိုမှုလောက်တွင်၊ ရှေးဦးမြင်၍၊ ဘခင်သုဒ္ဓေါ၊ ခုသော် ဘဝ၊ ဖြစ်လာရ၏

ဖုသ္သဝတီ၊ ဒေဝီမယ်ဘွား၊ မိခင်အားမူ၊ ထင်ရှားမုချ၊ ခုဘဝ
၌၊ ဒေဝဒဟ၊ ပြည်မသနင်း၊ မင်းအဉ္စန၊ မည်ရတွင်ခေါ်၊ငါ့ဘိုး
တော်နှင့် ကြင်ရာမခြား၊ တောင်ညာထားသည်၊ ငါ့ဘွားယ
သော်၊ ဘွားမြင်မြော်သည်၊ သားတော်ကားနှစ်၊ သမီးနှစ်တွင်၊
ရှေးဦးမြင်၍၊ မိခင်မာယာ၊ ခုဖြစ်လာ၏-

ကန္တာရမြိုင်ချောင်၊ ဝင်္ကတောင်ဝယ်၊ တောချောင်ချောက်
ကြား၊ ညှိုးပါးနွမ်းခွေ၊ သစ်သီးခွေ၍၊ နေ့ရေမချွတ်၊ လင်သား
ဝတ်ကို၊ နူးညွတ်ကျေနပ်၊ လုပ်ကျွေးတတ်သည်၊ ကျင့်မြတ်သီလ၊
လေးတော်ရ၍၊ အဂ္ဂမဟေသီ၊ မယ်မဒ္ဒီလည်း၊ခုပြီးခါသော်၊ငါ့
မယ်တော်၏၊ မောင်တော်မှန်လျှ၊ သုပ္ပဗုဒ္ဓါ၊ ထိုရာဇာနှင့်၊ နှမမှန်
စွာ၊ အမိတ္တာကို၊ ကြင်နာနှစ်ပါး၊ ထိမ်းမြားရာတွင်၊ ဘွားလာ
မြင်သည်၊ ငယ်စဉ်ကာလ၊ မည်နာမမူ၊ ဘဒ္ဒကစ္စာနာ၊ မယ်ဗိမ္ဗာ
လည်း၊ ထပ်ကာနောက်မှ၊ သက်ရဆဲ့ခြောက်၊ ရောက်သည်ကာ
လ၊ နီးစပ်ကြသည်၊ နှမမောင်လယ်၊ ငါဘုန်းကြွယ်နှင့်၊ ကြင်ဘွယ်
အသင့်၊ ဦးကင်ဖွင့်က၊ နေနှင့်လတို့၊ စုံကြမွေ့လျော်၊ ရသေ့
တော်နှင့်၊ ယသော်ဓရာ၊ ခုဖြစ်လာ၏

ရှုသာနှစ်သက်၊ ရွှေကွန်ရွက်နှင့်၊ အုပ်လျက်သွားသည်၊ သား
ဇာလီကား၊ နွယ်မခြားသည်၊ ညာထားယသော်၊ ရွှေနန်းပေါ်ဝယ်
မြင်မြော်ဘွားသည်၊ ငါ့သားရာဟု၊ အတုမကွာ၊ ခုဖြစ်လာ၏-

ဂဏှာရင်သွေး၊ သမီးထွေးမူ၊ ရှေးကစုံစီ၊ ပါရမီကို၊ကူညီဖြည့်
ဘူး၊ ကျေးဇူးထောက်ပ၊ ခုဘဝသော်၊ ရသည်နိဗ္ဗာန်၊ ဥပ္ပလ
ဝဏ်တည်း-

လှူရန်အံ့အဲ၊ ပေးစွန့်ကြဲသည်၊ စိတ်စဲ့ကောင်းကြံ၊ မင်းဝေသန်
ကား၊ လေးတန်သစ္စာ၊ပုဒ်အာနှင့်၊ နဝါကိုးဂုဏ်၊ ဆန်စုန်အောက်

ထက်၊ ကျော်ရှိန်တက်သည်၊ ဘဝဂ်ရပ်သူ၊ သဃမ္ဘူဟု၊ နတ်လူ ပြဟ္မာ၊ ဝန္ဒာညွတ်ရှိုး၊ အံ့မဆုံးအောင်၊ နှုန်းသူမရ၊ သုံးလောက တွင်၊ သိဒ္ဓိတင်သည်၊ ငါသည်လူနတ်တန်ဆောင်တည်း"- ဟူ၍ ဇာတ်တော်ကိုပေါင်းလျက် ဟောပြတော်မူသည်။

ဗုဒ္ဓမြတ်စွာ ဝေဿန္တရာဇာတ်ကို ဟောကြားတော်မူပြီးသော အခါ အချိန်မှာနေလုံးကွယ်ပျောက်၍ လရောင်ပင်ရောက်ခဲ့လေပြီ ထို့ကြောင့်သာကီဝင်မင်းအပေါင်းတို့မှာ ဗုဒ္ဓမြတ်စွာအားရှိခိုးဦး ချလျက် နိဂြောဓာရုံကျောင်းတော်မှ အသီးသီး အိမ်သို့ပြန်သွား ကြလေသည်။

သို့သော် ဗုဒ္ဓမြတ်စွာနှင့် သံဃာတော်များအား နက်ဖြန်နံနက် အတွက် ဆွမ်းဘုဉ်းပေးကြွတော်မူရန် မည်သည့်တဦးတယောက်က မျှ ပင့်ဖိတ်ခြင်းမရှိခဲ့ပေ။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလည်း သားဗုဒ္ဓမြတ်စွာသည် နက်ဖြန်နံနက်တွင် ဆွမ်းဘုဉ်းပေးရန် မိမိနန်းတော်သို့ ကေန်ကြွ လာလိမ့်မည်ဟု မှတ်ထင်လျက် ဗုဒ္ဓမြတ်စွာအား မပင့်မဖိတ်ခဲ့ဘဲ နန်းတော်သို့သာပြန်လာခဲ့သည်။ နန်းတော်သို့ရောက်သောအခါ ဗုဒ္ဓမြတ်စွာနှင့် နောက်တော်ပါသံဃာနှစ်သောင်းအတွက် ဆွမ်း ဘောဇဉ်များချက်ပြုတ်ရန် စီမံပြင်ဆင်နေလေသည်။

ဗုဒ္ဓမြတ်စွာသည် ထိုညကုန်၍နံနက်သို့ရောက်သောအခါ-"ရှေး နှောင်တော်ဘုရားများသည် ဘိုးသွားမိဘဌာနရပ်စည် နေရင်း ပြည်သို့ကြွရောက်တော်မူသောအခါ ခမည်းတော်တို့၏ဆွမ်းဘော ဇဉ်ကိုသာ ဘုဉ်းပေးတော်မူသလော၊ သို့တည်းမဟုတ်အိမ်စဉ်လှည့် ပတ်ဆွမ်းတော်ရပ်၍ ဘုဉ်းပေးတော်မူသလော"ဟူ၍ ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့် ကြည့်ရှုတော်မူသည်။

ယင်းသို့ကြည့်ရှုတော်မူသောအခါ ရှေးနောင်တော်ဘုရားများသည် အိမ်စဉ်လှည့်ပတ်ဆွမ်းတော်ရပ်သော ပိဏ္ဍပတ်ဓုတင်ကျင့်ခြင်းကိုသာ မြင်တော်မူသောကြောင့် ငါဗုဒ္ဓမြတ်စွာသည်လည်း ရှေးနောင်တော်ဘုရားများနည်းတူ ပိဏ္ဍပါတ်ဓုတင် အကျင့်ကိုကျင့်ဆောင်တော့အံ့ဟု နှလုံးသွင်းတော်မူလျက် ဗုဒ္ဓမြတ်စွာသည် နောက်တော်ပါသံဃာနှစ်သောင်းနှင့်အတူ ကပိလဝတ်ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူလာလေသည်။

၇

တောင်ညာနန်းပျော် ရာဟုလမာတာသည်- "ရာဟုအဘေ ဗုဒ္ဓမြတ်စွာမှာ ရွှေနန်းတော်တွင် မိမိနှင့်အတူခံစားစဉ်က တန်ခိုးရှိ၏။ လောကအလယ်မှာ အလွန်တင့်တယ်၏။ ရာဟုလာကိုမွေးဖွားစကပင် မိမိကိုစွန့်ပစ်၍ ထွက်ခွာသွားခဲ့သည်၊ ယခုအခါခုနစ်နှစ်ပင်ကြာခဲ့ပြီ၊ ယခုမှပြန်လာခဲ့သည်၊ ရှေးအမူနှင့်ယခုအမူ တူမတူကြည့်ရပေတော့မည်"-ဟူ၍ နှုတ်ကပြောဆိုလျက် အမျိုးမျိုးဖီးလိမ်းပြင်ဆင်ကာ ဆွမ်းခံကြွလာမည့် ငယ်ကြင်မောင်တော်ဗုဒ္ဓမြတ်စွာကို စောင့်မျှော်နေလေသည်။

ကပိလဝတ်ပြည်သူပြည်သားများကလည်း- "သိဒ္ဓတ္ထမင်းသားသည် မင်းမျိုးမင်းနွယ်ကဖြစ်သည်။ ယခုအခါအမျိုးမြတ်ခြင်းကိုဖျက်ဆီးလျက် ယာခုကဲ့သို့အိမ်စဉ်လှည့်၍ တောင်းရမ်းစားသောက်နေပေသည်"-ဟူ၍ ဗုဒ္ဓမြတ်စွာအား ကဲ့ရဲ့စကားပြောဆိုရင်း ဗုဒ္ဓမြတ်စွာ ဆွမ်းခံကြွအလာက စောင့်မျှော်နေကြလေသည်။

ရာဟုလမာတာသည် ကပိလဝတ်ပြည်သူပြည်သားများက ဗုဒ္ဓမြတ်စွာအားကဲ့ရဲ့စကားပြောဆိုကြသည်ကို သိရသောအခါ ငယ်ကြင်ငယ်ချစ်ဖြစ်၍ ရှက်လှသည်၊ စိတ်လည်းနာလှသည်၊ ထို့ကြောင့်မွေးဘတော် သုဒ္ဓေါဒနမင်းကြီးထံ သားတော်သိဒ္ဓတ္ထမင်းသား အိမ်စဉ်လည်၍တောင်းရမ်းမစားရအောင် ကောင်းမွန်စွာလုပ်ကျွေးထားပါဟု သံတော်ဦးတင်ရန် မြင်းသည်တော်တယောက်ကို စေလွှတ်လိုက်လေသည်။

ဗုဒ္ဓမြတ်စွာသည် နောက်တော်ပါ သံဃာနှစ်သောင်းနှင့်အတူ နေအစင်းအသောင်းအထောင် တပြိုင်တည်းထွက်လာဘိသကဲ့သို့ စဉ်ကာစဉ်ကာ ကပိလဝတ်မြို့တွင်းသို့ တဖြေးဖြေးဆွမ်းခံကြွလာလျက်ရှိလေသည်။

နန်းမအလယ်တွင် သော်တာလမင်းထွန်းပသကဲ့သို့ တင့်တယ်လှသော ရာဟုလာမာတာသည် ဗုဒ္ဓ၏အံ့ဘွယ် ထူးခြားခြင်းအသွယ်သွယ်ကို အဝေးမှလှမ်းမျှော်၍ မြင်ရတွေ့ရသောအခါ ရွှေရင်တီးလျက် ချုံးချုံးချ၍ငိုကြွေးမိသည်။ သို့သော် ရာဟုလမာတာသည် ယင်းသို့ငိုကြွေးရခြင်းအတွက် ရှက်လည်းရှက် စိတ်ထဲကလည်း နာကျည်းနေပေသည်။

ဘခ်ိန်ကငှက်ပင်ဖြစ်စေ သစ်တကိုင်းလူ၊ တသိုက်မြုံ့တွင် တူစုံဘက်မျှ ဘဝဆုံးအောင် ပေါင်းသင်းခဲ့ကြသည်။ ယခုမူမိမိကို ရက်ရက်စက်စက် စွန့်ပစ်၍ထွက်ခွါသွားခဲ့သည်။

ဗုဒ္ဓမြတ်စွာသည် သိဒ္ဓတ္ထမင်းသားအဖြစ်ဖြင့် တန်ခိုးထွန်းပစဉ်က အရာရာသောမင်းတို့၏ ထိပ်ပန်မကိုဋ်သဘွယ်ဖြစ်ခဲ့သည်။ ယခုကဲ့သို့ထွက်ကြွသောအခါမျိုးတွင် အမျိုးမျိုးသော အဆောင်အယောင်များဖြင့် ထွက်ကြွစမြဲဖြစ်သည်။ ယခုမူရှေးကကဲ့သို့မဟုတ်

တော့ပေ၊ ရွှေနန်းတော်ကဆင်ပြင်လိုက်သော ဥသျှောင်ထုံးကိုပင် ဖြတ်တောက်ခဲ့လေပြီ။

ရာဟုလမာတာသည် သားငယ်ရာဟုလာကို ဆွမ်းခံကြွလာသောဗုဒ္ဓမြတ်စွာအား လက်ညှိုးညွှန်ပြရင်း-

"သားငယ်ရာဟု....မမြင်ဘူးလိုက်ရသောသားအဖေကို အားရအောင်ကြည့်လိုက်စမ်း၊ သားအဖေမှာသားကိုဖွားမြင်စကပင် မေမေနှင့်သားသားကို စိမ်းစိမ်းကားကားစွန့်ပစ်ထားခဲ့သည်။ ခုနစ်နှစ်တာပင်ကြာခဲ့ပြီ။ ယခုမှဗုဒ္ဓအဖြစ်နှင့် ကိုယ့်ရပ်ကိုယ့်ရွာပြန်လာပြီး ဆွမ်းခံကြွလာနေသူမှာ သားသားအဖေပါနော်။

သားငယ်ရာဟု.... ငါ့သားအဖေကိုကြည့်လိုက်စမ်း၊ သားအဖေ၏ယင်နာမည်မှာ သိဒ္ဓတ္ထဖြစ်သည်၊ တန်ခိုးကြီးသောမင်းမျိုးမင်းနွယ်က ဆင်းသက်လာသည့်မင်းသားဖြစ်သည်၊ သားအဖေကမွေးဖွားစကပင် မြောက်ဘက်သို့ခုနစ်လှမ်း လှမ်းသွားရင်း"ဘုံခန်းရပ်တွင်၊ ငါ့ပြင်မြတ်သူ၊ တလူမရှိ၊ တိလောကစုံ၊ အဟံသေဋ္ဌ၊ အတုလဟု"ကြိမ်းပ၍ ကြုံးဝါးစကားဆိုခဲ့သည်။ သားအဖေမွေးဖွားစက အမျိုးမျိုးသောနိမိတ်များ ထင်ရှားဖြစ်ပေါ်ခဲ့သည်၊ ထိုထိုသောစကြာဝဠာမှ နတ်ဗြဟ္မာများလာရောက်ပြီး သားအဖေကိုညွတ်တွားဦးနှိမ်ခဲ့ကြသည်။ သားအဖေ၏အခြေအစုံမှာ တရာ့ရှစ်ကွက် စက်လက္ခဏာပါသည်၊ ထူးခြားလှသောသားအဖေကို ငါ့သားကြည့်လိုက်စမ်း၊ သံဃာနှစ်သောင်းခြံရံပြီး ဆွမ်းခံကြွလာနေပြီငါ့သား၊ ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသော ဗုဒ္ဓမြတ်စွာကား သားအဖေပါနော်၊ သားအဖေကိုသားသားဦးချလိုက်ပါနော်"-ဟု ပြောပြနေလေသည်။

ရာဟုလမာတာစေလွှတ်လိုက်သောမြင်းသည်တော်သည်လည်း ဗုဒ္ဓမြတ်စွာ၏မွေးဘတော် သုဒ္ဓေါဒနမင်းထံရောက်ရှိကာ ရာဟုလမာတာ မှာကြားသကဲ့သို့ လျှောက်တင်လေသည်။

သုဒ္ဓေါဒနမင်းကြီးသည် မြင်းသည်တော်၏ လျှောက်တင်စကားကို ကြားသိရသောအခါ နှုတ်တော်မှ "ဖြစ်မှဖြစ်ရလေ"-ဟု ညည်းညူပြီး ဗုဒ္ဓမြတ်စွာဆွမ်းခံကြွလာရာသို့ အလျင်အမြန်သိုက်သွားကာ ဗုဒ္ဓမြတ်စွာ၏ ရှေ့တော်မှောက်တွင်ရပ်လျက်-"ကြုံရပလေ ငါ့သားရေ....ငါတို့အမျိုးမှာ ယခုကဲ့သို့ အိမ်စဉ်လည်၍ တောင်းစားရသူမရှိ၊ ငါ့သားတယောက်သာ မင်းမျိုးမင်းနွယ်သဘောကိုဖျက်ကာ အမျိုးကို အရှက်ခွဲနေသည်။ အိမ်စဉ်လည်၍ ဆွမ်းမခံပါနှင့်၊ ငါ့သားနှင့်ငါ့သားနောက်ကပါလာသောသံဃာနှစ်သောင်းကို အဖေကနေ့စဉ် ဆွမ်းလုပ်ကျွေးပါ့မယ်၊ အဖေ၏နန်းဦးပလ္လင်သို့ ယခုပင်လိုက်လာခဲ့ပါတော့"ဟုလျှောက်ထားရင်း ဗုဒ္ဓမြတ်စွာပိုက်ထားသော သပိတ်တော်ကို သုဒ္ဓေါဒနမင်းကြီးလှမ်းယူလေသည်။

ထိုအခါ၌ ဗုဒ္ဓမြတ်စွာသည် ခြေတော်အစုံကိုရပ်တန့်တော်မူလျက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို-

"တကာမင်းကျော်၊ ဘသုဒ္ဓေါ်.... နားစိုက်ထောင်လော့၊ ငါကားကပိလဝတ်ပြည်က ရမ္မ၊ သုဘ၊ သုရမ္မဟူသော ရွှေနန်းမသုံးဆောင်ကို အပြစ်မြင်၍တောထွက်ခဲ့သည်။

တကာမင်းကျော်၊ ဘသုဒ္ဓေါ်....ငါကား ယခုအခါ ဇာတိချုပ်ကာ သမ္ဗုဒ္ဓအစစ် ဖြစ်ခဲ့ပါပြီ၊ ခမည်းတော်နှင့်ငါကားတခြားစီဖြစ်ခဲ့ပြီ၊ ငါကား မာရ်ငါးပါးကို အောင်မြင်တော်မူသော

နောင်တော့နောင်တော် မြတ်ဘုရားတို့နှင့်သာ မဟာမိတ်ရင်းအစစ်ဖြစ်ခဲ့ပြီ၊ ငါကား ရှေးဘုရားများနှင့် သက်ဆိုင်ပေပြီ။

တကာမင်းကျော်၊ ဘသုဒ္ဓေါ .... နားစိုက်နာလော့၊ ဆွမ်းခံခြင်းသည် မြတ်သောအကျင့်ဖြစ်သည်၊ ဆွမ်းလောင်းလှူသောသူတို့မှာသည်း နတ်ရွာနိဗ္ဗာန်ရရန် ရောက်ရန်အတွက် အခြေခံမျိုးစေ့မှန်သည်၊ ထို့ကြောင့် ရှေးနောင်တော့နောင်တော် ဘုရားများ ဤဆွမ်းခံခြင်းအကျင့်ကို ကျင့်ကြစမြဲဖြစ်သည်။ ငါလည်း နောင်တော့နောင်တော် ဘုရားများနည်းတူ ဆွမ်းခံခြင်းအကျင့်ကို ကျင့်ရပေသည်"ဟု ဟောကြားတော်မူသေရာ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးမှာ သောတာပန်အရိယာ ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ဆွမ်းအလှူခံ နန်းတော်သို့ကြွရောက်ပါရန် အကြိမ်ကြိမ် လျှောက်ထားတောင်းပန်သောကြောင့် နောက်တော်ပါ သံဃာနှစ်သောင်းနှင့်အတူ နန်းတော်သို့ကြွတော်မူလေသည်။ နန်းတော်သို့ရောက်သောအခါ ဗုဒ္ဓမြတ်စွာသည် ရွှေနန်းတော်ပလ္လင်ထက်တွင် သပ္ပါယ်စွာစံနေတော်မူလေသည်။ မိထွေးတော်ဂေါတမီ၊ သာကီဝင်မင်းသားမင်းသမီးအပေါင်းနှင့်တကွ မှူးမတ်၊ ပရိသတ် ဆွေတော်မျိုးတော်အစုံအလင် နန်းတော်သို့ စုဝေးလာရောက်ကြလေသည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာအားမွန်မြတ်သော ဘောဇဉ်ချိုချဉ်များဖြင့် ဆွမ်းလုပ်ကျွေးတော်မူသည်။ဆွမ်းစားပြီးသောအခါ ဗုဒ္ဓမြတ်စွာသည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကို အမှူးထား၍ လာရောက်ကြသော ဆွေမျိုးအပေါင်းတို့အား တရားရေအေးတိုက်ကျွေးတော်မူသည်။ဗုဒ္ဓမြတ်စွာ၏တရား

တော်အဆုံးတွင် ဗုဒ္ဓကိုသားအရင်းတမျှ ကျွေးမွေးခဲ့သောမိထွေးတော်ဂေါတမီသည် သောတာပန်အရိယာဖြစ်လေသည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးမှာကား သကဒါဂါမ်အရိယာအဆင့်သို့ ဒုတိယအကြိမ်ရောက်ရှိလေသည်။

ဗုဒ္ဓမြတ်စွာသည် ခမည်းတော်၊ မိထွေးတော်နှင့် သာကီဝင်မင်းသားမင်းသမီးအပေါင်းတို့အား တရားရေအေးတိုက်ကျွေး၍ ပြီးဆုံးသောအခါ ရွှေနန်းတော်ပလ္လင်ထက်တွင်ပင် ဆက်လက်သီတင်းသုံးနေတော်မူသည်။

ဗုဒ္ဓမြတ်စွာ ရွှေနန်းတော်ပလ္လင်ထက်တွင် သီတင်းသုံးနေတော်မူခိုက် ခမည်းတော်၊ မိထွေးတော်၊ ဆွေတော်မျိုးတော်အပေါင်းတို့မှာ ဗုဒ္ဓမြတ်စွာနန်းတော်ကိုစွန့်ခွာ၍ တောထွက်ခဲ့ပုံမှအစ ဗုဒ္ဓမြတ်စွာ၏ သုခဒုက္ခအစုံကို ဗုဒ္ဓမြတ်စွာအားမေးမြန်းလျှောက်ထားကြရင်း ရှေးဖြစ်နောက်ကြောင်းများကို ပြန်ပြောင်းပြောဆိုနေကြလေသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်လည်း ဗုဒ္ဓမြတ်စွာနန်းမတော်ကိုစွန့်ခွာ၍တောထွက်သွားခဲ့စဉ်က ဗုဒ္ဓမြတ်စွာနှင့်စပ်လျဉ်း၍ ကြားသိခဲ့ရသော သတင်းစကားတခုကို ဗုဒ္ဓမြတ်စွာအားလျှောက်ထားလေသည်။

"အရှင်မြတ်ဘုရား....အရှင်ဘုရားတောထွက်သွားခဲ့စဉ်ကအရှင်ဘုရားမှာ အစာရေစာငတ်မွတ်သဖြင့် သေလွန်ရပြီဟု ခမည်းတော်ထံလှည့်ဖြားပြီး လာပြောသူများရှိခဲ့ပါသည်၊ သို့သော်ခမည်းတော်မယုံကြည်ခဲ့ပါ"ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာက-

"ဘဘ္ဒားရာဇာ၊ ငါ့တကာ....ယခုအခါသာ ငါ့သားဘုရားမ သေဘဲလျက် သေပြီဟု လှည့်ဖြားကာပြောလှာသူကို ခမည်းတော် မယုံကြည်ခဲ့သည်မဟုတ်ပါ။ နောင်ဘဝတခုတွင်လည်း ယခုကဲ့သို့ ပင်လှည့်ဖြားပြောလှာသည်ကို ခမည်းတော်မယုံကြည်ခဲ့ဘူးပါ"ဟု နောက်ကြောင်းဇာတ်လမ်းတခုကို ဟောပြောတော်မူသည်။

"ဘဘ္ဒားရာဇာ၊ ငါ့တကာ....နားစိုက်ထောင်လော့-"

ရှေးအခါက ဓမ္မမည်သော ရွာတရွာရှိသည်။ ယင်းရွာမှရွာသူ ကြီးမှာ သားတယောက်ရှိသည်။ ဓမ္မရွာသူကြီးသားသည် တဆယ့် ငါးနှစ်အရွယ်တွင် တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခဆရာအထံ မှာ ပညာသွားသင်သည်။ ဓမ္မရွာသူကြီးသား ပညာသင်ကြားနေ ချိန်တွင် ဒိသာပါမောက္ခဆရာကြီး၏ သားငယ်မှာ ကွယ်လွန်လေ သည်။ ဒိသာပါမောက္ခဆရာကြီးနှင့် ဆွေမျိုးအများမှာ ခါတိုင်း ကဲ့သို့ပင်လုံးဝငိုကြွေးပူဆွေးခြင်း မရှိချေ။

ထို့ကြောင့်ဒိသာပါမောက္ခဆရာကြီးက ဓမ္မရွာသူကြီးသားကို "ယခုကဲ့သို့ငါ့ဆရာ သားတယောက် သေဆုံးနေပါလျက် အဘယ့် ကြောင့်သင်မငိုကြွေးသနည်း"ဟု မေးလေသည်။

ဓမ္မရွာသူကြီးသားက- "ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့နယ် မြေမှာ ယခုကဲ့သို့အသက်အရွယ်ငယ်ငယ်နှင့် သေဆုံးရိုးထုံးစံမရှိ၊ အသက်အရွယ်ကြီးရင့်မှသာ သေဆုံးကြမြဲဖြစ်သည်၊ ထို့ကြောင့် ကျွန်တော်မငိုရခြင်းပါ"-ဟု ပြန်ပြောလေသည်။

ဒိသာပါမောက္ခဆရာကြီးက—

"သေခြင်းမည်သည် ကြီးသည်ငယ်သည်မရွေးမသေနိုင်ကြောင်း သင့်စကားကို ငါမယုံကြည်နိုင်ကြောင်း"ပြောလေသည်။

မမ္ဗရှာသူကြီးသားက-

"ဆရာကြီး.... ဆရာကြီးကျွန်တော့်စကားကို မယုံကြည်လျှင် ကျွန်တော်တို့မမ္ဗရှာကို သွားရောက်ပြီးစုံစမ်းနိုင်ကြောင်း" ပြောပြလေသည်။

ထို့ကြောင့် ဒိသာပါမောက္ခဆရာကြီးသည် ဆိုတ်ဖြူရိုးတံချောင်းကိုယူကာ မမ္ဗရှာသူကြီးထံသို့သွားလေသည်။ မမ္ဗရှာသူကြီးထံသို့ရောက်သောအခါ ဒိသာပါမောက္ခဆရာကြီးက-

"ရှာသူကြီး....ရှာသူကြီးသားငယ်မှာ သေဆုံးရှာပြီ၊ ယခုငါယူလာသောအရိုးမှာ သင့်သားငယ်၏ အရိုးဖြစ်သည်"-ဟုပြောလေသည်။

မမ္ဗရှာသူကြီးကပြုံးပြုံးရွှင်ရွှင်ပင်-

"ဆရာကြီး.... ယခုဆရာကြီးပြောသောစကားမှာ မုသားသာဖြစ်သည်၊ ဆရာကြီးစကားကိုကျွန်တော်တို့ မယုံကြည်နိုင်၊ ကျွန်တော်တို့နယ်မြေမှာ ယခုကဲ့သို့ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးရိုးထုံးစံမရှိ၊ အသက်အရွယ်ကြီးရင့်မှသာ သေကြရသည်"ဟု ပြန်ပြောလေသည်။

မမ္ဗရှာသူကြီးစကားကို ကြားရသောအခါ ဒိသာပါမောက္ခဆရာကြီးသည်၊ မိမိလိမ်လည်ပြောဆိုမှုကို သံဝေဂရကာ-

"မမ္ဗရှာသူကြီး.... ယခုငါပြောသောစကားသည် သင်ပြောသကဲ့သို့ပင် မုသားစကားအမှန်ဖြစ်ပါသည်၊ လှည့်ဖြားပြောဆိုခြင်းသာဖြစ်ပါသည်၊ အမှန်ကားသင်၏သားငယ်မှာ မသေသေးပါ၊ ယခုငါယူလာသောအရိုးမှာလည်း သင့်သားငယ်အရိုးမဟုတ်ပါ၊ ဆိတ်ဖြူရိုးသာဖြစ်သည်"ဟု အမှန်အတိုင်း ဖွင့်ထုတ်ပြောပြလေသည်။

ဒိသာပါမောက္ခဆရာကြီးကပင် ဆက်လက်၍-

"ဓမ္မရှာသူကြီး....မေးပါရစေ၊ သင်တို့ရွာ သင်တို့နယ်မြေမှာ ယခုကဲ့သို့ ငယ်ငယ်ရွယ်ရွယ်နှင့် မသေမပျောက်ရဘဲ အသက်အရွယ်ကြီးရင့်မှသာသေဆုံးရခြင်းမှာ မည်သည့်အတတ်ပညာကြောင့်ပါနည်း"-ဟု မေးမြန်းလေသည်။

ဓမ္မရှာသူကြီးက-

"ဒိသာပါမောက္ခဆရာကြီး.... 'ဓမ္မောဟဝေရက္ခတိဓမ္မစာရိ'ဟု တရားရှိပါသည်။ တရားကိုစောင့်သောသူကို တရားကပြန်လည်စောင့်တတ်ပါသည်၊ ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့နယ်မြေသားတို့မှာ တရားကိုစောင့်ကြပါသည်။ သူ့အသက်ကိုမသတ်ကြပါ၊ သူ့ဥစ္စာကို မခိုးယူကြပါ၊ သူတပါးအိမ်ရာကို မကျူးလွန်ကြပါ၊အရက်သေစာမသောက်မစားကြပါ၊ ငါးပါးသီလကိုလုံခြုံကြပါသည်၊ ထို့ကြောင့် ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့နယ်မြေသားအားလုံးတို့မှာ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မသေမပျောက်ကြရဘဲ အသက်ကြီးရင့်မှသာ သေဆုံးကြရပါသည်၊ ဥပဒ္ဒေဝက ကံနှင့်လည်း သေရခြင်းလုံးဝမရှိပါ"ဟု ပြောပြလေသည်။

ဒိသာပါမောက္ခဆရာကြီးသည် ဓမ္မရှာသူကြီး၏တရားစကားကို ကြားနာရသောအခါ တရားသဘောတွင်အလွန်ကြည်နူးနေလေသည်။ တရားနှင့်အညီကျင့်ဆောင်လိုစိတ်လည်း ဖြစ်ပေါ်နေလေသည်။

ထို့ကြောင့် ဒိသာပါမောက္ခဆရာကြီးသည် ဓမ္မရှာသူကြီးထံမှ ငါးပါးသီလကိုသင်ယူကာ မိမိတက္ကသိုလ်ပြည်သို့ ပြန်လာခဲ့လေသည်။

"တကာတော်မင်းမြတ်… နားစိုက်ထောင်လော့။ ယခုငါဘုရားဟောကြားခဲ့သည့် ဒီသာပါမောက္ခဆရာကြီးကား ယခုဘဝမှာ ငါဘုရား၏လက်ျာတော်ရံ အရှင်သာရိပုတ္တရာဖြစ်သည်၊ ဓမ္မရွာသူကြီးသားကား ယခုဘဝမှာ ငါဘုရားဖြစ်သည်၊ဓမ္မရွာသူကြီးကား ယခုဘဝမှာ သင်ခမည်းတော် သုဒ္ဓေါဒနမင်းကြီးပင်ဖြစ်သည်"-ဟု ဇာတ်ကိုပေါင်းလျက် တရားတော်ကိုအဆုံးသတ်လေသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏တရားစကားကို ကြားနာရသောအခါ ဤကဲ့သို့သော သားကောင်းသားမြတ်ကို မွေးရကျိုးနပ်ပေသည်ဟု ဝမ်းမြောက်စိတ်များအဆင့်ဆင့်ဖြစ်ပေါ်ကာ အနာဂါမ်အရိယာအဆင့်သို့ တတိယအကြိမ်ရောက်ရှိလေသည်။

ဗုဒ္ဓမြတ်စွာသည် ရွှေနန်းတော်ပလ္လင်ထက်တွင် သီတင်းသုံးနေထိုင်ရင်း ခမည်းတော်၊ မိထွေးတော်၊ ဆွေတော်မျိုးတော်အပေါင်းတို့အား တရားစကားဟောကြားပြသနေလေရာ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးမှာ သားမျက်နှာတော်ကို ဖူးမြော်လျက်လွန်မင်းစွာ ပီတိဖြစ်နေလေသည်။ ကြားနာရခဲ့သော တရားစကားများကို ကြားနာရသည်အတွက် အကြည်နူးကြီးကြည်နူးနေသေလည်း။

သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏တရားတော်များမှာ အလွန်ကြားရခဲ၊ နာရခဲသော တရားတော်များဖြစ်၍ ချွေးမတော် ရာဟုလမာတာကိုလည်း ကြားစေချင် နာစေချင်သည်။

ထို့ကြောင့် ဘုရင်သုဒ္ဓေါဒနမင်းကြီးသည် ရာဟုလမာတာကို ခေါ်ဆောင်ရန် မြင်းသည်တော်များကို စေလွှတ်လိုက်လေ

သည်၊ မြင်းသည်တော်များသည် ဘုရင်သုဒ္ဓေါဒန၏အမိန့်စကား ကြောင့် မြင်းကိုအမြန်ဆုံးမောင်းနှင်ကာ ရာဟုလမာတာထံသို့ သွားရောက်ကြလေသည်။

မြင်းသည်တော်များသည် ရာဟုလမာတာအထံသို့ ရောက်သော အခါ

"သခင်မ.... နားထောင်တော်မူပါ၊ သခင်မ၏အရှင် သိဒ္ဓတ္ထ မင်းသားသည် ပြည်ရွာကိုစွန့်၍တောထွက်ခဲ့သည်မှာ ခုနစ်နှစ်တာ ကြာခဲ့ပြီ၊ ယခုအခါဗုဒ္ဓဘွဲ့ကိုခံယူကာ အသက်မသေဘဲ နန်းတော် တွင်းသို့ရောက်ရှိနေပါသည်၊ ရွှေနန်းတော်ပလ္လင်ထက်တွင် သီတင်း သုံးရင်း ခမည်းတော်၊ မိထွေးတော်ဂေါတမီနှင့်တကွ ဆွေတော် မျိုးတော်အပေါင်းကို တရားရေအေး တိုက်ကျွေးလျက် ရှိနေပါ သည်၊ ဗုဒ္ဓမြတ်စွာ၏တရားတော်သည် အလွန်ကြားရခဲ၊ နာရခဲ ပါသည်။ ဗုဒ္ဓမြတ်စွာ၏တရားတော်ကို ဆွေတော်မျိုးတော်များ နှင့်အတူ သိုက်သိုက်ဝန်းဝန်း သခင်မ ကြားနာနိုင်အောင် ခမည်း တော်သုဒ္ဓေါဒနမင်းကြီးက သခင်မကိုအခေါ်လွှတ်သဖြင့် ကျွန် တော်များလာခဲ့ရပါကြောင်း" လျှောက်ထားလေသည်။

ရာဟုလမာတာသည် မြင်းသည်တော်များလျှောက်တင်စကား ကို ကြားရသောအခါ နေထိသောကြာပန်းကဲ့သို့ အညှိုးနွမ်းကြီး ညှိုးနွမ်းလျက်-

"မြင်းသည်တော်တို့.... သခင်မ၏အပူမီးမှာ မြင့်မိုရ်မကကြီး မားလှပါသည်၊ သခင်မ၏အပူမီးကို တိုင်းသူပြည်သားအားလုံး သိကြပါသည်၊ သခင်မပူရသမျှကို မောင်တော်ဘုရားကို မည်သူ မျှမပြောပြကြဘူးလား။

မြင်းသည်တော်တို့.... မောင်တော်ဘုရားနှင့် သခင်မတို့မှာ စုလျားရစ်ပတ်ထိမ်းမြားသည့် နေ့ကစ၍ သခင်မကမောင်တော် ဘုရားကို အသက်မကမြတ်နိုးခဲ့ပါသည်၊ မောင်တော်ဘုရားက တော့ သခင်မပေါ်မှာ ချစ်ခြင်းမေတ္တာ ရက်ရက်စက်စက်ဖြတ် တောက်ပြီး တရွာရပ်မြေမှာ ခွဲခွာနေထိုင်ခဲ့ပါသည်။ ခုနစ်နှစ်တာ ကာလပင်ရှိခဲ့ပါပြီ၊ မွေးရပ်မွေးမြေကို အသက်မသေဘဲပြန်လာ ပြန်တော့လည်း အဖေ့အိမ်ကိုသာဦးတည်သွားပြီး နေခဲ့ပါသည်။

မြင်းသည်တော်တို့.... သခင်မမှာမောင်တော်ဘုရားကို အရှင်ပ မာ၊ ဆရာတဖုမှတ်ထင်ခဲ့ပါသည်။ မောင်တော်ဘုရားကတော့ သခင်မအပေါ်မှာ အသနားမဖက် စာနာခြင်းတရားမဲ့ပြီး သူ့ရွာ တိုင်းမြေမှာ ကြာမြင့်အောင်နေထိုင်ခဲ့ပါသည်၊ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်လာပြန်တော့လည်း မောင်တော်ဘုရားမှာ တစိမ်းသွေ့ သည်ပမာ သခင်မထံမလာမရောက်နိုင်ပါကလား။

မြင်းသည်တော်တို့.... မောင်တော်ဘုရားမှာ ရှေးအခါကလို သခင်မအပေါ်မှာ သစ္စာမြဲသေးပါက အပူမီးကြီးရသာ သခင်မ နှင့် သားငယ်ရာဟုလာထံ မောင်တော်ဘုရားကိုယ်တော်တိုင်လာ ပေလိမ့်မပေါ့။

မြင်းသည်တော်တို့....သခင်မအနေဖြင့် နန်းကဆင်းပြီးမောင် တော်ဘုရားကိုသွားတွေ့ရမှာ ရှက်စရာကောင်းလှပါသည်၊ မောင် တော်ဘုရားကိုသွားမတွေ့ပါရစေနဲ့တော့၊ သခင်မမှာ မိုးလည်းတ ထွေ၊ လေလည်းတနည်း၊ မန်ကျီးတလှည့်၊ ဘီးတလှည့် ဆိုဘိသ ကဲ့သို့ ဘဝများစွာတွင် မောင်တော်ဘုရားမှာ သခင်မ၏ကျေးဇူး များစွာကို ထောက်ထားကောင်းပါရဲ့၊ သခင်မ မလိုက်ပါရစေနဲ့ တော့"-ဟု မြင်းသည်တော်တို့အား မှာကြားပြောဆိုလေသည်။

မြင်းသည်တော်တို့သည် ရာဟုလမာတာထံမှ ပြန်လာကြကာ ရာဟုလမာတာလိုက်မလာသဖြင့် မှာကြားလိုက်သောစကားများ ကသာ သုဒ္ဓေါဒနမင်းကြီးအား လျှောက်တင်ကြလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာထံမှောက်သို့ ရာဟုလမာတာ မလာမရောက်နိုင်ကြောင်း သိရသောအခါ ဗုဒ္ဓမြတ်စွာအနားသို့ ချဉ်းကပ်လျက်-

"သားတော်ဘုရား.... သားတော်ဘုရားမှာမူကား မာရ်ငါးပါးကိုအောင်မြင်၍၊ လောကဝဋ်အတွင်းမှ လွတ်ခဲ့ပါပြီ၊ သားတော်ဘုရား၏နှမတော် ရာဟုလမာတာမှာမူကား သားတော်ဘုရားတောထွက်သွားသောနေ့ကစ၍ စိတ်ချမ်းမြေ့ခြင်းမရှိခဲ့ရပါ၊ သားတော်ဘုရား၏ သတင်းများကိုသာ အမြဲတန်းနားစိုက်နေရှာပါသည်။ သားတော်ဘုရားမြင့်မြတ်သော နေရာများကိုပယ်သည်ဟု သိရသောအခါ ရာဟုလမာတာမှာလည်း သားဘုရားကဲ့သို့ပင် မြင့်မြတ်သောနေရာကို ပယ်ရှားပါသည်။ သားတော်ဘုရားပန်းနံ့သာများကို စွန့်ပယ်လိုက်ပြီဟု သိရသောအခါတွင်လည်း သားတော်ကဲ့သို့ပင် ပန်းနံ့သာများကို စွန့်ပယ်ခဲ့ပါသည်၊ သားတော်ဘုရားရွှေနန်းတော်မှာ ဆင်မြန်းနေကျ ဝတ်လဲတော်များကိုစွန့်ပယ်၍ ဖန်ရည်ဆိုးသောအဝတ်များကို ဆင်မြန်းလိုက်ပြီဟုသိရသောအခါမှာလည်းချွေးမတော်ရာဟုလမာတာမှာအဝါရောင်အဝတ်တန်ဆာများကို ဝတ်ဆင်ခဲ့ပါသည်၊ ချွေးမတော်ရာဟုလမာတာမှာ သားဘုရားအတွက်ပူဆွေးရသမျှကို သားငယ်ရာဟုလမျက်နှာကိုကြည့်၍ နှစ်သိမ့်ရှာပါသည်၊ ချွေးမတော်ရာဟုလမာတာ သားတော်ဘုရားထံ မလာမရောက်ခြင်းမှာ ရွှေစိတ်တော်မဆေးခြင်းကြောင့်သာ ဖြစ်ရှာပါလိမ့်မည်၊ သားတော်ဘုရားကိုချွေးမ

တော်က အဆောင်တော်က စောင့်မျှော်နေရှာသဲပါ၊ သားတော်ဘုရားက ချွေးမတော်ထံကြွရောက်ပါလျှင် ချွေးမတော်ရာဟုလမာတာ၏ စိတ်နှလုံးမှာ ပီတိဖုံး၍ ရွှင်ပြုံးနိုင်ပါလိမ့်မည် သားတော်ဘုရား"-ဟူ၍ လျှောက်ထားလေသည်။

၈

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ဗုဒ္ဓမြတ်စွာအား ရာဟုလမာတာစံနန်းသို့ ကြွရောက်တော်မူရန် လျှောက်ထားသောအခါ ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာစံနန်းသို့ ကြွတော်မူရန်အတွက် လက်ျာတော်ရံ အရှင်သာရိပုတ္တာရာနှင့် လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်တို့ကို ဤသို့မိန့်ကြားတော်မူသည်။

"အရှင်နှစ်ပါး ငါ့ချစ်သားတို့....များစွာဘဝ၊ ငါ့ခြေရင်းတွင်၊ မှီခိုဝင်၍၊ မြဲပင်လုပ်ကျွေး၊ လွန်မြတ်လေးသည်၊ ကြင်ရှေးလောင်းလျှ၊ .လေးတော်ရသည့်၊ ဘဝလေးခါ၊ အမရာမဒ္ဒီ၊ ကိန္နရီနှင့်၊ ချုပြီဘဝ၊ လမ်းဆုံးကျလျက်၊ ရွှေနန်းတက်သည်၊ ဘွားဘက်မှန်လှ၊နှမမျိုးနွယ်၊ ရာဟုလမယ်သည်၊ ပူလွယ်ကြီးလှ ငါ့ကိုတ၍၊ ကာလရှည်ကြာ၊ လွမ်းဗျာဒုက္ခ၊ ရှိသမျှကို သုခမြိုက်အေး၊ တိုက်ကျွေးလို့ငှာ၊ ငါမြတ်စွာသည်၊ လူခါသော်ဝယ်၊ ရာဟုမယ်နှင့်၊ စမွယ်ဘူးလက်၊ နန်းပြာသာဒ်သို့၊ စက်ပြတ်ဘဝါး၊ ငါကြွသွားမည်၊ ချစ်သားတို့မှာ၊ လက်ျာလက်ဝဲ၊ အမြဲရံခြ၊ လိုက်ကုန်ကြလော၊ တမေယသော်၊ သားတော်ရယူ၊သွားမြူခါစ၊ ငါထွက်ကြသည်၊ ကာလသက္ကရာဇ်၊ ခုနစ်နှစ်သည်၊ ထွက်စစ်ကြာမှ၊ မြတ်

စွာရှင်ချစ်၊ ဖြစ်၍ရောက်လာ၊ ငါတို့သာလျှင်၊ ကြင်နာပျော်၊ မိယသော်သည့် ဖူးမြှော်ရငြား၊ ငါ့ခြေဖျားတို့၊ အသားနှင့်မျှ မထိရလျှင်၊ ဘဝပြက်ပြုန်း၊ နိဗ္ဗာန်ဆုံးသည်၊ ရှုံးတော့မည် ကြောင့် မြေတည်ရမြောက်၊ နိဗ္ဗာန်ရောက်အောင်၊ ထောက် မလိုက်ငြား၊ ငါဘုရားကြောင့် သားရာဟုလမယ်၊ ပူလွယ်ကြီးလှ ကရုဏာဒေါသော၊ ပြောပြောဆိုဆို၊ ငိုငိုရယ်ရယ်၊ ရာဟုလမယ် ကို၊ ဘယ့်နှယ်ဘယ်သို့၊ မဆိုမြို့နှင့်၊ သင်တို့ငြိမ်စေ၊ ဆိတ်ဆိတ်နေ လော၊ ရွှေဘုံနန်းခွင်၊ သမန်းပျဉ်ထက်၊ ဦးတင်သကြိန်၊ ဘိသိတ် ခံ၍၊ စံကြသည်၊ ရာဟုမိခင်၊ ငါရှင်ပင်ကို၊ ဤစင်သံချို၊ ဖွံ့ဖွံ့ ဆို၍၊ မငိုရလျှင်၊ သောကလှိုက်လှဲ့၊ နှလုံးကွဲသည်၊ လဲ၍မတန်၊ သေမည်မှန်၍၊ ဘုံပျံနန်းခွင်၊ ဘိသိတ်ဆင်၍၊ ငယ်ကြင်မှန်သူ၊ သားဖြစ်မိခင်၊ ကုန်စင်သံချို၊ စိတ်ရှိဆို၍၊ ငိုပါစေလေ၊ စိတ်ပြေ လက်ပြေ၊ ငိုပေရမှ၊ သောကပျောက်ပြေ၊ ရာဟုလမေသည်၊ ကေန် မုချ၊ သည်ဘဝတွင်၊ မောဟကုန်စင်၊ နိဗ္ဗာန်မြင်လိမ့်၊ ငါ့ရှင် ချစ်သား၊ ရဟန်းများတို့....”

ဗုဒ္ဓမြတ်စွာသည် ယင်းသို့လျှင် အရှင်သာရိပုတ္တရာနှင့် အရှင် မောဂ္ဂလာန်မထေရ်နှစ်ပါးကို ရာဟုလမာတာစံနန်းတော်သို့ ကြွ ရောက်ရန်အတွက် မိန့်ကြားတော်မူပြီးသောအခါ ယင်းအရှင် နှစ်ပါးအပြင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကိုပါ နောက်တော် က ခေါ်ဆောင်လျက် ရာဟုလမာတာစံနန်းကို ကြွချီတော်မူလေ သည်။

ဗုဒ္ဓမြတ်စွာ နန်းတော်သို့ ကြွတော်မူသောအခါ နန်းတော် တွင်းရှိ မောင်းမမိဿံ့ချွေရံအပေါင်းတို့သည် ဗုဒ္ဓမြတ်စွာအထံ တော်သို့ စုရုံးလာရောက်ကြလေသည်။ နန်းတော်တခုလုံးမှာလည်း

ဗုဒ္ဓမြတ်စွာကြွတော်မူလာသဖြင့် ဝမ်းသာဝမ်းနည်းဖြစ်၍ ငိုကြွေးသံများ၊ ဗုဒ္ဓမြတ်စွာနန်းတော်သို့ ကြွရောက်နေပြီ ဖြစ်ကြောင်းကို တဦးနှင့်တဦးလှမ်းပြောသံများ၊ လှမ်းခေါ်သံများဖြင့် ဆူညံနေလေသည်။

ဗုဒ္ဓမြတ်စွာသည် နန်းတော်သို့ ရောက်သောအခါ လူ့ဘဝတုန်းက စံတော်မူခဲ့သော သဠ္ဌာလီထက်သို့ ကြွချီတော်မူလျက် တင့်တယ်စွာ သီတင်းသုံးတော်မူလေသည်။ ဗုဒ္ဓမြတ်စွာနန်းတော်အတွင်းမှာ သီတင်းသုံးနေတော်မူသောအခါ ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာ၏ ခြေတော်ကို ပြေးဖက်လျက် လွမ်းခဲ့ရ၊ဆွေးခဲ့ရသမျှကို အစအဆုံးပင် မလျှောက်တင်နိုင်ဘဲ ငိုကြွေးလေသည်။

ရာဟုလာမာတာသည် ငိုကြွေးရင်း ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို မိမိမျက်နှာဖြင့် ထိကာကပ်ကာ ထိသုံးတန်ဖြင့် ကန်တော့လေသည်။

ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာကို ကန်တော့ပြီးသောအခါ ဗုဒ္ဓမြတ်စွာကြောင့် ပူးဆွေးခဲ့ရသမျှကို စိကာစဉ်သာ ဤသို့ ငိုကြွေးလျှောက်တင်ပြန်သည်။

"အရှင်မြတ်ဘုရား....အရှင်မြတ်ကား တပည့်တော်မ သားငယ်ရာဟုလာကို ဖွားမြင်စကပင် ဤရွှေနန်းဘုံက ထွက်သွားခဲ့ပါသည်။ တပည့်တော်မမှာ အားကိုးရာမဲ့ ဖြစ်ခဲ့ရပါသည်၊ အရှင်ဘုရားကြောင့် တပည့်တော်မ လွမ်းခဲ့ရဆွေးခဲ့ရပါသည်။ တပည့်တော်မ လွမ်းခဲ့ရသမျှ၊ ဆွေးခဲ့ရသမျှကို တပည့်တော်မမှာ ဖွင့်ပြောခွင့် မရဘဲ၊ မျိုသိပ်ထားခဲ့ရပါသည်။ ယခုမှအကုန်အစင် လျှောက်တင်ပါရစေ အရှင်မြတ်စွာဘုရား...."။

အရှင်မြတ်ဘုရား….အရှင်မြတ်နှင့် တပည့်တော်မတို့ ထီးစဥ်နန်းမျှော် မယ်တော်သခင် နှစ်ပါးရှင်တို့က မြှော်မြင်နိုင်းဆပြီး ကပိလမှာ နှမနှင့်မောင် စိုးဆောင်မပြတ် စုလျားရစ်ပတ်ပေးခဲ့ပါသည်။ မြတ်ဦးတင်ရိပ်၊ အောင်ညာထိပ်မှာ ဘိသိတ်တော်ပွဲ တူစုံနွဲ့စေခဲ့ပါသည်။

"အရှင်မြတ်ဘုရား….အရှင်မြတ်နှင့် တပည့်တော်မမှာ အမြဲမတွေ့ သက်ချင်းဝေပြီး မင်းနေ့ဌာန ကပိလမှာ မြဲစိတ်တလိုနန်းမြင့်ဘုံ ထက် နေဥက္ကာဂူ စံရတော်မူသောအခါက- အရှင်ဘုရားကို မယ်လူဝပ်ညောင်း လက်ရုံပျောင်း၍ ဖယောင်းတန်ဆောင်မီးရောင်ပူဇော် ဝတ်လဲတော်နှင့် ပွဲတော်ဆက်သ ခဲ့ပါသည်။ ညအခါမှာလည်း အရှင်မြတ်၏ ခြေတော်အစုံကို ဆေးကြောပေးခဲ့ရပါသည်။ ရွှေခွက်မွှေးနှင့် ရေအေးမပြတ် ဆက်သပေးခဲ့ရပါသည်။ နံနက်အခါမှာလည်း မျက်နှာတော် ရေနှင့် သောက်တော်ရေများ အမြဲမပြတ် ဆက်သခဲ့ပါသည်။

အရှင်မြတ်ဘုရား….တပည့်တော် မဟာ အရှင်မြတ်၏ မိခင်လည်းရ၊ နှမလည်းပါ၊ဝတ်တရားရှိရာကို ကျေပြွန်အောင် ပြုခဲ့ရသူပါ….

အရှင်မြတ်ဘုရား….အရှင်မြတ်မှာမူကား တပည့်တော်မအား ဘယ်အကြောင်းမျှ မပြောမပြဘဲ နန်းတော်မှ တိတ်တဆိတ်ခွာသွားနိုင်ခဲ့ပါသည်။ အရှင်မြတ်ဘုရား ထွက်ကြွသွားသောအခါ တပည့်တော်မမှာ အားကိုးရာမဲ့ ခဲ့ရပါသည်။ မုဆိုးမဘဝ၏ ခံစားမှုကို သိခဲ့ရပါသည်။ အရွယ်မရောက်သေးသော သားငယ်ရာဟုလာ ကြည့်ကြည့်ပြီး သားငယ်အတွက် မျက်ရည်ကျခဲ့ရပါသည်။

အရှင်မြတ်ဘုရား....အရှင်မြတ်ထွက်ကြွသွားသောအခါ အရှင်မြတ်ကို တနေ့တွေ့ရလေနိုးမျှော်ကိုး၍ စောင့်မြှော်ခဲ့ပါသည်၊ အရှင်မြတ်ကား မပေါ်လာခဲ့ပါ၊ ဘုရားဆက်တော်မြင်းသည်ကျော် မောင်ဆန္ဒသာ တောထဲမှပြန်ရောက်လာခဲ့ပါသည်။ မောင်ဆန္ဒ ပြောပြသဖြင့် ခန္တကမြင်းတော်မှာ ကြင်နာချစ်ခင်၊ သူ့သခင်ကို၊ မမြင်မျက်ခြေ၊ ကွဲရလေဟု၊ ဆွတ်ကြွေလိုက်လှဲ၊ နှလုံးကွဲ၍၊သေဆုံးရသည့်အကြောင်း နော်မာယပုံ၊ သဲသောင်ခုံမှာ၊ မြုပ်နှံခဲ့ရသည့် အကြောင်းများကို တပည့်တော်မ သိခဲ့ရပါသည်။

အရှင်မြတ်ဘုရား....မောင်ဆန္ဒက သိဒ္ဓတ္ထမင်းသား ယခုကဲ့သို့ တောထွက်လာခြင်းမှာ မည်သူ့အပေါ် မကျေနပ်ခြင်းကြောင့်ဟု သူကိုယ်တိုင်မသိဟုဆိုပါသည်၊ သို့သော်အရှင်မြတ်၏ ကေရှင်ပြုလုံး၊ ရွှေရောင်ထုံးကို လက်သုံးတော်ဓါးနှင့်ဖြတ်၍ မြှောက်လိုက်သောအခါ ကောင်းကင်ယံမှာ ပန်းဆိုင်ဆွဲသကဲ့သို့ ဆွဲနေခဲ့သည့်အကြောင်း၊ ပြဟ္မာမင်းလှူဒါန်းသော ကြာသင်္ကန်းကို အရှင်မြတ်ကအားရရွှင်လန်းစွာ ဝတ်ဆင်လိုက်သည့် အကြောင်းများကို မောင်ဆန္ဒကပြောပြသဖြင့် တပည့်တော်မ သိခဲ့ရပါသည်။ အရှင်မြတ်ဘုရား.... ရဟန်းအသွင်ကို ဝတ်ဆင်လိုက်သောအခါ အရှင်မင်းသား ဘယ်လိုပြုလုပ်လိုက်တာလဲဟု သူကပြောဆိုသော်လည်း ကျွန်တော်မျိုးဖြစ်သဖြင့် မည်သို့မျှမပြောဝံ့ဘဲ နေခဲ့ရကြောင်း မောင်ဆန္ဒကပြောပြပါသည်။

အရှင်မြတ်ဘုရား....အရှင်မြတ်ဘုရား မင်းသားအသွင်ကိုစွန့်၍ ရဟန်းအသွင်ကို ဝတ်ဆင်ပြီးသောအခါ အရှင်မြတ်က မောင်ဆန် ကို"မင်းငါ့အနားမှာမနေနှင့်တော့၊ ကိုယ့်တိုင်းကိုယ့်ပြည်သို့ခုပင် အမြန်ပြန်တော့" ဟု အမိန့်တော်ရှိကြောင်း၊ ကိုယ့်တိုင်းကိုယ့်ပြည်

သို့ပြန်ရောက်သောအခါ ရွှေနန်းခွင်မှာ ဘခင်သုဒ္ဓေါ်ဒန၊ မိထွေး တော်နှင့် ကြင်ဘော်နန်းနေ၊ ရာဟုမေတို့ကို၊ ငါ့သတင်းအစုံအ လင်ကို မြင်ရသမျှကိုပြန်ပြောပြလော့ဟု မှာတော်မူလိုက်ကြောင်း မောင်ဆန္နကပြောပြပါသည်။

အရှင်မြတ်ဘုရား.... မောင်ဆန္နပြောပြသဖြင့် အရှင်မြတ်၏ သတင်းအစုံကို တပည့်တော်မကြားသိရသောအခါ တပည့်တော်မ ၏အသဲနှလုံးမှာ ပြိုကွဲမတတ်ဖြစ်ခဲ့ရပါသည်၊ အရှင်ဘုရား၏သ တင်းအစုံကို ကြားသိခဲ့ရသောနေ့ကစ၍ အရှင်မြတ်နှင့်အတူစံ ပျော်ခဲ့သည့် သလွန်တော်ကိုရှောင်ကွင်းပြီး သင့်တော်ရှုမှာအိပ် စက်ခဲ့ပါသည်၊ အရှင်မြတ်သတင်းကို ကြားသိရသောနေ့ကစ၍ ခေါင်းမဖြီးနိုင်၊ ဝတ်လဲတော်မလဲမဆင်နိုင် ဖြစ်ခဲ့ရပါသည်။

အရှင်မြတ်ဘုရား....အရှင်မြတ်နှင့်တွေ့ရမည့် နေ့ရက်များကိုတ ပည့်တော်မ လွမ်းမျက်ရည်နှင့်ကြိုနေခဲ့ပါသည်၊ ခုနစ်နှစ်တာပင် ကြာခဲ့ပါပြီ၊ အရှင်ဘုရားခုနစ်နှစ်တာကြာမှ အရှင်မြတ်၏မျက် နှာတော်ကို တပည့်တော်မ ဖူးရမြင်ရပါသည်။တပည့်တော်မ ဖူးရ မြင်ရသော အရှင်မြတ်ကား ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော ဘုရားသခင်ဖြစ်ခဲ့ပါပြီ အရှင်မြတ်ဘုရား....”

ရာဟုလမာတာသည် ဤသို့လျှင် စိတ်ထဲမှာရှိသမျှကို ဗုဒ္ဓမြတ် စွာထံမှောက်တွင်လျှောက်ထားရင်း ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံ ကို သိမ်းဖက်ပွေ့ယူလျက် မိမိဆံပင်များဖြင့် ပွတ်ကာသပ်ကာ ချုံးချုံးချငိုကြွေးလေသည်။

ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာ ယင်းသို့မိမိခံစားရသမျှ အမျိုး မျိုးလျှောက်ထား၍ ငိုကြွေးနေသောအခါ၌ မည်သို့မျှပြန်လည် မိန့်ဟတော်မမူပေ။ ရာဟုလမာတာ ဤမျှဤလောက်ပြောဆိုငို

ကြွေးပြီးပါက ကျေနပ်လောက်ပါပြီဟု သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် သိမြင်တော်မူသောအခါမှ ဗုဒ္ဓမြတ်စွာသည် လူကကြင်ဘော်ရာဟုလမယ်တော်ကို တရားတော်ဖြင့်သက်သာရာရစေရန် ဤသို့မိန့်ဟတော်မူလေသည်။

"တကာမမျိုးနွယ်၊ ရာဟုမယ်....မီးနှယ်လောင်ငြိ၊ ပရိဒေဝ၊ ဒုက္ခပူပင်၊ ငါ့လင်ငါ့မယား၊ ငါ့သားငါ့မြေး၊ ထင်ရေးရေးနှင့်၊ ပူဆွေးတုံပြီး၊ သက်ကြီးရှိုက်ငင်၊ အပင်အပန်း၊ ယူတမ်းငိုကြွေ၊ ထိုဒုက္ခသည်၊ ပီယတဏှာ၊ ချစ်၍သာလျှင်၊ ပူဗျာကြီးစွာ၊ မီးတွေ့ရသည်၊ မောဟချည်နှောင်၊ အဝိဇ္ဇာမှောင်ကို၊ ငြိမ်းအောင်တိုက်ကျွေး၊ အမြိုက်ဆေးကို၊ ဘေးလွတ်စေငြား၊ ငါဟောကြားမည်၊ သားရာဟုမေ၊ နှလုံးခွေလေ-။

ရွှေဘုံဌာန၊ ကပိလတွင်၊ မြနှင့်စိန်ကြောင်၊ တောက်လောင်လျှံသန်း၊ သုံးဆောင်နန်းထက်၊ ရှစ်ခန်းပလ္လင်၊ ဘုံဦးကင်ဝယ်၊ လူ့တွင်ကြီးမြတ်၊ စောမန္ဓာတ်ဟု၊ နတ်တမျှကို၊ သွန်းဘိလေကာ၊ နေနှင့်လသို့၊ တကာမနှင့်ငါ၊ လူ့ဘဝသာဖြင့်၊ သဋ္ဌာဘုံမ၊ စံတုန်းကလို၊ မိတ်မှတ်ဆို၍၊ ပုဂ္ဂိုလ်အပေါင်း၊ ညွတ်ပျောင်းဦးခိုက်၊ ရှိခိုးထိုက်သည်၊ မကိုဋ်ထိပ်ပေါ်၊ ငါ့ရှင်တော်ကို၊ ယသော်နွဲ့ပြော၊ တဏှာမောသည်၊ သံယောဇဉ်ကို၊ အချစ်ပိုနှင့်၊မျက်ပြိုထောင်းထောင်း၊ မဆုံကောင်းဘူး၊ ရိုသေနူး၍၊ ရှိခိုးညွတ်ခွေ၊ ပူဇော်လေလော....။

ရွှေဘုံလျှံလန်း၊ သုံးဆောင်နန်းက၊ ငါကြွထွက်ခွာ၊ သွားသည်မှာလျှင်၊ တကာမယသော်၊ တော်လေးဝရင်၊ ပြစ်မျိုးစင်ကို ပြစ်တင်စရာ၊ မှုံတလွှာမျှ၊ ရှိပါပေဘူး-။

သားဦးရတနာ၊ ရာဟုလာနှင့်၊ နှန်းလျာဇာတိ၊ ရာဟုမိကို၊ မှုန်းဘိစိတ်မှာ၊ မထွက်ပါတည်း။

ရာဇမင်းကျော်၊ ဘသုဒ္ဓေါနှင့်၊ ဆွေတော်တို့အား၊ ငါကား မမုန်း-။

အဆုံးမခွာ၊ အရိယာသုံးပါး၊ ဖြည့်လိုငြား၍၊ ဥာဏ်သွား ထောက်မြော်၊ ဥယျာဥ်တော်သို့၊ ထွက်သော်နိမိတ်၊ လေးပါး ဓါတ်ကို၊ ကောင်းဘိတ်ပျောက်ပယ်၊ နတ်တို့ပြလာ၊ ရ သံဝေ ကြောင့်၊ မွေးဘေသုဒ္ဓေါ၊ ဆွေတော်တကွ၊ ယမဝစသည်၊ များ လှစသည်၊ ကြာဝေနေကို၊ ခေမာမေ်ယွန်း၊ သီဝကျွန်းသို့၊ လုံး စွန်းကုန်စင်၊ ပို့ချင်အမှန်၊ ကြိုသည့်ဥာဏ်ဖြင့်၊ နိုင်ငံတလွား၊ စည်းစိမ်များကို၊ စွန့်သွားရက်ရက်၊ တောကြီးထွက်၍၊ ဖိုမင်္ဂရမူ၊ သဗ္ဗညုဟု၊ ယခုစင်စစ်၊ ငါကားဖြစ်သည်-။

မွေးချစ်သုဒ္ဓေါ၊ ယသော်တကွ၊ ဆွေမျိုးစသည်၊ ဓမ္မနတ် လေး၊ တိုက်ကြွေးရငှါ၊ ငါကြွလာသည်-

လူခါကာလ၊ ရွှေနန်းမဝယ်၊ စံကြဘုံကို၊ မိတ်မှတ်ဆို၍၊နွဲ့ဆို နွဲ့ပြော၊ ချစ်သောရတက်၊ စိတ်မကွက်နှင့်၊ အမျက်ကင်းစေ၊ သွန်း ညောင်ရေနှင့်၊ သုံ့ထွေသောကံ၊ ပူစံညွတ်တွား၊ ရှိသေငြားလော့ သားရာဟုမေ၊ နန်းကြီးနေ....”

ဗုဒ္ဓမြတ်စွာသည် ယင်းသို့လျှင် မိမိ၏ခြေတော်အစုံကို ပွေ့ကာ ဖက်ကာ၊ မိမိဆံပင်များဖြင့်ပွတ်သပ်လျက် နောက်ကြောင်းပြန် လျှောက်ထားရင်း ငိုကြွေးနေရှာသော ရာဟုလမာတာ၏အပူမီး ပြေရာပြေကြောင်း တရားစကားများဖြင့် ဟောကြားတော်မူလေ သည်။

ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာအား တရားစကားဟော ကြား၍ပြီးဆုံးသောအခါ လက်ျာတော်ရံ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်တို့က မြတ်စွာဗုဒ္ဓ အနားတွင် မတော်မလျော် ငိုကြွေးနေသော ရာဟုလမာတာကို တားမြစ်လို သည့်အတွက် ရံရွေတော်များကို ဤသို့မိန့်ကြားတော်မူသည်။

''ရံရွေတော်တို့....သင်တို့မှာကား စည်းမဲ့ကမ်းမဲ့ နေချင်သလို နေ၊ ပြောချင်သလိုပြောနေကြသည်။ သင်တို့သခင်မ ရာဟုလမာ တာမှာ ဗုဒ္ဓမြတ်စွာ၏ခြေတော်ရင်းကို ပွေ့ကာဖက်ကာ အမြင် မတော်အောင်ငိုကြွေးနေဘိသည်၊ အတော်ကြာလျှင် ရာဟုလမာ တာ၏ ရွှေသားဒါလီထဘီလွှန်ဇာ ဒွါဒရာနှင့် ဗုဒ္ဓမြတ်စွာ၏ သက်န်းတော်တို့ ထိမိခိုက်မိရှိပေတော့မည်၊ ရာဟုလမာတာကို ဗုဒ္ဓ မြတ်စွာအနားမှ ခေါ်သွားကြပါအုံး''-ဟု မိန့်ကြားတော်မူလေ သည်။

ရံရွေတော်တို့သည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် မထေရ်နှစ်ပါး၏ စကားတော်ကြောင့် ရာဟုလမာတာထံချဉ်းကပ် ကာ ဤသို့ချိုသာစွာလျှောက်ထားကြသည်။

''အရှင်မ....အရှင်မနှင့်ဗုဒ္ဓမြတ်စွာမှာ လူ့ဘဝတုန်းက အတူစံ ပျော်နေခဲ့ကြသည်မှာ မှန်ပါသည်၊ ယခုမူဗုဒ္ဓမြတ်စွာကား လော ကသုံးပါး၏အထွဋ်ဆုံး အမြတ်ဆုံးဖြစ်ခဲ့ပါပြီ၊ အရှင်မ က ဗုဒ္ဓမြတ် စွာကို လူ့ဘဝတုန်းကကဲ့သို့ မရပြောသင့်မဆိုသင့်တော့ပါ၊ ဗုဒ္ဓ မြတ်စွာအနားမှာ ယခုကဲ့သို့ငိုကြွေးနေ၍ မသင့်တော့ပါ၊ အရှင်မ ၏ စိန့်မြူးဒွါဒရာ၊ ပလ္လတာနှင့် ဗုဒ္ဓမြတ်စွာ၏ကြာသက်န်းကို ထိမိ ခိုက်မိပါတော့မည်၊ လူ့လောကသဘောကား ဖြစ်ခြင်းပျက်ခြင်း ရှိမြဲပါ၊ လောကဓံသဘောရှိမြဲပါ။

အရှင်မ....လောကဓံတရားကို သေချာစွာဆင်ခြင်တော်မူပါ၊ အရှင်မ့ကဤကဲ့သို့ငိုကြွေးနေပါလျှင် ဘခင်ကွဲ၍ အားငယ်နေရှာသော သားငယ်ရာဟုလာမှာ ပိုမိုအားငယ်နေပါလိမ့်မည်၊ အရှင်မ၏ပူပင်မှုအားလုံးကို ဖြေတော်မူပါ၊ ဗုဒ္ဓမြတ်စွာ၏အနားမှထွက်ခွာ၍ တရားကိုဆင်ခြင်ဘို့ အချိန်တန်ပါပြီ အရှင်မ....” ဟူ၍ လျှောက်ထားကြလေသည်။

ရံရွေတော် အပေါင်းတို့က ယင်းသို့ ရာဟုလမာတာအား လျှောက်တင်ကြသောအခါ ရာဟုလမာတာမှာလည်း ဤဘဝသည် နိဗ္ဗာန်ဝင်ရောက်ရတော့မည့် နောက်ဆုံးဘဝဖြစ်သည်အထိ ပါရမီကြီး ရင့်ပြီးသူဖြစ်ရကား ဗုဒ္ဓမြတ်စွာကို ခြေဖျားတော်မှ မျက်နှာတော်တိုင်အောင် တစိမ်းစိမ်းကြည့်ရှုကာ ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို မိမိဆံပင်များဖြင့် အကြိမ်ကြိမ် ပွတ်သပ်လေသည်။ ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာအား ဦးသုံးကြိမ်ချကာ ဗုဒ္ဓထံမှောက်မှ နောက်ဆုတ်နောက်ဆုတ်ထွက်ခွာလာခဲ့ကာ လူပျိုစဉ်ကာလ ရာဟုလနှင့် စံကြစက်ရာ ခြေမှာနဘား၊ မီးကိုးပါးနှင့် ပတ္တမြားစိန်စီ၊သဠ္ဌာလီတို့၊ ဖြေးညှင်းစွာ လှမ်းချီခဲ့လေသည်။

သားငယ် ရာဟုလကား မိခင်အဖြစ်အင်ကို မည်သို့မျှမသိရှာပေ၊ အမေ့မျက်နှာပေါ်က မျက်ရည်စများကိုသာ လှမ်းကြည့်နေရှာသည်။ ရာဟုလမာတာသည် သားငယ်ရာဟုလကို ဖြေးညှင်းစွာချီပိုက်ပြီး နဖူးပြင်ကို လက်ဝါးပြင်နှင့် အသာအယာပွတ်သပ်လိုက်သည်။ နှုတ်ကလည်း အသံသဲ့သဲ့နှင့် ‘သားငယ်ရာဟု’ ဟု ခေါ်လိုက်သည်။ ရာဟုလကား အမေ့မျက်နှာကို စိုက်ကြည့်နေလေသည်။ ရာဟုလမာတာသည် သားငယ်အား သူ့ဘခင်အကြောင်း အစေ့အစုံပြောပြသင့်-မသင့် စဉ်းစားသည်။ ပြော

လိုက်ရလျှင် သားငယ်များ အားငယ်သွားမှာလားဟု တွေးတော ပြန်သည်။ သို့သော် မပြောလျှင်မပြီးသဖြင့် သူ့ဘခင်အကြောင်း သားငယ်ရာဟုလအား ပြောပြလေသည်။

"သားငယ်ရာဟု....သားအဖေနှင့်အမေတို့မှာ ယခုအခါ ပြတ် စဲခဲ့ရပြီ၊ သားသားက သားသားအဖေဘယ်မှာလဲလို့ အမေ့ကို မေးမေးပါနှင့်တော့၊ သားသားရဲ့အဖေကို အမေမပြနိုင်တော့၊ ငါ့ သား သားအဖေမှာ ယခုအခါ ဗုဒ္ဓစင်စစ် ဘုရားဖြစ်နေပြီ၊ သား အဖေကား သားသားနှင့်အမေ့ကို အစိမ်းကားပြီး စိမ်းကားခဲ့ပြီ သားငယ်။

သားငယ်ရာဟု....အဖေက သားငယ်ကို စိမ်းကားခဲ့ပြီ၊ သား ငယ်မှာ အဖေမရှိတော့ဘူးလို့ အားမငယ်ပါနှင့်နော် ငါ့သား၊ အမေရှိပါသည်၊ သားငယ်ကို အမေက ပို၍ပို၍ ချစ်ပါသည် သားငယ်။

သားငယ်ရာဟု.... သားအဖေ သားသားနှင့်အမေ့ကို စွန့်၍ တောထွက်ခဲ့သည်မှာ ခုနစ်နှစ်တာကြာခဲ့ပြီ၊ အခုမှ ဗုဒ္ဓစင်စစ် ဘုရားဖြစ်၍ နန်းတော်တံမှာရောက်ရှိနေသည်။ သားအဖေ အခု ပဲ နန်းတော်မှပြန်ကြွမလို့တဲ့၊ သားငယ် အဖေ့ကိုအားရအောင် သွားဖူးလိုက်ပါဦး သားငယ်...."ဟု ပြောပြနေလေသည်။

ထို့ကြောင့် ရာဟုလာသည် အမေ့ဆီမှ ဗုဒ္ဓမြတ်စွာ သီတင်း သုံးရာသို့သွားရောက်လေသည်။ ဘခင်ဗုဒ္ဓမြတ်စွာကို မြင်ရသော အခါ မျက်ရည်သွယ်သွယ်စီးကျလာသည်။ရာဟုလာသည် ဘခင် ဗုဒ္ဓမြတ်စွာအား ဦးသုံးကြိမ်ချပြီး—

"ကျေးဇူးကြီးမားလှသော အဘဘုရား.... အဘဘုရားအား သားတော်ကို ဖွားမြင်စကို သော်တာလနန်းကို ရာဟုဖမ်းသကဲ့သို့

ညှိုးနွမ်းခဲ့ရပါသည်၊ သားတော်ကိုလည်း 'ရာဟုလာ' ဟူ၍ပင် အဘဘုရား အမည်ပေးခဲ့ပါသည်။ သားတော်ကို ဖွားမြင်စက အဘဘုရားနန်းတော်မှ ထွက်သွားခဲ့ပါသည်၊ သားတော်နှင့်အမေမှာ လူ့လောကတွင် မျက်စိသယ်နှင့် ညှိုးနွမ်းစွာ ကျန်ခဲ့ရပါသည်။ အမေ့မှာမူ မုဆိုးမဖြစ်၍ သားတော်မှာ မုဆိုးမသားဖြစ်ခဲ့ရပါသည်။ အဘဘုရားနန်းတော်မှ ထွက်ခွာ၍ ခုနစ်နှစ်ကြာမှ ပြန်လာခဲ့ပါသည်၊ အဘဘုရားကို သားတော်က ကံသုံးပါးဖြင့် ကန်တော့ပါသည် အဘဘုရား....''ဟု လျှောက်ထားရင်း ဗုဒ္ဓမြတ်စွာ၏ ရှေ့မှောက်တွင် ငိုကြွေးနေလေသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာကို မဟာကရုဏာတော်ဖြင့် စိမ်းစိမ်းကြည့်ရှုတော်မူပြီး "သာဓု" သုံးကြိမ်ခေါ်တော်မူသည်။ ဆက်လက်၍ "ငါ့သားတော်မှာ ယခုဘဝမှာပင် နိဗ္ဗာန်ရနိုင်သည်အထိ ပါရမီရင့်ကျက်ပြီးသူ ဖြစ်သည်။ ယခုကဲ့သို့ အဘဘုရားကိုရှိခိုးပူဇော်ရသောကုသိုလ်ကံကြောင့် ဘေးရန်ငြိမ်းသော နိဗ္ဗာန်ကို ငါ့သားတော် ကောန်ရနိုင်ပါစေ''ဟု မိန့်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာ၏ အဖူးအမြော်ကိုခံယူပြီးသောအခါ ရာဟုလမာတာ၏ စံနန်းတော်တွင်ပင် ခေတ္တနားနေတော်မူသည်။

ဗုဒ္ဓမြတ်စွာ ခေတ္တနားနေတော်မူခိုက် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာအနီးသို့ ချဉ်းကပ်လာကာ ချွေးမတော်ရာဟုလမာတာမှာ ဗုဒ္ဓမြတ်စွာအတွက် မည်မျှဒုက္ခရောက်ခဲ့ရပုံသစ္စာရှိပုံများကို လျှောက်ထားပြန်သည်၊

"ကိုးဂုဏ်ကျော်ကြား သားတော်ဘုရား... သားတော်ဘုရား ပစ်ခွာထွက်ခဲ့သောအခါ ချွေးမတော်ရာဟုလမာတာမှာ လွမ်းစိတ် မပြေဘဲ သားတော်ကိုသာ မြှော်နေရှာခဲ့ပါသည်။ သားတော် အတွက် ပူပန်မှု၊ လွမ်းဆွတ်မှုများကြောင့် စားမဝင် အိပ်မပျော် နိုင်ရှာခဲ့ပါ၊ ချွေးမတော် ရာဟုလမာတာမှာ မိမိဆံပင်ကို မဖီး မပြင်နေခဲ့ပါသည်။

ကိုးဂုဏ်ကျော်ကြား သားတော်ဘုရား.... သားတော်ဘုရား ထွက်ခွာသွားချိန်က ချွေးမတော် ရာဟုလမာတာမှာ သားတော် အတွက် ပူပင်လွမ်းဆွတ်မှုကြောင့် မဖီးမပြင် နေခဲ့သော်လည်း အနိုင်နိုင်ငံက ထိးဆောင်းမင်းများ လက်ဆောင်ပဏ္ဏာအစုံနှင့် မြတ်တောင်ညာစံ ဘိသိတ်ခံပြီး စံတော်မူမည့်အကြောင်း၊ သံ တမန်အမျိုးမျိုးလာပြောကြပါသည်၊ သို့သော် ရာဟုလမာတာက 'ဤကမ္ဘာမြေပြင်တွင် သားတော်ဘုရားအပြင် ချစ်ခင်နိုင်မည့် သူမရှိတော့ဘူး'ဟု သစ္စာဆိုခဲ့ပါသည်၊ နတ်အများကို သက်သေ ပြု၍ တိုင်ကြားသိစေခဲ့ပါသည်၊ အနိုင်နိုင်ငံက မြတ်တောင်ညာ စံ ဘိသိတ်ခံရန် လာပြောကြသော သံတမန်များကိုလည်း ကျေ နပ်အောင် ပြောပြ၍ နှစ်သိမ့်စေခဲ့ပါသည်။

ကိုးဂုဏ်ကျော်ကြား သားတော်ဘုရား.... ရာဟုလမာတာမှာ ဤမျှလောက်ပင် သားတော်ဘုရားအပေါ်မှာ သစ္စာရှိနေခဲ့သူ ဖြစ်ပါသည် သားတော်ဘုရား...."ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ရာဟုလ မာတာ ဗုဒ္ဓမြတ်စွာအပေါ်မှာ သစ္စာရှိခဲ့ပုံ၊ ဗုဒ္ဓမြတ်စွာအတွက် ဒုက္ခရောက်ခဲ့ရပုံတို့ကို လျှောက်ထားသောအခါ ဗုဒ္ဓမြတ်စွာက ဤသို့မိန့်တော်မူသည်။

“သုဒ္ဓေါဒါဇ၊ ဘတကာ....ရာဟုလမာတာကား ယခုဘဝမှာသာ သားတော်ဘုရားအပေါ်မှာ သစ္စာရှိခဲ့သည်မဟုတ်ပါ၊ ဤဘဝမှာ သစ္စာရှိခြင်းအတွက်လည်း မည်သို့မျှ အံ့သြစရာမရှိလှပါ၊ ယခုဘဝကား ရာဟုလမာတာမှာ အသိဥာဏ်ရှိသောလူ့ဘဝလည်း ဖြစ်ပါသည်၊ သားတော်ဘုရားနှင့်အတူ သီတာဘုံမြင့်ထီးကင်းပွင့်၍ အတင့်အတယ် စမွယ်ခဲ့ဘူးသူလည်း ဖြစ်ပါသည်၊ ဤမျှသာမကပါ၊ ရာဟုလမာတာ၏ ဘဝသည် နိဗ္ဗာန်ယူရတော့မည့် နောက်ဆုံးဘဝလည်း ဖြစ်ပါသည်၊ ထို့ကြောင့်ဤမျှလောက်သစ္စာရှိခြင်းအတွက် မည်သို့မျှ အံ့သြစရာ၊ ချီးမွမ်းစရာမရှိလှပါ။ ရှေးဘဝတခုမှာ ရာဟုလမာတာငှက်ကိန္နရီဖြစ်ခဲ့စဉ်ကတိရစ္ဆာန်ဖြစ်ပါလျက် သားတော်ဘုရားအပေါ်မှာ သစ္စာရှိခဲ့ခြင်းသာ အလွန်အမင်း အံ့သြစရာချီးမွမ်းစရာ ဖြစ်ပါသည်ဟု မိန့်တော်မူကာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား စန္ဒကိန္နရီဇာတ်ကို ဗုဒ္ဓမြတ်စွာ ယခုကဲ့သို့ ဟောကြားတော်မူလေသည်။

## စန္ဒကိန္နရီဇာတ်

“သုဒ္ဓေါဒနမည်သာ၊ ဘတကာ... နားစိုက်ထောင်လော့၊ ရှေးအခါက ငါဗုဒ္ဓမြတ်စွာသည် ဟိမဝန္တာအရပ်တွင် ကိန္နရာမျိုး၌ဖြစ်ခဲ့သည်၊ ငါ၏အမည်မှာ စန္ဒအမည်ရှိသည်၊ ငါ၏ကြင်ရာမှာကား စန္ဒာအမည်ရှိသည်၊ ငါတို့ဇနီးမောင်နှံတို့မှာ စန္ဒမည်သောရွှေတောင်တွင် နေထိုင်ခဲ့သည်။

အခါတပါး ဗြဟ္မဒတ်မင်းသည် တိုင်းပြည်ကို အမတ်အားအပ်နှင်း၍ ဖန်ရည်ဆိုးသော အဝတ်တန်ဆာကို ဝတ်ဆင်ကာ သက်နက်ငါးပါးဆွဲကိုင်လျက် ဟိမဝန္တာသို့ ရောက်လာခဲ့သည်။

ဗြဟ္မဒတ်မင်းသည် ကိန္နရာဖိုမအသံကို ကြားရသောအခါခြေသံမကြားရအောင် ခြုံပုတ်တခုတွင် သွားရောက်နေခဲ့ပြီး ငါ၏ကြင်ရာကိန္နရာမကို မြင်ရသောအခါ ကိန္နရာမအား ချစ်ခင်တပ်မက်ခဲ့သည်။ ဗြဟ္မဒတ်မင်းသည် ငါ့အား လေးနှင့် ပစ်ခွင်းခဲ့သည်၊ ငါကား ဗြဟ္မဒတ်မင်း၏ မြှားဒဏ်ရာကြောင့် ပြင်းထန်သောဝေဒနာကို ခံစားခဲ့ရသည်၊ ငါသည် ငါ့တွင် ဒဏ်ရာရရှိနေသည်ကို မသိရှာသော ငါ၏ကြင်ရာစန္ဒကိန္နရီကို တမ်းတလျက်....

"ရှင်မ စန္ဒကိန္နရီ....ငါကား မြှားဒဏ်ရာရရှိခဲ့လေပြီ၊ ဤမြှားဒဏ်ရာဖြင့် ကနေ့ပင် ငါ၏အသက်ကို စွန့်ရလိမ့်အံ့ငါထင်သည်။

ရှင်မ စန္ဒကိန္နရီ....ငါ၏အသက်သည် ဆုတ်နစ်ခဲ့သည်၊ ငါကားအလွန်ဆင်းရဲလှ၏။ ငါ၏နှလုံးသည် ပူလှပင်ပန်းလှ၏။ ငါ၏ဆင်းရဲခြင်း အမျိုးမျိုးကား အခြားကြောင့် မဟုတ်၊ ငါနှင့်ကွဲကွာ၍ ဆင်းရဲစိုးရိမ်ရလတံ့သော ရှင်မ စန္ဒကိန္နရီကြောင့်သာဖြစ်သည်။

ရှင်မစန္ဒကိန္နရီ....ငါအား ကျောက်ပူ၌ပစ်ချအပ်သော မြက်ပင်ကျူပင်ကဲ့သို့ ညှိုးခြောက်ရလတံ့၊ ရေမရှိသောမြက်ကဲ့သို့ သွေ့ခြောက်ရလတံ့၊ ထိုဆင်းရဲခြင်းအမျိုးမျိုးကား အခြားကြောင့်မဟုတ်၊ ငါနှင့်ကွဲကွာ၍ဆင်းရဲစိုးရိမ်ရလတံ့သော ရှင်မ စန္ဒကိန္နရီကြောင့်သာဖြစ်သည်။

ရှင်မ စန္ဒကိန္နရီ....တောင်ခြေရင်းရှိရေအိုင်၌ အလျဉ်မပြတ် ရွာသွန်းသောမိုးကဲ့သို့ ငါ့အားမျက်ရည်တို့သည် ယိုစီးကုန်၏။ ထိုသို့ငါဆင်းရဲနေရခြင်းကား အခြားအကြောင်းကြောင့်မဟုတ်၊ငါနှင့်ကွဲကွာခြင်းကြောင့် ဆင်းရဲစိုးရိမ်လတံ့သော ရှင်မ စန္ဒကိန္နရီကြောင့်သာဖြစ်သည်" ဟူ၍ ငိုကြွေးခဲ့သည်၊ ပူဆွေးခဲ့သည်။

သုဒ္ဓေါဒနမင်းကြော်၊ ဘာတကာ.... ငါသည် စိုးရိမ်ပူဆွေးရင်း မြွားဆိပ်တက်၍ သတိလစ်ခဲ့ရသည်၊ ငါ၏ကြင်ရာ စန္ဒကိန္နရီမှာမူ ငါ၏ဒုက္ခရောက်ရသည်မျှကိုမသိရှာခဲ့၊ မြွားစူးသောနေရာမှ သွေးများ ယိုစီးနေသည်ကိုမြင်ရပါမှ စန္ဒကိန္နရီသည် ငါ့အတွက် ပူဆွေးခဲ့သည်၊ ပြင်းစွာငိုကြွေးခဲ့သည်။

စန္ဒကိန္နရီ ငိုကြွေးနေသည်ကိုမြင်သော ဗြဟ္မဒတ်မင်းသည် ငါ့ကို သေပြီဟုထင်မှတ်၍ ချုံပုတ်မှထွက်လာခဲ့သည်၊ ငါ၏ကြင်ရာ စန္ဒကိန္နရီမှာလည်း ဗြဟ္မဒတ်မင်းကိုတွေ့ရသည်နှင့် ဤသူသည် ငါ၏ချစ်လှစွာသောလင်ကိုသတ်သူတည်းဟု ကြောက်ရွံ့တုန်လှုပ်ကာ ဘေးလွတ်ရာတောင်ပေါ်သို့ ပျံတက်သွားပြီး ဗြဟ္မဒတ်မင်းအား အမျိုးမျိုး ယခုကဲ့သို့ ကျိန်ဆဲခဲ့သည်။

"ဟယ် ဗြဟ္မဒတ်မင်း...သင်ကား ငါ့ကို မုဆိုးမဖြစ်ရစ်အောင် ငါ၏ချစ်လင်ကို တောင်ခြေရင်းတွင် ပစ်သတ်ဘိသည်၊ ငါ၏ ချစ်လှသောလင်မှာ သင်၏မြွားပစ်ဒဏ်ရာဖြင့် မြေမှာအိပ်နေရပြီ၊ သင်ကားအလွန်ယုတ်မာဘိသည်။

ဟယ်ဗြဟ္မဒတ်မင်း....ငါ၏ချစ်လှစွာသောကိန္နရာဖိုကို ရှုကြည့်ရသော ငါ၏စိတ်နှလုံးသည် အလွန်စိုးရိမ်ပူပန်ခြင်းဖြစ်ရ၏၊ ထို ငါ၏စိတ်နှလုံး စိုးရိမ်ပူပန်ခြင်းမျိုး သင့်အမေလည်းဖြစ်ပါစေ။

ဟယ်ဗြဟ္မဒတ်မင်း....ငါ၏ချစ်လှစွာသောကိန္နရာဖိုကို ရှုကြည့်ရသော ငါ၏စိတ်နှလုံးသည် အလွန်စိုးရိမ်ပူပန်ရ၏၊ အိုငါ၏ စိတ်နှလုံးပူပန်ရခြင်းမျိုး သင့်မယားလည်းဖြစ်ပါစေ။

ဟယ်ဗြဟ္မဒတ်မင်း...သင်ကား ငါ့ကိုအလိုရှိသဖြင့် အပြစ်မရှိသော ငါ၏လင်ယောကျာ်းကို မြွားဖြင့်ပစ်သတ်ခဲ့သည်၊ သင်၏ အမိသည် သားနှင့်လင်ကို မမြင်ရပါစေ။

ဟယ်ပြဟ္မဒတ်မင်း....သင်ကား ငါ့ကိုအလိုရှိသဖြင့် အပြစ်မရှိသော ငါ၏လင်ယောကျ်ားကို မြှားဖြင့်ပစ်သတ်ခဲ့သည်၊ သင်၏မယားသည် သားနှင့်လင်ကိုမမြင်ရပါစေ”

ဟူ၍ စန္ဒကိန္နရီသည် ပြဟ္မဒတ်မင်းအား အမျိုးမျိုး တောင်ပေါ်ကနေ၍ ကျိန်ဆဲနေလေသည်။

စန္ဒကိန္နရီသည် ပြဟ္မဒတ်မင်းအား အမျိုးမျိုး ကျိန်ဆဲ၍ ပြီးသောအခါ ပြဟ္မဒတ်မင်းသည် စန္ဒကိန္နရီအပေါ်မှာ မိမိ၏မေတ္တာသက်ရောက်မှုသဘောကို ပြောပြလေသည်။

“ကျက်သရေထွန်းပြောင်၊ တောသုံးတောင်ဝယ်၊ မိုးခေါင်သူဇာ့၊ နတ်နှယ်လှသည့်၊ နှမကိန္နရီ၊ မယ်ဒေဝီ။ ။သိင်္ဂိကြွင့်နီး၊ ဗာရာနသီတွင်၊ ရှစ်ခန်းပလ္လင်၊ သဖန်းပျဉ်ထက်၊ တူလျှင်မြတ်နိုး၊ ထီးဖြူမိုး၍၊ နတ်မျိုးတန်းဆာ၊ မလ္လတာကို၊ လှစွာရောင်မြိုက်၊ ဆောင်တော်တိုက်က၊ နှစ်ခြိုက်မောင်နှံ၊ ရွှေပေါင်းရံ၍၊ တောင်စံနိမိတ်၊ဦးတင်ထိပ်မှာ၊ ဘိသိက်ခံလော၊ တောင်ရံမြိုင်သဲ၊ ချစ်ဘော်ခွဲ၍၊ မမြဲခန္ဓာ၊ ဖိုကိန္နရာလည်း၊ ပစ်ခွာဆုံးပြီ၊ မယ်ကိန္နရီလည်း၊ မညီဘော်နည်း၊ဟကိုယ်တည်းလျှင်၊ မိုးလည်းချုပ်မှောင်၊ တောင်တော်ဆိတ်ဆိတ်၊ စုံပိတ်ပိတ်တွင်၊ တိမ်လိပ်တိမ်နန်း၊ တောင်တန်းကဆီး၊ မြိုင်ကြီးတကာ၊ မယ်ကိန္နရာသည်၊ ပူဆာမရှင်၊ ရှိမည်အင်ကို၊ ကြင်ကြင်နာနာ၊ ကြောင့်ကြစွာနှင့်၊ ငါမူပြည်ရှင်၊ စိုးရိမ်ဝင်ခဲ့” ဟူ၍ မိမိ၏အချစ်သဘောကို ပြဟ္မဒတ်မင်းက စန္ဒကိန္နရီအား ပြောပြလေသည်။

ပြဟ္မဒတ်မင်း ပြောဆိုသောစကားကို ကြားရသောအခါ စန္ဒကိန္နရီက–

“ရေမြေသနင်း၊ ဗြဟ္မဒတ်မင်း။    ။မျိုးချင်းတူမျှ၊ ငယ်ရွယ်ကပင်၊သက်မျှကြည်နူး၊ မေတ္တာမူး၍၊ ပျော်မြူးစိမ့်စုံ၊ ရဂုံဂနိုင်၊ ကြာအိုင်တောင်တန်း၊ စမ်းကြီးစိမ့်ကြီး၊ တူခိုမှီး၍၊ သစ်သီးပန်းဝတ်၊ လှမ်းဆွတ်ပျော်ရွှင်၊ ဘယ်တွင်မကွာ၊ ပေါင်းသတင်းတာကြောင့်၊ ကိန္နရာမည်၊ ခေါ်တွင်သည်တည်း၊ လူ့ပြည်ဒွိမှာ၊ လူ့ဥစ္စာကို၊ ခိုးရာအမူ၊ဘယ်တခုမျှ၊ မပြုမပျက်၊ နှုတ်လက်ရှောင်ခြင်း၊ အပြစ်ကင်းသည်၊ လင်မင်းငယ်ကြင်၊ သူတော်စင်ကို၊ အရှင်လတ်သတ်၊ လေးနှင့်သတ်၍၊ သက်ပြတ်လူကာ၊ ကြီးပူဗျာကို၊မြင်ပါလျက်သား၊ရမ္မက်ပွား၍၊သနားမဲ့လတ်၊မပြုအပ်သည်၊ ပြုတက်မတရား၊မင်းကြီးအားနှင့်၊ရွှေမျှားရံသိ၊ နန်းကြီးပလ္လင်၊ ဘုံဦးကင်ထက်၊ ထီးဖြူချက်တွင်၊ စုံဘက်ပေါင်းသော်၊ နေရသော်ထက်၊ ဖျော်၍တက်စွာ၊ စိန်သံပုရာကို၊ စားခါလျှောက်လတ်၊ သေသော်မြတ်၏”ဟူ၍ ဗြဟ္မဒတ်မင်းအား မပေါင်းသင်းနိုင်ကြောင်း မိမိလင်အပေါ်မှာ သစ္စာရှိစွာဖြင့် ပြောလေသည်။

စန္ဒကိန္နရီသည် မိမိလင်အပေါ်မှာ သစ္စာရှိစွာ ဗြဟ္မဒတ်မင်းအား ပြောပြသောအခါ ဗြဟ္မဒတ်မင်းသည် စန္ဒကိန္နရီအား အလွန်ပင် ကြည်ညိုမိ၊ သနားမိလေသည်။ ငှက်တိရစ္ဆာန်ပင်ဖြစ်ပါလျက် ငယ်လင်ငယ်မယား သစ္စာရှိပါပေသည်ဟု စိတ်ထဲတွင် အလွန်ချစ်ခင် အလွန်ကြည်ညိုမိလေသည်။ ငါသည်လူသားဖြစ်ပါလျက် အဝိဇ္ဇာမှောင်၊ တဏှာမှောင်တို့ကာ ပိတ်ဖုံးသဖြင့် ကံသုံးပါးဖြင့် ကိန္နရာမောင်နှံကို ပြစ်မှားမိခဲ့ပြီဟု နောင်တ တရားရလေသည်။ ဗြဟ္မဒတ်မင်းသည် စန္ဒကိန္နရီအပေါ်မှာ အလွန်ပင်သနားစိတ်၊ ကြည်ညိုစိတ်ပွားလှသောကြောင့် ဒဏ်ရာရသော ကိန္နရာဖို့မှာ ရရှိသောဒဏ်ရာအနာ ပျောက်ကင်း၍ ပေါင်းသင်းနိုင်ကြပါစေ”

ဟု ဆုတောင်းကာ ဗြဟ္မဒတ်မင်းသည် တောကန္တာမှ မိမိနေထိုင်ရာ ဗာရာဏသီပြည်သို့ ပြန်လာခဲ့လေသည်။

စန္ဒကိန္နရီသည် ဗြဟ္မဒတ်မင်း ဗာရာဏသီပြည်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသောအခါ ကိန္နရာဖိုကို ပွေ့ချီကာ တောင်ပေါ်သို့ ယူဆောင်သွားလေသည်။ တောင်ပေါ်သို့ရောက်သောအခါ ပန်းမျိုးစုံဖြန့်ခင်းလျက် အသက်တမျှ ချစ်ခင်လှသော ချစ်လင်ကိန္နရာဖိုကိုအိပ်စေလေသည်။ စန္ဒကိန္နရီသည်ကိန္နရာဖို၏ ရင်ဝစမ်းသပ်ကြည့်သော် ရင်ဝမှာမြှားဒဏ်ရာရရှိနေသည်ကို မြင်ရတွေ့ရ၍ ချစ်လင်ကိန္နရာဖိုအတွက် သောကလှိုက်ဖို ပြင်းထန်စွာ ငိုကြွေးလေသည်။

သို့သော်စန္ဒကိန္နရီသည် မြှားဒဏ်ရာရနေသော ချစ်လင်ကိန္နရာဖိုမှာ အသက်မသေသေးကြောင်း သိရသောအခါ၊ မိမိချစ်လင်ကိန္နရာဖိုအား သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက မိမိချစ်လင် အသက်ချမ်းသာရေးအတွက် အကူအညီပေးကြရန် ဟစ်ကြွေးလျက် တောင်းဆိုလေသည်။

"အိုနတ်များစွာ၊ ဟေမဝန္တာနှင့် မြိုင်သာနတ်ချောင်း၊ တောသုံးတောင်ကို၊ ကုန်အောင်သိမ်းပိုက်၊ စောင်မထိုက်၊ ရက္ခုိသ်နတ်မှူး၊ ဘီလူးမည်ရ၊ ဒါနေ့ာစသည်၊တကွဝိဇ္ဇာ၊ ကိန္နရာရှစ်ဦး၊ တောမှူးတောင်စိုး၊ နတ်အမျိုးသည်၊ မိုးဣန္ဒပိုင်၊ ခရိုင်လေးကျွန်း၊ ရံဝန်းမြားမြောင်၊ တောတောင်ရေမြေ၊ စောင့်ကြပေသည်၊ ကဝေနတ်များ၊ ငါးထောင်သာသနာ၊ မခြားနေ့ညသ စောင့်ထိန်းရသည်၊ သူဇာနတ်ကျော်၊ ခေါ်ရမန္တာတ်၊ သူရဿတီ၊ ပရမီသွာ၊ နရိန္ဒာနှင့်၊ ဣန္ဒာဒေဝီ၊ စန္ဒိနတ်မျိုး၊ ဗိဿနိုးနှင့်၊ တန်ခိုးကြေညာ၊ မဟာပိန်းနဲ၊ သောင်သဲနတ်ပေါင်း၊ သူတော်

ကောင်းတို့၊ ထိန်းကျောင်းစောင့်သိ၊ သမာဓိနှင့်၊ မဏိမေခလာ၊ မယ်ဒေဝါလည်း၊ လည်မှာဘရက်၊ သို့သို့သွက်နှင့်၊ တဘက်ခြုံးပန်း၊ လျှမ်းလျှမ်းညီစွာ၊ ရေနန်းညာက၊ ဝဲကာပျံကာ၊ ပွေ့ကာယုယ၊ ဇနကကို မ-လာသောသွင်၊ နတ်မယ်ခင်နှင့် ဒေဝရင်ထား နတ်ရှင်များတို့။ ။တရားသက်ဝင်၊ မဲ့လင်ကိန္နရာ၊ သူမြတ်စွာကို မပါကြအုံး”....ဟူ၍ တောင်းပန်တိုင်ကြားလေသည်။

ထိုအခါ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် စန္ဒကိန္နရီ၏ သောကအဟုန်ကြောင့် ပူပြင်းလာလေရာ သိကြားမင်းသည် အကြောင်းစုံကို သိသဖြင့် ကိန္နရာဖိုထံလာရောက်၍ ကရားမှ ရေစင်ကိုယူကာ ကိန္နရာဖိုအား သွန်းလောင်းလိုက်သောခဏတွင်ပင် မြှားဆိပ်ပျောက်ကင်း လေသည်။ မြှားဒဏ်ရာမှာလည်း အသားနုတက်၍ ပကတိအသားအတိုင်းဖြစ်လာလေသည်။

စန္ဒကိန္နရီသည် မိမိချစ်စွာသော ကိန္နရာဖိုဒဏ်ရာပျောက်ကင်း၍ အသက်ချမ်းသာလာသောကြောင့် အလွန်အမင်းဝမ်းမြောက်လေသည်၊ ချစ်လင်ကိန္နရာဖို ဒဏ်ရာပျောက်ကင်း၍ အသက်ချမ်းသာအောင် ပြုလုပ်ပေးသော သိကြားမင်းအားလည်း....

“မြင့်မိုရ်ဝတိန်၊ ဒေဝိန်တရိုး၊ ပိုင်သစိုးသည်၊ မိုးဇ္ဇလန္ဒပျော်၊ ဘိုးတော်သိကြား၊ ထိပ်ခေါင်ထား။ ။သွန်းငြားရေစင်၊ ဘိသိတ်အင်ကြောင့်၊ ဆွေလင်ကိန္နရာ၊ သက်ချမ်းသာသည်၊ ကြီးစွာကျေးဇူး၊ အထူးမိုးမြေ၊ ရှိလှပေသည်၊ ရွှေမြင့်မိုရ်ချာ၊ ပြန်ရောက်ခါဝယ်၊ တေဇာထင်ပေါ်၊ တန်ခိုးတော်သည်၊ ကြော်ငြာဆူဝေ၊ ရှိပါစေလော” ဟူ၍ ကျေးဇူးတင်စကား ပြောကြားလေသည်။

သိကြားမင်းသည် စန္ဒကိန္နရီပြောဆိုသော စကားကို ကြားရသောအခါ ဝမ်းမြောက်ကြည်သာ ‘သာဓု’ ခေါ်ဆိုသည်၊

ကိန္နရာမောင်နှံတို့မှာ အသက်ထက်ဆုံး ဘေးမသီရန်မခဘဲ ချမ်းချမ်းသာသာ ပေါင်းသင်းနိုင်ကြပါစေဟူ၍လည်း ဆုတောင်းပေးသည်။ သိကြားမင်း တာဝတိံသာနတ်ပြည်သို့ ပြန်လည်ကြွသွားသောအခါ ကိန္နရာမောင်နှံတို့ကား စန္ဒတောင်တွင် အသက်ထက်ဆုံးပျော်ရွှင်စွာ နေထိုင်ကြလေသည်”....ဟူ၍ ဗုဒ္ဓမြတ်စွာသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား စန္ဒကိန္နရီဇာတ်ကို ဟောကြားတော်မူသည်။

ဗုဒ္ဓမြတ်စွာသည် ဆက်လက်၍ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား....

“သုဒ္ဓေါမည်သာ၊ ဘတကာ....နားစိုက်ထောင်ဦးလော့။ ဖြစ်ထွေရှေးခါ၊ ကိန္နရာကို၊ ချမ်းသာစေချင်၊ ရေစင်သွန်းငြား၊ မိုးသိကြားကား၊ ညီဘွားယခု၊ အနုရုဒ္ဓါ၊ ဖြတ်တုံလာ၏။....

သစ္စာတရား၊ ထိန်းငြားကြည်ညို၊ ဖိုကိန္နရာ၊ သူ့မြတ်စွာကို၊ လျင်စွာလတ်လတ်၊ လေးနှင့်သတ်ခွင်း၊ ဗြဟ္မဒတ်မင်းမူ၊ ဆွေချင်းမျိုးတော်၊ မိယသော်၏၊ မောင်တော်မည်မှတ်၊ ဒေဝဒတ်ဟု၊ ဖြတ်လတ်တုံလာ၊ ယခုခါတည်း....

လေးရာဒဏ်ပြင်း၊ နှိပ်စက်ခြင်းကြောင့်၊ ခံတွင်းကသာ၊ သွေးအန်လာ၍၊ ကြီးစွာဒုက္ခ၊ ခံရတုံစွာ၊ ကိန္နရာလည်း၊ ခုခါဥသော်၊ မင်းသုဒ္ဓေါ၏၊ သားတော်ရင်နှစ်၊ ဖြစ်ပေတုံလာ၊ သုံးဘုံရွာတွင်၊ နိုင်းရာမဲ့ငြား၊ ဘုရားမမှရာဇ်၊ ငါခုဖြစ်၏....

တိရစ္ဆာန်ငှက်၊ ဖြစ်လျက်တုံငြား၊ တရားပွင်းကွက်၊ ဗြဟ္မဒတ်ဖျက်လည်း၊ မပျက်မယွင်း၊ ထိန်းခြင်းသစ္စာ၊ မြဲမှန်စွာနှင့်၊ သေချာမူလ၊ လေးတော်ရသည်၊ မကိန္နရာ၊ ယခုမှာလျှင်၊ ငါ၏ဘွားဘက်၊ မျိုးဆက်ဆွေမူ၊ ကောင်းလှကုန္ဒြေ၊ မြဲစောင့်ထွေနှင့်၊ ဖြစ်

ပေတုံလာ၊ ငါနှင့်တင့်အပ်၊ စုလျားပတ်၍၊ ပြာသာဒ်သုံးဆူ၊ စံတော်မူကြ၊ ဘညွှေးမသည်၊ အလှအယဉ်၊ အမြင်အမြော်၊ အဘော်အသင်း၊ ခြောက်ပြစ်ကင်း၍၊ ကောင်းခြင်းဣန္ဒြေ၊ ကျမ်းအနေဝယ်၊ သေခွေညီလျော်၊ ရလေးတော်နှင့်၊ ယသော်ဓရာ၊ ခုဖြစ်လာသည်၊ တကာမင်းကျော်၊ ဘသုဒ္ဓေါ....”

ဟု ဇာတ်တော်ကိုပါပေါင်းပြတော်မူလေသည်။

## ၉

ဗုဒ္ဓမြတ်စွာ ရာဟုလမာတာစံနန်းမှ နိဂြောဓာရုံကျောင်းတော်သို့ ပြန်လည်ကြွချီတော်မူသောအခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည်လည်း မိမိစံနန်းပြန်လာခဲ့ပြီး မျှုးတော်မတ်တော်များကိုခေါ်တော်မူကာ ဤသို့မိန့်တော်မူလေသည်။

“အို ဆွေတော်ပေါင်း၊ မှူးမတ်ကောင်းတို့.... မင်းအဆက်ဆက် စိုးစံခဲ့သော ငါတို့ကပိလတိုင်းမှာ ရှေးအခါက ဗုဒ္ဓသာသနာတော်မြတ်ကြီး မထွန်းကား မစည်ပင်ခဲ့ဘူးပေ။ ယခုအခါသော်ကား ငါ့သားတော် သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ရောက်၍ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်လာပြီးလျှင် ကျင့်ကောင်းကျင့်ရာ တရားဒေသနာများကို ဟောကြားပြသနေသည့်အတွက် ဗုဒ္ဓမြတ်စွာသာသနာတော်မှာကား မီးဝါနေလ ထွန်းတောက်ပလျက်ရှိနေပေပြီ။

ထို့ထက် ငါ့သားတော်ရင်း၊ မင်းနန်တူကွ၊ ဇနကလျာ၊ ရင်းချာရင်သွေး၊ တူစုံမွေးကို၊ တွက်ဆနေ့ရက်၊ ပြက္ခဒိန်သောင်း၊

ကိန္နရာမောင်နှံတို့မှာ အသက်ထက်ဆုံး ဘေးမသီရန်မခဘဲ ချမ်းချမ်းသာသာ ပေါင်းသင်းနိုင်ကြပါစေဟူ၍လည်း ဆုတောင်းပေးသည်။ သိကြားမင်း တာဝတိံသာနတ်ပြည်သို့ ပြန်လည်ကြွသွားသောအခါ ကိန္နရာမောင်နှံတို့ကား စန္ဒတောင်တွင် အသက်ထက်ဆုံးပျော်ရွှင်စွာ နေထိုင်ကြလေသည်"....ဟူ၍ ဗုဒ္ဓမြတ်စွာသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား စန္ဒကိန္နရီဇာတ်ကို ဟောကြားတော်မူသည်။

ဗုဒ္ဓမြတ်စွာသည် ဆက်လက်၍ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား....

"သုဒ္ဓေါမည်သာ၊ ဘတကာ....နားစိုက်ထောင်ဦးလော့။ ဖြစ်ထွေရှေးခါ၊ ကိန္နရာကို၊ ချမ်းသာစေချင်၊ ရေစင်သွန်းငြား၊ မိုးသိကြားကား၊ ညီဘွားယခု၊ အနုရုဒ္ဓါ၊ ဖြစ်တုံလာ၏။....

သစ္စာတရား၊ ထိန်းငြားကြည်ညို၊ ဖိုကိန္နရာ၊ သူ့မြတ်စွာကို၊ လျင်စွာလတ်လတ်၊ လေးနှင့်သတ်ခွင်း၊ ဗြဟ္မဒတ်မင်းမူ၊ ဆွေချင်းမျိုးတော်၊ မိယသော်၏၊ မောင်တော်မည်မှတ်၊ ဒေဝဒတ်ဟုဖြတ်လတ်တုံလာ၊ ယခုခါတည်း....

လေးရာဒဏ်ပြင်း၊ နှိပ်စက်ခြင်းကြောင့်၊ ခံတွင်းကသာ၊ သွေးအန်လာ၍၊ ကြီးစွာဒုက္ခ၊ ခံရတုံစွာ၊ ကိန္နရာလည်း၊ ခုခါ၌သော်၊ မင်းသုဒ္ဓေါ၏၊ သားတော်ရင်နှစ်၊ ဖြစ်ပေတုံလာ၊ သုံးဘုံရွှာတွင်၊ နိုင်းရာမဲ့ငြား၊ ဘုရားမွေရာဇ်၊ ငါခုဖြစ်၏....

တိရစ္ဆာန်ငှက်၊ ဖြစ်လျက်တုံငြား၊ တရားယှဉ်းကွက်၊ ဗြဟ္မဒတ်ဖျက်လည်း၊ မပျက်မယှွင်း၊ ထိန်းခြင်းသစ္စာ၊ မြဲမှန်စွာနှင့်၊ သေချာမူလ၊ လေးတော်ရသည်၊ မကိန္နရာ၊ ယခုမှာလျှင်၊ ငါ၏ဘွားဘက်၊ မျိုးဆက်ဆွေမူ၊ ကောင်းလှလ္ဘြေ၊ မြဲစေငွ့်ထွေနှင့်၊ ဖြစ်

ပေတုံလာ၊ ငါနှင့်တင့်အပ်၊ စုလျားပတ်၍၊ ပြာသာဒ်သုံးဆူ၊ စံတော်မူကြ၊ ဘချွေးမသည်၊ အလှအယဉ်၊ အမြင်အမြော်၊ အဘော်အသင်း၊ ခြောက်ပြစ်ကင်း၍၊ ကောင်းခြင်းဣန္ဒြေ၊ ကျမ်းအနေဝယ်၊ သေခွေညီလျော်၊ ရလေးတော်နှင့်၊ ယသော်ဓရာ၊ ခုဖြစ်လာသည်၊ တကာမင်းကျော်၊ ဘသုဒ္ဓေါ....”

ဟု ဇာတ်တော်ကိုပါပေါင်းပြတော်မူလေသည်။

# ၉

ဗုဒ္ဓမြတ်စွာ ရာဟုလမာတာစံနန်းမှ နိဂြောဓာရုံကျောင်းတော်သို့ ပြန်လည်ကြွချီတော်မူသောအခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည်လည်း မိမိစံနန်းပြန်လာခဲ့ပြီး မှူးတော်မတ်တော်များကို ခေါ်တော်မူကာ ဤသို့မိန့်တော်မူလေသည်။

“အို ဆွေတော်ပေါင်း၊ မှူးမတ်ကောင်းတို့.... မင်းအဆက်ဆက် စိုးစံခဲ့သော ငါတို့ကပိလတိုင်းမှာ ရှေးအခါက ဗုဒ္ဓသာသနာတော်မြတ်ကြီး မထွန်းကား မစည်ပင်ခဲ့ဘူးပေ။ ယခုအခါ သော်ကား ငါ့သားတော် သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ ရောက်၍ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်လာပြီးလျှင် ကျင့်ကောင်းကျင့်ရာ တရားဒေသနာများကို ဟောကြားပြသနေသည့်အတွက် ဗုဒ္ဓမြတ်စွာသာသနာတော်မှာကား မီးဝါနေလ ထွန်းတောက်ပလျက်ရှိနေပေပြီ။

ထို့ထက် ငါ့သားတော်ရင်း၊ မင်းနန်တူကွ၊ ဇနကလျာ၊ ရင်းချာရင်သွေး၊ တူစုံမွေးကို၊ တွက်ဆနေ့ရက်၊ ပြက္ခဒိန်သောင်း၊

ဘိသိက်လောင်း၍၊ မင်းပေါင်းစဉ်ဆက်၊ ရှေးလက်ထက်ကကဲ့သို့၊ မပျက်စေရအောင်၊ ကပိလတွင်၊ နှမနှင့်မောင်၊ ထိမ်းဆောင် မင်္ဂလာ၊ နန်းအပ်ရန်ကိစ္စရှိပါသေးကြောင်း”.... ဟူ၍မိန့်တော်မူလေသည်။

သုဒ္ဓေါဒနမင်းကြီး၏အမိန့်စကားကြောင့် ပုဏ္ဏားတော်ရှစ်ဦးတို့ မင်းနန်နှင့် ဇနပဒကလျာဏီထိမ်းမြန်း၍ ထီးနန်းလွှဲအပ်ရန်အတွက် နေ့ကောင်းရက်သာ ရွေးချယ်ပေးကြသေသည်။ ဇနပဒကလျာဏီနှင့် မင်းနန်တို့ကို ထီးနန်းလွှဲအပ်သော မင်္ဂလာပွဲတော်တွင် ဗုဒ္ဓမြတ်စွာကိုလည်း မင်္ဂလာဆွမ်းအလှူခံရန် ပင့်ဖိတ်လေသည်။

ဗုဒ္ဓမြတ်စွာသည် မင်္ဂလာပွဲတော်သို့ ကြွရောက်တော်မူကာ သပိတ်တော်ကို မင်္ဂလာသတို့သား မင်းနန်အား ပေးအပ်တော်မူလေသည်။ မင်းနန်မှာ ဗုဒ္ဓမြတ်စွာသပိတ်တော်ကို အကိုင်ခိုင်းသဖြင့် ဗုဒ္ဓမြတ်စွာနှင့်အတူ ကျောင်းတော်သို့ မလိုက်ချင်ဘဲနှင့် လိုက်သွားရလေသည်။

မင်္ဂလာဆောင်တော့မည့်ဆဲဆဲ မင်းနန်ကို ဗုဒ္ဓမြတ်စွာက ကျောင်းတော်သို့ ခေါ်ဆောင်သွားသည်ကို ဆွေတော်မျိုးတော် အပေါင်းတို့က တွေ့ကြရ မြင်ကြရသော်လည်း မည်သို့မျှမပြောရဲကြဘဲ ကြည့်နေကြရသည်။ ဇနပဒကလျာဏီမှာလည်း မောင်တော်မင်းနန်အတွက် သောကလှိုက်ဆူလျက် ကျန်ရစ်ခဲ့ရသည်၊ မောင်တော်မင်းနန်အား အမြန်ဆုံးပြန်လာခဲ့ရန်သာ မှာလိုက်နိုင်သည်။

ဗုဒ္ဓမြတ်စွာသည် ညီတော်မင်းနန်ကို သပိတ်တော်ကို အထမ်းခိုင်းပြီး နိဂြောဓာရုံကျောင်းသို့ ရောက်တော်မူသောအခါ ညီ

တော်မင်းနန်အား ဒုက္ခငြိမ်းသော နိဗ္ဗာန်ကို ရစေချင်၊ ရောက်စေချင်သည့်အတွက် တရားပြ၍ ဆုံးမနိုင်ရန် သစ်ငုတ်တိုပေါ်တွင် ထိုင်နေသော မျောက်မတကောင်ဖန်ဆင်းပြသကာ ဤသို့မိန့်တော်မူသည်။

"ညီတော်မင်းနန်... သစ်ငုတ်တိုမှာ ထိုင်နေသောမျောက်မကို ကြည့်လိုက်စမ်း၊ ဤမျောက်မနှင့် ညီတော်၏နှမတော် ဇနပဒကလျာဏီမှာ မည်သူကပို၍လှသနည်း၊ ငါနောင်တော်အား ပြန်လျှောက်စမ်း"....ဟူ၍ မိန့်တော်မူသည်။

ညီတော်မင်းနန်သည် ဗုဒ္ဓမြတ်စွာ၏အမေးအတွက် စိတ်ထဲက အလွန်နာကျင်လေသည်။ နောင်တော်ဗုဒ္ဓမြတ်စွာ ဤကဲ့သို့မေးရက်လေခြင်းဟု မချိတင်ကဲဖြစ်ရလေသည်။ ထို့ကြောင့်ညီတော်မင်းနန်က ဗုဒ္ဓမြတ်စွာအား....

"ဘုရားဇိနော်—မြတ်နောင်တော်....နောင်တော်မြတ်စွာ ခိုင်နှိုင်းပြောဆိုသော ဤမျောက်မကား အလွန်အရုပ်ဆိုး၍ ရွံရှာဘွယ်ရာဖြစ်ပါသည်၊ ညီတော်၏နှမတော် ဇနပဒကလျာဏီမှာမူကား ဤကမ္ဘာလောကတွင် အလှအရာမှာ ပြိုင်နိုင်မည့်သူမရှိအောင် လှပသူ အလှဘုရင်မဖြစ်ပါသည် နောင်တော်ဘုရား"....ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ညီတော်မင်းနန်၏ လျှောက်ထားချက်ကို ကြားတော်မူသောအခါ ဤသို့မိန့်တော်မူသည်။

"ထွေးတော်ရင်နှစ်၊ ငါ့ညီချစ်....နားစိုက်လော့။ တိရစ္ဆာန်မျောက်မ၏ ဤငါးဝသော ခန္ဓာသည် ရွံရှာဘွယ်ရာ အပုပ်သာဖြစ်သည်၊ ငါ့ညီတော်၏ နှမတော် ဇနပဒကလျာဏီ၏ ဤငါးဝသော ခန္ဓာသည်လည်း ရွံရှာဘွယ်ရာ အပုပ်သာဖြစ်သည်၊ 'လှ'

ခြင်းသဘောကား အမြဲတည်သောအရာမဟုတ်ကြ၊ ပြောင်းလဲဖောက်ပြန်ထတ်၍ အနိစ္စသဘောများသာ ဖြစ်ကြသည် ငါ့ညီတော်”....ဟု မိန့်ကြားတော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် ညီတော်မင်းနန်အား မျောက်မကိုပြ၍ ဆုံးမပြီးသောအခါ မျောက်မကိုကွယ်ပျောက်စေကာ မိုးနတ်တမျှနတ်မယ်လျကို ဗုဒ္ဓမြတ်စွာ တန်ခိုးတော်ဖြင့် တဖန် ဖန်ဆင်းပြလျက်....

“ညီတော်မင်းနန်....သေချာစွာကြည့်ဦးလော၊ ဤအလှမယ်နှင့် ညီတော်၏နှမတော်ဇနပဒကလျာဏီမှာ မည်သူကပို၍ လှဘိသနည်း” ဟု မေးတော်မူလေသည်။

ညီတော်မင်းနန်သည် ဗုဒ္ဓမြတ်စွာ ဖန်ဆင်းပြထားသော အလှမယ်ကို တွေ့မြင်ရသောအခါ အံ့ကိုခဲပြီး နတ်မယ်လျကို ထဆွဲတော့မလို ဖြစ်နေလေသည်၊ သို့သော်ညီတော်မင်းနန်မှာ နောင်တော်ဗုဒ္ဓမြတ်စွာကို ကြောက်ရွံ့သဖြင့် စိတ်ကိုအသာချုပ်တည်းလျက်....

“ကြီးမြတ်ဂုဏ်တော်၊ မြတ်ဇိနော်—ညီတော်မှာကား ဤကဲ့သို့ လှပသော နတ်မယ်လျကို အိပ်မက်တွင်ပင် တခါမျှမမြင်ဘူးပါ၊ ဤနတ်မယ်လျနှင့် နှိုင်းခိုင်းပြောရလျှင်တော့ ညီတော်၏နှမတော် ဇနပဒကလျာဏီမှာ၊ မျောက်မအသွင် ဖြစ်ခဲ့ရပါပြီမြတ်နောင်တော်။

ကြီးမြတ်ဂုဏ်တော်၊ မြတ်ဇိနော်.... လျှောက်ထားပါသည်၊ ဤမျှ လှပတင့်တယ် အသရေရှိသော မိုးနတ်မယ်ကို ရွှေဘုံနန်းခွင် ထီးဖြူလွင်နှင့် ဆောင်တင်ရအောင် ပေးသနားတော်မူပါနောင်တော်ဘုရား...” ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် မဟာကရုဏာတော်ဖြင့် ညီတော် မင်းနန်အား-

"ညီချစ်မင်းနန်... နားစိုက်ထောင်လော့၊ ထွက်သစ်နေနှယ်၊ တင့်တယ်ရှုပ၊ နတ်မယ်လျှကို၊ ငါ့ချစ်ညီ အမှန်အလိုရှိပါမူ နတ်ချစ်သော ဂါထာကို ငါ နှောင်တော်ပေးပါမည်၊ ငါ့ညီချစ် အရကျက်ပြီး အမြဲသရဇ္ဈာယ်တော့"ဟု မိန့်တော်မူကာ-

"ငြိတွယ်တဏှာ၊ ပုဂ္ဂလာတို့၊ မြဲစွာမဟုတ်၊ လှသည်ရုပ်လည်း၊ အပုပ်အစု၊ ခုဒ္ဒမာတကာ၊ ရုပ်နာမ်ကလာပ်၊ ခတ်တို့စုဝေး၊ သွေးပြည် ကျင်ကြီး၊ ယိုစီးရွံရှာ၊ အနတ္တာဟု၊ အာရုံအဆင်း၊ အတွင်းအပ၊ မည်သူလှသည်၊ ပြောပြစရာ၊ မရှိသာဘူး၊ ကာယပေါင်းထ၊ ဒွတ္တိံသကို၊ ကမ္မပြုပြင်၊ ဘုံသုံးခွင်ဝယ်၊ ပူပင်ဒုက္ခ၊ ဤကာယကြောင့်၊ ဖြစ်ကလည်းပျက်၊ သံသာစက်ဟု၊ ဇောဂ္ဂတာ၊ ကျလေပါ့က၊ တဏှာမှောင်ကြီး၊ ဖုံးကာဆီးသည်၊ ဏကြီးပျောက်ပယ်၊ ချမ်းသာတယ်သည်၊ 'န'ငယ်နီးမှ၊ နိဗ္ဗာန်ကို၊ ရလိမ့်ကောန်၊ ညီမင်းနန်"ဟူသော နတ်ချစ်သော ဂါထာကို ညီတော်မင်းနန်အား သင်ပေးတော်မူလေသည်။

ညီတော် မင်းနန်သည် နတ်မယ်လျှကို အလွန်တပ်မက်နေသူဖြစ်သောကြောင့် ဗုဒ္ဓမြတ်စွာသင်ပေးထားသော နတ်ချစ်ဂါထာကို အဖန်ဖန် ကျက်မှတ်၍ အဖန်ဖန် ရွတ်ဖတ်နေလေရာ၊ အနိစ္စသဘော၊ ဒုက္ခသဘောများ ဉာဏ်မျက်စိတွင် ထင်မြင်လာလျက် အာသဝေါကုန်ခမ်းသော နိဗ္ဗာနသခင် ရဟန္တာမြတ်အဖြစ်သို့ ညီတော်မင်းနန် ရောက်ရှိလေသည်။

## ၁၀

ဗုဒ္ဓမြတ်စွာ ကပိလဝတ်ပြည်၌ သိတင်းသုံးတော်မူနေသည်မှာ ခုနစ်ရက်မြောက်ခဲ့ပြီ၊ ရာဟုလမာတာသည် ငယ်ကြင်ငယ်ချစ်ဖြစ်သော ဗုဒ္ဓမြတ်စွာနှင့် ဤဘဝတွင် ခွဲခွာကြရတော့မည့်အရေးကို မျှော်တွေးလျက် လွမ်းဆွေးပူပင်နေသည်၊ သားငယ် ရာဟုလာကိုလည်း ယင်းအကြောင်းကို ပြောပြချင်သေးသည်၊ ထို့ကြောင့် သားငယ် ရာဟုလာကို အနားသို့ခေါ်ပြီး-

"မေ့သားသည်းအူ၊ မောင်ရာဟူ... သား၏ဘခင်ကား ချစ်ခြင်း၊ မုန်းခြင်း ဤနှစ်ပါးကို ပယ်လှန်ခဲ့ပြီ။ ချစ်သူမရှိ၊ မုန်းသူမရှိဖြစ်ခဲ့ပြီ။ သား၏ဘခင်ကား ဗုဒ္ဓစင်စစ် ဘုရားဖြစ်ခဲ့ပြီ၊ ရင်၌ဖြစ်သော သားသားကိုပင် သားဘခင်က စွန့်ပစ်၍သွားတော့မည်၊ 'ငါ့သားပါကလား' ဟု ညှာတာတော့မှာ မဟုတ်ဘူး၊ သားမေမေမှာ ဤအရေးကိုတွေးမိတိုင်း သားငယ်အတွက် စိတ်မအေးလှဘူး၊ ပူပင်သောကရောက်ရသည်၊ စိတ်အေးစရာ မေမေ့မှာ မရှိလှဘူး။

မေ့သားသည်းအူ၊ မောင်ရာဟူ... ဆိုရိုးစကားရှိပါသည် သားငယ်။ "ရှစ်ပလ္လင်နှင့်၊ ဦးကင်ထီးနန်း၊ စံမြန်းတုံလျှင်း၊ မင်းမရှိက၊ မထည်ပတည်း၊ မြစ်မကမ်းခြေ၊ ရေမရှိဌြား၊ ရထားအလံ၊ မီးလျှံအခိုး၊ မတင့်နိုးသည်၊ မုဆိုးမဟု၊ ဒေါင်းအဥကို၊ ရုံးစုစာငယ်၊ မအုပ်သွယ်တည်း" တဲ့။

မေ့သားသည်းအူ၊ မောင်ရာဟူ.... သားသား ဘခင်ကတော့ မေမေ့ကို မုဆိုးမဖြစ်အောင် ပြုခဲ့ပြီ၊ မေမေနှင့်သားသားကို

နန်းကြီးရိပ်မှာ စွန့်ပစ်၍သွားတော့မည်၊ သားသားနှင့် မေမေ့မှာ အားကိုးရာမဲ့ဖြစ်ရတော့မည်၊ သားသားဘခင် ကပိလဝတ်ပြည်မှ ထွက်ခွာမသွားခင် သားသားဘခင်ထံမှာ အမွေတောင်းချေဦး၊ သားသားဘခင်မှာ ရွှေအိုးကြီး(၄)လုံးရှိသည်၊ လူ့အာသာဆန္ဒ ဖြည့်စွမ်းနိုင်သော ရွှေအိုးကြီးများဖြစ်ကြသည်။ သားသားဘခင် နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးနေသည်၊ သားသားဘခင်ထံ အမြန်သွားပြီး အမွေတောင်းချေနော် ငါ့သား”ဟု ပြောဆိုလေသည်။

ရာဟုလာသည် မိခင်အတွက် စိတ်ထဲမှာ မရွှင်မပျဖြစ်ရသည်၊ မိခင်အတွက် စိတ်ဆင်းရဲရသည်၊ မိခင် စိတ်ချမ်းချမ်းသာသာ နေရေးအတွက် ဖြည့်စွမ်းချင်သည်၊ ထို့ကြောင့် မှူးမတ်ပရိသတ် အပေါင်းခြံရံလျက် ရာဟုလာသည် ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာ နိဂြောဓာရုံကျောင်းသို့သွားရောက်လေသည်၊ ကျောင်းတော်သို့ ရောက်သောအခါ ရာဟုလာသည် ဗုဒ္ဓမြတ်စွာအား ရိုသေစွာ ရှိခိုးကန်တော့လေသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာ မိမိအထံသို့လာရောက်၍ မိမိအား ရိုသေစွာ ကန်တော့နေသည်ကို မြင်ရသောအခါ သားငယ်ရာဟုလာကို မဟာကရုဏာတော်ဖြင့် တစိမ်းစိမ်းကြည့်ရှုတော်မူပြီး သာဓုသုံးကြိမ်ခေါ်တော်မူသည်။

ရာဟုလာသည် ဗုဒ္ဓမြတ်စွာအား ရိုသေစွာ ရှိခိုးလျက်–

“ထွန်းတောက်ဂုဏ်အင်၊ မွေးဘခင်....မွေးဘခင်ကား သားသားနှင့်မေမေ့ကို စွန့်ပစ်၍ ဗုဒ္ဓစင်စစ် ဘုရားဖြစ်ခဲ့ပါပြီ၊ သားဘခင်ရှိသောအခါ ကျေးဇူးရှင် မိခင်ကြီး ပူပင်ဒုက္ခမ၇ှိရအောင်

သည့်ကရေပူ၊ သည်မှုရေအေး၊ စားရေးသောက်ရာ၊ ဖျားနာမကျန်း၊ အခန်းခန်းကို၊ လုံးပန်းကုန်စင်၊ သားပင် လုပ်ကျွေး၍ မွေးရပါတော့မည်။

ထွန်းတောက်ဂုဏ်အင်၊ မွေးဘခင်...,သားတော်လျှောက်ထားပါရစေ၊ မွေးမိခင်ကို ဘခင်အစား သားတော်လုပ်ကျွေးနိုင်အောင် ဘခင်ပိုင်ဆိုင်သော ရွှေအိုးကြီး(၄)လုံးကို သားတော်အား အမွေပေးတော်မူပါ မွေးဘခင်”–ဟူ၍ လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် သားတော် ရာဟုလာကို-

“သားဖြူရင်သွေး၊ နန်းထက်မွေး....သားတော်ကို ဘခင်ဘုရားအမွေပေးပါမည်၊ သားတော်သည် ဘခင်ဘုရားထံမှ အမွေမရမှာ မကြောင့်ကြလေနှင့်၊ ဘခင်ပေးမည့်အမွေမှာ နိဗ္ဗာန်အမွေဖြစ်သည်၊ နိဗ္ဗာန်အမွေကား ရွှေအိုးကြီး(၄)လုံးထက် တန်ဘိုးကြီးသည်၊ ချမ်းသာသည်၊ စိုးရိမ်ရမှု၊ ကြောင့်ကြမှု၊ တောင့်တမှုအားလုံး ကင်းစင်သည်။ မီးတဆဲ့တပါးလုံး ငြိမ်းအေးပေသည် ငါ့သားတော်။

သားဖြူရင်သွေး၊ နန်းထက်မွေး....ငါ ဘခင်ကား သားတော်နှင့်တကွ သတ္တဝါအားလုံး ဒုက္ခခပ်သိမ်းကင်းငြိမ်းစေသော နည်းလမ်းကို ညွှန်ပြနိုင်သူဖြစ်နိုင်ရန် တောထွက်ခဲ့သည်။ ဒုက္ကရစရိယာ (၆)နှစ်တာ ကျင့်ဆောင်ခဲ့သည်၊ နောက်ဆုံး(၁၀၃)ခု ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓစင်စစ် ဘုရားဖြစ်ခဲ့သည်၊ သား ဘခင်ကားယခုအခါ သားတော်နှင့်တကွ သတ္တဝါအားလုံးကို နိဗ္ဗာန်အမွေကို ပေးနိုင်ပေပြီ ငါ့သားတော်....”ဟူ၍ မိန့်ကြားတော်မူလေသည်။

ရာဟုလာသည် ဗုဒ္ဓမြတ်စွာက ရွှေအိုးကြီး(၄)လုံးအမွေမပေးဘဲ နိဗ္ဗာန်အမွေကိုသာ ပေးတော်မူရန် မိန့်ကြားတော်မူသောအခါ ရာဟုလာသည် အလွန်ညှိုးငယ်သောမျက်နှာထားဖြင့်-

"ထွန်းတောက်ဂုဏ်အင်၊ မွေးဘခင်... သားတော်ကား မွေးဘခင်ပေးတော်မူသော နိဗ္ဗာန်အမွေကို မလိုလားပါ၊ ဘခင်ပိုင်သည့် ရွှေအိုးကြီး(၄)လုံးကိုသာ အမွေရလိုပါသည်"ဟု လျှောက်ထားလေလည်း။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာက နိဗ္ဗာန်အမွေကိုမလိုမလား၊ရွှေအိုးကြီး(၄)လုံးကိုသာအမွေတောင်းနေသောကြောင့်၊ သားတော်ရာဟုလာအား တရားစကားကို ဤသို့ ဆက်လက်ကာဟောပြတော်မူလေသည်။

"သား စောရာဟု။ ။နာခံလော့။ ဤလူ့ လောက၊စည်းစိမ်မဟူ၊ မွေးဘအမွေ၊ ရွှေငွေရတနာ၊ ဗိုလ်ပါဆင်မြင်း၊ နန်းတွင်းနန်းပြင်၊ ဆဒ္ဒန်ဆင်နှင့်၊ ပလ္လင်ထီးကို၊ သားကြီးတပ်ခင်၊ မလိုချင်နှင့်-

ပြင်ဗာဟိယ၊ ခဏမတည်၊ ပျက်လှည့်သည်သို့၊ မြဲသည်မရှိ၊ နန်းကြီးရိပ်ငြိမ်၊ စည်းစိမ်မြတ်လေး၊ ရင်သွေးငါ့သား၊ စံစားနှစ်သက်၊ ရွှေနန်းထက်တွင်၊ နေ့ရက်ရှည်စွာ၊ မြဲပါလိမ့်လား၊ မမြဲဘြားဘု၊ ငါးပါးရန်သူ၊ ဖျက်ယူသတ်ဖြတ်၊ ဆက်ဆန်တတ်သည်၊ လူရပ်ခန်းဝါ၊ ဓမ္မတာတည်း-

တဏှာလောဘ၊ ဒေါသမှောင်မိုက်၊ ဥစ္စာထိုက်ရှဲ၊ သတ်ရိုက်ထိုးခုတ်၊ အင်းမှုတ်မန္တရား၊ ဆေးသားမိဘ၊ မသိရအောင်၊ မောဟဖုံးကာ၊ ရန်ပြုခါတွင်၊ ဇရာမရဏ၊ စိုးရသောမင်း၊ နှိပ်နင်းဖျက်ယူ၊ ထိုခါမူလည်း၊ လူတို့အသက်- ကြာနေဖျက်သို့၊ နေတွက်ကရပ်၊

မိုးချုပ်မပါ၊ သတ္တဝါတို့၊ ချမ်းသာမရ၊ ဒုက္ခသဘော၊ ရှင်တော်ဟောသည်၊ လောကသုံးမည်၊ ခရီးသည်တို့၊ အတည်မမြဲ၊ ဖောက်လဲ ဖောက်ပြန်၊ ရုပ်နာမ်ခန္ဓာ၊ လက္ခဏာခန်း၊ ကမ္မဋ္ဌာန်းကျူကျူ၊ သံဝေရမှု၊ သုခကောန်၊ ဗိုလ်လေးတန်နှင့်၊ နိဗ္ဗာန်အမွေ၊ ချမ်းသာထွေကို၊ မွေးဘောင ါကား၊ ပေးသနားသည်၊ သားတော်စိတ်မှုငြင်းမကုန်နှင့်–

သုံးဘုံရပ်မှာ၊ သေဘေးလာသော်၊ ငါတယ်မယ်ပ၊ ဘယ်ကြောင့်ကြအံ့၊ အာမခံသူ၊ မရှိမှုတည်း၊ ဤသူရှေးခါ၊ ပြုဘူးစွာသည်၊ ကံသာနှစ်ပါး၊ စောင့်ထိန်းငြားၡ်၊ ကိုးပါးဂုဏ်တော်၊ ထက်အောက်မကျော်သည်၊ တေဇော်ကြီးမား၊ ငါဘုရားမှ၊ လွှတ်ငြားမဲ့ပါ၊ သေမင်းလာသော်၊ ပမာတူလျှင်း၊ ခြင်္သေ့မင်း၏၊ ခံတွင်း၌သာ၊ သားတကာတို့၊ ဝင်လာသောနည်း၊ ဥပမည်းဖြင့်၊ ကြပ်တည်းစိုက်စိုက်၊ သေမင်းတိုက်က၊ လိုက်တော်မူလေ၊ ပါရချေ၍၊ မနေရသာ၊ ရာဟုလာကို၊ မကြာလောင်ပူ၊ သေမင်းယူက၊ ချစ်သူမယ်တော်၊ မိယသော်နှင့်၊ ဘိုးတော်မွေးဘ၊ သုဒ္ဓေါဒနသည်၊ မျှားလှဆွေရင်း၊ စစ်မက်ခင်း၍၊ သေမင်းတပ်ကို၊ မဖြိုနိုင်ဘူး....

ဘိလူးအကြမ်း၊ အပြင်းဖမ်းသို့၊ ရဟန်းရသေ့၊ ယနေ့စွဲနေ၊ သန္ဓေကိုယ်ဝန်၊ အလွန်ကြီးမား၊ ဆင်ပြောင်အားနှင့်၊ တိုင်းကားပြည့်ရှင်၊ ကောင်းကင်မြေလျှိုး၊ တန်ခိုးစျာန်ရ၊ ရှိသမျှကို၊ နေ့ညမဆိုတ်၊ သံဝါကြိုတ်တွင်၊ ထည့်ကျိတ်သောသွင်၊ ပိုက်စိပ်ငင်သို၊ အရှင်သေမင်း၊ နှိပ်စက်ခြင်းကို၊ သားရင်းရာဟု၊ ကြောက်လန့်မှုလော့....

ရန်သူနှိပ်စက်၊ သေမင်းလက်မှ၊ ထွက်လွတ်ပါစေ၊ နိဗ္ဗာန်မြေကို၊ မွေးဘေဂါကား၊ ပေးသနားသည်၊ သားတော်ငယ်ရှယ်၊ ငြင်းမပယ်နှင့်....”ဟူ၍ မိန့်တော်မူသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာအား နိဗ္ဗာန်အမွေကို ရယူရန်သာ အမိန့်ရှိသောအခါ ရာဟုလာသည် မိမိနှင့်အတူလိုက်ပါလာကြသော မှူးတော်မတ်တော်အပေါင်းတို့ကို ခေါ်ကာ....

“မှူးမတ်များတို့....သည်တခါတော့အခက်တွေ့ရချေပြီ၊ မွေးဘခင်ထံမှ အမွေတောင်းသည်မှာ ရွှေအိုးကြီး (၄)လုံးဖြစ်သည်၊ မွေးဘခင်အမွေပေးနေသည်မှာ နိဗ္ဗာန်အမွေဖြစ်သည်၊ မွေးဘခင်ထံမှ မပြန်နိုင်တော့၊ အမေ့ကိုသွားပြောကြပါဦး၊ မွေးဘခင်ထံလာပြီး သားတော့်တို့ နန်းတော်သို့ပြန်လာနိုင်အောင် မွေးဘခင်ကို တောင်းပန်ပြီး သားတော်ကို လာခေါ်လှည့်ပါ”ဟု မှာကြားပြောဆိုလေသည်။

မှူးတော်မတ်တော်များသည် သားတော်ရာဟုလာ၏ မိခင်ထံမှာကြားသော စကားကို လျှောက်တင်ရန် ရာဟုလာမာတာထံသို့ အလျင်အမြန်သွားကြလေသည်။

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာသည် လက်ျာတော်ရံ အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ သားတော်ရာဟုလာကို ဥပဇ္ဈယ်ပြု၍ သာမဏေပြုပေးရန် အပ်နှံလေသည်။ လက်ဝဲတော်ရံ အရှင်မောဂ္ဂလန်ကိုမူ သားတော်ရာဟုလာအား ခေါင်းရိတ်ပေးရန် အမိန့်တော်ရှိသည်။

ထို့ကြောင့် အရှင်မောဂ္ဂလန်မထေရ်က သားတော်ရာဟုလာအား ခေါင်းရိတ်ပေး၍ အရှင်သာရိပုတ္တရာမထေရ်က ဖန်ရည်

စွန်းသော သင်္ကန်းကို ဝတ်ဆင်စေကာ သရဏဂုံ (၃) ပါးနှင့် ဆယ်ပါးသီလပေးတော်မူလျက် ရှင်သာမဏေပြုပေးလေသည်။ သားတော်ရာဟုလာ စေလွှတ်လိုက်သော အမတ်များသည် ရာဟုလမာတာစံပျော်ရာနန်းတော်သို့ ရေးကြီးသုတ်ပြာနှင့် ပြေးဝင်လာကြလေသည်။

သားငယ်ရာဟုလာ ပြန်လာမည့်လမ်းကို မျှော်နေရှာသော ရာဟုလမာတာသည် မှူးမတ်များရေးကြီးသုတ်ပြာနှင့် ပြေးလာကြသည်ကို မြင်သောအခါ ဆီးကြိုလျက် အမတ်များကို....

"အမတ်များတို့...သားတော်ငယ် မပါလာပါကလား၊ သားတော်ငယ်ကို မွေးဘခင်ဗုဒ္ဓမြတ်စွာက မည်သည့်အမွေများပေးပါသနည်း" ဟု လှမ်းမေးတော်မူလေသည်။

အမတ်များက ခရီးရောက်မဆိုက် လျှောက်တင်ကြသည်မှာ....

"သခင်မဘုရား....သခင်မ၏ သားသည်းချာကို ဗုဒ္ဓမြတ်စွာ အမွေပေးပါသည်၊ သို့သော် ရွှေငွေရတနာအမွေများမဟုတ်ပါ၊ ဗုဒ္ဓမြတ်စွာက ငါ့သားကိုငါ၊ နိဗ္ဗူတာကို၊ ချမ်းသာစေမူ၊ ရဟန်းပြုမည်ဟု အမိန့်တော်ရှိပြီး ရဟန်းသဃာများကို စုရုံးလျက် သားငယ်ရာဟုလာကို ခေါင်းရိတ်ရန်ပင် ပြင်ဆင်နေကြပါပြီ၊ မိခင်ကြီးဗုဒ္ဓကျောင်းတော်သို့ အမြန်လာရောက်၍ ဘခင်ဘုရားထံ တောင်းပန်လျက် သားတော်ကို လာခေါ်လှည့်ပါ....ဟု သားတော်ရာဟုလာက မှာကြားလိုက်ပါကြောင်း" လျှောက်တင်ကြလေသည်။

ရာဟုလမာတာသည် မှူးမတ်များ၏လျှောက်တင်သော စကားကို ကြားရသောအခါ အပူပေါ်အပူဆင့်ဖြစ်ရလေသည်။ မောင်တော်ဘုရားနှင့် ခွဲခွာရသည့်အပူမီးမငြိမ်းခင်ပင် ချစ်လှသောသား

ယေယ်ရာဟုလာနှင့် ခွဲခွာရတော့မည်ဖြစ်၍ သည်းအူပြတ်မျှခံရလေသည်။ ရာဟုလမာတာသည် သားတော်ရာဟုလာ၏ သတင်းကို ကြားရသောအခါ အလွန်ပင်စိတ်မချမ်းမြေ့ ဖြစ်ရသောကြောင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးထံသို့ ငိုယိုလျက် ပြေးဝင်သွားလေသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ချွေးမတော်ရာဟုလမာတာ၏ ငိုကြွေးသောမျက်နှာနှင့် ပြေးဝင်လာသည်ကို မြင်ရသောအခါ ရွှေနန်းတော်ပလ္လင်ထက်မှ အလျင်အမြန် ရပ်တော်မူပြီး....

"ချွေးမလိမ္မာ၊ လဲ့ပြာပြာ....အလာထူးခြား ဘယ်ဖြစ်လားကြောင့်၊ ငိုအားကြီးစွာ၊ ပိမ္မာမဲ့ချည်း၊ တယောက်ထည်းလျှင်၊ ဝမ်းနည်းစရာ၊ ပြေးရောက်လာသည်၊ ကြီးစွာအပူ ရှိသလား ချွေးမတော်" ဟု လှမ်းမေးတော်မူလေသည်။

ချွေးမတော်ရာဟုလမာတာသည် သုဒ္ဓေါဒနမင်းကြီးအား....

"အရှင်မင်းမြတ်....အရှင်မင်းမြတ်၏ သားတော်ဘုရားပြုလုပ်ပုံများ တော်ပါသေးရဲ့လားဘုရား၊အရှင်မင်းမြတ်သားတော်သိဒ္ဓတ္ထမင်းသားမှာ ဆွေတော်မျိုးတော်တို့၏ ဂုဏ်သိက္ခာကိုမျှ မထောက်မညှာဘဲ တောထွက်ခဲ့ပါသည်၊ တခြားနိုင်ငံသို့ သွားရောက်၍ ခုနစ်နှစ်ကြာ နေထိုင်ခဲ့ပါသည်။ ခုတခါ အရှင်မင်းမြတ်၏ မြေးတော် သားယေယ်ရာဟုလာကို ကျောင်းတော်မှာခေါ်ထားလိုက်ပါပြီ၊နန်းတော်သို့ ပြန်မလွှတ်တော့ပါဘူးတဲ့၊ သားယေယ်ရာဟုလာကို ခေါင်းရိတ်ပြီး ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်စေကာ ရှင်ပြုတော့မည်ဟု ဆိုပါသည်၊ အရှင်မင်းမြတ်ကိုယ်တော်တိုင်ကျောင်းတော်သို့ လိုက်သွားပြီး သားတော် ဘုရားထံမှ သားယေယ်ရာဟု

လာကို တောင်းပေးတော်မူပါဘုရား....”ဟု လျှောက်ထားလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ရာဟုလမာတာ၏ လျှောက်တင်သံကို ကြားတော်မူသောအခါ ညည်းညူရှာသည်၊ သည်တခါတော့ ကပိလဝတ်ပြည်မှာ ကပ်ကြီးဝင်သကဲ့သို့ ဖြစ်ရလေပြီ၊ အတော်ကြာလျှင် တမျိုးလုံး ရဟန်းသာမဏေချည်း ဖြစ်ကုန်လိမ့်မည်၊ ကြုံရလေခြင်း”....ဟုညည်းညူတော်မူလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် မြေးငယ်ရာဟုလာကို ကျောင်းတော်မှ ခေါ်ဆောင်ရန်အတွက် ကျောင်းတော်သို့ကြွသွားတော်မူသည်၊ ရာဟုလမာတာကိုလည်း ကျောင်းတော်သို့ ခေါ်ဆောင်သွားလေသည်၊ ကျောင်းတော်သို့ ရောက်သောအခါ သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာအား ဦးချလေသည်၊ ရာဟုလမာတာမှာမူ သုဒ္ဓေါဒနမင်းကြီး၏ နောက်နားတွင် ဗုဒ္ဓမြတ်စွာအားဦးချကာ ညှိုးငယ်စွာ ထိုင်နေလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာအား....

“သားတော်ဘုရား... သားတော်၏ မယ်တော်မဟာမာယာနတ်ရွာစံသွားသောအခါ ခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော်တို့က သားတော်ဘုရားကိုပင် အားကိုးပြု၍ နေခဲ့ပါသည်၊ သားတော်ကမူ ဆွေတော်မျိုးတော်များကို မထောက်မထားဘဲ တောထွက်ခဲ့ပါသည်၊ သားတော်ထွက်ရာမှာ လိုက်ပါသွားရသည့် ဘွားဘက်တော် ကန္ထကမြင်းမှာလည်း လမ်းခရီးမှာပင် သားတော်ကို ခွဲခွာလာရသည့်အတွက် သေဆုံးခဲ့ရရှာပါသည်၊ သားတော်တောထွက်ပြီး (၇) နှစ်အကြာ ရာဇဂြိုဟ်ပြည်

မှာ နေခိုက် ခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့က သားတော်ဘုရားကို မြင်လိုတွေ့လိုသဖြင့် အခေါ်အပင့်စေလွှတ်လိုက်သော မှူးမတ်ပေါင်း တသောင်းကိုလည်း နေပြည်တော် မပြန်နိုင်အောင် သားတော်ဘုရားက ရဟန်းပြုပေးခဲ့ပါသည်၊ ဆယ်ကြိမ်မြောက် အပင့်အဖိတ်လွှတ်လိုက်သော ဘွားဘက်တော် ကာဠုဒါယီအမတ်ကြီးကိုပင် သားတော်ဘုရား ရဟန်းပြုပေးလိုက်ပါသည်။ သို့သော်ကာဠုဒါယီ အမတ်ကြီး ပင့်ဖိတ်သဖြင့် သားတော်ဘုရား ယခုကဲ့သို့ မိဘရပ်ရွာသို့ တခါတခေါက်ပြန်လာခဲ့သဖြင့် ခမည်းတော်ဖြစ်သော တပည့်တော်၊ ချွေးမတော်ရာဟုလမာတာ၊ မိထွေးတော်ဂေါတမီနှင့်တကွ ဆွေးတော်မျိုးတော်အပေါင်းတို့မှာ ဝမ်းသာအားရ ဖြစ်ကြရပါသည်၊ သားတော်ဘုရား မိဘရပ်ရွာသို့ ပြန်ရောက်၍ ဗုဒ္ဓသာသနာတော်တွင်လင်းရခြင်းအတွက်လည်း ခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့မှာ ဂုဏ်ယူနေကြရပါသည်၊ ယခုကဲ့သို့ သားတော်ဘုရား၏ အဆုံးအမကို ခံယူနေကြစဉ် ခမည်းတော်မှာလည်း အသက်အရွယ်ဘာ အိုမင်းရင့်ရော်လာသည့်အတွက်ထီးနန်းကို သားတော်မင်းနန်းအား လွှဲအပ်ရန်ပြင်ဆင်ခဲ့ပါသည်၊ နှမတော် ဇနပဒကလျာဏီနှင့် သားတော်မင်းနန်းကို ထိမ်းမြားရန်ဆဲဆဲမှာပင် သားတော် မင်းနန်းကို ကျောင်းတော်သို့ ခေါ်ဆောင်သွားပြီး ရဟန်းပြုပေးလိုက်ပြန်ပါသည်၊ ထိုမျှမကသေးပါ၊ ယခုတဖန် နုနယ်လှသေးသော မြေးငယ်ရာဟုလာကိုပင်ဘိုးဘေးမိခင်၊ ဆွေစဉ်ဦးရီး၊ မိကြီးမိထွေး၊ မည်သူမျှခွင့်မပေးဘဲ ရှင်သာမဏေပြုပေးလိုက်သည်မှာ သားတော်ဘုရား ဆင်ခြင်ရန် တောင်းပန်ပါသည်။ မြေးငယ်ရာဟုလာကိုတော့ သားတော်

ဘုရားပြန်လည် ပေးအပ်ရန်သင့်ပါကြောင်း သားတော်ဘုရား....” ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် သုဒ္ဓေါဒနမင်းကြီး လျှောက်ထားသော စကားကို ကြားတော်မူသောအခါ ရဟန်းအပေါင်းကို ခေါ် တော်မူပြီး “ရဟန်းတို့....ယနေ့ကစ၍ နောင်ကာလတွင် မာတာ ပိတ၊ မိဘတိုးဘွား၊ မယားတို့ပါ၊ သားယာနှီးညွတ် ခွင့်မလွှတ်ဘဲ နှဲ့ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ရဟန်းသာမဏေပြု မပေးရန် ငါဘုရား ပညတ်တော်မူသည်”ဟု မိန့်ဇတော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် ရဟန်းသံဃာတော်များအား ဝိနည်းသိက္ခာ ပုဒ်တော်တခုကို ပညတ်တော်မူပြီးသောအခါ ခမည်းတော်သုဒ္ဓေါ ဒနမင်းကြီးဘက်သို့ မျက်နှာတော်လှည့်လျက်....

“သုဒ္ဓေါရာဇာ၊ ဘကကာ....ဤလောကမှာ အဘယ်ကဲ့သို့ သော ချမ်းသာသုခကို တွေ့နေရ မြင်နေရသဖြင့် သားတော် ရာဟုလာကို ဤကဲ့သို့အခရေးတကြီး တောင်းဆိုနေရဘိသနည်း၊ သားတော်ရာဟုလာအား အဘိုးဖြစ်သော သင်နှင့်လည်း မဆိုင် မယ်တော် ဖြစ်သော ယသော်ဓရာခေါ် ရာဟုလမာတာနှင့် လည်း မဆိုင်ပေ၊ အမှန်အား အရင်းစစ်ဇသော် အမြစ်မြေကဆို ဘိသကဲ့သို့ ငါ၏သားတော် ရာဟုလာကို ငါဘုရားသာ ဆိုင်ပေ သည်၊ ငါ့သားတော် ရာဟုလာကို မည်သူ့ကိုမျှ မပေးနိုင်၊ ငါ့ သားတော်ရာဟုလာသည် ငါဘုရား၏ အမွေကို ခံထိုက်ပေသည်၊ ထို့ကြောင့် ငါ့သားတော် ရာဟုလာကို ဒုက္ခအပေါင်းမှ ကင်း စေ၊ လွတ်စေလိုသည့်အတွက် ငါဘုရားက ရှင်သာမဏေပြုပေး ထားရသည်၊ ငါ့သားတော် ရာဟုလာကို တဏှာကျွန်ဖြစ်၊ သံ

သာမြစ်တွင်၊ ချစ်သည်အဟန်၊ နစ်အောင် မကြံကြပါနှင့် ဘတကာ....”ဟု မိန့်တော်မူလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ စကားတော်ကို ကြားရသောအခါ မျက်နှာမှ မျက်ရည်များ တဖြိုင်ဖြိုင်စီးကျလာလေသည်၊ သားငယ်ကို ပြန်ရရေးအတွက် မျှော်လင့်ရှာနေသော ရာဟုလမာတာမှာလည်း ပိုမိုညှိုးငယ်လျက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ မျက်နှာကိုစိုက်ကြည့်နေလေသည်။ သုဒ္ဓေါဒနမင်းကြီးသည် ချွေးမတော်ရာဟုလမာတာ၏ မျက်နှာဘက်သို့လှည့်ပြီး

“ချွေးမတော်.... သားတော်ဘုရားကတော့ မြေးတော်ရာဟုလာမှာ သူ့သားဖြစ်၍ သူသာပိုင်ဆိုင်ကြောင်း၊ သံသာ့အလယ်မှာ မထောက်မညှာဘဲ ပြောခဲ့လေပြီ၊ ခမည်းတော်အနေနှင့်ကတော့ နောက်တခါ မြေးတော်ရာဟုလာကို ပြန်ပေးဖို့ သားတော်ဘုရားထံ မပြောဝံ့တော့ပါ၊ ချွေးမတော်မှာ သားငယ်အတွက် ဒုက္ခရောက်နေရသူဖြစ်၍....လင်နှင့်မယား၊ ပြောပါများကာ၊ နားဝင်သောဟူ”....ပုံကိုယူလျက် ချွေးမတော်၏ ယုံကြည်မှန်သော သားတော်ဘုရားကို ခယဝပ်တွားလျက် သားငယ်ရာဟုလာကို တလှည့်တခါ တောင်းကြည့်ပါဦး”....ဟု မိန့်တော်မူလေသည်။

ရာဟုလမာတာသည် သားငယ်ရာဟုလာကို တောင်းဆိုရန် ဗုဒ္ဓမြတ်စွာမျက်နှာတော်ကို မရဲတရဲမော်ကြည့်ကာ...

“သားရာဟုတော၊ မြတ်စိန္တေ....အရှင်မြတ်ကား မြတ်လှသည့် နိဗ္ဗာန်ကိုရည်သန်ပြီး တောထွက်ခဲ့ပါသည်၊ ဘုရားအဖြစ်ကို ရအောင် ကျင့်ဆောင်နိုင်ခဲ့ပါသည်၊ တပည့်တော်မသားအမိကို တော့ ဖြစ်ချင်ရာဖြစ်စေ နေရစ်ကြတော့ဟု မထောက်မညှာသော

ပစ်ရက်ခဲ့ပါသည်၊ ခုတခါ နှုန်ယ်သော သားငယ်ရာဟုလာကိုပင် အရှင်ဘုရားခေါ်ထားပြန်ပါပြီ၊ ဤသားငယ်ရာဟုလာမှာ တပည့်တော်မ အိုမင်းသော အခါ အားကိုးရာဖြစ်ပါသည်၊ ဤသားငယ်ရာဟုလာကိုတော့ အရှင်မြတ်ဘုရား ခေါ်မထားပါနှင့်၊ တပည့်တော်မအား ပြန်ပေးတော်မူပါ့ အရှင်မြတ်ဘုရား....”ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာက ရာဟုလမာတာအား....

“တကာမမျိုးနွယ်၊ ရာဟုမယ်....ရာဟုမယ်မှာ ဤမျှမိမိကိုယ်ကို အပင်ပန်းခံပြီး သားငယ်ရာဟုလာကို အဘယ်အကျိုးကိုမျှော်ကိုး၍ ငါဘုရားထံမှ တောင်းဆိုနေဘိသနည်း။

တကာမမျိုးနွယ်၊ ရာဟုမယ်....ဤသားငယ်ရာဟုလာကို အကယ်စင်စစ် ချစ်မြတ်နိုးသူကား ငါဗုဒ္ဓမြတ်စွာသာဖြစ်သည်၊ ငါ၏သားငယ်ရာဟုလာကို ငါဘုရားကြီးမားသော မဟာကရုဏာတော်ဖြင့် ဒုက္ခအပေါင်းအေးငြိမ်းနိုင်စေရန် ရှင်သာမဏေပြုပေးသားသည်။

တကာမမျိုးနွယ်၊ ရာဟုမယ်....ငါ၏သားငယ်ရာဟုလာကို ဒုက္ခနှံ့ထဲနစ်ရန်အတွက် လာတောင်းမနေနဲ့တော့၊ ငါကားဂုဏ်တော်အပေါင်းနှင့် ပြည့်စုံခဲ့ပြီ၊ သစ္စာလေးပါးတရားအားလုံးကို သိမြင်ခဲ့ပြီ၊ ဤလောကသုံးပါးကိုလည်း ဒုက္ခတုံး ဒုက္ခခဲကြီးအဖြစ် ငါမြင်ခဲ့ပြီ၊ ငါကားဒုက္ခအပေါင်းငြိမ်းရာ နိဗ္ဗာနသခင်ဖြစ်ခဲ့ပြီ၊ငါ၏သားငယ်ရာဟုလာကိုလည်း ငါကဲ့သို့ပင် ဒုက္ခအပေါင်းကင်းငြိမ်းသော နိဗ္ဗာန်သို့ ငါဘုရားခေါ်သွားရမည်။

တကာမမျိုးနွယ်၊ ရာဟုမယ်....ရာဟုမယ်မှာလည်း ငါဗုဒ္ဓမြတ်စွာနှင့် သားငယ်ရာဟုလာကို ခွဲခွာရသည့်အတွက် မျက်ရည်စက်

စက်၊ လွှမ်းရတက်နှင့် ဆွေးပူ၍မနေရစ်ပါနှင့်တော့၊ သားချစ်ကို ခင်၊ လင်ကိုစုံမက်၊ မခွဲရက်မူ၊ ငါတို့သားအဘကဲ့သို့ပင် အေးငြိမ်း သောနိဗ္ဗာန်ကိုရနိုင်အောင် ငါ့တွင် တပ်ခြင်းတဏှာကင်းလျက် ဘိက္ခုနီမအဖြစ်ဖြင့် ငါတို့နှင့်အတူ လိုက်လာခဲ့ပါတော့ ရာဟု မယ်”....ဟု မိန့်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာက ရာဟုလမာတာအား ဘိက္ခုနီပြုလုပ်ရန် မိန့် တော်မူသောအခါ ရာဟုလမာတာက....“မဂ္ဂင်ခရီး၊ ရွှေဖောင်ကြီး လည်း မစီးလိုပါ၊ နိဗ္ဗာန်ကိုလည်း မရလိုပါ၊ ရပ်ဝါမလှ၊ဘိက္ခုနီ မလည်း မလုပ်လိုပါ၊ သားငယ်ရာဟုလာကိုသာ ပြန်ပေးခဲ့ပါ” ....ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာက....

“ရာဟုလမာတာ၊ ယသော်ရော...သင်ကား သင်၏သားငယ် ရာဟုလာကိုလည်း ပြန်မရ၊ သင်ကိုယ်တိုင်လည်း နိဗ္ဗာန်သို့ ငါတို့ နှင့်အတူလိုက်ပါရမည့်သူ ဖြစ်ဘိသည်” ဟု မိန့်တော်မူပြီး ဆက် လက်၍....

“နန်းညာဇာတိ၊ ရာဟုမိ....သင်နှင့်ငါကား ဘဝပေါင်းများ စွာတွင် အတူကျင်လည်ခဲ့ရ ဖြစ်ခဲ့ရသည်၊ နောက်ဆုံးဖြစ်သော ဘဝတွင်လည်း သင်ကပင် ငါနှင့်အတူနိဗ္ဗာန်ကိုရလိုကြောင်း သင် ဆုတောင်းခဲ့ဘူးသည်၊ သင့်ဆုတောင်းပြည့်နိုင်ကြောင်း ဒီပင်္ကရာ မြတ်ဗုဒ္ဓက ဗျာဒိတ်တော်ပေးခဲ့သည်ကိုလည်း သင်ကား ယခု မမှတ်မိ၊ နောက်ကြောင်းက သင်နှင့်ငါ ဇာတ်အစုံကို ငါဘုရား ဟောပြမှ သင်သိတော့မည်၊ သိမှသံဝေဂရမည်၊ သံဝေဂရမှ ဒုက္ခမီးပွားဖြစ်သော သားဟုချစ်ခင်၊ လင်ဟုချင်ထုံး၊ မုန်းသည်

ချစ်ရန်၊ ဤနှစ်တန်ကင်းပျောက်လျက် နိဗ္ဗာန်သို့ရောက်နိုင်လိမ့်မည်။

နန်းညာဇာတ်၊ ရာဟုမိ.... နားစိုက်ထောင်လော့၊ နောက်ကြောင်းက သင်နှင့်ငါဇာတ်အစုံကို ငါဘုရားဟောကြားမည်။

ရှေးလွန်လေပြီးသောအခါ သာရမဏ္ဍကမ္ဘာတွင် ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်၌ ငါကား သုမေဓာသူဌေးဖြစ်ခဲ့သည်၊ လောကီစည်းစိမ်ကို ငြီးငွေ့၍ ရှိသမျှပစ္စည်းဥစ္စာအကုန်ကိုစွန့်ကြဲလျက် တောထွက်ခဲ့သည်၊ ဓမ္မိကတောင်မှာ 'သုမေဓာရသေ့ အဖြစ်ဖြင့် ငါနေထိုင်ခဲ့သည်၊ မြေလျှိုးမိုးပျံ ဈာန်အဘိညာဉ်တို့နှင့်ပြည့်စုံသော ငါကား ဓမ္မိကတောင်မှ ရမ္မာဝတီတိုင်းပြည်သို့ဈာန်အဘိညာဉ်တန်ခိုးဖြင့် ဆွမ်းခံကြွလာခဲ့ရာ ရမ္မာဝတီတိုင်းသူပြည်သားတို့ လမ်းပြင်နေသည်ကို တွေ့မြင်ရသည်၊ ဒီပင်္ကရာမြတ်စွာဘုရားသည် သံဃာလေးသိန်းခြံရံလျက် ဆွမ်းခံကြွရန်အတွက် လမ်းပြင်နေကြောင်းသိရသောအခါ ငါကိုယ်တိုင် နေရာတနေရာယူ၍ အားစိုက်ခွန်စိုက် လမ်းပြင်ခဲ့သည်၊ ငါပြင်သော လမ်းနေရာမပြီးခင်ပင် ဒီပင်္ကရာမြတ်စွာဘုရား သံဃာလေးသိန်းခြံရံလျက်ဆွမ်းခံကြွလာလေရာ မပြီးသေးသောလမ်းနေရာတွင် ငါ့ကိုယ်ကိုအလျားမှောက်ပေး၍ တံတားခင်းပေးခဲ့သည်၊ ဆွမ်းခံကြွတော်မူလာသော ဒီပင်္ကရာမြတ်စွာဘုရားသည် ငါ့ဦးခေါင်းရင်းတွင် ရပ်တော်မူလျက်....

"ဤသူကား နောင်လာလတံ့သော ဘဒ္ဒကမ္ဘာတွင် ငါကဲ့သို့ဘုရားဖြစ်လာလိမ့်မည်၊ ဂေါတမဟု အမည်တွင်လိမ့်မည်"....ဟုနိယတဗျာဒိတ်ပေးတော်မူခဲ့သည်။

နန်းညာဇာတိ၊ ရာဟုမိ....နားစိုက်ထောင်လော့၊ ထိုအခါက သင်၏ အမည်မှာ 'သုမိတ္တာ' အမည်ရှိသည်၊ သင်သည်လည်း ဒီပင်္ကရာမြတ်စွာဗုဒ္ဓထံ လာရောက်ကာ ဤသုမေဓာရသေ့ဖြစ်သော ငါနှင့်ဖြစ်လေရာဘဝတိုင်းမှာ အတူကျင်လည်၊ အတူဖြစ်ရပါလိုကြောင်း၊ နိဗ္ဗာန်ကိုရသောအခါတွင်လည်း အတူရလိုကြောင်း သင်ဆုတောင်းခဲ့သည်။

နန်းညာဇာတိ၊ ရာဟုမိ....သင်ကငါနှင့်အတူ ဖြစ်လေရာဘဝတိုင်းမှာ အတူဖြစ်ရလိုကြောင်း နိဗ္ဗာန်ကိုလည်း အတူရလိုကြောင်း ဆုတောင်းသောအခါ ငါကသင့်အား "လာမန္နောက်ရှက်နှင့်" ဟုတားမြစ်ခဲ့သည်။

ဒီပင်္ကရာ ဗုဒ္ဓမြတ်စွာကမူ ငါ့အား....

"အမောင်လိမ္မာ၊ သုမေဓာ....သုမိတ္တာမည်ရ၊ ဤကတကာမလည်း ဘဝများစွာ၊ ကျင်လည်ရာဝယ်၊ သစ္စာမထွက်၊ ဆုပန်နှက်၍၊ နန်းသက်ျာပျော်၊ မျိုးတော်အနွယ်၊ ရာဟုမယ်ပ၊ ပစ်ပယ်သင့်ဘူး၊ နိဗ္ဗာန်ကူးအောင်၊ ပေါင်းရမည့်သူ၊ မှန်သည်ဟူ၏"....ဟူ၍ မိန့်ကြားတော်မူခဲ့သည်။

"နန်းညာဇာတိ၊ ရာဟုမိ—ဒီပင်္ကရာ ဗုဒ္ဓမြတ်စွာ၏ ဗျာဒိတ်တော် စကားကြောင့်၊ သင့်နှင့်ငါမှာ ဘဝပေါင်းများစွာ အတူကျင်လည်ခဲ့ရပြီး အတူဖြစ်ခဲ့ရပြီ၊ ယခုနောက်ဆုံးဘဝတွင်လည်း ငါနှင့်အတူ နိဗ္ဗာန်ယူနိုင်အောင် ရဟန်းမပြုဘူးလား၊ ပြုမည်လား ရာဟုမိ"....ဟုမေးတော်မူလေသည်။

ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာ၏ အမေးတော်ကို....

"သားရာဟုဘေ၊ အစိန္တေယျော်၊ မြတ်ဇီနော်....တပည့်တော်မမျိုးနွမကို၊ မင်္ဂဖိုလ်နိဗ္ဗာန်၊ ရစေရန်အတွက် အရှင်မြတ်ဘုရား

ဟောကြားညွှန်ပြ ဖြစ်သမျှကို ခုမှသာလျှင် တပည့်တော်မ၊ ဇာတိ သာရည ဉာဏ်ဖြင့် မျက်မှောက်ထင်ထင်၊ သိမြင်ရပါပြီ။

သားရာဟုဘော၊ အစိန္တေယျော်၊ မြတ်ဇိနော်—တပည့်တော်မ ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာနှင့် သားငယ်ရာဟုလာတို့ကို ခွဲခွာပြီး သံသရာမှာ တယောက်တည်း ကျင်လည်ရမှာ ကြောက် လှပါပြီ၊ ဒုက္ခအပေါင်း ကင်းငြိမ်းရာ နိဗ္ဗာန်ကို ရနိုင်အောင် တပည့်တော်မအား ရဟန်းပြုပေးတော်မူပါ အရှင်မြတ်ဘုရား....” ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာက ရဟန်းပြုလိုကြောင်း လျှောက်ထားသောအခါ ‘ဧတိဘိက္ခု’ ခေါ်တော်မူလေရာ၊ ရာဟု လမာတာမှာ ရဟန်းပရိက္ခရာ အစုံအလင်နှင့် တကျာစင်သော ရဟန္တာမရာဟုလမာတာ ဖြစ်လေသတည်း။

၁၁

ရာဟုလမာတာသည် ရဟန္တာမအဖြစ်သို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာ၏တရား ဒေသနာတော်၌ နစ်မွန်းနေလေသည်၊ ဗုဒ္ဓ မြတ်စွာ၏ ဓမ္မအရသာကို မြိန်ရှက်စွာ ခံစားရင်း ဗုဒ္ဓမြတ်စွာ၏ ဓမ္မရိပ်အောက်တွင်နေရခြင်းသည် အေးမြလေစွ၊ အေးမြလေစွဟု ဥဒါန်းစကားများ ကျူးရင့်နေလေသည်။

ရာဟုလမာတာသည် ဝါလနီးသောအခါ ဗုဒ္ဓမြတ်စွာ၏ ရွှေကြာပဒုံ စက်ခြေစုံကို လက်စုံညှတ်နူး အကြိမ်ကြိမ်ဖူးပြီးလျှင် ရှေးအခါကာလ ငှက်ကိန္နရီဖြစ်ခဲ့ရစဉ်က ဗုဒ္ဓမြတ်စွာနှင့်အတူ

ကြွင်နာတူစုံ ခိုလှူပျော်မြူးခဲ့ဘူးရာ ကန္တာဂနိုင် ပန်းစုံလှိုင်သည့် စန္ဒာတောင်သို့ သွားရောက်ကာ ရဟန္တာမများစွာနှင့်အတူ သီတင်းသုံးနေထိုင်လေသည်။

ဗုဒ္ဓမြတ်စွာသည်လည်း မိဘရပ်ရွာ၊ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်မှ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ပြောင်းရွှေ့သီတင်းသုံးနေတော်မူလေသည်။

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူသောအခါ ရာဟုလမာတာသည် ရဟန္တာမများစွာနှင့်အတူ စန္ဒာတောင်မှလာရောက်၍ ဗုဒ္ဓမြတ်စွာအား အမြဲမပြတ်ဝတ်ပြုတော်မူလေသည်။

တနေ့သောအခါတွင် ရာဟုလမာတာသည် လူ့ဘဝတုန်းက စားခဲ့ရသော အစားအစာမျိုး မစားမသောက်ခြင်း၊ သစ်ကျားခြသေ့တို့နေရာ တောကြီးမျက်မဲတွင် အအေးအပူမညီမျှနေထိုင်ခြင်း၊ နေ့လွဲညစာ မစားမသောက်ခြင်းစသော အကြောင်းတို့ကြောင့် ဓာတ်လေးပါးမညီမျှဖြစ်ကာ လေနာရောဂါစွဲကပ်လေသည်။

ရာဟုလမာတာသည် လေနာရောဂါစွဲကပ်နေ၍ ဗုဒ္ဓမြတ်စွာထံ ခါတိုင်းကဲ့သို့ အဆည်းအကပ် မလာရောက်နိုင်သောကြောင့် မြတ်စွာဘုရား၏ ရှေ့တော်မှောက်တွင် နေရာများလစ်လပ်လျက် နေလေသည်။

ဗုဒ္ဓမြတ်စွာ၏ လက်ျာတော်ရံ အရှင်သာရိပုတ္တရာသည် ဗုဒ္ဓမြတ်စွာ၏ ရှေ့တော်မှောက်တွင် နေရာများလစ်လပ် နေသည်ကို တွေ့မြင်ရသဖြင့် ဆင်ခြင်ကြည့်တော်မူရာ ရာဟုလမာတာသည် လေနာရောဂါစွဲကပ်နေသောကြောင့် မလာရောက်၍ ယနေ့ကဲ့သို့

နေရာများလစ်လပ်နေကြောင်း သိမြင်တော်မူသည်။ ရာဟုလမာတာဗုဒ္ဓမြတ်စွာထံ အဆည်းအကပ်အခါတိုင်းကဲ့သို့ မလာရောက်ခြင်းမှာလည်း ရှေးကအစားအသောက်မျိုးမစားရခြင်း၊ရှေးကနေရာမျိုးတွင် မနေရခြင်းစသည်တို့ကြောင့် လေနာရောဂါစွဲကပ်ရသည်ဟုလည်း သိမြင်တော်မူသည်။

အရှင်သာရိပုတ္တရာသည် ရာဟုလမာတာ၏ လေနာရောဂါပျောက်ကင်းရန်ဆေးကို ဆင်ခြင်ကြည့်တော်မူလေရာ ဘုရင်ပသေနဒီကောသလမင်း၏ပွဲတော်ဘောဇဉ်ကို ရာဟုလမာတာစားသုံးရလျှင် ဘောဇနသပ္ပါယ်ဖြစ်၍ လေနာရောဂါ ပျောက်ကင်းနိုင်ကြောင်း သိမြင်တော်မူသည်။

အရှင်သာရိပုတ္တရာသည် ရာဟုလမာတာအတွက် ဘုရင်ပသေနဒီကောသလမင်းကြီးထံမှ ပွဲတော်ဘောဇဉ်ကို အလှူခံ၍ ပေးလိုသည်၊သို့သော် ရဟန္တာက မာတုဂါမအတွက် ရောဂါပျောက်ကင်းစေရန် ဆေးသဘ္ပာယ်ဖြစ်သော ဆွမ်းကို အလှူခံ၍ မပေးကောင်းဟူသော ဘုရားပညတ်ချက်က ရှိနေသဖြင့် တပည့်ဖြစ်သော 'ရာဟုလာ' ကို အမှတ်ရလေသည်။

ရာဟုလာသည် ရာဟုလမာတာ၏ သားတော်အရင်းဖြစ်၍ သားရဟန္တာက မိခင်အား ဆေးသဘ္ပာယ်ဖြစ်သော ဆွမ်းဘောဇဉ်ကို ပေးသော်အပြစ်မရှိဟူသော ဘုရားပညတ်ချက်အရ တပည့်ဖြစ်သော ရာဟုလာကိုခေါ်ဆောင်၍ အရှင်သာရိပုတ္တရာမထေရ်သည် ဘုရင်ပသေနဒီကောသလမင်းကြီးနန်းတော်သို့ ကြွသွားတော်မူလေသည်။

နန်းတော်သို့ရောက်သောအခါ အရှင်သာရိပုတ္တရာသည်တပည့်ငယ်ရာဟုလာကို နန်းတော်၏ဆင်တင်းကုတ်တွင်ထားခဲ့ကာ မိမိ

ကမူ ဘုရင်ပသေနဒီကောသလမင်းထံ ဝင်ရောက်ကြွသွားတော်မူလေသည်။

ပသေနဒီကောသလမင်းကြီးသည် အရှင်သာရိပုတ္တရာမထေရ်ကို မြင်သောအခါ ဝမ်းသာအားရနန်းတော်တွင်ပင် ဆွမ်းဘောဇဉ်များလှူဒါန်းတော်မူလေသည်။

အရှင်သာရိပုတ္တရာမထေရ်က....

"တကာတော်မင်းမြတ်.... ငါ့မှာ ကိစ္စကြီးတခု ရှိပါသေးသည်"ဟူ၍ မိန့်ကြားတော်မူကာ ဘုရင်ပသေနဒီကောသလမင်းလှူဒါန်းထားသော ဆွမ်းဘောဇဉ်ကို ယူတော်မူ၍ နန်းတော်မှကြွသွားတော်မူလေသည်။

ပသေနဒီကောသလမင်းကြီးသည် အရှင်သာရိပုတ္တရာမထေရ်၏ ပြုမူပုံအခြင်းအရာကို သိလိုသဖြင့် မှူးမတ်များကို အရှင်သာရိပုတ္တရာမထေရ်အား နောက်ယောင်ခံလိုက်စေ၍ အကြည့်ခိုင်းလေသည်။

အရှင်သာရိပုတ္တရာမထေရ်သည် ဆင်တင်းကုတ်သို့ရောက်သောအခါ စောင့်နေသော တပည့်ငယ် ရာဟုလာအားယူဆောင်လာခဲ့သည့်ဆွမ်းဘောဇဉ်များကို ပေးအပ်ကာ...."ဤဘောဇဉ်များကိုသင့်မိခင်ကို သွားပေးချေ၊ သင့်မိခင်မှာလေနာရောဂါ စွဲကပ်နေသည်၊ ဤဘောဇဉ်ကို စားရသဖြင့် သင့်မိခင်၏လေနာရောဂါမှာပျောက်ကင်းပေလိမ့်မည်"....ဟု မိန့်ကြားတော်မူလေသည်။

ရာဟုလာသည် အရှင်သာရိပုတ္တရာမထေရ်၏ စကားတော်အတိုင်း ဆွမ်းဘောဇဉ်ကိုယူကာ မိခင်ရာဟုလမာတာ သီတင်းသုံးနေထိုင်ရာ စန္ဒာတောင်သို့ ကောင်းကင်ခရီးဖြင့်ကြွတော်မူ၍ မိခင်ကြီးအား ဆွမ်းဘောဇဉ်များကို ဆက်ကပ်လေသည်။

ရာဟုလမာတာသည် သားငယ်ရာဟုလာမထေရ် လာရောက်ပေးပို့သော ဘုရင်ပသေနဒီကောသလမင်းပွဲတော် ဆွမ်းဘောဇဉ်ကို မြိန်ရှက်စွာ စားသုံးတော်မူသည်။ ရာဟုလမာတာ၏ လေနာရောဂါမှာလည်း လုံးဝပျောက်ကင်းတော်မူလေသည်။

အရှင်သာရိပုတ္တရာမထေရ်ကို နောက်ယောင်ခံလိုက်၍ ကြည့်ရှုကြသော ဘုရင်ပသေနဒီကောသလမင်း၏ မှူးမတ်များတို့သည် အရှင်သာရိပုတ္တရာမထေရ်က ရာဟုလာထေရ်အား ဆွမ်းဘောဇဉ်ကို သူ့မိခင်ရာဟုလမာတာအား အပေးခိုင်းပုံကို ဘုရင်ပသေနဒီကောသလမင်းအားလျှောက်တင်ကြလေသည်။

ဘုရင်ပသေနဒီကောသလမင်းသည် မှူးမတ်တို့၏ လျှောက်တင်သော စကားကို ကြားသိရသောအခါ....''ဖြစ်မှဖြစ်ရလေ၊ အရှင်သာရိပုတ္တရာ မထေရ်ကား ဗုဒ္ဓမြတ်စွာ၏ ကြင်ရာတော် ရာဟုလမာတာကိုပင် သားတော်ရာဟုလာကို အောင်သွယ်ထားလျက် မဖွယ်မရာ ကြံစည်ရက်ပါကလား၊ အကျင့်သိက္ခာနှင့်မညီလေစွ''....ဟူ၍ အရှင်သာရိပုတ္တရာမထေရ်အား အထင်မှားလေသည်။ အရှင်သာရိပုတ္တရာ၏ မဖွယ်ရာသော ယင်းအကြံအစည်ကို ဗုဒ္ဓမြတ်စွာအား လျှောက်တင်ရန်လည်း ကြံစည်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ပသေနဒီကောသလမင်းက အရှင်သာရိပုတ္တရာမထေရ်အပေါ်၌ ယင်းကဲ့သို့ အထင်မှားခြင်းကို ဇေတဝန်ကျောင်းတော်မှ သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူလေရာ၊ လူအများသည် ဤသတင်းကို သိကြ၍ မထောက်မချင့် အယူမှားခဲ့သော် အပါယ်လေးပါးသို့ လားနိုင်ရာသည်ဟု ဆင်ခြင်တော်မူလေသည်။

ဘုရင်ပသေနဒီကောသလမင်းကြီးသည် မျိုးမတ်အပေါင်း ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ ကြွချီလာလေသည်။ ကျောင်းတော်သို့ ရောက်သောအခါ "အရှင်သာရိပုတ္တရာမထေရ်က ဗုဒ္ဓမြတ်စွာ၏ ကြင်ရာတော်ရာဟုလမာတာအား သားတော် ရာဟုလာအား အောင်သွယ်ခိုင်းပြီ၊ မဖွယ်မရာ ကြံစည်ရက်သည်" ဟူသောအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားရန် ကြံစည်ထားလေသည်။

ဗုဒ္ဓ မြတ် စွာ သည်၊ ပသေနဒီကောသလမင်းကြီး လာခြင်း အကြောင်းရင်းကို သိတော်မူပြီး ဖြစ်၍ ပသေနဒီကောသလ မင်းကြီး မလျှောက်တင်မီကပင် ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့မိန့်ကြားတော်မူလေသည်။

"ရဟန်းတို့....အကျင့်သီလရှိပြီး အသက်အရွယ် ငယ်ငယ်နှင့် သေဆုံးကွယ်လွန် ရသောသူနှင့် အကျင့်သီလ မရှိဘဲ အသက် ထောင်သောင်းနေပြီး သေဆုံးကွယ်လွန်ရသော သူနှစ်ဦးတွင် အဘယ်သူက ပိုမြတ်သနည်း၊ အကျင့်သီလရှိသော ရဟန္တာက ဆေးသဖွယ်ဖြစ်သော ဆွမ်းဘောဇဉ်ကို မာတုဂါမအားပေး ကောင်းသလား၊ မပေးကောင်းဘူးလား၊ သားဖြစ်သော ရဟန္တာ က မိဘကို ဆွမ်းအလှူခံ၍ ကျွေးမွေးကောင်းသလား၊ မကျွေး မွေးကောင်းဘူးလား" ဟူ၍ မေးတော်မူလေသည်။

ရဟန်းတို့က....

"အရှင်မြတ်ဘုရား....အသက်ရှိ၍ အသက်ငယ်ငယ်ရွယ်ရွယ် နှင့် သေရသူသည် သီလမရှိဘဲ အသက်ထောင်သောင်းနေရပြီးမှ သေရသူထက် ပိုမြတ်ပါသည်၊ ရဟန္တာသည် မာတုဂါမအတွက် ဆေးသဖွယ်ဖြစ်သော ဆွမ်းဘောဇဉ်ကို အလှူခံ မပေးကောင်း

ပါ၊ သားဖြစ်သူကမူ ဘုရားရဟန္တာပင် ဖြစ်နေပါစေ မိဘနှစ်ပါးကို 'မာတာပိတု ဥပဋ္ဌာနံ' မင်္ဂလာတရားတော်လာသည့်အတိုင်း ဆွမ်းခံ၍ပင် လုပ်ကျွေးကောင်းပါသည်၊ မိဘနှစ်ပါးကွယ်လွန်သေဆုံးသောအခါမှာလည်း မိဘနှစ်ပါး၏ အနန္တကျေးဇူးဂုဏ်ကြောင့် ချိပိုးထမ်းမ၍ပင် အရိုးမြေကျ သင်္ဂြိုဟ်ကောင်းပါသည်''ဟူ၍ လျှောက်တင်ကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ရဟန်းများ၏ လျှောက်တင်သော စကားကိုအားရတော်မူ၍ သာဓုသုံးကြိမ် ခေါ်တော်မူကာ....

"ရဟန်းတို့....'တရားတော်' ဟူသည် ငါဘုရားထက် ပိုမိုမြတ်လှသည်၊ ငါဘုရားသော်မှ ဤတရားတော်နှင့် အညီကျင့်ကြံအားထုတ်သဖြင့်သာ သစ္စာ (၄) ပါး မြတ်ဘုရားကိုသိ၍ ဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံကာ ဗုဒ္ဓစင်စစ် ဘုရားဖြစ်ခဲ့ရသည်၊ ဘုရားအဖြစ်သို့ ရောက်၍ သတ္တဋ္ဌာနတွင် ငါဘုရားသီတင်းသုံးနေထိုင်စဉ်ကလည်း ပဋ္ဌာန်းတရားတော်ကို ငါဘုရားဆင်ခြင်တော်မူ၍ ရောင်ခြည်တော် ခြောက်စုံကွန့်မြူးနိုင်ခဲ့သည်၊ ထို့ကြောင့် ငါဘုရားသော်ပင် ဂုဏ်တော်အနန္တ၊ မြတ်လှကျူးကျော်၊ တရားတော်ကို၊ အမြဲမပြတ်ပူဇော် နေရသည်။

ရဟန်းတို့...သင်တို့သည်လည်း ငါဘုရားနည်းတူ တရားတော်မြတ်ကို အမြဲမပြတ် ပူဇော်ကြ၊ သီလသိက္ခာပုဒ်တော်များကို မိမိအသက် ကဲ့သို့ အသက်ရှည်သမျှ ချစ်ခင်လေးစား မြတ်နိုးကြ" ....ဟူ၍ မိန့်တော်မူလေသည်။

ပသေနဒီကောသလမင်းသည် ဗုဒ္ဓမြတ်စွာနှင့် ရဟန်းတို့မေးမြန်းလျှောက်ထားခြင်း ပြီးဆုံးသောအခါ ဗုဒ္ဓမြတ်စွာအား....

“အရှင်မြတ်ဘုရား....အရှင်မြတ်၏တပည့်များ ဖြစ်ကြသော အရှင်သာရိပုတ္တရာ၊ ရာဟုလာ၊ ရာဟုလမာတာတို့မှာ အကျင့်သိက္ခာနှင့် မညီပါ”....ဟူ လျှောက်တင်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ပသေနဒီကောသလမင်းကြီး၏ အရှင်သာရိပုတ္တရာမထေရ်မြတ်အပေါ်၌ အထင်လွဲမှားလျက် ဤကဲ့သို့ လျှောက်ထားသည်ကို သိမြင်တော်မူသည်။ ပသေနဒီကောသလမင်းကြီးသည် ဤကဲ့သို့သော အယူအဆမှားနေပါက အပါယ်လေးပါးသို့ လားရောက်ရာသည်ဟူ၍လည်း ဗုဒ္ဓမြတ်စွာ သနားတော်မူလေသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ပသေနဒီကောသလမင်းကြီး ယုံမှားခြင်း ပယ်ဖျောက်နိုင်စေရန် အရှင်သာရိပုတ္တရာ၊ရာဟုလာ၊ ရာဟုလမာတာတို့ကို ခေါ်တော်မူပြီး အကြောင်းစုံကို တယောက်စီမေးမြန်းတော်မူလေသည်။

အရှင်သာရိပုတ္တရာမထေရ်က “တပည့်တော်သည် ဗုဒ္ဓမြတ်စွာ ပညတ်ထားသော ဝိနည်းသိက္ခာပုဒ်တော်အရ ရဟန္တာက မာတုဂါမအား ဆေးသဖွယ်ဖြစ်သော ဆွမ်းဘောဇဉ်ကို မပေးကောင်းသဖြင့် သားဖြစ်သော ရာဟုလာကို မိခင်ရာဟုလမာတာ အား ပေးစေခဲ့ကြောင်း” လျှောက်ထားသည်။

ရာဟုလာထေရ်က....“တပည့်တော်သည် အနန္တကျေးဇူးရှင် မိခင်ကြီး လေနာရောဂါစွဲ ကပ်နေသောကြောင့် ဗုဒ္ဓမြတ်စွာ ပညတ်ထားသော သိက္ခာဂုဏ်ပုဒ်တွင်လည်း သားဖြစ်သူသည် ဘုရား၊ ရဟန္တာပင် ဖြစ်ပါစေ၊ မိခင်ဘခင်အား ဆွမ်းခံ၍ပင် လုပ်ကျွေးနိုင်ကြောင်း၊ သေဆုံးကွယ်လွန်သောအခါတွင်လည်း ချီပိုးထမ်းမလျက် အရိုးမြေကျ သင်္ဂြိုဟ်နိုင်ကြောင်း မိန့်ကြား

ချက်အရ မိခင်ကြီးအား ဆေးသဖွယ်ဖြစ်သော ဆွမ်းဘောဇဉ်ကို ဆပ်ကပ်ခဲ့ကြောင်း” လျှောက်ထားလေသည်။

ရာဟုလမာတာကလည်း “တပည့်တော်မ၏ ဤဘဝသည် နောက်ဆုံးအန္တိမဘဝဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနေပြီးသူဖြစ်ကြောင်း” လျှောက်ထားလေသည်။

ပသေနဒီကောသလမင်းကြီးသည်၊ အရှင်သာရိပုတ္တရာ၊ ရာဟုလာ၊ ရာဟုလမာတာတို့၏ ဗုဒ္ဓမြတ်စွာအား လျှောက်တင်သော စကားကို ကြားသိရသောအခါ အလွန်စိတ်မကောင်း ဖြစ်လေသည်။ ရဟန္တာများအပေါ်၌ အထင်မှားခြင်းအတွက် နောင်တကြီးစွာရလေသည်။ ရဟန္တာများကို ပသေနဒီကောသလမင်းကြီးသည် ဗုဒ္ဓမြတ်စွာ၏ ရှေ့မှောက်တွင်ပင် မိမိအထင်လွဲမှားခဲ့ကြောင်း၊ ရဟန္တာအရှင်မြတ်များ ခွင့်ပြုတော်မူပါရန် ဝန်ချတောင်းပန်ကာ ဇေတဝန်ကျောင်းတော်မှ မိမိနန်းတော်သို့ ပြန်လာခဲ့လေသည်။

ရာဟုလမာတာသည်လည်း ဗုဒ္ဓမြတ်စွာကို ရှိခိုးကန်တော့ပြီး မိမိသီတင်းသုံးနေထိုင်သော စန္ဒတောင်သို့ပြန်လာခဲ့လေသည်။

## ၁၂

ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာခေါ်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ဇေတဝန်ကျောင်းတော်မှ မိမိသီတင်းသုံးရာ စန္ဒတောင်သို့ ပြန်ရောက်လာသော တနေ့တွင် သင်္ခါရတရားများကို ပညာဉာဏ်ဖြင့် ဆင်ခြင်တော်မူနေလေသည်။

"သင်္ချါရဟာသည် ဖြစ်ပြီးက ပျက်ရသော ဓမ္မတာတရား၊ မိခင်ပဋိသန္ဓေတည်ရှိလာသူမှန်သမျှ စုတိသဘောသို့ ရောက်ရသည်မှာ ဓမ္မတာတရား၊ ငါသည်လည်း အနိစ္စသဘော မလွန်ဆန်နိုင်သည့်မှာ ကေန်ပင်၊ ငါသည်လည်း တနေ့တွင် သေရတော့မည်၊ ငါသည် ဘယ်အချိန်၊ ဘယ်နေရာမှာသေရမည်နည်း"ဟု မိမိသေရမည့်အချိန်နှင့် နေရာကို ဆင်ခြင်ကြည့်တော်မူလေသည်။

ရာဟုလမာတာသည် ယင်းသို့ပညာဉာဏ်ဖြင့် ဆင်ခြင်ကြည့်တော်မူသောအခါ "ဤနေ့မှ ရှစ်ရက်မြောက်သောနေ့တွင် မိမိသည် လူ့ရပ်လူ့ရွာကိုစွန့်၍ နိဗ္ဗာန်ကို ဝင်ရတော့အံ့"ဟု သိမြင်တော်မူသည်။

ထို့ကြောင့် ရာဟုလမာတာသည် မိမိနေထိုင်ရာ စန္ဒတောင်မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွားရောက်လေသည်။ ဇေတဝန်ကျောင်းတော်တွင် ဗုဒ္ဓမြတ်စွာအား ဦးချလျက် ဤသို့လျှောက်ထားလေသည်။

"ထွန်းတောက်တေဇော်၊ ကိုးဂုဏ်တော်နှင့်၊ သုံးဘော်ဘုံနေ၊ များသတ္တဝေကို၊ အောင်မြေရွှေမြို့၊ နိဗ္ဗာန်ပို့သည်၊ မင်္ဂဖိုလ်သခင်၊ မြတ်ဆုံးတင်။ ဒီပင်္ကရာ၊ ခြေရင်းမှာ၌၊ သုမေဓာစစ်၊ ဖြစ်လတ်ကေန်၊ ဗျာဒိတ်ခံက၊ မောင်နှံတကွ၊ ကန်သော်မနစ်၊ ဘဝများစွာ၊ ဖြစ်လေရာဝယ်၊ မကွာအတူ၊ ပြည်နိဗ္ဗူကို၊ ယူပါရကြောင်း၊ ဆုကြီးတောင်း၍၊ ပေါင်းပေါင်းသမျှ၊ ငါးရာ့ငါးဆယ်၊ ဇာတ်ပင်လယ်နှင့်၊ အံ့ဘွယ်သချော်၊ များလှလေပြီ၊ ဆွေကြီးမိတ်ကြီး၊ ဇနီးကြင်ဘော်၊ ဖြစ်ငြားသော်လည်း၊ ယွင်းချော်အနိစ္စ၊ သင်္ခါရဟု၊ မုချမသွေ၊ ရာဟုဘေနှင့်၊ ကွဲချေတော့မည်၊ ကျင်သည်များစွာ၊ ဘဝမှာလျှင်၊ မြတ်စွာစိန္တေ၊ ရာဟုဘေ၏၊ ခြေတော်ရင်းမှာ၊

ဘဝမှာလျှင်၊ ကပ်ချဉ်းမြဲစွာ၊ ဝတ်ရှိရာကို၊ ကောင်းစွာလုံ့လ၊ မယွင်းရအောင်၊ မိန်းမဘွဲ့မှာ၊ ဖြစ်ရပါသည်၊ ခုမှာဆုံးစ၊ နိဗ္ဗာန် ရလည်း၊ မိန်းမဘွဲ့မှာ၊ ဖြစ်၍သာလျှင်၊ သခ်ါရခဲ့၊ ဘဝရှဲ၍၊ ကွဲကြီးအမှန်၊ ပြည်နိဗ္ဗာန်သို့၊ ဝင်စံရမည်၊ ဖြစ်တော့သည်ကြောင့်၊ ယှူးလည်ရောင်ဖိတ်၊ ကရဝိတ်ငှက်ဖို၊ ကြည်ညိုဘွယ်ပင်၊ ဖန်ဆင်း ဆင်၍၊ ကောင်းကင်မြေလျှိုး၊ တန်ခိုးတေဇာ၊ ပြလိုပါသည်၊ ရာဟုဘခင်၊ မြတ်ဆုံးတင်”....

ဟု ရာဟုလမာတာသည် မိမိနိဗ္ဗာန်မဝင်စံမီ ကရဝိတ်ဖိုသဏ္ဍာန် ဖန်ဆင်း၍ တန်ခိုးပြဋ္ဌိဟာ ပြလိုပါကြောင်း ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာကို....

“ရာဟုလမာတာ....သင်ကား ဘဝပေါင်းများစွာ နိဗ္ဗာန်ဝင် စံရတော့မည့် ယခုဘဝအထိ ငါဗုဒ္ဓမြတ်စွာကို ဆည်းကပ်ကိုးကွယ် ခဲ့သည်၊ ငါဗုဒ္ဓမြတ်စွာ၏တာဝန်ဝတ္တရားများကို ကျေပြွန်အောင် ထမ်းဆောင်ပေးခဲ့သည်၊ ဤဘဝကား သင်၏နောက်ဆုံးဘဝ ဖြစ်သည်မှန်လှ၏၊ သင့်စိတ်တွင် ဖြစ်ပေါ်လျက်ရှိသော ကရဝိတ် ငှက်ဖိုသဏ္ဍာန် ဖန်ဆင်းလျက် တန်ခိုးပြာဋ္ဌိဟာပြလိုမှုကို ငါဗုဒ္ဓ မြတ်စွာသည် သင်ရာဟုလမာတာအား အနုံးအညွတ်ခွင့်ပြုတော် မူသည်”....

ဟူ၍ မိန့်ကြားတော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာအား တန်ခိုးပြာဋ္ဌိဟာပြရန် ခွင့်ပြုတော်မူသောအခါ ရာဟုလမာတာသည် ဝမ်းသာကြည်နူး စွာ ဗုဒ္ဓမြတ်စွာအား ဦးချကန်တော့လေသည်။ ဗုဒ္ဓမြတ်စွာအား

ဦးချကန်တော့ပြီးသောအခါ ဗုဒ္ဓမြတ်စွာကို လက်ျာရစ်လှည့်ပတ်ကာ ကရဝိတ်ငှက်ဖိုသဏ္ဍာန်ဖန်ဆင်းလျက် အံ့ဩဖွယ်အမျိုးမျိုးသော တန်ခိုးပြာဋိဟာအသွယ်သွယ်ကိုအားရကျေနပ်တော်မူသည်အထိ ပြသလေသည်။

ရာဟုလမာတာသည် အမျိုးမျိုးသော တန်ခိုးပြာဋိဟာတို့ကို ပြသ၍ပြီးဆုံးသောအခါ ဗုဒ္ဓမြတ်စွာထံမှောက်တွင် "မိမိသည်ဤနေ့မှ ရှစ်ရက်မြောက်သောနေ့တွင် နိဗ္ဗာန်ဝင်စံရတော့မည်" အကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသည်။ ဘဝပေါင်းများစွာတွင် ဗုဒ္ဓမြတ်စွာနှင့်အတူကျင်လည်ခဲ့ရ၊ အတူဖြစ်ခဲ့ရစဉ်က ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးတို့တွင် တပါးပါးသော ကံတို့ဖြင့် ကျူးလွန်မိသောအပြစ်များရှိသေးပါက ဗုဒ္ဓမြတ်စွာက ခွင့်လွှတ်ပါရန်လည်း ဗုဒ္ဓမြတ်စွာအားလျှောက်ထားတောင်းပန်လေသည်။

ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာ စန္ဒရွှေတောင်တွင် ကိန္နရာဖြစ်ခဲ့စဉ်က မိမိအတွက် ဒုက္ခရောက်ခဲ့ရပုံကို ပြန်လျှောက်ထားလျက် ဗုဒ္ဓမြတ်စွာက ခွင့်လွှတ်ပါရန် ဤသို့ လျှောက်ထားတောင်းပန်လေသည်။

"အပေါင်းနုတ်လူ၊ ပြိုင်သူမဲ့ပါ၊ ဆသာ၀ါနှင့်၊ သစ္စာအနက်၊ ဆဲ့ခြောက်ချက်ကို၊ ခွဲ၀ှက်သိတုံ၊ အံ့မကုန်သည်၊ သုံးဘုံပရမေ၊ မြတ်စိန္တေ။ ။

လွန်လေရှေးခါ၊ ရမ္မာဝတီ၊ မြန်ဋ္ဌာနီဝယ်၊ ဒီပင်္ကရာ၊ မြတ်စွာဘုရား၊ ရွှေလက်ဝါးနှင့်၊ ဟန့်တားကြိုအား၊ ဗျာဒိတ်ပေး၍၊မြတ်လေးတူကွ၊ ရာဟုလနှင့်၊ ဘဝများဖြင့်၊ ငှက် ပင် ဖြစ် သော်၊

တူပေါင်းဘော်၍၊ မွေ့လျော်ကြငြား၊ မင်းဖျားကရောဇ်၊ အဖြစ်များစွာ၊ ကြုံသောခါလည်း၊ ငါးဖြာစွန့်ခြင်း၊ ဆင်မြင်းတိုင်းကား၊ မယားတို့ပါ၊ ကိုယ်ပါလည်းကောင်း၊ ကျွန်ခံရှောင်း၍၊ ဖြန့်ကြောင်းအညီ၊ ပါရမီထွေ၊ လှူပေသောခါ၊ မြူလွှာပျက်ယွင်း၊ ဆန်ငြင်းမရှိ၊ မှုရှိမေတ္တာ၊ လှူရဲစွာနှင့်၊ ပါရမီကို၊ ကူညီဖြည့်ကာ၊ ပေါင်း၍လာသည်၊ လွန်စွာရွေးကာ၊ မျိုးနွမနှင့်၊ တူကွကြင်ဘော်၊ စိတ္တေယျော်သည်၊ မြိုင်မော်ဆိတ်ဆိတ်၊ စိုပိတ်ပိတ်တွင်၊ ခိုချိတ်ပန်းပေါင်း၊ ဇော်ရှောင်းစူကာ၊ တိမ်မိလ္လာတို့၊ မှုံပြာရီရော၊ ပန်းစုံပေါ်သည်၊ တောနှင့်တောင်ခြေ၊ စမ်းချောင်းရေနှင့်၊ မှိုင်းဝေညိုပြာ၊ တောင်စန္ဒာကွင်၊ ကိန္နရာစစ်၊ ဖြစ်ကြသောခါ၊ သီဒါရေယဉ်၊ ရေသဘင်နှင့်၊ ပျော်ရွှင်နှစ်သက်၊ ပန်းဝတ်ရက်ကို၊ မြိန်ရှက်ဆွတ်ခြေ၊ သဲသောင်ငွေထက်၊ စံနေပြီးခါ၊ ရေနန်းညာက၊ မိလ္လာရှက်သန်း၊ ဖန်ရေနန်းလည်း၊ ညချမ်းဆည်းဇာ၊ ချိန်ရောက်ခါဝယ်၊ သံသာဆော်နှိုး၊ မြိုင်ရိုးရိုးက၊ ဇီဝဇိုးလွန်းကြင်၊ ကြူးသံလှိုင်နှင့်၊ ရေယဉ်တံခွန်၊ စီးသွန်သွယ်ညောင်း၊ တောင်နှာမောင်းက၊ ရွှေဒေါင်းကရဝိတ်၊ ညိတ်ညိတ်ညောင်းညောင်း၊ငှက်ပေါင်းပျော်ရာ၊ တောင်စန္ဒာသို့၊ သံသာကျူးကျော်၊ ပျံ့ကြသော်လျှင်၊ မည်ခေါ်တွင်ခြင်း၊ ဗြဟ္မဒတ်မင်းလည်း၊ မြိုင်တွင်းကန္တာ၊ ရောက်ပေလာ၍၊ သာယာကျူးသီ၊ ကိန္နရီမည်ရ၊ ကျွန်တော်မကို၊ မြင်ရဘပ်ခင်၊ နတ်နွယ်ထင်၍၊ ပြည်ရှင်မည့်မှတ်၊ ဗြဟ္မဒတ်လျှင်၊ ငလောင်းမြတ်ကိန္နရာ၊ မဲ့သည်းချာကို၊ လျှင်စွာလွှတ်လွှတ်၊ လေးနှင့်သတ်၍၊ သက်ပြတ်လုကာ၊ မြွားဒဏ်ရာနှင့်၊ ကြီးစွာဒုက္ခ၊ ခံရထုံလေ၊ ရာဟုဘောကို၊ အဆွေ့ယခုသော်၊ ဘိက္ခုကျော်လျှင်၊ပုဇော်ညွတ်ပျောင်း၊ ကန်တော့ရှောင်းသည်၊ ရှင်ကောင်းမြတ်စွာ သည်းခံပါတည်း”။

ရာဟုလမာတာသည် တဖန် ဗုဒ္ဓမြတ်စွာ ရှေးသမင်ဖြစ်ခဲ့ရစဉ်က မိမိအတွက် ဒုက္ခရောက်ခဲ့ရပုံကို လျှောက်ထားလျက် ဗုဒ္ဓမြတ်စွာ ခွင့်လွှတ်ပါရန်လည်း တောင်းပန်ပြန်သည်။

"သုံးရွာဘုံစု၊ မျက်မှန်ပြုသည်၊ ရာဟုဘေ.... တွက်ရေကမ္ဘာ၊ ရှည်ဝေးစွာက၊ မြတ်စွာမင်္ဂလ၊ ဂါက်ထက်ကလျှင်၊ ဗုဒ္ဓဇိနော်၊ စိန္တေယျော်နှင့်၊ ယသော်တူပင်၊ မြိုင်တောခွင်ဝယ်၊ ရှေးသမင်စစ်၊ ဖြစ်ကြသောခါ၊ ရံမျှားစွာနှင့်၊ အစာရှာဖွေ၊ လှည့်လည်လေသော်၊ ဝနေစရာ၊ တောမှာပျော်လတ်၊ မုဆိုးညစ်လျှင်၊ စေးပြစ်ချုံတွင်၊ ကျော့ကွင်းဆင်၍၊ သမင်မိစေ၊ တောင်လေကာလ၊ သမင်မကို၊ ကြောင်းစမသိ၊ ကျော့ကွင်းမိ၍၊ နွမ်းရိပ်ပြင်း၊ သမင်မင်းလည်း၊ သေခြင်းတူကွ၊ သမင်မနှင့်၊ သက်မျှခန္ဓာ၊ ဆုံးစေပါဟု၊ မိရာအနား၊ ကျော့ကွင်းပါးတွင်၊ မသွားညှိုးခွေ၊ ဝပ်၍နေက၊ ဘောခြေလှည့်ဖြား၊ မုဆိုးအားလည်း၊ ကြောင်းလျှားသိတွေ၊ မေးလာပေသည်၊ အဆွေကိုသာ၊ မမိပါဘဲ၊ လွတ်ရာလွတ်ရေး၊ မပြေးအဆွေ၊ ဘဲ့ကြောင့်နေဟု၊ မေးလေတုံလျှင်၊ သမင်မင်းကား၊ ပြန်ဆိုကြား၏၊ တောဖျာမြိုင်လျှိုး၊ ဆွေမုဆိုး။ ။ညှိုးငယ်ပင်ပန်း၊ ငါ့ခင်ပွန်းသည်၊ လောင်ကျွမ်းပြတ်ကြေ၊ အဆွေကျော့ကွင်း၊ မိလေလျှင်း၍၊ နှင်းကြုအသက်၊ စုံမက်လှုပြား၊ လင်မယားလည်း၊ ဆုံးပါးတူကွ၊ သေကြတော့မည်၊ နေပါသည်ဟု၊ မျှော်သည်သစ္စာ၊ ပြောသောအခါလျှင်၊ ကြင်နာမြတ်နိုး၊ မုဆိုးရှိသော ကျော့ကွင်းဖြေ၍၊ လွှတ်လေသည်တွင်၊ သက်ရှင်နေ၍ မော်ငံးရပါသည်၊ ထိုခါကာလ၊ သက်မျှသေရေး၊ ဘေးကိုပယ်ရှား၊ ကျေးဇူးများကို၊ မယ်ဘွားဘိကျွန်ုပ်၊ နိဗ္ဗာန်ယူခါ၊ နီးလှပါ၍၊

ဝန္ဒာညွှတ်ပျောင်း၊ လက်စုံပေါင်း၍၊ ဦးခေါင်းညွှတ်ကာ၊ ရှိခိုးပါသည်။ ။ခန္ဓာစဲလုနီးပြီတည်း။

ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာ ရှေးသမင်ဖြစ်ခဲ့စဉ်က မိမိအတွက် အသက်ကို စွန့်၍ ကျေးဇူးများခဲ့ပုံကို လျှောက်ထားပြီးသောအခါ ဗုဒ္ဓမြတ်စွာ ရှေးဟင်္သာမင်းဖြစ်ခဲ့စဉ်ကလည်း မိမိအတွက် ဒုက္ခရောက်ခဲ့ရပုံကို လျှောက်ထားလျက် ယင်းအဖြစ်ကို ခွင့်လွှတ်ပါရန် ဗုဒ္ဓမြတ်စွာအား ကန်တော့တောင်းပန်ပြန်သည်။

“တဖုံတဖုံ၊ ပူဇော်တုံအံ့၊ ဂုဏ်တော်ကိုးတန်၊ နှုန်းစံဘက်ကင်း၊ ခြောက်ရောင်လင်းသည်၊ ရှင်ရင်းစိန္တေ၊ ရာဟုဘော။ ။ထွန်းနေလျှံဖြာ၊ ဤကမ္ဘာတွင်၊ မြတ်စွာကဿပ၊ ဘုရားလက်ထက်၊ တုဘက်မမြှော်၊ မြတ်ရှင်တော်နှင့်၊ ယသော်ကြင်နာ၊ ရှေးဟင်္သာမြတ်၊ ဓတရဋ္ဌလျှင်၊ ဖြစ်လတ်သောခါ၊ များစွာခြိမ့်ညံ၊ ရှစ်သောင်းရံနှင့်၊ ရှေးလျှံ ထွန်းပြောင်၊ နေရုတောင်တွင်၊ မြဲနှောင်တူကွ၊ စံမြန်းကြသော်၊ မြစ်စကာမ်းခြေ၊ လှည့်မြန်းလေက၊ တောမွေ့မုဆိုး၊ ညွှတ်ကြိုးကျော့ကွင်း၊ တောင်လေလျှင်း၍၊ ရှေးဟင်္သာမြတ်၊ ဓတရဋ္ဌကို၊ မိလတ်သောခါ၊ ရံများစွာတို့၊ ပစ်ခွာသွားကြ၊ ဟင်္သာမမူ၊ ထက်ကဝဲကာ၊ ငိုကြွေးပါက၊ လာ၍မုဆိုး၊ ညွှတ်ကြိုးအနေ၊ ကျော့ကွင်းဖြေ၍၊ ဆောင်လေယူသွား၊ မိဖုရားကို၊ လျင်လျားဆက်သော်၊ ကြင်ဘက်မဲ့မှာ၊ ကောင်းကင်ညာက၊ ဝဲကာလိုက်၍၊ ငိုရှိုက်ကြော်ငြာ၊ ပူဆာလူးလဲ၊ ရင်ကွဲမတတ်၊ အတောင်ခတ်လျက်၊ မြတ်ရှေးဟင်္သာ၊ ခြေရင်းမှာလျှင်၊ ဝဲကာပျံဝိုက်၊ ဦးဖြင့်တိုက်၍၊ ငိုလိုက်သောအခါ၊ ရှေးဟင်္သာလည်း၊ ကောင်းစွာဣန္ဒြေ၊ သူတော်တွေဖြင့်၊ ရှေးပလ္လင်မှာ၊ နေ၍သာလျှင်၊ ကျင့်ရာတရား၊ မိဖုရားကို၊ ဟောကြားသောခါ၊ ဒေဝီချာလည်း၊ မေတ္တာ

သက်ခြင်း၊ ဟာဘ်ာမင်း၊ကို၊ သန့်ရှင်းပူဇော်၊ ဖူးမြှော်ရှိသော၊ လွှတ်လိုက်ပေ၍၊ နေရာမခြာ၊ ရွှေဟသ်ာကို၊ မြင်ပါချင်ငြား၊ မိဖုရားလည်း၊ ရွှေသားသွန်းလုပ်၊ ဟသ်ာရုပ်ကို၊ ကွမ်းအုပ်ရှေ့တွင်၊ ဆောင်စံယင်ခဲ့၊ ထိုလျှင်ကာလ၊ ဘဝသောအခါ၊ ရွှေဟသ်ာနှင့်၊ မိရာကျော့ကွင်း၊ ဘေးအတွင်းဝယ်၊ သေခြင်းအတူ၊ ရှင်မူတကွ၊ ကျွန်တော်မလည်း၊ ခံရသင့်ချေ၊ မခံပေခဲ့၊ လွှန်လေမိမှား၊ အပြစ်များကို၊ လွှတ်ရှားပါကြောင်း၊ ကန်တော့ရှောင်းသည်။ ။ မကောင်းဘေးမဲ့ ပြစ်စင်တည်း။"

ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာရွှေဟသ်ာမင်းဖြစ်စဉ်က တင်ရှိခဲ့သော မိမိ၏အပြစ်ကို ခွင့်လွှတ်ပါရန် တောင်းပန်ကန်တော့ပြီးသောအခါ ဗုဒ္ဓမြတ်စွာ သူဌေးသားဖြစ်စဉ်က မိမိအတွက် ဆင်းရဲခံခဲ့ရပုံကိုပြဆိုလျှောက်ထားလျက်ကန်တော့တောင်းပန်ပြန်သည်။

"ဖွေရှာစိစစ်၊ ရှေးအပြစ်ကို၊ သနစ်ထုတ်ဖေါ်၊ ယသော်ညွှတ်ပျောင်း၊ ကန်တော့ရှောင်းအံ့၊ ဂုဏ်ပေါင်းကျက်သရေ၊ရာဟုဘော။

လွန်လေရှေးက၊ ဗာရာဏတွင်၊ စိုးရသနင်း၊ ဗြဟ္မဒတ်မင်းလျှင်၊ ထွန်းကင်းတေဇာ၊ မင်းပြုခါ၊ ဥစ္စာပေါများ၊ သူဌေးသားဟု၊ ထင်ရှားရှင်တော်၊ ဖြစ်ခါသော်ဝယ်၊ ယသော်မယ်သား၊ ကျွန်ုပ်အားလည်း၊ မြို့နားမကွာ၊ နိဂုံးရွာတွင်၊ ကြွယ်စွာသူဌေး၊ ရင်သွေးသမီး၊ ကောင်းချီးအင်္ဂါ၊ သုဇာတာဟု၊ ဖြစ်လာတလစ်၊ ဆဲ့ခြောက်နှစ်မှာ၊ ဘုရားလျာနှင့်၊ မာတာမိဘ၊ ထိမ်းမြားကြ၍၊ ပေါင်းရတုံပေ၊ တနေ့ရေဝယ်၊ ရှိသေထိုက်လှ၊ ယောက္ခမတို့၊ ရှိကြနေရာ၊ မြို့တင်းမှာဘို့၊ သွားပါတုငြား၊လှည်းရထားနှင့် တံခါးမြို့တွင်း၊ ဝင်ရောက်လျှင်းသော်၊ ပြည်မင်းရာဇာ၊ မြို့လှည့်လာ၍၊ လှစွာရုပ်သွင်၊ ကျွန်ုပ်ကိုမြင်က ချစ်ခင်တဏှာ၊ တပ်မက်စွာကြောင့်

မာယာဆန်းပြား၊ လှည်းရထားတွင်၊ ပတ္တမြားလက်စွပ်၊ မင်းကြီးဝတ်ကို၊ ချွတ်၍ထားစေ၊ လျို့ဝှက်ထွေဖြင့်၊ ရှာဘွေတုံငြား၊ ထိုရထားတွင်၊ ရငြားလေချင်၊ လက်စွပ်အင်ကြောင့်၊ သန့်စင်ပြစ်ဆာ၊ သူမြတ်စွာကို၊ ရာဇာပြည်ရှင်၊ မျက်မုန်းဝင်၍၊ တံကျင်လျှိုလတ်၊ အသေသတ်ဟု၊ အပ်လေသောအခါ ဝဲယာတတောင်၊ ကြိုးစုံနှောင်၍၊ ယူဆောင်သွားလေ၊ သုသာန်မြေသို့၊ ရောက်လေသောခါ၊ သူတော်စွာကို၊ သတ်ပါလိမ့်လား၊ ကြည့်ငြားလိုပြ၊ ပြည်မင်းကြီးလည်း၊ ဆင်စီး၍လာ၊ သုသာန်မှာမူ၊ ကြိုးစွာဒုက္ခ၊ ကျွန်တော်မလည်း၊ ချုံးချလိုက်ဖို၊ ကြွေးကြော်ငိုလျက်၊ လူကိုနှေ့ည၊ စောင့်ထိန်းမသည်၊ လောကပါလ၊ ဣန္ဒသိကြား၊ ရှင်နတ်များတို့။ ။ တရားစောင့်မှတ်၊ လင်သူမြတ်ကို၊ သတ်မည်ခုသာ၊ ပြုသည့်ဟာကို မ့ပါကြအုံး၊ သုသာန်ကုန်းတွင် ချုံးချုံးရှိုက်ငို၊ တိုင်တမ်းဆိုသော်၊ လောင်းသူတော်ကို၊ ရှုမျှော်တိုက်ငြား၊ မိုသိကြားလည်း၊ လျင်လျားမကြာ၊ ဆိုက်ရောက်လာ၍ ကာမေသုဝန်၊ ကျူးလွန်တတ်ငြား၊ မင်းကြီးအားကို၊ စီးငြားဆင်က၊ ချက်ခြင်းချ၍၊ဘုရားအလောင်း၊ ကျဉ်းမြောင်းခံလတ်၊ လက်ဝါးကပ်တွင်၊ လဲသတ်တုံစေ၊ မင်းကြီးသေက၊ နတ်ဆွေဣန္ဒ၊ကိုယ်ထင်ပြ၍၊ ဓမ္မဆယ်ပါးစောင့်ငြားမယွင်း၊ မင်းမြတ်ယဉ်ကျေး၊ ငါကပေးမည်၊ မြတ်လေးညွှတ်ကြည်၊ သင်တို့ပြည်တွင်၊ စိုးသည်နန်းနေ၊ မင်းပြုစေဟု၊ မိုးနေသိကြား၊ ပေးအပ်ငြားက၊ တရားညီမျှ၊ သာမေနဖြင့်၊ဓမ္မရာဇာမည်တော်သာနှင့်၊ ဗိုလ်ပါပြည်လုံး၊ ညွှတ်ရိုးရှင်ပျ၊ ဝမ်းမြောက်ကြ၍၊ သာဆုပ့်ျ လှိုင်း၊ ဗာရာတိုင်းဝယ်၊ ရွှေကျိုင်းရိပ်လူ၊ ဆောင်းထီးဖြူနှင့် အတူသက်မျှ၊ ပေါင်းဘော်ရသည်၊ ဘဝသေခါ၊ ကျွန်ုပ်ဘာကြောင့်၊ ကြိုးစွာဒုက္ခ၊ သုသာန်ကျအောင်၊ ဗုဒ္ဓစိန္တေ၊ ခံရပေ

ဟု၊ ရှိသေညွှတ်ပျောင်း၊ကန်တော့ရှောင်းသည်။ ။ရှေးနှောင်ပြစ်မဲ့ကုန်စင်တည်း"။

ရာဟုလမာတာသည်၊ ဗုဒ္ဓမြတ်စွာသူဌေးသားဖြစ်စဉ်က မိမိအတွက် သုသာန်ကျအောင် ဆင်းရဲဒုက္ခခံခဲ့ရပုံကို ဖေါ်ပြလျက် တောင်းပန်ကန်တော့ပြီးသောအခါ ဗုဒ္ဓမြတ်စွာ ကုသမင်းဖြစ်ခဲ့စဉ်က မိမိအတွက် အမျိုးမျိုးဆင်းရဲ ခံခဲ့ရပုံကို ဖေါ်ပြလျှောက်ထားလျက် မိမိအား ယင်းအပြစ်တို့မှ ခွင့်လွှတ်ပါရန် ကန်တော့တောင်းပန်ပြန်လေသည်၊

"အပြစ်ကင်းချင်၊ ရှေးယခင်က၊ တင်သည်ညစ်ကျူး၊ မကောင်းမှုကို၊ယခုနိဗ္ဗူ၊ စံယူနီးသော်၊ ဘိက္ခုကျော်သျှင်၊ ပူဇော်ရှိသေ၊ ကန်တော့ပေအံ့၊ စိန္တေသုံးလူ့၊ ဂုဏ်ပေါင်းစုသည်၊ ရာဟုဘေ။

လွန်လေရှေးခါ၊ ပြည်ဗာရာတွင်၊ ရာဇာပြဟ္မဒတ်၊ ပြည်မင်းမြတ်၏၊ သည်းပွတ်သားရင်း၊ ကုသမင်းဟု၊ ရှင်ရင်းဖြစ်ခါ၊ ကျွန်ုပ်မှာလည်း၊ ကောဇာထွန်းလစ်၊ မဒ္ဒရာဇ်တွင်၊ မင်းစစ်သမီး၊ ရှေးကောင်းကြီးကြောင့်၊ ရွှေမီးကုန်စစ်၊ သွန်းလုစ်ပမာ၊ ပဘာဝတီ၊ ဖြစ်လေပြီဝယ်၊ စုံစံဆဲ့ခြောက်၊ သက်ရှယ်ရောက်က၊ ဘုန်းတောက်တေဇာ၊ မင်းကုသာကို၊ မာတာမိဘ၊ နားပါချ၍၊တရာ့တစင်း၊ ထီးဆောင်းမင်းတွင်၊ သည်းရင်းသမီး၊ နန်းကြီးတပင်၊ အထင်အရှား၊ ရှိကြငြား၍၊ သားတော်ကြိုက်ရာ၊ ညွှန်တို့ပါလော၊ ချစ်ရာကြည်ညို၊ မိခင်ဆိုက၊ စိတ်ကိုမပါ၊ မင်းကုသာလည်း၊ လွှဲကာဖယ်ရှား၊ ဆိုတုံငြားသော်၊ စကားထုတ်ဖော်၊ မယ်တော်ကြိုးစား၊ တိုက်တွန်းများက၊ အားနာသမှု၊ ရွှေရုပ်ထုကို၊ ပုံပြုပေးငြား၊ လှည်းရထားနှင့်၊ တင်သွားတမန်၊ စေလွှတ်ပြန်

သော်၊ ရှေးကံအကြောင်း၊ ပါတုံရှောင်း၍၊ ကောင်းစွာသွန်း လုပ်၊ ရွှေရုပ်ထက်သာ၊ ကဲဆသာသည်၊ ပဘာဝတီ၊ တွေ့လေပြ ဝယ်၊ စုံစီစကား၊ တမန်များကာ၊ မင်းသားကုသ၊ လှပရုပ်ဝါ၊ ဘုန်းကြီးစွာ၏၊ မာယာလှည့်ဖြား၊လျှောက်သည်များကို၊ ဘဘွား ပြည့်ရှင်၊ မွေးမိခင်တို့၊ နားဝင်လေငြား၊ တမန်များတွင်၊ အပ် ထားလိုက်ကာ၊ ဗာရာတိုင်းပြေ၊ မယ်ရောက်လေကာ၊ မွေးမေပလီ၊ ဘယ်ဆီနေ့ည၊ မင်းကုသ၏၊ ရူပရုပ်သွင်၊ မမြင်ရပါ၊ တနေ့မှာ လျှင်၊ ပြောင်မာတင်နှင့်၊ ဥယျာဉ်ရေကန်၊ ထွက်မြန်းပြန်ကာ၊ မင်း ကုသ၏၊ ရူပရုပ်သွင်၊ တပ်တပ်မြင်သော်၊ မယ်လျှင်ကြောက်စိတ်၊ လန့်ထိတ်တုံပြီး၊ အမှားကြီးသည်၊ ကျားကြီးဆွဲသို့၊ ရှောင်လွှဲခဲ့ သည်၊ မိဘပြည်သို့၊ ပြန့်လည်ထုတ်ချောက်၊ မယ်ရောက်သောခါ၊ လောင်းမြတ်စွာလည်း၊ မဲ့မှာရှုတ၊ လွမ်းပါလှ၍၊ ဒုက္ခညိုးလျော်၊ ရွှေစောင်းတော်နှင့်၊ ကျူးကြော်ဖွေရှာ၊ လိုက်လာတုံလျှင်း၊ တကိုယ်ချင်းလျှင်၊ ပြည်တွင်းသာဂလ၊ ရောက်လေဘသော်၊ သန်း ခေါင်ကျော်ကို၊ စောင်းတော်လေညှင်း၊ မဲ့နန်းတွင်းဝယ်၊ ကြား လျှင်းပါစေ၊ တီးတုံလေကာ၊ မယ်ကြားရသော်၊ သောကထပ်တိုး အရုပ်ဆိုးလည်း၊ ကြိုးကြိုးစားစား၊ မယ်ဘွားရှိရာ၊ လိုက်ပြန်လာ ပြီး၊ ကြောက်ပါဘိလျက်၊ မဲ့အတွက်ကြောင့်၊ ဖျာရက်အိုးထိန်း၊ ခွေယိမ်းလိုက်လှဲ၊ အိုးမဲနှင့်ချေး၊ မီးသွေးနှင့်ပြာ၊ ဘုရားလျှာ လည်း၊ ပဘာဝတီ၊ လှသိင်္ဂီကို၊ စုံစီတင်ပြ၊ မြင်ချင်လှ၍၊ လုံ့လ ကြိုးပမ်း၊ ခေးတော်ထမ်း၍၊ ရွှေနန်းတော်တွင်း၊ ဝင်ဆက်သွင်း သော်၊ ပူပြင်းခွေနု်း၊ မဲ့နှလုံးကြောင့်၊ ဖြုံးဖြုံးလဲသော၊ သွေး ထွေထွေနှင့်၊ ကြုံပေရရှာ၊ ထိုအခါတွင်၊ များစွာမင်းတို့၊ စစ်ခင်း ပြုကြ ကြောက်ပါလှ၍၊ ကုသရာဇာ၊ ကိုးကွယ်ရာဟု၊ ကြင်နာ

သက်မျှ၊ ဗာရာဏတွင်၊ ပေါင်းကြသောခါ၊ လွန်မွှားစွာကို၊ ကင်း ကွာလွှတ်စေ၊ ရာဟုဘောကို၊ ရှိသေမာန်လျှော့၊ ကျွန်ကန်တော့ သည်။ ။ဖြေလျှော့သည်းခံပါကြောင်းတည်း။”

ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာ ကုသမင်းဖြစ်စဉ်က မိမိအ တွက် အမျိုးမျိုးဒုက္ခခံခဲ့ရပုံကို ဖော်ပြလျှောက်ထားလျက် ခွင့် လွှတ်သည်းခံပါရန် ကန်တော့တောင်းပန်ပြီးသောအခါ ကပိလ ဝတ်ပြည်၌ သိဒ္ဓတ္ထမင်းသားဘဝတွင် မိမိနှင့် (၁၃) နှစ်တာမျှ နောက်ဆုံးပေါင်းသင်းခဲ့ကြရာ မိမိကပြစ်မှားမိခဲ့သောအပြစ်များ ရှိပါက ယင်းအပြစ်တို့ကို ခွင့်လွှတ်သနားပါရန် နောက်ဆုံးကန် တော့ တောင်းပန်ပြန်သည်။

“ပြည်မင်းနဂရ၊ ကပိလဟု၊ မြစိန်တဘုံ၊ နန်းသုံးဘုံထက်၊ နေဂုဏ်လသွင်၊ ဘိသိက်တင်၍၊ ဦးကင်ဖွင့်လတ်၊ မင်းသိဒ္ဓတ်နှင့်၊ ဆုံးသက်ဘဝ၊ ပေါင်းကြသောခါ၊ ကြောင်းခြင်းရာကို၊ ပြန်ကာ ထုတ်ဖွေ၊ ကန်တော့ပေအံ့၊ ပရမေသီရီ၊ ဂုဏ်ပေါင်းချီသည်၊ မုနိ စိန္တေ၊ ရာဟုဘေ။ ။ဆွေလည်းဆွေချင်း၊ မင်းလည်းမင်းမျိုး၊ တန်ခိုးတောက်ပ၊ တူကွဘွားဘော်၊ မောင်တော်နှမ၊ ငယ်ကငယ် ကြင်၊ ဖြစ်သည်အင်ကြောင့်၊ မြပင်တူကွ၊ ကပိလတွင်၊ ထွန်းပနေ သွင်၊ စံမြန်းစဉ်က၊ နွဲ့ပင်နွဲ့မူ၊ နန်းသူနွဲ့ကို၊ အချစ်ပို၍၊ ယင်းယို မှောက်မှား၊ ကံသုံးပါးတွင်း တအင်အင်တိ၊ လွန်မှားမိသော်၊မြူရှိ မကြွင်း၊ အကုန်လင်း၍၊ သန့်ရှင်းကင်းလွတ်၊ သုံးလူနတ်ကို၊ ညွတ် ပျက်သဒ္ဒါ၊ လက်မှုံကြာဖြင့်၊ ကောင်းရာရွှယ်ချ၊ ဘိကျွယသော်၊ ရှိပူဇော်သည်။ ။ထိုရှော်အပြစ်စင်ကြောင်းတည်း။”

ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာအား အမျိုးမျိုးကန်တော့ တောင်းပန်ပြီး၊ မိမိနိဗ္ဗာန်ဝင်စံရတော့မည့် နေ့ရက်မှာလည်း

တရက်သာလိုတော့သည့်အချိန်တွင် သားငယ်ရာဟုလာကို အမှတ်ရမိသည်။ သားငယ်ရာဟုလာကို မိမိနိဗ္ဗာန်ဝင်စံရသည့်အခါ စိတ်မချသည့်အသွင် ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသည်။

"ဘုန်းကြီးစိန္တေ၊ ရာဟုဘေ....ရှင်တော်ဗုဒ္ဓနှင့် တပည့်တော်မမှာ ဘဝပေါင်းများစွာတွင် အတူတကွကျင်လည်၊ အတူပေါင်းသင်းလာခဲ့ရသည်၊ ဤဘဝကား ဗုဒ္ဓမြတ်စွာနှင့် အဆုံးစွန်ခွဲခွာရတော့မည်နောက်ဆုံးဘဝဖြစ်သည်၊ နက်ဖြန်ကျလျှင် တပည့်တော်မ နိဗ္ဗာနဓာတ်သို့ ဝင်စံရတော့မည်ဖြစ်ပါသည်ဘုရား။

ဘုန်းကြီးစိန္တေ၊ ရာဟုဘေ....တပည့်တော်မ စုတိရပါတော့မည်၊ တပည့်တော်မ၊ ဘဝစုတိ၊ ကွယ်လွန်ဘိက၊ သားတော်ရာဟုလာကို အရှင်ဗုဒ္ဓခွဲမထားပါနှင့်၊ ကျင့်ရာဓမ္မဝိနယကို သားတော်ရာဟုလာအား သွန်သင်ပြသ၍ အစစအရာရာ စောင့်ရှောက်တော်မူရစ်ပါ အရှင်မြတ်ဘုရား"....ဟု လျှောက်ထားလေသည်။

ရာဟုလမာတာသည် ဗုဒ္ဓမြတ်စွာအား မိမိသည် နိဗ္ဗာန်ဝင်စံရတော့မည်ဖြစ်၍ သားတော်ရာဟုလာကို အစစအရာရာ ဗုဒ္ဓမြတ်စွာက စောင့်ရှောက်တော်မူရန် လျှောက်ထားပြီးသောအခါ သားတော်ရာဟုလာသည် ဗုဒ္ဓမြတ်စွာအနားသို့ ချဉ်းကပ်လာလျက် ဗုဒ္ဓမြတ်စွာကို ထိခြင်းငါးပါးဖြင့်ရှိခိုးကာ ဤသို့လျှောက်ထားလေသည်။

"သုံးလူထွတ်ထား၊ ဘဘုရား....ဘဘုရားသည် မယ်တော်မာယာ နတ်ရွာစံကို ကျေးဇူးဆပ်လို၍ တာဝတိံသာနတ်ပြည်မှာ ဝါတွင်းသုံးလပတ်လုံး မဟာသင်္ကြိုကျမ်းအစ၊ ပဋ္ဌာန်းကျမ်းအဆုံး အဘိဓမ္မာ(၇)ကျမ်းလုံးကို ဟောကြားခဲ့ပါသည်။ တပည့်တော်သည်လည်း မြင့်မိုရ်မက ကျေးဇူးတော်ကြီးလှသော မိခင်ကြီးကို

ကျေးဇူးဆပ်လိုပါသည်၊ တပည့်တော်၏မိခင် ရာဟုလမာတာသည် နိဗ္ဗာန်ဝင်စံရန်အချိန်လည်း တရက်သာလိုပါတော့သည်။ မိခင်ကြီးနိဗ္ဗာန်မဝင်စံခင် တပည့်တော် တန်ခိုးပြာဋိဟာကိုပြ၍ မိခင်ကြီးအား ကျေးဇူးဆပ်လိုပါသည် ဘုရား....”ဟု ရာဟုလာထေရ်က လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာသည် သားတော်ရာဟုလာထေရ်အား....

“သားတော်ရာဟုလာ....သင်၏မိခင်ကြီး ရာဟုလမာတာသည် သင့်အား ဤဘဝမှာသာမကပါ၊ ဘဝပေါင်းများစွာတွင် သင်အား လွယ်ကာပိုက်ထွေးလျက် မွေးကျွေးခဲ့ဘူးသည်၊ ရာဟုလမာတာသည် သင့်အတွက်ကျေးဇူးတရားကြီးမားလှဘိသည်၊ သင်၏မိခင် ရာဟုလမာတာမှာ နိဗ္ဗာန်ဝင်စံရန်လည်း တရက်သာလိုတော့သည်မှာ မှန်လှသည်၊ မြင့်မိုရ်မက ကျေးဇူးတော်ကြီးမားလှသော သင့်မိခင်ရာဟုလမာတာအား နောက်ဆုံးကျေးဇူးဆပ်ခြင်း တန်ခိုးပြာဋိဟာကို ပြလိုပါက ပြပေတော့ရာဟုလာ....”ဟူ၍ မိန့်တော်မူလေသည်။

ရာဟုလာသည် ဗုဒ္ဓမြတ်စွာက တန်ခိုးပြာဋိဟာပြရန် ခွင့်ပြုတော်မူသောအခါ ဗုဒ္ဓမြတ်စွာ၏ ခြေတော်အစုံကို ဦးခိုက်ကာ မွေးသမိခင် ရာဟုလမာတာအနားသို့ သွားရောက်လျက်....

“ကျေးဇူးတော်ကြီးမားလှသော မွေးသမိခင်....မိခင်ကြီးမှာ အေးငြိမ်းသော နိဗ္ဗာန်သို့ ဝင်စံရပါတော့မည်ဖြစ်၍ ကျန်ခဲ့သော ဘုရားဗုဒ္ဓမြတ်စွာနှင့်သားတော်အတွက် မည်သို့မျှ ကြောင့်ကြသောစိတ်မရှိပါလေနှင့်၊ မကြောင့်မကြဘဲသာ မွေးမိခင်နိဗ္ဗာန ခွတ်သို့ ဝင်စံတော်မူပါ မွေးသမိခင်။

ကျေးဇူးတော်ကြီးမားလှသော မေ့သမိခင်.... မေ့မိခင်ကြီး ကား ဘဝပေါင်းများစွာတွင် သားတော်အတွက် ကျေးဇူးများခဲ့ ပါသည်။ မေ့မိခင်ကြီး၏ ဘဝကား အဆုံးစွန်သော ဘဝဖြစ် ပါသည်။ ဤဘဝတွင် မိခင်ကြီးအား သားတော်က နောက်ဆုံး ကျေးဇူးဆပ်လိုပါသည်။ သားတော်၏ နောက်ဆုံးဆပ်ခြင်းတန် ခိုးပြာဋိဟာ ပြသခြင်းကို မေ့မိခင်ကြီး နိဗ္ဗာန် မဝင်စံခင် အားရ စွာ ကြည့်ရှုတော်မူပါ မေ့သမိခင်....” ဟူ၍ လျှောက်ထားပြီး ရာဟုလာသည် အမျိုးမျိုးသော တန်ခိုးပြာဋိဟာကို မိခင်ကြီး ရာဟုလမာတာ၏ ရှေ့မှောက်တွင် ပြသတော်မူလေသည်။

ရာဟုလာသည် မိခင်ကြီးအား ကျေးဇူးဆပ်သောအားဖြင့် မိမိမှာရှိသော တန်ခိုးပြာဋိဟာများကို မိခင်ကြီးအား ပြသပြီး သောအခါ ဘဝပေါင်းများစွာတွင် ကျင်လည်ခဲ့ရစဉ်က မိခင် ကြီးအပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ အပြစ်များကြွင်းကျန် နေသေးပါက မိခင်ကြီးက ကြည်ဖြူစွာ ခွင့်လွှတ်ပါရန်လည်း အတိတ်ဘဝတခုတွင် မိမိကျေးဇူးဆပ်ခဲ့ပုံများကို ဖေါ်ပြလျက် အနူးအညွတ် ဤသို့လျှင် စီကာစဉ်ကာ လျှောက်ထားပြန်သည်။

“မိုးခွင်ထက်ကျူး၊ ဂုဏ်ရောင်မြူးသည်၊ ကျေးဇူးကြီးအင်၊ မေ့မိခင်။ ။ ဝမ်းဝင်သားတော်၊ ရှေးခါသော်လျှင်၊ မယ်တော် ကျေးဇူး၊ ဆပ်ခဲ့ဘူးအင်၊ နားဝယ်ဆင်လော၊ မိခင်ရှေးခါ၊ ကာ လာဒေဝီ၊ ကျော်ညီထင်ရှား၊ မိဖုရားတူ၊ ဖြစ်ငြားသောခါ၊ကျွန်ုပ် မှာကို၊ စွဲလာသန္ဓေ၊ တနေ့ရေဝယ်၊ ရွှေအင်းပျဉ်နှင့်၊ ရေတွင်ပျော် မူ၊ ကျွန်းတခုတွင်၊ ရာဟုအလောင်း၊ သွားမြင်ရှောင်းက၊ သုဝဏ္ဏ မည်၊ ခေါ်တွင်သည်နှင့်၊ သက်ရှည်ခုနစ်နှစ်၊ ရောက်လစ်သောခါ၊ ဘီလူးလာ၍၊ မာတာမိအား၊ စားမည်ဆိုသော်၊မယ်တော်ကိုသာ၊

လွှတ်ခဲ့ပါလော၊ ငါမူကိုယ်စား၊ ခံပါငြားမည်၊ ရှည်လျားဆုံးစ၊ နိဗ္ဗာန်ရသည်၊ ဘဝတိုင်လျှင်၊ ဤမိခင်နှင့်၊ မြဲပင်မခြား၊ သားဖြစ်ရလို၊ ဆုတောင်းဆို၍၊ သားကိုစွန့်ငြား၊ ဘီလူးစားကို၊ ခံငြားပြီးသော်၊ မြတ်မယ်တော်နှင့်၊ ခုသော်မကွာ၊ ပေါင်း၍လာသည်၊ ဇာတိဘဝ၊ ဆုံးရတုံခြင်း၊ ကျွန်ုပ်မိရင်းသည်၊ ရှင်းရှင်းစွန့်ခွာ၊ နတ်ဖန်ခါလျှင်၊ အောင်ချာနိဗ္ဗူ၊ စံဝင်ယူလိမ့်၊ နောင်မူပြန်ပေါင်း၊ မယ်တော်ကောင်းနှင့်၊ မပေါင်းရပြီ၊ သုံးလီကံတိ၊ ပြစ်မှားရှိလည်း၊ မိခင်ပယ်ရှား၊ သားတော်အားကို၊ လွှတ်ငြားပနော်၊ နှုတ်မြွက်ဖော်၍၊ သားတော်ဦးလျှော့၊ ပန်ကန်တော့သည်၊ ဖြေလျှော့သည်း ခံပါကြောင်းတည်း။"—ဟူ၍ ရာဟုလာထေရ်သည်နိဗ္ဗာန်ဝင်စံခါ နီးဖြစ်သော မွေးမိခင်ကြီးအား အတိတ်က အကြောင်းများကို ဖော်ထုတ်လျက်၊ မိမိမှာ အပြစ်များ ရှိသေးပါက မိခင်ကြီးခွင့် လွှတ်ပါရန် တောင်းပန်လျှောက်ထားလေသည်။

ရာဟုလာသည် မိခင်ကြီးအား လျှောက်ထားတောင်းပန်ပြီး သောအခါ ဗုဒ္ဓမြတ်စွာသည်လည်း နိဗ္ဗာန်ဝင်စံတော့မည့်ဘဝ ပေါင်းများစွာ အတူကျင်လည်ခဲ့ရ အတူဖြစ်ခဲ့ရသည်၊ ရာဟု လမာတာအား မိမိတွင် အပြစ်များရှိသေးပါက ခွင့်လွှတ်ရန် ဤသို့ မိန့်ကြားတော်မူပြန်ပါသည်။

"ကောင်းရာမြင်သိ၊ ရာဟုမိ။ ။ဇာတိသန္ဓေ၊ တည်ရှိနေကာ၊ မရဏာအဆုံး၊ ပုန်းသည်းမလွှတ်၊ ဝဋ်နှင့်မအား တချာပတ်ပတ်၊ မရပ်မသွေ၊ ရှေးကသေနှင့်၊ ခုသေမတူ၊ နောက်မူထပ်ခါ၊ သေရာမရှိ၊ ဂတိငါးပါး၊ ကင်းငြားမှန်ဟုတ်၊ သမုစ္ဆေဒ၊ မရဏာဟု၊ ဘဝလည်းတုန်၊ ဇာတိမြုံ၍၊ ရွှေဘုံနိဗ္ဗာန်၊ မီးငြိမ်းရန်သို့၊ ဝင်စံတော့နော် မိယသော်။

ကောင်းရာမြင်သို၊ ရာဟုမိ။ ။အဟော်ရှည်စွာ၊ သင်နှင့်ငါသည်၊ များစွာဘဝ၊ ပေါင်းကြသောခါ၊ ငါ့မှာအပြစ်၊ ရှိတုံလစ်လည်း၊ ကင်းရစ်အမှန်၊ မြူမကျန်အောင်၊ သည်းခံသင့်တောင်း၊ ခွင့်လွှတ်ရှောင်းလော့၊ ကောင်းရာရှုမြှော်၊ ဘိက္ခုကျော်တွင်၊ ကြေးညှော်တစိ၊ အပြစ်ရှိလည်း၊ မုနိုင်ငါကား၊ တရားအမြိုက်၊ ခွင့်လွှတ်လိုက်၏"....ဟု မိန့်တော်မူလေသည်။

ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာအား ဘဝများစွာတွင် ကျင်လည်ခဲ့ရစဉ်က ရှိခဲ့သမျှအပြစ်များကို ခွင့်လွှတ်ရန်နှင့် မိမိကလည်း ခွင့်လွှတ်ပါကြောင်း မိန့်တော်မူပြီးသောအခါ နိဗ္ဗာန်စံဝင်မည့် ရာဟုလမာတာအား မည်သည့်ဒေသတွင် နိဗ္ဗာန်စံဝင်ရန် ရည်သန်ထားသနည်းဟု မေးတော်မူလေသည်။

ရာဟုလမာတာက....

"အရှင်မြတ်ဘုရား....ဘဝပေါင်းများစွာ အတူကျင်လည်ခဲ့ရသောဗုဒ္ဓမြတ်စွာနှင့် သားတော်ရာဟုလာတို့ကို အဆုံးစွန်စွန့်ခွာပြီး တပည့်တော်မ နိဗ္ဗာန်ဝင်စံရမည့် နေရာဒေသမှာ သာဝတ္ထိပြည်၏မြောက်ဘက်၊ အစ္ဆသာလမည်သော ဘိက္ခုနီမကျောင်းကြီးဖြစ်ပါသည် အရှင်မြတ်ဘုရား" ဟု မိမိနိဗ္ဗာန်ဝင်စံရမည့် နေရာကို ရာဟုလမာတာက ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေသည်။

ရာဟုလမာတာသည် နိဗ္ဗာန်စံဝင်ရမည့် နေရာကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားသောအခါ ပသေနဒီမင်းကြီး၊ အနာထပိဏ်၊ ဝိသာခါစသော ကျောင်းဒါယကာ ဒါယိကာမတို့က ရာဟုလမာတာအား မိမိတို့ကျောင်း၌ နိဗ္ဗာန်စံဝင်ပါရန် အသီးသီးလျှောက်ထား တောင်းပန်ကြလေသည်။

ရာဟုလမာတာသည် ပသေနဒီကောသလမင်းကြီး စသော ကျောင်းဒါယကာ ဒါယိကာမများ၏ လျှောက်ထားချက်ကို လက်မခံဘဲ အစ္စသာလမည်သော ဘိက္ခုနီမကျောင်းတွင်သာ မိမိနိဗ္ဗာန်စံဝင်ရန် ပြောကြားလေသည်။

ရာဟုလမာတာက ပသေနဒီကောသလမင်းကြီး၊အနာထပိဏ်၊ ဝိသာခါ စသောကျောင်းဒါယကာ ဒါယိကာမတို့၏ စကားကို လက်မခံဘဲ အစ္စသာလမည်သော ဘိက္ခုနီမကျောင်းတွင်သာ နိဗ္ဗာန်စံဝင်ရန် ပြောကြားသောအခါ ဗုဒ္ဓမြတ်စွာသည် ပသေနဒီကောသလမင်းကြီး စသောကျောင်းဒါယကာ ,ဒါယိကာမတို့အား "ရာဟုလမာတာကား နိဗ္ဗာန်စံပင်တော့ရန် အချိန်နီးကပ်လာလေပြီ၊ ဒါယကာ ဒါယိကာမတို့၏ ကျောင်းများတွင် နိဗ္ဗာန်စံဝင်ရန်လည်း လက်မခံဘဲ ငြင်းပယ်နေပေရာ အစ္စသာလမည့်သော ဘိက္ခုနီမကျောင်းကြီးကိုသာပြင်ဆင်မွမ်းမံကြပါတော့...." ဟု မိန့်တော်မူသည်။

သာဝတ္ထိပြည်သူပြည်သား အပေါင်းတို့နှင့်တကွ ပသေနဒီကောသလမင်းကြီး၊ အနထပိဏ်၊ ဝိသာခါစသောကျောင်းဒါယကာ ဒါယိကာမတို့သည် အစ္စသာလဘိက္ခုနီမကျောင်းကို သွားရောက်၍ ပြင်ဆင်မွမ်းမံကြသည်။ကျောင်းကြီး၌အမွှေးနံ့သာများ ပက်ဖျန်းကြသည်။ ရာဟုလမာတာနိဗ္ဗာန်စံဝင်မည့် ရွှေအင်းပျဉ်ကိုလည်း နဝရတ်ကိုးသွယ်ဖြင့် ခြယ်လှယ်မွမ်းမံကြသည်။ ကတ္တီပါထည်များကျောင်းကြီးတွင် ဖြန့်ခင်းကြသည်။ မျက်နှာကြက်များကို ရှုချင့်စဘွယ် အတင့်အတယ် မွမ်းမံပြင်ဆင်ကြလေသည်။

ကျောင်းကြီးပြင်ဆင်မွမ်းမံ၍ ပြီးစီးသောအခါ ကျောင်းကြီးကို ပြင်ဆင်မွမ်းမံ၍ပြီးစီးပါကြောင်း ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြလေသည်။ ရာဟုလမာတာသည် ဇေတဝန်ကျောင်းတော်တွင် ဗုဒ္ဓမြတ်စွာအား အကြိမ်ကြိမ်ကန်တော့လေသည်။

ရာဟုလမာတာ နိဗ္ဗာန်ဝင်စံတော့မည်ဖြစ်၍ ရာဟုလမာတာ၏ မျက်နှာကို တိုးဝှေ့ကြည့်သူ ငိုကြွေးသူတို့ဖြင့် ဇေတဝန်ကျောင်းတော်တွင် ဆူညံနေလေသည်။ နိဗ္ဗာန်ဝင်စံတော့မည့် ရာဟုလမာတာကို ဇေတဝန်ကျောင်းတော်မှ အဇ္ဈသာလဘိက္ခုနီမကျောင်းကြီးသို့ ပို့ဆောင်ရန်ပြင်ဆင်ကြသည်။ ရှေ့ဆုံးမှဗုဒ္ဓမြတ်စွာကြွချီတော်မူသည်။ ဗုဒ္ဓမြတ်စွာ၏နောက်မှ ရဟန္တာတထောင်စီကာ စဉ်ကာ လိုက်ပါလာကြသည်။ရဟန္တာတထောင်နောက်တွင် ရာဟုလမာတာကို ပွေ့ချီထားသည်။ ရာဟုလမာတာနောက်တွင်ကား ရဟန္တာမတထောင်စီတန်းကာ လိုက်ပါလျက် အဇ္ဈသာလဘိက္ခုနီမကျောင်းသို့ ရာဟုလမာတာအား လိုက်ပို့ကြလေသည်။

ရာဟုလမာတာသည် အဇ္ဈသာလဘိက္ခုနီမ ကျောင်းကြီးသို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာအား နောက်ဆုံးကန်တော့လေသည်။ ဗုဒ္ဓမြတ်စွာအား ကန်တော့ပြီးသောအခါ ရာဟုလမာတာသည် မိမိနိဗ္ဗာန်ဝင်စံရမည့်ရွှေအင်းပျဉ်ပေါ်သို့ တက်တော်မူကာ မြောက်ဘက်သို့ ခေါင်းပြုလျက် လကျာ်နံစောင်းဖြင့် လည်းလျောင်းလိုက်လေသည်။

ရာဟုလမာတာနိဗ္ဗာန်စံဝင်ရန် အဇ္ဈသာလကျောင်းကြီး ရွှေအင်းပျဉ်၌ လည်းလျောင်းလိုက်သောအခါ လျှင်သည်းထန်စွာလှုပ်သည်။ မြင့်မိုရ်တောင်ကြီးလည်း ရာဟုလမာတာ လည်း

လျှောင်းနေရာဘက်သို့ ညွှတ်ကိုင်းလေသည်။ မိုးကြီးအရှိန်ပြင်းစွာရွာသွန်းသည်။ နတ်စောင်းနတ်စည် လူစည်တံမြှာတူရိယာတို့လည်း လူမတီးဘဲတအလိုအလျောက် ကောင်းချီးသံသာမြည်လာကြသည်။ တောတောင်အတွင်းမှ ပင်မျိုးစုံတို့သည်လည်း ရာဟုလမာတာအား ကန်တော့သည့်အလား ပင်ချင်းနွှဲ့လျက် ရာဟုလမာတာ လည်းလျှောင်းနေရာဘက်သို့ တိမ်းညွှတ်လာကြသည်။ တရာ့တစင်းသော ထီးဆောင်းမင်းအပေါင်းတို့လည်း ပူဇော်ဘွယ် အမျိုးမျိုးဖြင့် ရာဟုလမာတာအား လာရောက်ပူဇော်ကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာ လည်းလျှောင်းနေရာရွှေအင်းပျဉ်ရှိရာသို့ ကြွချီတော်မူလာသည်။ ရွှေအင်းပျဉ်၏ ခေါင်းရင်းဘက်တွင် ဗုဒ္ဓမြတ်စွာ တင်ပလ္လင်ခွေထိုင်တော်မူကာ ရာဟုလမာတာအား နောက်ဆုံးတရားစကား ဟောကြားတော်မူသည်။

"လမ်းဆုံးမှန်သိ ရာဟုမိ...စုတိမသွေ၊ ချိန်နီးချေပြီ၊ စိတ်နှလုံး ထွတ်ထား၊ ငါဘုရားနှင့်၊ သားရာဟုသော၊ ချစ်သော တကျော၊ မတွယ်တာနှင့်၊ ဖြောင့်စွာတရား၊ အာရုံထား၍၊ အများသူတော်၊ စံမွေ့လျော်သည်၊ ပြည်ကျော်ရပ်သီး၊ မဂ်ဖိုထီးကို၊ ဆောင်းပြီးအမှန်၊ ဘေးပေါင်းငယ်လန်၍၊ ရန်မနီးသည်၊ ပြည်ကြီးသာစွ၊ အမတရပ်ခွင်၊ ကောင်းစွာဝင်တော့... ။

လမ်းဆုံးမှန်သိ၊ ရာဟုမိ... ဘက်ပင်မရှိ၊ ဂုဏ်ပေါင်းချီသည်၊ မုနိထွတ်တင်၊ ငါရှင်ပင်လည်း၊ သင်ကဲ့သို့လျှင်၊ နိဗ္ဗာန်ခွင်သို့၊ ရှောင်ကြဉ်မဖောက်၊ ရှေ့နှင့်နောက်သာ၊ ဝင်ရပါမည်၊ မှန်လှသည်တည်း"....ဟူ၍ မှာကြားတော်မူလေသည်။

ဗုဒ္ဓမြတ်စွာ ရာဟုလမာတာအား နောက်ဆုံးစကား မှာကြား တော်မူပြီးသောအခါ မွေးမိခင်၏အနားတွင် မွေးမိခင်ဇီဝိန်ချုပ် မည့်အချိန်ကို စိတ်မအေးဘဲ ခြေသွေးလက်သွေး အေးမအေးကို ဖြေးညှင်းသာယာဆုပ်နယ်လျက် စောင့်နေရှာသော ရာဟုလာ ထေရ်ကလည်း....

"ကြီးစွာဂုဏ်ရှိ၊ကျွန့်မွေးမိ....မခါဝေဒနာ၊ ငါးခန္ဓာနှင့်၊ နာမ် အာယတန၊ ဓာတ်လေးဝတို့၊ စသည်သန္ဓေ၊ တည်နေသောခါ၊ အတူပါသည်၊ မရဏာတကွ၊ ဓမ္မာသဘော၊ ဆုတ်ပျက်ချော၍၊ ဇောခုနစ်တန်၊ ဖောက်ပြန်အမြဲ၊ ကွဲကြသောခါ၊ နာမ်ဦးမှာမူ၊ ဓမ္မာရုံတည့်၊ ကံစုတ်၏၊ သမ္မုတိမှန်၊ ရုပ်ကြွင်းကျန်သည်၊ ဖောက်ပြန်ဥတု၊ အပုပ်စုတည်း၊ ရိုးစုပြိုင်းပြိုင်း၊ မြေကသိုဏ်းဟု၊ နေ့တိုင်းဆင်ခြင်၊ ဘုံသုံးခွင်ဝယ်၊ ကျင်လည်သမျှ၊ ပုဂ္ဂလတို့၊ နိစ္စသေမြဲ၊ သေဆဲနေ့င်း၊ သေလတ္တံချည်း၊ ဘုန်းနည်းသောသူ၊ လူကိုစဉ်ထား၊ ဘုရားသော်မှ၊ သေကုန်ရ၏၊ ဂုဏ်ကြီးအင်၊ မွေး မိခင်သည်၊ ဝမ်းဝင်သားသော၊ ဘုရားသောင်္ဂ၊ သဘောစိတ် မှာ၊ မတွယ်တာနှင့်၊ မကြာမုချ၊ ဗုဒ္ဓဘုရား၊ သားတော်များ လည်း၊ မယ်ဘွားသို့ပင်၊ နိဗ္ဗာန်ခွင်သို့၊ ရှောင်ကြဉ်မသာ၊ ဝင် ရပါမည်၊ သခါယွင်းဖောက်၊ ရှေ့နှင့်နောက်တည်း၊ကြီးမြောက် ဂုဏ်အင်၊ မွေးမိခင်သည်၊ စိတ်တွင်ဖြောင့်ဖြောင့်၊ မကြောင့် မကြ၊ နိဗ္ဗာနသို့၊ ကြွတော့မိခင်၊ ဝင်လေတော့နော်၊ ကျွန့်မယ် တော်...."ဟူ၍ မွေးမိခင်ရာဟုလမာတာအား နောက်ဆုံးမှာကြား တော်မူပြန်သည်။

ရာဟုလမာတာသည် သားတော်ရာဟုလာ၏ တရားနှင့်ယှဉ် သော မှာကြားချက်ကိုကြားရသောအခါ လွန်မင်းစွာ ဝမ်း

မြောက်လှသဖြင့် သာဓုသုံးကြိမ်ခေါ်တော်မူပါသည်။ 'သာဓု' ခေါ်ဆိုပြီးသောအခါ သားတော်ရာဟုလာထေရ်အား....

"သားတော်ငယ်ဖြူ၊ ထေရ်ရာဟု—ဘိက္ခုမယ်ဘွား မိခင်အားမှု ဝင်သွားနိဗ္ဗာန်၊ စံယူတော့မည်၊ မွေးသည့်အမိ၊ ကွယ်ဆုံးဘိက၊ မုနိဘုရား၊သားတော်ဘခင်၊ သွန်သင်ပြသ၊ ဝိနယကို၊ တစမပျက် အသက်သို့လျှင်၊ မြဲပင်ရှိသေ၊ ကျင့်သုံးလေလော၊ မွေးမေမိခင်၊ ခုပင်အမှန်၊ ပြည်နိဗ္ဗာန်သို့၊ ဝင်စံတော့မည်"....ဟူ၍ နောက်ဆုံး မှာကြားပြောဆိုပြန်သည်။

ဤသို့လျှင် သားနှင့်မိခင်တို့ ကျင့်စဉ်တရားများကို မှာကြား ပြောဆိုပြီးသောအခါ ရာဟုလမာတာပရိနိဗ္ဗာန်စံဝင်လုခါနီး၍ အဖူးအမြော် လာရောက်ကြသော လူအပေါင်းတို့အားလည်း ရာဟုလမာတာက ကျင့်စဉ်တရားများကို ဟောကြားပြန်သည်။

ပစ္ဆိမယာမ်သို့ ရောက်သောအခါရာဟုလမာတာသည်မိမိနှင့် အတူကျင့်ဘော်ကျင့်ဘက် ဘိက္ခုနီထေရ်အပေါင်းတို့အားလည်း ဝိနည်းသိက္ခာပုဒ်များကို မိမိအသက်တမျှ ရှိသေစွာလိုက်နာကျင့် ကြံလျက် နေထိုင်ရစ်ကြရန် မှာကြားပြောဆိုပြန်လေသည်။

အချိန်ကား နေအရုဏ်တက်လုနီးချေပြီ၊ ထိုအခါတွင် ဗုဒ္ဓ မြတ်စွာနှင့် သက်တူနံတူ မျိုးတူဆွေတော် ရာဟုလမာတာ ယသော်ဓရာသည် ကမ္ဘာဇရုပ်အကြွင်းမဲ့ချုပ်ကာ ဂတိငါးပါးမှ လွတ်သော နိဗ္ဗာနဓာတ် ရွှေပြည်မြတ်သို့ ကူးရောက်တော်မူလေ သတည်း။

## ၁၃

ရာဟုလမာတာကား နိဗ္ဗာန်စံဝင်ခဲ့လေပြီ၊ ရာဟုလမာတာ နိဗ္ဗာန်စံဝင်သောအခါ၌လည်း လျှော်သည်းထန်စွာ လှုပ်သည်။ မိုးကြီးသည်းထန်စွာရွာသွန်းသည်။ လူ့ပြည်နတ်ပြည်မှ စည်တော် အစုံတို့သည်လည်း ငြိမ့်ညောင်း သာယာစွာ အသံစုံမြည်ကြသည်။

ရာဟုလမာတာ ရုပ်အလောင်းတော်ကို ကတိုးနံ့သာစသော အမွှေးရည်များဖြင့် ပက်ဖျန်းကြသည်၊ ပသေနဒီကောသလမင်း၊ အနာထပိဏ်သူဌေး၊ ဝိသာခါစသောကျောင်းဒါယကာ ဒါယိကာ မတို့က ရာဟုလမာတာ ရုပ်အလောင်းတော်ကို အဘိုးမဖြတ်နိုင် သောရွှေပုဆိုးတို့ဖြင့် ပတ်ထုပ်လျက် ရွှေကြိုးရွှေချည်တို့ဖြင့် ရစ် ပတ်ဖွဲ့ချည်ထားကြလေသည်။

ရာဟုလမာတာ ရုပ်အလောင်းတော်ကို ရွှေကြိုးရွှေချည်တို့ဖြင့် ပတ်ရစ်တုပ်နှောင်ပြီးသောအခါ များစွာသော လူနတ်ဗြဟ္မာတို့ လာရောက်ကြပြီး အမျိုးမျိုးသော ပူဇော်ဘွယ်တို့ဖြင့် ပူဇော်ကြ လေသည်။

ဗြဟ္မာပြည်မှဗြဟ္မာကြီးလည်း ရာဟုလမာတာ၏ရုပ်အလောင်း ကိုကြာကလပ်တင်ရန် ကြာကလပ်တော်နှင့် ရွှေဆီမီးတန်ဆောင် ကို ယူလာခဲ့သည်။

သိကြားမင်းသည် ရွှေမြကျောက်လျှပ်၊ နေရောင်ခပ်သည့် ပြာသာဒ်ငါးရာကို ရာဟုလမာတာစျာပနပွဲအတွက် ယူဆောင် လာခဲ့ပြန်သည်။

စတုမဟာရာဇ်စသော သောင်းထိုက်စကြာဝဠာမှ နတ်များ စွာတို့လည်း စန္ဒကူးနံ့သာတုံးများကို ဈာပနပွဲအတွက် စုပုံပေးကြလေသည်။ ဂဠုန် နဂါးစသော မျာလှစွာသော သတ္တဝါတို့သည်လည်း အမျိုးမျိုးသော ပူဇော်ဘွယ်တို့ကို ယူဆောင်လာကြလျက် ရာဟုလမာတာရုပ်အလောင်းတော်ကို ပူဇော်ကြလေသည်။

ရာဟုလမာတာဈာပနပွဲသဘင် ကျင်းပရာ နေရာတဝိုက်တွင်ကား အတီးအမှုတ်မျိုးစုံ၊ ကြည့်ဘွယ်ရှုဘွယ်အစုံတို့ဖြင့် ခြိမ့်ခြိမ့်သဲမျှ စည်ကားနေလေသည်။ မဏ္ဍပ်ပေါင်းများစွာတို့တွင်လည်း အလှူအတန်းအမျိုးမျိုးတို့ဖြင့် အဇထောင်အသောင်းမက များစွာသော ပရိသတ်တို့ဖြင့် ပြည့်နှက်နေလေသည်။

ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာရုပ်အလောင်း ကြာကလပ်တင်ထားသော နေရာသို့ ရဟန္တာပေါင်းများစွာခြံရံလျက် ကြွချီတော်မူလာသည်။ ရာဟုလမာတာ ရုပ်အလောင်းအနားသို့ ဗုဒ္ဓမြတ်စွာရောက်တော်မူသောအခါ လူနတ်ဗြဟ္မာပရိသတ်အစုံတို့က ခရီးဦးကြိုပြုတော်မူကြသည်။

ဗုဒ္ဓမြတ်စွာသည် ရာဟုလမာတာ ကြာကလပ်တင်ရာ နေရာတွင် သီတင်းသုံးနေတော်မူသောအခါ သိကြားမင်းသည် ဗုဒ္ဓမြတ်စွာအနားသို့ ချဉ်းကပ်လာကာ ဗုဒ္ဓမြတ်စွာအား....

"အရှင်မြတ်ဘုရား....ရာဟုလမာတာ ရုပ်အလောင်းတော်ကို တပည့်တော်ယူဆောင်၍ မီးသင်္ဂြိုဟ်ခွင့် ပြုပေးတော်မူပါ" ဟု လျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာအား သိကြားမင်းက မီးသင်္ဂြိုဟ်ခွင့်ပြုရန် လျှောက်ထားပြီးသောအခါ ဗြဟ္မာကြီးသည်လည်း ဗုဒ္ဓမြတ်စွာအနားတော်သို့ ချဉ်းကပ်လာလျက်....

"အရှင်မြတ်ဘုရား....ရာဟုလမာတာ ရုပ်အလောင်းတော်ကို တပည့်တော်အား ယိုစီးလျှံလက် ပတ္တမြားခွက်တွင် လေးမြတ်ကြည်ညို မီးသင်္ဂြိုဟ်ခွင့်ပြုတော်မူပါ"ဟု လျှောက်ထားပြန်သည်။

ဗုဒ္ဓမြတ်စွာအား ဗြဟ္မာကြီးက ရာဟုလမာတာရုပ်အလောင်းကို မီးသင်္ဂြိုဟ်ခွင့်ပြုရန် လျှောက်ထားပြီးသောအခါ ပသေနဒီကောသလမင်းကြီးသည်လည်း ဗုဒ္ဓမြတ်စွာ အထံတော်သို့ လာရောက်လျက်....

"အရှင်မြတ်ဘုရား.... ရာဟုလမာတာ ပရိနိဗ္ဗာန်စံဝင်သောနေရာမှာ တပည့်တော်ပိုင်ဆိုင်သော နယ်မြေအတွင်းမှာဖြစ်ပါသည်၊တပည့်တော်သာ ရာဟုလမာတာရုပ်အလောင်းကိုမီးသင်္ဂြိုဟ်ခွင့်ရှိပါသည်၊တပည့်တော်အားသာ ရာဟုလမာတာကို မီးသင်္ဂြိုဟ်ခွင့်ပြုပါ".... လျှောက်ထားလေသည်။

ဤသို့ လူ၊ နတ်၊ ဗြဟ္မာတို့ ရာဟုလမာတာရုပ်အလောင်းကို မီးသင်္ဂြိုဟ်ခွင့် အသီးသီးတောင်းဆိုနေကြလေရာ အညီအမျှပင် မီးသင်္ဂြိုဟ်ခွင့်ပြုပေးတော်မူလေသည်။

ထို့ကြောင့် ရာဟုလမာတာရုပ်အလောင်းကို မီးသင်္ဂြိုဟ်ရန်အတွက်လူနတ်ဗြဟ္မာအစုံတို့ကအသီးသီးချီပိုးထမ်းမလျက် မီးသင်္ဂြိုဟ်ရမည့်နေရာသို့ ယူဆောင်သွားကြလေသည်။ အလောင်းတော်ကို ချီပိုးသယ်ယူလာသောအချိန်တွင် ကောင်းကင်ပြင်သည် အာပူအအေးညီမျှလျက် ကြည်လင်နေသည်။ လေပြေလေအေးများကလည်း နေကောင်းထိုင်သာရှိရုံမျှ တိုက်ခတ်ပေးထားသည်။ လမ်းတလျှောက်တွင်လည်း ပန်းမျိုးစုံတို့က အမွှေးရနံ့များဖြန့်ပေးလျက် စိတ်ချမ်းမြေ့ဘွယ် ဖန်တီးပေးထားလေသည်။

ရာဟုလမာတာ၏ရုပ်အလောင်းသည် လူနတ်ဗြဟ္မာတို့ ချီပိုးထမ်းမလျက် မီးသင်္ဂြိုဟ်မည့်နံ့သာပုံပေါ်သို့ ရောက်ရှိလာသည်။ ရာဟုလမာတာ ရုပ်အလောင်းတော်ကို နံ့သာထင်းပုံပေါ်တွင် တင်ထားလိုက်သည်။ လူနတ်ဗြဟ္မာပရိသတ်အပေါင်းတို့က ရာဟုလမာတာအား နောက်ဆုံးပူဇော်ကန်တော့ခြင်းဖြင့် ပူဇော်ကန်တော့ကြသည်။

ရာဟုလမာတာရုပ်အလောင်းတော်သည်၊ နံ့သာထင်းပုံထက်တွင် တင်ထားသောအခါ သလွန်ပေါ်တွင် အိပ်ပျော်နေသည့်ပမာ မပစ်ရက်နိုင်၊ မရှုရက်နိုင်အောင် လှပတင့်တယ်နေလေသည်။

ဗုဒ္ဓမြတ်စွာနှင့် ရဟန္တာအပေါင်းသည် ရာဟုလမာတာ၏ ရုပ်အလောင်းကို ကြည့်ရှုလျက် ကမ္မဋ္ဌာန်းစီးဖြန်းနေကြလေသည်။

ရာဟုလမာတာရုပ်အလောင်းကို မီးသင်္ဂြိုဟ်ရမည့်အချိန်သို့ရောက်သောအခါ သိကြားမင်းနှင့် စတုမဟာရာဇ်စသော နတ်များကရှေးဦးစွာ မီးသင်္ဂြိုဟ်ရမည်ဖြစ်၍ မြောက်ဘက်ကနေပြီး ရာဟုလမာတာရုပ်အလောင်းကို ရွှေပုဆိုးကို နံ့သာဆီများပက်ဖျန်းလျက် စတင်မီးညှိလိုက်လေသည်။ မီးကား ရာဟုလမာတာရုပ်အလောင်းကို လုံးဝမစွဲမငြိပေ။

သိကြားမင်းနှင့် စတုမဟာရာဇ်နတ်များ ရာဟုလမာတာ ရုပ်အလောင်းကို စတင်မီးညှိပြီးသောအခါ ဗြဟ္မာကြီးသည် အရှေ့အရပ်ကနေ၍ ဘွဲ့ဖြူပုဆိုးကို နံ့သာဆီအမျိုးမျိုး ပက်ဖျန်းလျက် ရာဟုလမာတာရုပ်အလောင်းကို မီးသင်္ဂြိုဟ်လေသည်။ သို့သော် မီးကား ရာဟုလမာတာရုပ်အလောင်းကို လုံးဝမစွဲမငြိပေ။

ပြဟ္မာကြီးမီးသင့်ပြိုးသောအခါ ပသေနဒီကောသလမင်းကြီးသည်၊ အဘိုးမဖြတ်နိုင်သော ရွှေပုဆိုးကို နံ့သာဆီအမျိုးမျိုး ပက်ဖျန်းလျက် အမနောက်အရပ်ကနေ၍ မီးသင့်ပြန်လေသည်။ သို့သော် သိကြားပြဟ္မာတို့ မီးသင့်ဆက်သို့ပင် မီးကားလုံးဝ မစွဲမငြိပေ။

ဤသို့လျှင် ရာဟုလမာတာရုပ်အလောင်းတော်သည် သိကြား၊ ပြဟ္မာ၊ ပသေနဒီကောသလမင်းကြီးတို့က မည်သို့ပင် မီးသင့်ဟ် မီးသင့်ဟ် လုံးဝစွဲငြိခြင်းမရှိခဲ့ပေ။

သို့သော် ရာဟုလမာတာ၏ တေဇောဓာတ်လောင်ကျွမ်းသော အခါတွင် ရာဟုလမာတာရုပ်အလောင်းတော်မှာ ဗုဒ္ဓမြတ်စွာ၏ ရှေ့တော်မှောက်တွင် အလိုလိုချုပ်ငြိမ်း ပျောက်ကွယ်သွားခဲ့လေ သတည်း။

နောက်ဆက်တွဲ

## ရာဟုလမာတာ—အတိတ်ဘဝ
## စန္ဒကိန္နရီအမှန်း

ရာဇဂြိုဟ်ဌာန ဒေသစာရီကြွချီပြီးလျှင် အဖမင်းပင့်လေသည့် အခါကြောင့် ရှင်မင်းဗုဒ္ဓ ကပိလသို့ ကြွလာသောခါ ဆွေတော် ရှစ်သောင်း မျိုးတော်ပေါင်းတို့ ခညောင်းဝန္ဒနာ ရှိကြပါသော် လည်း ယသော်မိဖုရား မကြွလာသည့်အကြောင်းများကို ဘဘွား သုဒ္ဓါအား လျှောက်ကြားသည်မှာ....

ယသော်ကညာ နတ်ထက်လှသည့် မြတ်ရတနာက ငယ်ကတူ ကြင် ငယ်လင်အစစ် ငါ့ကိုချစ်လျှင် နန်းစံရဝေ ဘမရာဆန်း ငါ့အခန်းကို ပရမေဗုဒ္ဓ လက်ဦးကြွသင့်ပါလျက် ယခုမူကား ထိုသို့မဟုတ်ပါဘဲ သူ၏အဖ နန်းမပလ္လင်ပျံ့ စံရာဌာနသို့ ငါမကြွ လိုတဲ့အကြောင်း အဖမင်းဖျားက လျှောက်ကြားလေသော အခါ ဘုရားမြတ်စွာသည် မယ်ယသော်အဆောင်သို့ ကြွလေသော်ဗိမ္ဗာ ရွှေလျှော် မယ်ယသော်က ပဒ္ဒါရွှေစက် ခြေနှစ်စုံလက်နှင့်ဖက် ကာ ကေသာဖားလျား ငိုတရှုံ့ကြက်ရှုံ့ကြက် ဖိုကာလှိုက်လျက် ပြော လိုက်သည့်စကားမှာ ခြောက်နှစ်ပတ်လုံး ကျွန်တော်မကို ပစ်ကွာ မှန်းလို့မို့ ဘုန်းသမ္မုရှုပါအုံး၊ တောင်စဉ်တောင်တန်း ဘယ်စခန်း နှင့် ဘယ်လမ်းဘယ်သို့ ဘယ်မြို့သို့ ကြွလှမ်းလို့နေပါသနည်း။

ခုအချိန်မှ ကြွမြန်းလိုလာရပါသော်လည်း ကျွန်တော်မ့အား အချစ်ပွားပါက ရှေ့ဖျားမဆွ ကျွန်တော်မထံ လာသင့်တန်ပါလျက် ထောက်ဆမညှာ သားသက်လျာကို ကြောင်းရာတွေးဆ ရှိပြန်ကလည်း မဟေသီစံ ကနက်ပျံကို ဘုန်းလျှံပရမေ ကြွသင့်ပေလျက် မစုံမက်၍ နန်းထက်ဘုန်းပျံ မွေးဘထံသို့ စံတော်မူရက်ပါပေသည်ဟု ပူဇျာပွေ ရှိုက်ငင်ဆွေးလျက် ငိုကြွေးသောအခါတွင် နောက်တော်အပါး ထေရ်သံဃာများက ကဲ့ရဲ့သငိုဂိုဟ် စကားတင်းဆိုကြသဖြင့် သုံးလူ့ဘစိန္တေယျာက ခုမှယသော် မေတ္တာတော်ကြောင့် တ-မျှော်ခေါ်ဆွေး ငိုကြွေးသည်မှာ သည်တခါသာ မဟုတ်သေး ရှေးအခါကာလ ကိန္နရီကိန္နရာ မောင်မယ်နှစ်ဝ ဖြစ်ကြစဉ်အခါကလည်း ငိုကြွေးခဲ့ဘူးကြောင်း ဇာတ်အသွားကို မှတ်သားနာယူကြစေရန် ဘဂဝါတဆူက မိန့်ဟတော်မူသည်မှာ....

ရှေးလွန်လေသောအခါက ပြည်ဗာရာဏတွင် ဗြဟ္မဒတ်မင်းသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သောအခါဝယ် ကိန္နရီမောင်မယ်နှစ်ဖြာတို့သည် တောဟိမဝါတွင် သဘောပြည့်စွာ မေတ္တာအချက် လောကီဘယာ တဏှာအတွက်ဖြင့် တူမပျက်ဂဟေမြဲ၍ သွေမခွဲနေကြလေသတည်း။

ဗာရာဏပြည့်သခင် မင်းဗြဟ္မဒတ်အရှင်သည် အာဏာတွေ့အတောမသတ်ဘဲနှင့် ခွာကာလေတောအရပ်သို့ သဘောမှတ်ကြံစည် မှန်အစာည်ချုပ်ဝတ်တန်ဆာကို ဝတ်ဆင်၍ တကယ်ပင်ဆက်ဆက်သွားမည်ကြောင့် လက်နက်ငါးပါးစွဲကာကိုင်လျက် ဂနိုင်ဟေမ တောအစသို့ ထွက်ကြွခဲ့လေသောအခါ....

ဩော်....ဘာသာဘာဝ မာဂဓနှင့် အစမပျက် တောကြက်တဖြာ သာလိကာတဝ ဥဩကတသွယ် ဇီဝဇိုးငှက်မောင်မယ်တို့ကလည်း လူနှယ်မခြား တောတောင်စဉ်ဟိုကမ္ဘားဌ လွှားပျံကာ အစာကိုရှာမှီးဘို့ ခရီးကိုလျင်စွာ ပျံကြလျက် တောင်တက်ကျွမ်းဝင် ငှက်လွမ်းကြင်တို့လဲ အတောင်စုံသန်းယှက်လို့ ခွန်းဆက်ခါ ဇရက်တို့ပါ သောင်းသောင်းဖြဖြ ဒေါင်းကအိုးဝေ အထွေထွေနှင့် ခေါ်လေသလား ငှက်ကြားငှက်တော် ငွေဇင်ယော်တို့ကလဲ ကြင်ဖော်နှင့်ကွဲရော့ထင့် တဝဲဝဲပျံလူးကာ ရွှေဟင်္သာတို့ကပါ သဲသောင်ယံအပေါ်မှာ အောင်တော်ခေါ်ထူး တစ်တီတူးတို့ ရွှင်မြူးပျော်ကာ တောဝနာမှာ လွမ်းစရာပါကလား၊ ဂန္ဓမာတောင်စောင်း ရေယဉ်ချောင်းက သောင်းသောင်းငယ်ညီ စီးကျသည့်ရေသံမှာ လွမ်းဘွယ်ရာဖန်ပါပေ့ စိမ်းဖန့်ဝါပြာ နီလာရောင် အလား ဥဿဖယားအသွင် ပုလဲရင် ပုလဲညွန့် အရောင်စုံရောကွန့်၍ အညွန့်အခိုင်ပန်းအခက်တွေက လမ်းထက်မှာ လှိုင်ပြီးလျှင် ဂနိုင်၏ကြက်သရေအစုံကို နတ်ပန်းချီမင်ဆေးနှင့် ရေးလို့ဖြင့်မကုန်နိုင်တဲ့ စုံမြိုင်ခြေတောအတွင်းသို့ တပ်ခင်း၍လာခဲ့ရာ....

သေလာပဗ္ဗတ တောင်စန္ဒက မောင်နှံနှစ်ဝ အလောင်းကိန္နရာတို့နှင့် ချောင်းတိမ်စွာငွေသောင်စပ်မှာ အခြေနောင်မပြတ်ကိန္နရီမယ်နှင့် အသွယ်သွယ်ကခုန်မြူး၍ သီကျူးကာဂီတတေးငံ့ပြင် ယဉ်ငံကျေးအောင် ကဆိုတီးပါလို့ ဇနီးလှကိန္နရီခင်က ချစ်လင်ကို အပျော်ဆက်ပြီး မြေမဟီရွှေလည်ဖက်ကာ မြူးပျော်လျက်နေရာတွင်....

ဗာရာဏပြည့်ရှင် မင်းဗြဟ္မဒတ်က ဖြစ်ရပ်စုံစွာကို တောဟောမာချုံစောင်းက ငါချောင်း၍ကြည့်မည်ဟု သတိတမန် ပညာ

ဥာဏ်တို့ပါ အဖန်မလှဲ့ လက်နက်ကို ကိုင်စွဲလျက် ကြည့်လေသော်....

ယဉ့်ပါပေ့ ကိန္နရီ ပလီပါပေ့ သူ့ဂီတအလှနှင့် အချေဘာဝတွင် ပြောလောက်ပါရဲ့ မနောကဖောက်ပြန် ချစ်စိတ်အမှန်စွဲတာကြောင့် သစ်ရိပ်ထဲက ကြံဆတော်မူသည်မှာ....

“အင်း....ကိန္နရာဖို လုလင်ပျိုကို ငါကိုယ်တိုင်ချက်ချင်း လေးတော်နှင့် ခွင်းရလျှင် မယွင်းမသွေ့ သက်ဇီဝိန်ခန္ဓာပြောင်းပါလို့ တောင်စောင်းမှာသေခဲ့လျှင် သမုခင်မယ်စန္ဒာကို ယခုပင်တကယ်ရမည်ဟု ကြံစည်စိတ်ထား တအားတိုးတက် မြှားကြိုးဆက်၍ ရက်စက်စိမ်းကား ဗြဟ္မဒတ်မင်းသားက လေးမြှားနှင့်ပစ်လေသော် ကြင်ဖော်နုပျို လောင်းစန္ဒကိန္နရာဖိုမှာ မြှားဒဏ်ကိုရှောင်ခွာမရနိုင်၍ သည်းအူကြွေကျတော့မည့်အလား ချစ်လှသည့်သူ့မယားအား ငိုယိုကာပြောကြားသည်မှာ....

“အချေအလှ တလောကမှာ ပြောပြစရာမရှိ၊ ငယ်စဉ်ဝယ်တူတကွ ပေါင်းသင်း၍လာတဲ့ အိုနှမမယ်စန္ဒာ၊

သင်နှင့်အတူ သဲသောင်ငူဝယ် ကြည်ဖြူပျော်ပါး နေခိုက်များတွင် ဘယ်နားကရန်သူ ငါ့သက်ကိုမူပါလိမ့် မယ်စန္ဒာရယ်၊ နှမရှဲ့မောင် ဒီတောင်ကိုမကျော်နိုင်ဘဲ ခွဲရတော့မယ် အချစ်စွဲပါတဲ့ ပုလဲငွေ့ရယ်၊ သွေးတွေယိုဆင်း ငါ့ရင်တွင်းမှာ အပြင်းပူလောင် ဂနိုင်ချောင်မှာ မရှောင်နိုင်တဲ့ဒုက္ခ တွေ့ကြုံကြပေါ့ မယ်စန္ဒကိန္နရီရယ်၊ အလီလီခွဲခွာနွမ်းပါလို့ မြှုးဆိပ်မှာ တခါလွှမ်းတာကြောင့် ပင်ပန်းကာသက်ရှူမဖြောင့်နိုင်ဘူး လင်ရတနာ ရင်မှာအောင့်လှပေါ့ နှမကြောင့်ဗျာပါလှိုင်၍ ဂနိုင်မြေဟောမာတော မေ့မျောလျက်နေရာတွင် မစန္ဒာအလှ ကိန္နရီမယ်

နှမမှာ စီးကျမျက်ရေ တတွေတွေနှင့် ဖြေမရသည့်သောက တွေ့ရသည်မှာ....

ဘယ်သို့သောရန်သူ ငါ့ကိုမှုပါလိမ့် ခုမှုမသေ့ လင်သက်ဝေကြောင့် ပူပွေဗျာပါ အံခက်ကြီးကြုံလာပေါ့ ငါရဲ့လင်ချစ် အဆွေပုလဲမှာ သေပွဲဝင်ရတော့မယ်၊ မဟီမွေချော ဤသေလာအောက် တောင်မြောက်ထွေလာ သေအချာဖြင့် ရေရာစွာရှုစားလျက် မင်းသားပြဟ္မဒတ် သူ့အကဲသို့ မှန်မလွဲမြင်လတ်သော်၊ သဲဆတ်ဆတ်တုန် မကြုံစဖူး တောင်ခြေဦးမှာ ထူးတဲ့ပုဂ္ဂိုလ် လင်လှပျိုအား ပြဟ္မစိုရ်တရား မရှိငြားဘဲ မြှားဖြင့်တဖန် သင်ပစ်တာမှန်လိမ့်မည်၊ ဖူနှုဖဒယောင်း နွဲနွဲနှောင်းတဲ့ သွဲ့ပျောင်းသိင်္ဂီ ကိန္နရီသည့် တောင်ခြေထက်သို့ သူတက်ကာပျံ၍ အကြံယုတ်မာ မင်းရာဇာပြဟ္မဒတ်ကို တတွတ်တွတ် မြည်တွန်တောက်တီးလျက် မကြောက်တဲ့ဟန်အမူအရာဖြင့် ဟိန်းဟောက်ကာ ပြောဆိုလိုက်သည်မှာ....

"ရာဇပုတ္တ၊ အမျိုးယုတ်တဲ့ လုဒ္ဒကရယ်....

မုချတကယ် အားကိုးရာငယ်တဲ့အောင် ဘယ်သို့မှမြော်မြင် ငါ့သက်ထားချစ်လင်ကို တမင်ကြိုးကုတ် မြှားမှန်အောင်လုပ်သောကြောင့် အဟုတ်မယွင်း မြေဘလင်းမှာ ကျဆင်း၍လဲပါပေါ့ ကျွန်ုပ်တွင်တကတဲ အသဲဖိုအင် နှလုံးမှာမရွှင်ဘူး ဘဝင်ကွဲမျှ အပူလုံးကြွသလို သင့်အမိဖြစ်ပါစေ...."

"ထိုမှတဖြာ လှရုပ်ဝါကို ရှုကာမသေ့ နေရပေသော စန္ဒေမည်ရ ငါ့ဒုက္ခနှင့် တကွမခြား သင့်မယားမှာ ထင်ရှားမသေ့ဖြစ်ပါစေ...."

"အသက်တမျှ ချစ်လာရတဲ့ ငယ်ကပေါင်းသင်း ငါ့လင်ရှင်းကို အတင်းကြံဘိ ပြစ်မရှိဘဲ မြှားထိစေရန် စိတ်ခဲကာထန်လှတဲ့ အယုတ်တမာ ဟဲ့ရာဇာရဲ့ သင့်မှာတဖန် ငါပူသမျှ အ၀၀ကို တစမကျန် အကုန်ပြန်လျက် အမှန်ယခုဖြစ်ပါစေ...."

ဤသို့ တွတ်တီးတွတ်တာ တစာစာဖြင့် အခါခါကျိန်ဆဲ ငိုတန်မို့ ပူပွဲနှင့်ကြုံ သည်းအူထုန်မျှ တဖုံဖြာဝေ မျက်ရည်စီးကျ မယ်စန္ဒမှာ သောကနှင့်တကွဖြစ်နေရာတွင်....

ရာဇာမင်းမြတ် ဗြဟ္မဒတ်က အထပ်ထပ်ကိန္နရီမယ်ကို ချစ်စဘွယ်မေတ္တာနှောလို့ ကာမဂုဏ်အာရုံဇောနှင့် ပြောပြသည်မှာ....

"အလှသူဇာ မယ်စန္ဒာရယ်....

ငိုကာရယ်ကာ တစာစာဖြင့် မနေပါနှင့် ငါဘုရင်ရာဇာမင်းကို အစစမှီတင်း ပေါင်းသင်းဘို့ စိတ်မှာခဲပါတော့ မလွဲအမှန်တိုင်း ပြည်တော်ထီးဖြူရိပ်ကယ်နှင့် ဘိသိက်များခံသောအခါ ဂုဏ်လျှံညီးညီး သမီးကညာ ရံရွေပေါင်း များစွာနှင့် သေနာပတိရာထူးရှိသည့် သီရိချမ်းမြေ့ အိမ်ရှေ့ဥပရာ အဖြာဖြာတို့သည် မေတ္တာဝပ်စင်း ခညွှတ်ခြင်းတို့ဖြင့် မယွင်းပြည့်စုံ ဤကဲ့သို့ ကြုံရအောင် ရဂုံမြိုင်ဌေမှာ နှမစန္ဒာ၏လင်လည်း သေပြီမို့ တမေသက်ထား ငါဘုရင်နောက်တော်ပါးသို့ ထားငြားလို့လိုက်ခဲ့ပါ"

ဟု ရာဇာမင်းက မိန့်ခွန်းတော်ဟသည်ကို တစမကျန် အလီလီချန်မထားဘဲ မင်းယုတ်မာပြန်လို့သွားတဲ့ ကိန္နရီလှသက်ထားက စကားဆိုလိုက်သည်မှာ....

"ဗာရာဏသီ တိုင်းရွှေပြည်ကို အတည်စိုးအုပ် ဟဲ့....ဗြဟ္မဒတ်မင်းယုတ်....

ငါ၏လက်ဆောင် လင်ချစ်မောင်ကို မရှောင်လက်နက် သက်ဇီဝိန် ကြွေကာပြောင်းအောင် တောင်စောင်းမှာ သတ်တာမို့ အပ်စွာပင် သူ့ကိုကြင်ရမှာလား၊ မဆင်ခြင်တဲ့လူယုတ် စက်ဆုပ်ဖွယ်ရာဇာ ကိုယ်ချင်းပင်မစာဘဲ မညှာမတာ အတင်းလုပ်သောကြောင့် ကျွန်ုပ်ကမနှစ်သက် ရှောင်ရှားစွာအမြန်ထွက်၍ ခုချက်ချင်းပြန်လေပါ”

ဟု သံချေကာ တောင်ပေါ်အထက်ဆီက ဆိုမြွက်သောစကားမင်းရာဇာကြားခဲ့လျှင် ငါကားမသေ့ ကိန္နရီမေ့အလှကိုဖြင့် ရတော့မည်မဟုတ်ချေဘူးဟု စိတ်ကူးမိသောအခါ များစွာ ထောင်သောင်း ရံရွေပေါင်းနှင့် ပျော်ညောင်းအမှန် နောက်ဆုတ်၍ပြန်ခဲ့လေ၏။

စန္ဒကိန္နရီ မယ်သင်္ဂီသည် မကြည်နှလုံး စိတ်ပူချုံး၍ ခွေနွန်းယိမ်းယိုင် ဤဂနိုင်မှာ ပုလိုင်ဗျာကြွ လင်အလှကြောင့် သောကပူပြင်း တောက်လောင်ခြင်းဖြင့် တောင်ခြေရင်းသို့ ယူဆင်း၍လာသောအခါ ကိန္နရီဖို သူ့လင်ပျိုကို သေလေပြီအထင်နှင့် သည်တောင်ခွင်မှာ ပျိုစင်ပုလဲညှာ တကိုယ်တည်းဟာမို့ ငိုညည်းကာ သူ့မောင်ဇော်အလောင်းမသာကို ပွေ့ပိုက်ကာ ချီမလျက် စန္ဒတောင်ပေါ်အထက်သို့ ပံ့ဝဲကာတက်ပြီးလျှင် နှုတ်မြွက်ကျူးဟာ ငိုပွဲကြီးဆင်သ၍ မမနိုင်မချီနိုင် တမှိုင်မှိုင် တထွေထွေ ဒုက္ခတွေ ယှက်တဲ့ ယခုလိုခဲ့ရလျှင် လောကထီးဤဘုံ သည်းအူတွေတုန်လှပေါ့ ကြုံပါရတို့မောင်နှံမှာ အဖန်ဖန်မရှင်ပြန်နိုင်ဘူး လင်အလှတသင်္ဂီရယ် ကိန္နရီမယ်စန္ဒာမှာဖြင့် အားကိုးရာဘယ်မမြင် ဟိုယခင်များကဲ့သို့သွားသော်လည်း ဖော်မပါခေါ်ရာတွင် မောင်

မထူး ရှူးမတတ်ဖောက်ပြန် တကိုယ်တည်းကျန်ခဲ့ရပါပေါ့ဟု အခါခါငိုရင်းနှင့် စမ်းသပ်ခြင်းပြုလိုက်သော်အခါ....

သမုဆွလင်ချစ် တကယ်ပင်ပြကတော့ ကိုက်ငွေ့ကို တွေ့ သေးသဖြင့် အမှန်ပင်မသေ ကောင်းမွန်စွာပြုရလေလျှင် မုချ ကေန် အသက်ပင်ပြန်ရှင်တန်ရှဲဟု စိတ်မာန်တက်ကြွ နှုတ်မြွက်ဟ သည်မှာ တောစတောင်ယံ စောင့်ရှောက်ရံသား နတ်များအရှင် လူတော်စဉ်တို့ တမေအလှ ကျွန့်ဒုက္ခကို စောင်မကယ်လီ ကြည့် ရှုတော်မူပါမည့်အကြောင်း ဆူဆူဒေဝါ နတ်များစွာကို မြိုင်ဗွေ ဝနာမှာ တိုင်တည်လိုက်ပုံက—

ရှေးကရေစက် ဆုပန်ချက်သည် ခုထက်ထင်ရှား ရှိပါငြားက ခဏလျင်စွာ နတ်ဒေဝါတို့သည် ကူညီကာ မှိုင်းမှုပါစေသားဟု မနေ့ာခိုင္ဘာန် ဆုသစ္စာပန်ရာတွင် မိုးနတ်ဣန္ဒာ မြကျောက်ဖြာ သည် တင်းမာလာသဖြင့် လူ့ပြည်၏အရာကို ကြည့်လိုက်သော အခါ မချိပြင်းစွာ အလောင်းတော်မြတ်ကိန္နရာနှင့် ကြင်ရာသက် ထား ထိုနှစ်ပါးတို့၏ ဖြစ်ပွားသောကိစ္စ အလုံးစုံကို သိရှိရသော် မာဃသိကြား သစ္စာအားကြောင့် ပုဏ္ဏားအသွင် ဖန်စီရင်လျက် အစဉ်ဆင်းသက် နတ်ရေစင်ဆေးခွက်ဖြင့် အချက်ကျရောက်လာ၍ ကုစားသောအခါတွင် ကိန္နရာမြှားဒဏ်ချက်မှာ ပျောက်ပျက်၍ သွားလေ၏။

ဤသောအခါကျမှ သူဇာတမျှ အလွန်လှသည့် ဆင်းရုပ အသွင်ကြောင့် ဘဝင်မှာစွဲသိ ကဲလိမ္မာမယ်စန္ဒာသည် ဆယ်ဖြာ လက်ပေါင်း အဥ္ဇလီတင်ချီညွှာင်းလို့မို့ ညွတ်ပျောင်းကာရှိခိုး အမျိုးမျိုးပူဇော်ပြီး ကုန္နှစ်ဖော်ဇမောင်နှံတို့ ပေါင်းဘို့ရန်အရေး ဝမ်းမြောက်စွာမနှေးဘဲ ပြေးလွှဲပျံတဲ့ကာ သေသောသူရှင်လာ

အောင် ကုရှာသည့်ပုဏ္ဏား မင်း၏ခြေတော်ရင်းမှာ ဝပ်စင်းကာ ဦးတိုက်တော့ အမြိုက်ရေအေး တိုက်ကာကျေး၍ အဆုံးအမပေး သည်မှာ—

ဤနေရာမှ ရပ်ဝေးဒေသ ပြောင်းရွှေ့ကြလျှင် ရန်တကာ ကင်းစင်ဘိ၍ သက်ရှိတူမကွာ ကိုယ်စိတ်နှစ်ဖြာ မကွာပါဘဲ မလွဲချမ်းသာ ရောက်ကြမည်အမှန် ပါတကားဟု မာဃသိကြား ဆုံးမသောစကားကြောင့် စန္ဒကိန္နရာ လောင်းဗုဒ္ဓမဟာသည် နေ ထိုင်ရာအမှန် စန္ဒခေါ်တောင်ယံက တောနက်ရာဒေသသို့ ပြောင်း ရွှေ့ကာ မောင်မယ်နှစ်ဖော်တို့ တူပျော်ပျော် နေကြလေသ တည်း။

ဤကဲ့သို့ အလောင်းတော်ကိန္နရာ ဇာတ်အလာမှာ မေတ္တာနှင့် ပေါင်း သစ္စာတော်မပျက်ဘဲ စုံမက်တော်မူကြောင်း ရဟန်း ပေါင်းပရိသတ် ကပိလနန်းရပ်တွင် ယသော်ခင်မေအလှ ကေ သာ ဖြေကာချပြီးလျှင် လောင်းဗုဒ္ဓပရမေ စက်ပါဒနှစ်ထွေ၌ ငိုမျက်ရေစီးကျ ဟီးတရှိုက်ငင် ငိုဘူးသောကြောင်းအင်ကို နိမိတ် တော်ထင်ပြီး ကြည်လင်ချိုမြ ရွှေနှုတ်တော်ဟလျက် လောင်းစန္ဒ ကိန္နရာ ဇာတကဒေသနာကို မှတ်သားနာယူကြစေရန် မိန့်ကြား တော်မူခဲ့လေသတည်း။

ဗုဒ္ဓဘုရားရှင်၊ ကပိလဝတ်ပြည်တွင်း ဆွမ်းခံကြွလာခိုက် 'ရာဟုလမာတာ' က သားတော်ရာဟုလာအား ပြောပြသော

## နရသီဟဂါထာလင်္ကာ ၉–ပုဒ်[၁]

၁။ သုံးဆယ့်တဘုံ၊ အလုံးစုံတွင်၊ များပုံသတ္တဝါ၊ ဦးခိုက်ရာသည်၊ တေဇာမြင့်မား၊ မြတ်ဘုရား၏၊ ပတ္တမြားအသွင်၊ ဘဝါးပြင်ဝယ်၊ ဆက်စွယ်ဝန်းယှက်၊ ရာ့ရှစ်ကွက်ဟု၊ စက်လက္ခဏာ၊ မြတ်အင်္ဂါမူ၊ ဗြဟ္မာမကြွင်း၊ ဘုံခပင်းတည်း၊ ရှည်ခြင်းသင့်လျှော်၊ ဖမျက်တော်ဖြင့်၊ နှစ်ဘော်မမြင်၊ စက်နှစ်ပြင်ဝယ်၊ ရောင်ရှင်လူလူ၊ ထီးဖြူလျှပ်လျှပ်၊ သားမြီးယပ်ဖြင့်၊ တင့်အပ်စွာဘိ၊ တန်ဆာရှိသား၊ သာကီဥလျှောင်၊ ဤဘုန်းခေါင်ကို၊ အမောင်ရှုမျှော်၊ ခမည်းတော်ဟု၊ ယသော်ညွှန်ပြ၊ မြွက်ဆိုဟသည်။ ။သံမြဲချိမြိန်ဂါထာတည်း။

---

၁။ ဤ နရသီဟ ဂါထာလင်္ကာ ၉-ပုဒ်ကို လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီး၏ သာသနသမ္ဘုတ္တိဒီပနီကျမ်းမှ ထုတ်နုတ်ယူထားသည်။

၂။ သာကီနွယ်စဉ်၊ မင်းနှင်နှင်တို့၊ နိုင်းအင်မဘက်၊ ကဲမိုး တက်ရှ၍၊ ထိပ်တက်ကြာမုံ၊ လက်ပဒုံဖြင့်၊ ခြေစုံစကြာ၊ ဦးညွတ်ရာသား၊ လဲဝါတန်တူး၊ မွေ့ညံ့နုလျက်၊ ကုသူမာ လော်၊ ရွှေကိုယ်တော်နှင့်၊ ရှုမျှော်ဆန်းကြယ်၊ လွန်တင့် တယ်သည်၊ သုံးဆယ့်နှင့်ဒွိ၊ အသီတိဟု၊ ပုရိသကြန်၊ မြတ် သလ္လာန်နှင့်၊ ပုံဟန်ပြဟ္မာ၊ ဆဗ္ဗဏ္ဏာဖြင့်၊ အံ့အာသရဲ၊ ဘဝဂ်ကွဲမျှ၊ ခပဲများစွာ၊ သတ္တဝါ၏၊ ချမ်းသာစီးပွား၊ ရှာဖွေငြားရှ၍၊ ကြွသွားဆွမ်းခံ၊ စောဘုန်းလျှံသည်။ ။သက်နှံမောင်ဘရာဇာတည်း။

၃။ ဇမ္ဗူသင်္ဂီ၊ နာရဏီသို့၊ တူညီမှည့်ရှန်း၊ လာပြည့်ဝန်းမျှ၊ ဘက်ကျွန်းမျက်နှာ၊ ရွှေဆင်းဝါတည့်၊ ပြဟ္မာနတ်လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူရှုမျှော်၊ ဖူးရမသော်လျှင်၊ ရှင်ပျော် နှစ်မြို့၊ စိတ်ကိုညို့သို့၊ ပျိုပျိုဇောတက်၊ မခွါရက်တည့်၊ စိတ်စက်စက္ကဝါ၊ တိုက် မှာ မှာ တွင်၊ နိုင်းရာမမြင်၊ ဥလျှောင်ကျင်တည့်၊ ဆင်၏သလ္လာန်၊ ပြောင်ဆန္ဒာန်သို့၊ သွားဟန်ငြိမ့်လေး၊ လွန်ယဉ်ကျေးသည်၊ သင့်မွေးသဘာ ရှုစမ်းပဟု၊ သီဟလေသွန်၊ ရွှေညိုးညွန်သည်။ ။အလွန် သာတောင့်သာယာတည်း။

၄။ ဘဒ္ဒမည်သာ၊ ဤကမ္ဘာတွင်၊ မဟာသမတ်၊ လောင်းနေ နတ်မှ၊ ခတ်ခတ္တိယ၊ မျိုးစံသဖြင့်၊ ဘိုးဘစဉ်ဆက်၊ နွယ် မပျက်လျှင်၊ မြတ်ထက်မြတ်ခေါင်၊ ဘုန်းတော်ရောင် ကြောင့်၊ သုံးဘောင်ရပ်သူ၊ နတ်လူပြဟ္မာ၊ သချ်ာချာ လျှင်၊ ရတနာမကိုဋ်၊ ငုံ့လျိုးငိုက်၍၊ ဦးခိုက်ကြရာ၊ ခြေ

စကြာနှင့်၊ ကျောက်ဖျာတန္တိ၊ နှိုင်းတူရှိသား၊ မိသမာ
စျာန်၊ သီလက္ခာန်ဝယ်၊ မဟာန္တာရုံ၊ ရပ်ပြီးတုံမှ၊ ခိုင်လုံ
ကြံ့ကြံ့၊ စိတ်တော်ခံ့သား၊ ချီးအံ့တိုင်းကျယ်၊ ဂုဏ်
ပင်လယ်ဖြင့်၊ သပ္ပါယ်ဖွံ့ထွား၊ ဤမြတ်ဖျားကို၊ ချစ်သား
နန်းသွေး၊ ရှုသိသေးဘု၊ ကြည်အေးလေသွန်၊ ရွှေသလွန်
မှ၊ နှုတ်မွန်မြွက်ဟ၊ ယသော်ပြသည်။ ။ကြားက
နာသောင့်နာသာတည်း။

၃။ သရေပြည့်ထွန်း၊ တက်နေဝန်းသို့၊ ရွှေခုနန်းသဘယ်၊ နှာ
တော်ဝယ်လည်း၊ ရှည်သွယ်ဝန်းတိ၊ သပ္ပါယ်ဘိ၏၊ အမိ
မခြား၊ ယနေ့သွားသည်၊ နွားငယ်မျက်စိ၊ သဏ္ဍာန်ရှိသို့၊
ညိုဘိရှုမျှော်၊ မျက်မှောင်တော်လည်း၊ နှိုင်းလျော်
မထင်၊ ပြစ်မျိုးစင်၏၊ သက်တင်ပုံသွေး၊ ကော့ကော့ရေး
သား၊ မျက်မွေးမျက်တောင်၊ ထွင့်ဘုန်းခေါင်သား၊ သုံး
ဘောင်ရပ်သူ၊ သုံးပြည်သူတို့၊ နှိုင်းတူမမျှ၊ မောင့်မွေးဘ
ဟု၊ လုံးဝလျှင်ဆော၊ ဟုတ်တိုင်းပြောသည်။ ။သဘော
ဖွေဖွေရှာရှာတည်း။

၄။ ရွှေ့ဖျားဦးတည်၊ မြတ်ဘုန်းစည်ကား၊ ဝန်းလည်နှိုင်း
ပြိုင်၊ ရွှေပွတ်တိုင်သို့၊ ရွှေဆိုင်ပုံခင်း၊ ရွှေလည်ပင်းနှင့်၊
သားမင်းခေါ်ဆို၊ ခြသေ့ပျို၏၊ ကိုယ်နှင့်တမျှ၊ ပြည့်ဖြိုး
လှသား၊ ဒေဟလက္ခဏာ၊ ညီညွတ်စွာသည်၊ သောဏ္ဏာ
လေ၊ ရွှေတောင်ပုံသို့၊ အလျှံထိန်ပြောင်၊ ရွှေကိုယ်ရောင်
လည်း၊ လောင်စလိလိ၊ ဝင်းဝင်းညီလျက်၊ သီရိမြုတော၊
အသရေမှု၊ အံ့ပေမဆုံး၊ ဘက်မဲ့ကျုံးသား၊ အံ့ဘွားလုံး

လောက၊ ဦးတင်တသည်၊ မောင်ဘသခင်၊ ဤချစ်ရှင်ဟု၊ မျက်မြင်ခဏ၊ သားကိုပြသည်။ ။ကြောင်းစထွေထွေ လာလာတည်း။

၇။ အင်္ဂါရှစ်သွယ်၊ ဆန်းတကြယ်တည့်၊ နဘွယ်ကော်ရော်၊ မိန့်သံတော်လည်း၊ ကြားသော်ချမ်းမြေ့၊ နားဝင်တွေ့၏၊ မိုးစွေ့ခေါင်ရန်း၊ နှင်းဆီပန်းသို့၊ နီမြန်းတျာတျာ၊ လျှာတော်မှာလည်း၊ ဟင်းသာပြဒါး၊ ပတ္တမြားသွေး၊ တွတ်တွတ်စွေး၏၊ ဖြူဖွေးသန့်ရှင်း၊ ခရုသင်းသို့၊ မယွင်းတူသွယ်၊ သွားတော်ဝယ်လည်း၊ လေးဆယ်ပြည့်စုံ၊ အံ့မျိုးစုံသား၊ သုံးဘုံထင်ပေါ်၊ တုမမျှော်သည်။ ။ရှင်တော်မောင့်ဘပီတာတည်း။

၈။ နှိုင်းရာမထင်၊ ကိုယ်တော်တွင်မူ၊ ကေရှင်ညွန့်လွှား၊ မျက်စဉ်းလားသို့၊ ရွှေပြားပမာ၊ စင်ကြယ်သွာလျှင်၊ ပြစ်ဆာမလျှော်၊ နဖူးတော်နှင့်၊ အံ့ဖြော်ဆန်းထူး၊ ကဲလွန်ကြူးမှု၊ သောက်ရှူးကြယ်သွင်၊ ဖွေးဖွေးစင်သား၊ မွေးရှင်တော်ရုံ၊ ဥဏ္ဏာလုံလည်း၊ တိမ်ဘုံလစန်း၊ သျှပ်နွယ်ပန်းသို့၊ ပတ်သန်းလင်းပွင့်၊ ရောင်ဖြူဝင့်သည်၊ သုံးဆင့်ဘုံတိုက်၊ ထွဋ်မကိုဋ်မူ၊ ရန်မိုက်ဖြတ်သည်း၊ မောင့်ခမည်းဟု၊ သားသည်းချာမြတ်၊ ရာဟုနတ်ကို၊ ညွှန်လိုက်တုံလျက်၊ ဂါထာမြွက်သည်။ ။အချက်သေသေချာချာတည်း။

၉။ မောင်ဘသဂေရဲ၊ ထွန်းပတွေကို၊ စေ့ရေနှိုင်းလို၊ ပမာဆိုပိမ့်၊ မြင့်မိုရ်လှည့်လည်၊ ကောင်းကင်စည်မျှ၊ ရောင်ခြည်ဝင်းဝါ၊ ကြယ်တာရာသို့၊ ရံခါဝန်းကျင်၊ လေလာမ်းနှင်သည်၊ ငွေစင်လစန်း၊ သော်တာနန်းလျှင်၊ ရောင်ပန်း

ပွင့်ဝေ၊ ကြွမြန်းလေသို့၊ မုနေသဘာ၊ သံဃာ ိန္ဒလျှင်၊ မျှား
လှုသောင်းသောင်း၊ တပည့်ပေါင်းတို့၊ ခညောင်းတုံကာ၊
လယ်ချက်ချာက၊ ခြောက်ဖြာရောင်ခြည်၊ ပတ်ဝန်းလည်
နှင့်၊ ရွှင်ကြည်ဘွယ်ရာ၊ ကြွမူလာ၏၊ ရှုပါခလှည့်၊ သား
မောင်ကြည့်ဟု၊ နွမ်းသည့်မှူရာ၊ မင်းဇိမ္ဗာလျှင်၊ လေသာ
လှစ်ဖွင့်၊ ပြညွှန်လစ်သည်။ ။ဘခင့်ရွှေတောင့်ရပ်ဝါ
တည်း။

# ဗုဒ္ဓဘုရားရှင် နန်းတော်သို့ ကြွတော်မူခိုက် ရာဟုလမာတာ ကန်တော့ခန်း

ဒဟန္တံ သတ္တဝဿာနိ၊
သောကဂ္ဂိံ အဿုဝါရိနာ။
ပါဒပိဋ္ဌေ နိဗ္ဗာပေသိ၊
ရောဒမာနာ ယသော်ဓရာ[၁]။

**ယသော်ဓရာ၊** ဘဒ္ဒကစ္စာနာ ခေါ် ရာတလီ သာကီနွယ်တော် ယသော်ကြွင်ဆွေ နန်းလုံးမေသည်။

**ပါဒပိဋ္ဌေ၊** တရာ့ရှစ်ကွက် တံဆိပ်နှက်၍ စက်လက္ခဏာ ကောင်းစွာပြည့်ဖြိုး အသရေတိုးတဲ့ ဘုရားရှင် ခြေဖမိုးတော်ထက်၌။

**ရောဒမာနာ၊** နှဖူးဆံပင်တို့ဖြင့် ဦးတင်ပွတ်တိုက်လျက် နူးညံ့ ချောမွေ့သော လက်ဖဝါးတော်ဖြင့် ခြေဖတော် များကို ပွေ့ပိုက်လျက် မောဟိုက်ပူဆွေး အပန်း ကြီးစွာ လွမ်းမီးတွေဖြာပြီးလျှင် တစာစာငိုကြွေး သည်ဖြစ်၍။

**အဿုဝါရိနာ၊** ဖြေမဆည်နိုင် ငယ်ကကျွမ်းမို့ နွမ်းခွေယိုင် တဖြိုင်ဖြိုင် ယိုစီးသော မျက်ရည်အလျဉ်ဖြင့်။

---

၁။ ဆရာတော် ဦးသာသန။

**သတ္တဝဿာနိ၊** နေ့၊လ၊ ရက်၊နှစ်၊ သင်္ကြာရာဇ်တို့ကို တွက်စစ်စုရုံး ခုနစ်နှစ်ကာလပတ်လုံး။

**ဒဟန္တံ၊** သာကီနွယ်ညွှာက် သားတယောက်ကို ဖွား မြောက်သန့်စင် မီးရှူးတော်မြင်စကာ မကြင် မသနား မောင့်ဘုရားနှယ် ရှောင်ရှားထွက်ခွာ ရက်စက်စွာ ပစ်သွားလေခြင်းဟု အတွင်းက မကြေ ပြင်းပြသည့်အနေဖြင့် ဖြေမဆည်အစွဲ သည်းလျက် အသည်းတည်းဟူသော မီးစာမှာ ကြီးစွာတောက်လောင်၍ နေသော။

**သောကဂ္ဂိ၊** ပါရမီဖြည့်ဘက်ဦးကို မဖူးတွေ့ရသမျှ မျက်ရည် စနှင့် တနေ့ကမှ မခမ့ တငွေ့ငွေ့တရှိန်ရှိန် ထိန် ပြောင်ပြောင်ညီး သောကတည်းဟူသော လောင် မီးကို။

**နိဗ္ဗာပေသိ၊** ယခုယနေ့မှ ဖူးတွေ့ရသဖြင့် လွမ်းစကိုပယ် လွမ်း စွယ်ကိုချုပ် လွမ်းပွဲကိုသိမ်း လွမ်းကိန်းကိုဖျောက် လွမ်းပေါက်ကိုဆို့ လွမ်းဘို့ကိုဆီး လွမ်းမီးကိုအုပ် လွမ်းရုပ်ကိုပြင် လွမ်းချင်တာတွေဖြတ် လွမ်းချင် စရာရှိသမျှမချန် ကျေနပ်၍ လွမ်းဇာတ်ကိုရုပ် သိမ်းပြီး အေးငြိမ်းစွာ ကန်တော့လိုက်ပါသည် အရှင်ဘုရား။

# 'ဗုဒ္ဓ' ကပိလဝတ်ပြည်ကြွတော်မူခိုက် ညီတော်မင်းနန် ချွတ်ခန်းအမှန်း

မင်္ဂလာအောင်မြေ တောင်မဟာမှာ သပြေကျွန်းမြတ် နေဝန်းပတ်လျက် ထွန်းလတ်ဖြာဖြာ အောင်ချာရဋ္ဌ ကပိလပြည်မဟာ၏ ရာဇာဥက္ကဋ္ဌ သမုတ်ပြကျမ်းဝင် သုဒ္ဓေါဒနဘုရင်သည် ရှင်ညီစီကုံး ပြည်လုံးကျေညာ သြဘာရိုက်ကြွေး သီတင်းပေး၍ အရေးတော်ထွေလီ ရွှေညီတသင်း မြူးမြောင်စွာခန့်နှင်း၍ ခင်းကျင်းကာ စီမံလေသော် တွင်းပြင်ခညောင်း မတ်သေနာပိုလ်ထုအပေါင်းတို့က ကောင်းမြတ်သောနိမိတ်ကောက် မင်္ဂလာဘိသိက်မြှောက်လို၍ တယောက်ကညာ မင်းကလျာကို သွင်မူရာရုပ်ဆင်းချို့အင်္ဂါမယွင်းဘဲ ကောင်းခြင်းငါးဖြာ ပြည့်စုံပါသည်ဖြစ်၍ ညီတော်ရင်းအာနန်နှင့် လက်ထပ်ပွဲခံခြင်းငှာ ရာဇာသခင်ပြည့်အရှင်က သားကြီးဗုဒ္ဓပြစ်တင် မရှိရအောင် နိဂြောဓါရုံကျောင်းရွှေဘုံသို့သွားပြီးလျှင် ဘုရားထံမှောက် ရှေ့တော်ရောက်၍ ဝပ်စင်းကာလျှောက်သည်မှာ—

"အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ၊ ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်ဘုရား...."

ညီတော်မင်းနန်နှင့် ဇနပဒကလျာကို နန်းခွင်ဘုရင်မဟာက မင်္ဂလာပြုသည့်အကြောင်းနှင့် ကပိလပြည်နဂရုံသို့ ဆွမ်းအလှူခံကြွတော်မူပါဘုရားဟု လျှောက်ကြားလေသော်၊ မြတ်ဗုဒ္ဓထိုအရှင်မှာ ကျောင်းတော်က ခွာလို့ မင်္ဂလာလက်ထပ်နန်း ကြွလှမ်းလို့ရောက်သောခါ တရားတော်ဒေသနာကို သေချာစွာ ပြန်ကြား၍ မိုးဖျားဝတိံယံ နတ်တို့ထံသို့ ညီမင်းနန်ဆွမ်းခံ လိုက်ခဲ့ပါဟု

ခေါ်လိုက်သည့်အသံမှာ ရင်တွင်းမှာ ရွှေလှံနှင့် ဆွသလို ညှိုးလျှ သော မျက်နှာနှင့် ငိုမလိုရယ်မယောင် နောင်ဘုရားစကားကို ပယ် ရှားခြင်းငှာ မလွတ်သာ ဇွတ်ထွက်ကာ ကြိတ်မှိတ်လို့ သပိတ်ကို နောက်တော်က ထမ်းပြီး လိုက်ရလေတော့၏။

**လူနှင့်မျောက်မ ဘယ်သူလှသလဲ**

ရဂုံတောလမ်း ချုံနွယ်တန်းလျှောက် မျောက်ကြိုးခွေ ဒေါင်းအိုးဝေနဲ့ တမျိုးသာယာ သာရကာကျေးငှက် တူမောင်နှံ ဖက်လို့ ပျော်မြူးကာနေကြသည်ကို ဗုဒ္ဓအရှင်၊ မြင်တော်မူလေ လျှင်၊

"ညီခင်မင်းနန်- ဟောဟိုက အမွေးဖွားဖွားတလွှားလွှားနှင့် ပြေးသွားမြင်ရ ထိုမျောက်မနှင့် မယ်ဇနပဒ ဘယ်သူက ပို၍လှပါ သလဲ....."ဟု မေးလျှင်—

"မှန်လှပါဘုရား။ ။မျောက်မနှင့်လူ ဇာတ်မတူကာကို ရှာ ဖွေကာနှိုင်းချက် အခံရခက်ပါဘိတော့တယ်၊ ဇနပဒမယ်နှမက ပို၍လှကြောင်း" ပြောလေ၏။

သို့သော် ညီခင်မင်းနန်မှာ မတူတာနှိုင်းယှဉ်ရပါမည်လားဟု အားလျော့ ခွေညှိုးစိတ်များတောင်ဆိုးပြီး ထမ်း ရွက် သည့် မြသပိတ်ကို အပ်၊ နန်းရပ်သို့ ပြန်မည်လုပ်သတဲ့။

သို့သော်လဲ မပြန်ဖြစ်ဘဲ နောင်ဘုရားနှင့် ထက်ဖျားဂတ်သာ သို့ တူမကွာလိုက်ပါသွားရသဖြင့်၊ ခမ်းနားတင့်တယ် ရှုချင်စဘွယ် အသွယ်သွယ်တို့ဖြင့် ထယ်ထယ်ဝါဝါ ကညာတသီး နတ်သမီး ပျိုတို့ကို တွေ့လေသော် မောင်ဘုရားရယ်လို့ အပါးကိုတိုး ပုဆိုးကို ကိုင် ခေတ္တထိုင်ပါဦး နတ်ကညာအများက ချစ်လောက်အောင် စကား ပီယဝါစာ ပြောကြားတော့ အနားကမခွာချင် တကျာ

ဝင် သူမင်လိုနေသောခါ ရှင်စောမြတ်စွာ သုံးလူ့ဘုံဆရာက လူ့ပြည်သာပြန်ရအောင်ဟု ခေါ်လိုက်လျှင် မကြည်သာ မျက်နှာထားနှင့် ဘုရားနှင့်ညီမဟာ ဗိလာတော်ဖြစ်လို့မို့ ချစ်သူနှင့် ကွေကွင်း အတူမနေရခြင်းဒုက္ခ ညီတော်လှတထီးစံမှာ သည်းမခံနိုင်အောင်ရှိသည်ကို ဘုရားရှင်က သိမြင်တော်မူသဖြင့်....

"ညီခင်မင်းနန်....

ပူပန်သောက ဗျာပါဒမရှိလေလင့်၊ မျက်နှာပွင့်ဆေး ငါနှောင်တော်တကယ်ပေးမည်၊ ပြန်လှန်ကာရွတ်ပါလော့၊ အတ္တိဣမသို့ ကာယေ ကေသာပေါင်းသုံးဆယ်နှစ်ဖြာကို ကညာနတ်ခင် ကောင်းကင်ဃက်မိုး လက်ညှိုးထိုး၍ ကြိုးစားပါညီခင် သင်လိုက်သည့်မန္တန်ကျော် ကျောင်းတော်မှာညာမထောက် အာပေါက်အောင်ရွတ်သော်လည်း နှောင်တော်ဂါထာ ဥုံမပါ၍ မဟာရော့လားဟု လျှောက်မည်ကြံသော်၊ အတန်တန်ခြားနား၍ တရား၏နက်သဘော ရက်ရောစွာထင်မြင် ဉာဏ်ပညာယှဉ်သွင်း၍ အိုခြင်းတခါ နာခြင်းဗျာလှည့် ခေတ်လေးဖြာနှောင်ဖွဲ့၍ ရောင့်ရဲတဲ့ မြတ်တရား မမှားအောင်သရုပ်ပြလျက် ဗုဒ္ဓထုတ်ပြဟောကြားတော်မူသည်မှာ....

အဘိရူပံ သံယုတ္တာ၊
တစမံသံ ဝိလေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊
ယထာဘူတံ နပဿတိ။

နာရူပံ၊ ကွန်ရက်ပမာ မြေးယှက်ဖြာသည့် ကိုးရာသော အကြောသေး အကြောမတို့ဖြင့်၊ သံယုတ္တာ၊ ဝန်းကျင်လွှမ်း

ပတ် မကွဲပြတ်အောင် တွဲစပ်ကုံးသီ ရစ်ဖွဲ့ချည်အပ်သော။ တစ မံသဝိလေပနော၊ အရေထူ အရေပါး အသွေးအသားတို့ဖြင့် လွှမ်းထားမွမ်းမံ လိမ်းသုတ်ကျံအပ်သော။ အဋ္ဌိ၊ ကင်းခြောက် သစ်သား အုတ်မြက်ပါးနှင့် မခြားလုံးစုံ အရိုးပုံသည်။ကာယော၊ လေးကီလူများ ပညတ်စကားဖြင့် မှတ်သားစွဲဆို ခန္ဓာကိုယ်မည် ၏။ တံကာယံ၊ တပ်မက်စရာ ဆံမြူလွှာမျှ ဖွေရှာမရ ထိုကာယကို။ ဆဝိယာ၊ ခြေပါခေါင်းဆုံး ခွာ၍လုံးသော် ယုတ်ဆုံးမကြွင်း ဇီး ကင်းလုံးမျှ ပမာဏထား အရေပါးဖြင့်။ ပဋိစ္ဆန္နော၊ထက်အောက် ကိုယ်လုံး ရစ်ကာဖုံးအပ်သည်ဖြစ်၍။ ယထာဘူတံ၊ အပေါင်း ပုတိ ကောင်းမရှိဟု အသိဉာဏ်ပိုင်း ဟုတ်မှန်တိုင်းကို။ နပဿတိ၊ နက်နဲတွင်းမြင် မသိမြင်နိုင်ကြကုန်။

အန္တပူရော ဥဒရပူရော၊
ယကန ပေဠဿ ဝတ္ထိနော။

ဟဒယဿ ပပ္ဖါသဿ၊
ဝက္ကဿ ပိဟကဿစ။

ကာယော၊ တွယ်တာစရာ ဘယ်မှာမှရှာမရ ခန္ဓာကိုယ်ကာယ သည်။ အန္တပူရော၊ အသွင်ရှုပ်လိမ် ပုပ်မျိုးစိမ်သည့် အူသိမ်အူမတို့ ဖြင့်ပြည့်၏။ ဥဒရပူရော၊ အနံ့မကောင်း ပုံ့ပုံ့လှောင်းသည့် အစာသစ်အစာဟောင်းတို့ဖြင့်ပြည့်၏။ ယကနပေဠဿ၊ ကကျြာ နံ့ဘက် ကသစ်ရွက်သို့ မြွေးယှက်တွဲပြိုင် အသည်းဆိုင်ဖြင့်၎င်း။ ဝတ္ထိနော၊ ထူးခြားရေနယ် နံ့မျိုးကြွယ်သည့် ရွံဘွယ်တခု ကျင်ငယ်စုဖြင့်၎င်း။ ဟဒယဿစ၊ ကြာပဒုံဖူး ရင်ညွန့်ဦး၌သွေး

လူးပျော်ပါး နှလုံးသားဖြင့်ရင်း။ ပဗ္ဗါသဿစ၊ အသည်းနှလုံး ရင်အုပ်ဖုံးသည့် သုံးဆယ့်နှစ်ခု အဆုတ်စုဖြင့်ရင်း။ ဝက္ကသဿစ၊ နှလုံးပြွတ်ဆိုင် သရက်ခိုင်လို ညှာပြိုင်ရစ်တဲ့ အညှိုခဲဖြင့်ရင်း။ ပိဟကဿစ၊ လက်ဝဲနံဘက် သရက်ရွက်ပြင် မည်းနက်သောအသွင်ဖြင့်ရင်း။ ပူရော၊ ညှိနံလှည့်ရိုး ကြည့်မဆုံးအောင် တဝမ်းလုံး ပြည့်၍နေလေ၏။

သိဃ်ဏိကာယ ခေဠဿ၊
မေဒဿ စ မေဒဿစ။
ဖလာဟိတဿ လသိကာယ၊
ပိတ္တဿစ ဝသာယစ။

သိဃ်ဏိယာယ၊ ဦးနှောက်မှဆင်း နှာညှန့်နှင်းသည့် ရှုံမင်းသွယ်ဟု နှပ်အစုဖြင့်ရင်း။ ခေဠဿစ၊ ပါးနှစ်ဘက်မှ လျှောက်သက်ထွေထွေ တံတွေးရေဖြင့်ရင်း။ သေဒဿစ၊ တကိုယ်လုံးရောက် မွေးညှင်းပေါက်မှ စီးလျှောက်ချောင်းချောင်း ချွေးအပေါင်းတို့ဖြင့်ရင်း။ မေဒဿစ၊ စိုညှိအံ့ရှဲ အဆီခဲဖြင့်ရင်း။ လောဟိတဿစ၊ ကိုယ်လုံးနှံ့မှီ ခြင်းခြင်းနီမျှ နံညှိပျံ့လှောင်း သွေးအပေါင်းဖြင့်ရင်း။ လသိကာယစ၊ ရိုးဆက်ဆစ်ကြား လှည့်စားလားသို့ ရင့်သွားနိုင်ကြောင်း အစေးအပေါင်းဖြင့်ရင်း။ ပိတ္တဿစ၊ မည်းညိုမသန့် ကိုယ်လုံးနှံ့လျက် ကြဲပြန့်ခိုအောင်း သည်းခြေအပေါင်းဖြင့်ရင်း။ ဝသာယစ၊ ဖမိုးခြေဦး ထိပ်နဖူး၌ လွန့်လူးထွေထွေ ဆီကြည်ရေဖြင့်ရင်း။ ပူရော၊ ပုပ်ညှိနံလှ သုတ်သင်လို့မရအောင် အဟုတ်ပင်ပြည့်ဝ၍နေတော့သတည်း။

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ စိန္တေယျာက ခန္ဓာကိုယ်တခုလုံး ရှိရှာဖွယ်အပြည့်ဖုံးနေဟန်ကို ကေန်ဂန ထင်ရှားအောင် ပြလိုက်တော့မှ....

"အင်း....ဤကိုယ်ကာယသည် အတည်မဆိတ် သလိပ်ပြည်သွေး တံတွေးကျင်ငယ် ရှုံ့ဘွယ်စက်ဆုပ် အကောင်ပုပ်သည် အယုတ်မျိုးမှုန် အဘိုးမတန်ပြီဟု ကေန်တိတိ ညီတော်သိရှိမှု အဝိဇ္ဇာသဘော စိတ်မှာစော၍ တလောကီမှာ အတည်မကျ ဘဝသံသရာ ဝဋ္ဋတကျာကို လွတ်စွာဖြိုဖျက်နိုင်သဖြင့် ညီခင်မှာဖိုလ်မင်ကို ပန်ဆင်ရလေပြီ"

ဤသို့သောခြင်းရာကို သွင်းပညာသတိပြုလျက် သူတော်စဉ်မင်းတစုတို့မှာ ဝဋ္ဋလည်မှုမာန်တကျာမှ မြန်မကြာလွတ်ငြိမ်းရအောင် ဒိဋ္ဌိသ ကမ္မဋ္ဌာန်းစီးဖြန်းတော်မူနိုင်ကြပါစေသတည်း။

# ဤ 'ရာဟုလမာတာ' ၌

## အောက်ပါတို့ကို ပြင်ဆင်ဖတ်ရှုပါရန်

| အမှား | အမှန် | စာမျက်နှာ |
|---|---|---|
| ချိန်တူသွား | ချိန်တူဘွား | ၁၃ |
| သွားတုံပြီး | ဘွားတုံပြီး | ၁၃ |
| သွားချင်အခါ | ဘွားချင်အခါ | ၁၅ |
| သွားကာကူဘက် | သွားကာတူဘက် | ၁၈ |
| တိုက်ငြေးလူ | တိုက်ငြေးလု | ၁၈ |
| မြက်ရေတင်းတင်း | မြက်ရေထင်းဟင်း | ၂၅ |
| ဗိုလ်ရာနှင့် | ဗိုလ်ထုနှင့် | ၂၆ |
| သွားခါတူပြီး | ဘွားခါတူပြီး | ၂၈ |
| မကိုဋ္ဌ်စိန္တ | မကိုဋ္ဌ်စိန္တေ | ၂၉ |
| ခန္တာ | ခန္ဓာ | ၃၅ |
| ဝါတရား | ဝါကရား | ၃၇ |
| ပရိဆ္ဆာဂ | ပရိစ္စာဂ | ၃၈ |
| ဝနုပ္ပဋ္ဌမေ့ | ဝနုပ္ပဂုမ္ဘေ | ၄၀ |
| တက္ခ | တက္က | ၄၁ |
| ခန္ဒာ | ခန္ဓာ | ၅၀ |

| အမှား | အမှန် | စာမျက်နှာ |
|---|---|---|
| ဗုဒ္ဓတ်စွာ | ဗုဒ္ဓမြတ်စွာ | ၅၂ |
| ဥပဒ်၊ ဋ္ဌိ၊ အင် | ဥပဒ်၊ ဋ္ဌိ၊ ဘင် | ၅၃ |
| ပြုဋ္ဌိဟာ | ပြုာဋ္ဌိဟာ | ၅၅ |
| ပုဏ္လား | ပုဏ္ဏား | ၅၇ |
| ပုဏ္လား | ပုဏ္ဏား | ၅၈ |
| လုပ်ကြေး | လုပ်ကျွေး | ၆၀ |
| သင်္ခန်းကျောင်းအဆောင် | သင်္ခမ်းကျောင်းတဆောင် | ၆၁ |
| ကြိုးချိလျက် | ကြိုးချည်လျက် | ၆၃ |
| မဟာမံသု | မဟာပံသု | ၆၅ |
| မွေးဘေဒါန | မွေးဘေဒါန | ၆၅ |
| ပုဏ္လား | ပုဏ္ဏား | ၆၅ |
| ပုဏ္လား | ပုဏ္ဏား | ၆၆ |
| ချွေးမတော်ဖုဿတီ | ချွေးမတော်မဒ္ဒီ | ၇၆ |
| မင်းနှင့်တကွ | ငါနှင့်တကွ | ၇၇ |
| ငါ့သံခွင်၌ | ငါ့ထံခွင်၌ | ၇၈ |
| အုပ်လျက်သွားသည် | အုပ်လျက်ဘွားသည် | ၇၉ |
| ထွက်ကြွစမြဲ | ထွက်ကြွစမြဲ | ၈၂ |
| တိုင်ခြေမှာ | တုံငံ့ခြေမှာ | ၉၂ |
| သွားမြူခါစ | ဘွားမြူခါစ | ၉၄ |
| ဘိသိတ် | ဘိသိက် | ၉၅ |
| ကြင်နာပျော် | ကြင်နာကျူးကျော် | ၉၅ |

| အမှား | အမှန် | စာမျက်နှာ |
|---|---|---|
| နော်မာယပုံ | နော်မာယမုံ | ၉၈ |
| မိတ်မှတ်ဆို၍ | စိတ်မှတ်ဆို၍ | ၁၀၀ |
| ဖိုလ်မင်္ဂရမူ | ဖိုလ်မဂ်ရမှု | ၁၀၁ |
| မိတ်မှတ်ဆို၍ | စိတ်မှတ်ဆို၍ | ၁၀၁ |
| ပလ္လတာ | မဟာလ္လတာ | ၁၀၂ |
| လှူစဉ်ကာလ | လူစဉ်ကာလ | ၁၀၃ |
| သဋ္ဌာလိထို | သဋ္ဌာလိသို့ | ၁၀၃ |
| ရာဟုလ | ရာဟုလာ | ၁၀၄ |
| ရာဟုလ | ရာဟုလာ | ၁၀၄ |
| ဖွားမြင်စကို | ဖွားမြင်စက | ၁၀၄ |
| ဘိသိတ် | ဘိသိက် | ၁၀၆ |
| သစ္စာရှိခြင်း | သစ္စာရှိခြင်း | ၁၀၇ |
| ဘိသိတ် | ဘိသိက် | ၁၁၃ |
| ခုဒ္ဒမြာတကံ | ဥဒ္ဒမြာတကံ | ၁၁၉ |
| မအုပ်သွယ်တည်း | မအုပ်ဘွယ်တည်း | ၁၂၀ |
| ငါတယ်မယ်ပ | ငါကယ်မယ်ပ | ၁၂၄ |
| တေိဘိက္ခု | ဟေိဘိက္ခု | ၁၃၆ |
| အသက်ရှိ၍ | သီလရှိ၍ | ၁၄၁ |
| မောင်နှံတကူ | မောင်နှံတူကွ | ၁၄၅ |
| ကန်သော်မနှစ် | ကျွန်တော်မနှင့် | ၁၄၅ |
| မြန်ဌာနီ | ပြည်ဌာနီ | ၁၄၇ |

| အမှား | အမှန် | စာမျက်နှာ |
|---|---|---|
| ရာဟုလ | ရာဟုဘ | ၁၄၇ |
| တောင်လေလျှင်း၍ | ထောင်ငလလျှင်း၍ | ၁၅၀ |
| ထွန်းကင်းတေဇာ | ထွန်းလင်းတေဇာ | ၁၅၁ |
| မင်းပြုခါ | မင်းပြုခါဦ | ၁၅၁ |
| မြို့တင်းမှာတို့ | မြို့တွင်းမှာသို့ | ၁၅၁ |
| ကြည့်ငြားလိုပြ | ကြည့်ငြားလို့ပြီး | ၁၅၂ |
| သာမေန | သမ္မေန | ၁၅၂ |
| ကျွန်ုပ်ဘာကြောင့် | ကျွန်ုပ်တာကြောင့် | ၁၅၂ |

'ဗုဒ္ဓဝင်'ကို ဓမ္မရသ စာပေရသတို့ဖြင့်
ခံစားနိုင်ရန် စီစဉ်ထားသည်

